

ဝိုးကျော်သူ
သူရဲကောင်းခုနစ်ယောက်

စာမူ ခွင့်ပြုအမှတ် ၈၂၃/၉၃(၁၂)
မျက်နှာဖုံး ခွင့်ပြု အမှတ် ၈၈၃/၉၃(၁၂)

ပထမအကြိမ်
၁၉၉၄ ခုနှစ်၊ မတ်လ
တန်ဖိုး ၆၀/-၊ အုပ်ရေ [၄၀၀]

ထုတ်ဝေသူ ဦးတင်အုန်း(မြဲ၀၉၄၃)
မိုးမင်းစာပေ
အမှတ် ၉၃၊ လေးဒေါင့်ကန်၊
သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်ကျင်ငွေ(မြဲ ၀၃၁၄၆)
ဇမ္ဗူအောင်ပုံနှိပ်တိုက်
အမှတ်(၁)၊ စပယ်ခြံ(၃)လမ်း၊
ကမာရွတ်၊ ရန်ကုန်။

မျက်နှာဖုံးရိုက် ဦးကျော်မိုးစိန်(မြဲ၀၃၁၃၇)
အောင်သာပုံနှိပ်တိုက်
၁၇၂၊ ၃၁ လမ်း၊
ရန်ကုန်မြို့။

# မိုးကျော်သူ

## 'သူရဲကောင်း ခုနစ်ယောက်'

(ပထမပိုင်း)

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

နိဒါန်း

---

အဝေးမှ ကြည့်လိုက်လျှင် မှိုင်းပျသော တောင်တန်းကြီးတစ်ခုအဖြစ်သာ မြင်တွေ့ရမည်ဖြစ်သည်။

တရုတ်ပြည်မြောက်ပိုင်း၌ တောင်တန်းများ ပြည့်လျက်နေ၏။ ရေတွက်၍ပင် ကုန်အံ့မည်မထင်။

ဤသို့ဆိုလျှင် ယခုလို မှိုင်းပျသော တောင်တန်းကြီးအား အဘယ်ကြောင့် တခမ်းတနား ဖော်ပြရပါသနည်း။

မှန်ပါ၏။ အထူး အကြောင်းမရှိလျှင် ယခုကဲ့သို့ ရှေ့တန်းတင်၍ ဖော်ပြမည် မဟုတ်ပါ။

ထိုတောင်တန်းသည် လျှောင်လင်း၊ ကျီလင်းနှင့် ဟေလုံကျန် ပြည်နယ်သုံးခု၏ အရှေ့ပိုင်းတွင် တည်ရှိသော တောင်တစ်လုံးဖြစ်သည်။

ယင်းတောင်တန်းအား ချန်ပိုင်တောင်ဟု ခေါ်ကြသည်။ သိုင်းလောအမှာ အလွန်ထင်ရှား ကျော်ကြားခဲ့သော ချန်ပိုင်ဂိုဏ်း၏ စခန်းတစ်ခု ဖြစ်သည်။

ချန်ပိုင်တောင်တန်း၏ အစွယ်အပွားတစ်ခု ဖြစ်သော တောင်တစ်လုံးပေါ်တွင် အလွန်ထူးဆန်းသော အကျဉ်းစခန်း တစ်ခုရှိသည်။

ဤသို့ဆိုလျှင် သူနှင့်အလွန်နီးကပ်သော ချန်ပိုင်ဂိုဏ်းသား များက သိရှိမည်မှာ မလွဲပေ။

သို့သော် သူတို့က လုံးဝမသိဟုပြောလျှင် မယုံနိုင်အောင် အံ့ဩသွားကြမည် ဖြစ်သည်။

အကြောင်းမှာ ထိုတောင်ကြီးသည် အလွန်မတ်စောက်ပြီး အဆင်းအတက်လမ်းပင်မရှိဘဲ ခက်ခဲလှသဖြင့် တောလိုက်မုဆိုး တို့ပင် ထိုတောင်ပေါ်သို့ ရောက်ဖူးခြင်း မရှိသောကြောင့် ဖြစ် သည်။

ယခု ယင်းတောင်ထိပ်ပေါ်တွင် လူသားတို့အား ထိတ် လန့်တုန်လှုပ်စေသည့် ရက်စက် ကြမ်းကြုတ်သော အကျဉ်း ထောင်တစ်ခု ရှိသည်ဟုဆိုလျှင် မည်သူ ယုံကြည်နိုင်ပါမည် နည်း။

* * *



အကျဉ်းထောင် သို့မဟုတ် အကျဉ်းစခန်း....

အချိန်ကာလအားဖြင့် မန်ချူးနယ်ချဲ့တို့သည် တရုတ်ပြည် ကို ကျူးကျော် အုပ်ချုပ်နေသည့်ဓာလ ဖြစ်၏။

မန်ချူးတို့သည် သူတို့အား တော်လှန် ဆန့်ကျင်သည့် မျိုးချစ်သိုင်းသမားများကို ထိုအမည်မသိ တောင်ကြီးပေါ်ရှိ အကျဉ်းစခန်းသို့ ပို့လိုက်လေသည်။

ဤနေရာ ရောက်ရှိလာကြသော မျိုးချစ် သိုင်းသမားများ သည် အမျိုးမျိုး နှိပ်စက်ညှဉ်းပမ်းခံရပြီး မရှုမလှ သေဆုံးကြ ရလေသည်။

ထို့ကြောင့် အချို့က ထိုတောင်ကြီးအား ငရဲရွာဟု ခေါ် သည်။ အချို့က ပြန်လမ်းမရှိသည့် မရဏတောင်ဟု သမုတ် ကြသည်။

သူတို့သည် ဤကဲ့သို့ အကျဉ်းစခန်းတစ်ခုရှိမှန်း သိသည်။ သို့သော် ထိုတောင်ကြီးပေါ်၌ ယင်းအကျဉ်းစခန်း ရှိသည်ကိုမူ မည်သူကမျှ မသိပါ။

## အခန်း ( ၁ )

### စီးတောင်ချိုင်း

ခန္ဓာကိုယ် တုတ်ခိုင်ပြီး ကျောက်သားကဲ့သို့ ခက်ထန်မာကျောသော မျက်နှာ ထားရှိသည့် အလွန် ရက်စက်ကြမ်းကြုတ်သော အကျဉ်းစခန်းမှူး၏ အမည်မှာ စီးတောင်ချိုင်း ဖြစ်သည်။

စီးတောင်ချိုင်းအား အကျဉ်းသမားများ မဆိုထားဘိ သူ၏တပ်သားများကပင် ဒူးတုန်အောင် ကြောက်ရွံ့ကြလေသည်။

စီးတောင်ချိုင်း၏ ခွန်အားဗလသည် လူသားများအား နှိပ်စက်ရန်အတွက် ဖန်တီးထားသည့်အလား စက်ယန္တရားကဲ့သို့ သန်စွမ်းလှသည်။

'ရှမ်း... ရှမ်း'



ကျာပွတ်သံများ အဆက်မပြတ် ထွက်ပေါ်လာသည်။ အကျဉ်းသားများသည် ကျောက်တုံးများ ထမ်းသူက ထမ်း၊ လှိမ့်သူက လှိမ့်နေ၏။

သူတို့သည် အလွန် ပင်ပန်းခက်ခဲစွာ လုပ်ကိုင်နေကြရသည်။ ထိုလူများကို စီးတောင်ချိုင်းက ကျာပွတ်ဖြင့် တရှမ်းရှမ်း ရိုက်နှက်နေသည်။

လုပ်ကိုင်နေရသည့် အကျဉ်းသားများသည် လွတ်လွတ်လပ်လပ် လုပ်ကိုင်ရခြင်း မရှိပါ။ တစ်ဦးနှင့်တစ်ဦး သံကြိုးကြီးများဖြင့်တွဲ၍ ချည်နှောင်ခံထားရ၏။

အချို့မှာ နှစ်ယောက်တစ်တွဲ ဖြစ်ပြီး၊ အချို့မှာ သုံးယောက်တစ်တွဲ၊ လေးယောက်တစ်တွဲ ဖြစ်လေသည်။ အချို့ဆိုလျှင် ခြေထောက်မှ သံကြိုးတွင် လေးလံသောသံဂေါ်အလုံးကြီးများကိုပင် ဆွဲချိတ်ထားလိုက်သေးသည်။

ထိုလူမှာ လမ်းလျှောက်ချင်လျှင် ထိုသံလုံးကို ရှေးဦးစွာ လှိမ့်နေရသေးသည်။ သို့မဟုတ် ထိုသံလုံးကို ဆွဲယူနေရ၏။

ထိုအခါ အလုပ်လုပ်ရသည်မှာ နှောင့်နှေး ကြန့်ကြာသွားသည်။ ယင်းသို့ နှောင့်နှေး ကြန့်ကြာနေရသည့်အတွက် စီးတောင်ချိုင်းက ကျာပွတ်နှင့်ရိုက်၏။

ညှာတာမှုကင်းမဲ့သော လောကငရဲပါပေတည်း။

* *

'ရှမ်း'

စီးတောင်ချိုင်း၏ ကျာပွတ်က လူတစ်ယောက်၏ ကျောပြင်ပေါ်သို့ ကျရောက်သွားသည်။ ကျောပြင်၌ ရဲခနဲဖြစ်သွားသည်။ ထို့နောက် သွေးများစို့လာသည်။ ထိုသူ၏ကျောပြင်တွင် ကျာပွတ်ဒဏ်ရာများ ပြည့်နှက်လျက် ရှိနေတော့သည်။

ထူးခြားသည်မှာ ထိုလူသည် အံကြိတ်ထားရုံမှအပ လုံးဝအော်ဟစ် ညည်းတွားခြင်း မရှိပေ။ သူ၏ ကျောပြင်အား ကျာပွတ်နှင့် ရိုက်သည်ကို ပန်းနှင့်ပေါက်သည်ဟုပင် မှတ်ယူနေလေရော့သလားမသိ။

ထိုလူက စီးတောင်ချိုင်းကို မော့ကြည့်လိုက်သည်။ စူးရှလှသော သူ၏အကြည့်တွင် မျက်လုံးပျားက အရောင်တောက်ပနေ၏။

'မင်း ငါ့ကို တစ်နေ့လုံးရိုက်နိုင်တယ်'

ထိုလူက တစ်လုံးချင်း ပြောလိုက်သည်။

သူဆိုလိုသည့်သဘောကို ကျန်သော အကျဉ်းသားများက နားလည်လိုက်သည်။

'သူ့ကိုသာ ရိုက်ပါ၊ အခြားသူများကို မရိုက်ပါနဲ့' ဟု ဆိုလိုခြင်းဖြစ်သည်။ အခြားသောသူများသည် သူ့ကိုကြည့်၍ မျက်ရည်ကျကြသည်။

အလွန်သတ္တိရှိပြီး အနစ်နာခံတတ်သည့် မျိုးချစ်သူရဲကောင်းတစ်ဦးပါတည်း။

* * *



တောင်ထိပ်ပေါ်တွင် ကေဘစ်ရာကျော် ကျယ်ဝန်းသည့် မြေနေရာကို ခိုင်ခံ့သော ခြံစည်းရိုးများဖြင့် ကာရံထား၏။

ထိုခြံစည်းရိုး၏ အပြင်ဘက်တွင် လူနေအိမ်ခြေ များစွာရှိသည်၊ တောင်ထိပ်ပေါ်တွင် သီးခြား မြို့ကလေးတစ်မြို့ တည်ဆောက်ထားသည်နှင့် တူပေသည်။

ထိုမြို့ကလေးသည် အကျဉ်းစခန်းကိုအမှီပြု၍ ပေါ်ပေါက်လာရသော မြို့ကလေးဟုသည်း ဆိုနိုင်ပေသည်။

အကျဉ်းစခန်းထဲ၌ အကျဉ်းသားများ ထောင်နှင့်သောင်းနှင့်ချီ၍ ရှိနေသည်၊ အကျဉ်းသားများကို အုပ်ချုပ်ရသော အမှုထမ်းများမှာလည်း ထို့အတူပင် များပြားလှ၏။

အကျဉ်းစခန်းထဲတွင် မိန်းမ ယောကျ်ား စုံလင်လှသည်။ အသက်ငယ်ရွယ်သူများပါရှိသလို အသက် အလွန်ကြီးပြီ ဖြစ်သော ဇရာအိုများလည်း ပါရှိပေသည်။

မန်ချူးတို့သည် သူတို့အား နည်းအမျိုးမျိုးနှင့် အနှောင့်အယှက်ပေးသည့် မျိုးချစ်သိုင်းသမား မှန်သမျှကို ဖမ်းဆီးမိပါက ဤနေရာသို့ ပို့လိုက်ကြသည်သာ ဖြစ်သည်။

ဤအကျဉ်းစခန်းသို့ ရောက်ရှိလာရသော မျိုးချစ် သိုင်းသမားများမှာလည်း လွတ်မြောက်ရန် လမ်းစ မမြင်ပေ။

မန်ချူးတို့သည် အကျဉ်းစခန်းထဲ၌ ကြီးမားခိုင်ခံ့သော အဆောက်အအုံကြီးများကို ဆောက်လုပ်လျက်ရှိနေသည်၊ ထိုအဆောက်အအုံများကို ကျောက်တုံး ကျောက်ခဲကြီးများ၊ သစ်တုံးကြီးများဖြင့် ဆောက်လုပ်နေခြင်း ဖြစ်သည်။

အကျဉ်းသားများမှာ အစာအာဟာရကို ဝလင်အောင် မစားရသည်က တစ်ကြောင်း၊ ပင်ပန်းကြီးစွာ အလုပ်လုပ်ရသည်က တစ်ကြောင်းကြောင့် ကြာရှည်စွာ အသက်ရှင်ခွင့် မရကြပေ၊

ထိုလူများ၏ ဘဝတား မမှောင်အတိကျနေတော့သည်၊

* * *

လူငါးယောက်....

ထိုလူသား ငါးယောက်စလုံးသည် ထိပ်တန်းသိုင်းသမားများ ဖြစ်ကြပေသည်။

သူတို့ ငါးယောက်သည် ဤချန်ပိုင်တောင်တန်းကြီးသို့ ရောက်အောင် အခက်အခဲအမျိုးမျိုးကို ဖြတ်သန်း၍ လာခဲ့ကြရလေသည်။ ကာလကျော်ကျော် အချိန်ကုန်လွန်ပြီးမှ ဤနေရာသို့ ရောက်ရှိခဲ့ကြခြင်း ဖြစ်သည်။

သူတို့သည် တောင်ထိပ်ပေါ်သို့ အလွယ်တကူ တက်ရောက်ရန် မဖြစ်နိုင်သည်ကို သိရှိထားကြလေသည်။

တောင်ပေါ်သို့ တက်နိုင်ရန် လမ်းတစ်လမ်းသာရှိ၏၊ ထိုလမ်းတွင် အစောင့်များကို အထပ်ထပ်ချထားသည်။ တောင်

လင်းစာပေ
[illegible] (မြ)[illegible]
[illegible] ငှ မြို့



ထိပ် အကျဉ်းစခန်းသို့ ရောက်ရှိလာပြီဆိုလျှင်တော့ မနည်းသော ကင်းစခန်းများကို ဖြတ်ကျော်ရသည် ဖြစ်ပေသည်။

ထိုလမ်းကို မန်းချူးအရာရှိများက ခွင့်ပြုထားသော သူမှသာလျှင် သွားလာခွင့်ရှိပေသည်။ ထို့ကြောင့် လျှို့ဝှက်စွာ ရောက်ရှိနေသော ထိပ်တန်းသိုင်းသမား ငါးဦးသည် တောင်ထိပ်သို့ ရောက်ရှိရန် အခြားနည်းလမ်းကို ရွေးချယ်ရလေသည်။

သူတို့သည် မတ်စောက်နေသော တောင်နံရံကြီးကို မော့ကြည့်လိုက်ကြသည်၊ ထို မတ်စောက်သော တောင်နံရံကို တွယ်တက်သည့် နည်းလမ်းကလွဲ၍ အခြား နည်းလမ်း မရှိပါပေ။

လူငါးယောက်အနက် တောင်ပေါ် အရောက် တွယ်ဖက်ကုတ်တက်ရန် လူသုံးယောက်ကို ရွေးချယ်လိုက်ကြသည်။ ထိုသုံးယောက်သည် သိုင်းလောက၌ ထင်ရှားကျော်ကြားစလူငယ် သုံးယောက်တို့ဖြစ်သည်။

သူတို့သည် တောင်ပေါ်မှ သွယ်တန်းကျနေသည့် နွယ်ကြိုးများကို ဆွဲယူအားပြု၍ ကုတ်ကပ်တက်သွားကြသည်။ အောက်မှ လူ နှစ်ယောက်သည် ထိုသုံးဦးကို ကြည့်၍ ရင်တမမအသည်းတအေးအေးဖြစ်နေသည်။

ထိုလူငယ်သုံးယောက်သာ တောင်ထိပ်ပေါ်သို့ ချောမောစွာ ရောက်ရှိသွားလျှင် သူတို့ရည်မှန်းထားသော ကိစ္စကြီး တစ်ခုသည် ထက်ဝက်အောင်မြင်ပြီဟု ဆိုရပေတော့မည်။

လူသုံးယောက်သည် နွယ်ကြိုးများ သစ်ပင်အငယ်ကလေးများကို ဆုပ်ကိုင်တွယ်ဖက်၍ တက်နေကြသည်။

အောက်မှ ကြည့်နေသော လူနှစ်ယောက်အဖို့ အသက်ရှူရန်ပင် မေ့နေကြသည်။ သူတို့နှစ်ယောက်၏ မျက်လုံးအစုံသည် တစ်ဝက်နီးပါး ရောက်ရှိနေပြီဖြစ်သော လူသုံးယောက်ဆီသို့ စူးစိုက်၍ ငေးကြည့်နေကြသည်။

သူတို့နှလုံးဝယ် တဒိတ်ဒိတ်ခုန်နေသည်။ သုံးယောက်စလုံး တောင်နံရံ တစ်ဝက်သို့ ရောက်ရှိနေကြပြီဖြစ်သည်။

သူတို့သည် လူတစ်ကိုယ် ရပ်တန့်၍ရသော ကမူစွန်းကလေးများ၌ ရပ်တန့်၍ ခေတ္တအနားယူလိုက်ကြသည်။

တောင်ပေါ်လေ၏ တိုက်ခတ်မှုကြောင့် သူတို့၏ အဝတ်အစားများ လေတွင် တဖျတ်ဖျတ် ခါနေသည်။ သူတို့သည် သတိကြီးစွာထား၍ ရပ်တန့်နေကြရ၏။ ခေတ္တ အပန်းဖြေပြီးနောက် တောင်ထိပ်ဆီမှ တန်းလန်းကျနေသည့် နွယ်ပင်များကို ရှာဖွေရပြန်သည်။ ဤတစ်ကြိမ် ကြိုးစား၍ ကုတ်ဖဲ့တက်လိုက်လျှင် တောင်ထိပ်ပေါ်သို့ ချောမောစွာ ရောက်ရှိတော့မည်ဖြစ်သည်။

သူတို့သည် နွယ်ကြိုးရှိရာများသို့ တဖြည်းဖြည်းချဉ်းကပ်ကာ အသီးသီးတက်ကြပြန်သည်။ အောက်မှ မော့ကြည့်နေသော အဖော် နှစ်ယောက်သည် ထိုလူသုံးဦးကို သေးသေးကလေးသာမြင်ရတော့သည်။

ထိုလူနှစ်ယောက်သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၍ အနည်းငယ် သက်ပြင်းချလိုက်သည်။

'အခြေအနေ ကောင်းမယ်လို့ ထင်တာပဲ'



တစ်ယောက်က ပြောသည်။ အခြားတစ်ယောက်က ဘာမျှပြန်မပြောပေ။ သူ၏ မျက်နှာသည် အပေါ်သို့သာ မော့၍ အာရုံစိုက်နေသည်။

ထိုစဉ် တောင်နံရံတွင် ကပ်နေသော လင်းနို့အချို့က လန့်ဖျပ်၍ ပျံတက်သွားကြလေသည်။

* * *

အစောင့်သုံးယောက်သည်....

လင်းနို့များ လန့်ဖျပ်၍ ပျံသွားသောကြောင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။

သူတို့သည် တင်စုံတစ်ခုကို စိုးရိမ်ထိတ်လန့်သွားကြပုံရ၏။ တစ်ယောက်က တဲအတွင်းမှ လျင်မြန်စွာထွက်သွားပြီး ပတ်ဝန်းကျင်ကို မျက်လုံးကစားကြည့်သည်။

ပအတိ တိတ်ဆိတ်နေသည်ကို တွေ့ရ၏။ ကျန်နှစ်ယောက်လည်း တဲအပြင်ဘက်သို့ထွက်လာပြီး အခြေအနေကို စူးစမ်းနေလာသည်။

'လင်းနို့ငှက်တွေဟာ တောင်ကမ်းပါးမှာ တွယ်ကပ်နေကြတာများတယ်၊ အခုသူတို့က ထပျံတယ်ဆိုတော့....'

အစောင့်တစ်ယောက်က ပြောပြောဆိုဆိုပင် ထောင်ကမ်းပါးနားသို့ ရောက်အောင် ပြေးသွားသည်။

ကျန်နှစ်ယောက်လည်း နောက်မှ တကြပ်မကွာ လိုက်သွား၏။ သူတို့သည် နက်ရှိုင်းသော ချောက်ကြီးကို ငုံ့ကြည့်လိုက်ကြလေသည်။

ထိုစဉ် သစ်ပင်အချို့နှင့် နွယ်ကြိုးတန်းများ လှုပ်ရှားနေသည်ကို တွေ့ရလေသည်။ သုံးယောက်သား အဓိပ္ပာယ်ပါပါ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

ထို့နောက် ခေါင်းများကို ပြိုင်တူ ခါထုတ်လိုက်ကြလေတော့၏။

* * *

ထိပ်တန်းသိုင်းသမားနှစ်ဦးသည် ထောင်ထိပ်သို့ မော့ကြည့်နေရင်းမှ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိလိုက်ကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏မိတ်ဆွေ သုံးယောက်မှာ ထောင်ထိပ်ပေါ်သို့ ရောက်ရှိနေပြီ ဖြစ်သည့်အတွက် ကျေနပ် ဝမ်းသာနေကြသည်။

ထိုစဉ် လင်းနို့ငှက်များ ပျံသန်းသွားသည်ကို တွေ့ရသောအခါ သူတို့နှစ်ယောက်မျက်နှာ ကွက်ခနဲ ပျက်သွားကြသည်။



သူတို့သည် ရုတ်တရက်မဖြင့် အခြေအနေကို စောင့်ကြည့်နေရပြန်သည်။ ထိုစဉ်မှာပင်....

'အား....'

စူးစူးဝါးဝါး အော်သံများကို ကြားလိုက်ရသည်။ လူသုံးယောက် တွဲခိုထားသော နွယ်ကြိုးများသည် ရုတ်တရက် ပြတ်ထွက်သွားပြီး သုံးယောက်စလုံး လေထဲ၌ လွင့်ပျံသွားတော့သည်။

ကြည့်နေသော လူသားနှစ်ယောက်မှာ မျက်လုံးအစုံကိုမှိတ်ပစ်လိုက်လေသည်။ နှစ်ယောက်စလုံး၏ ရင်တွင်းဝယ် တင်းကြပ်သော ခံစားမှုများကို ခံစားလိုက်ရ၏။ ကြီးမားသော မျှော်လင့်ချက်များသည် တစ်ခဏချင်းမှာပင် ပြိုကွဲပျက်စီးသွားခဲ့လေတော့သည်။

* * *

ထိပ်တန်း သိုင်းသမားနှစ်ဦးသည် စိတ်ထိခိုက်ပြီး ယူကျုံးမရ ဖြစ်သွားကြသည်။ သူတို့၏ ပါးပြင်ပေါ်တွင် မျက်ရည်များ စီးဆင်းကျလာလေ၏။

ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ ခံပြင်းခြင်း၊ ဒေါသဖြစ်ခြင်းတို့သည် သူတို့နှစ်ဦး၏ မျက်နှာပေါ်တွင် အထင်းသားပေါ်လွင်နေတော့သည်။

သူတို့သည် အလောင်း သုံးလောင်းကို ကောင်းမွန်စွာ မြှုပ်နှံပြီးသောအခါ မြေပုံများပေါ်တွင် အမည်နာမ ရေးသားထားသော စာတန်းများ စိုက်ထူလိုက်လေသည်။ ထို့နောက် မြေပုံများကို ဦးညွတ်ကာ ထူးထူးခြားခြား ဂါရဝပြုလိုက်ကြသည်။

စိတ်ထဲမှလည်း ဇင်စုံတင်ရာကို လေးလေးနက်နက် သန္နိဋ္ဌာန် ချလိုက်ကြသည်။ သူတို့၏ လေးနက်စွာချလိုက်သော ဆုံးဖြတ်ချက်များမှာ အသက်သေသည့်အထိ ကျူးကျော်နယ်ချဲ့သူများကို တိုက်ခိုက်သွားမည်ဟူ၍ ဖြစ်သည်။

မြေပုံပေါ်တွင် ထင်ရှားစွာ စိုက်ထူထားသော အမည်နာမ သုံးခုမှာ....

တောင်နဂါး....

မြေနဂါး....

လေနဂါး....

ဟူ၍ ဖြစ်ပါသည်။

* * *

ကျိုင်းပြည်နယ်နှင့် ယောလုံကျန်ပြည်နယ်တွင် နဂါးခုနစ်ဖော်သည် နာမည် အကျော်ကြားဆုံးဖြစ်သည်။ ပြည်သူလူထုက နဂါးခုနစ်ဖော်ကို ထောက်ခံအားပေးသလောက် မန်ချူး အာဏာပိုင်တို့က အလွန် ကြောက်ရွံမုန်းတီးကြလေသည်။



မန်ချူးအာဏာပိုင်တို့အား ဒုက္ခအပေးဆုံးမှာ နဂါးခုနစ်ဖော်ပင် ဖြစ်သည်။ မန်ချူးအာဏာပိုင်များသာမက မန်ချူးတို့ အားကိုးအားထားပြုနေသည့် သစ္စာဖောက် သိုင်းသမားများသည်လည်း နဂါးခုနစ်ဖော်ကို ကြောက်ရွံ့တုန်လှုပ်လျက်ရှိပေသည်။

မန်ချူးတို့သည် နဂါးခုနစ်ဖော်ကို အသေရရ အရှင်ရရ ဖမ်းဆီးပေးနိုင်သူအား ကြီးစွာသော ဆုငွေများ ပေးမည်ဟု ကြေညာထားသည်။

သို့သော် မည်သူတစ်ဦးတစ်ယောက်ကမျှ သတင်းပေးခြင်း၊ ရှာဖွေဖမ်းဆီးခြင်း မပြုကြပါ။

နဂါးခုနစ်ဖော်၏သတင်းကို စုံစမ်းနေသူများမှာ မန်ချူး၏ လက်ကိုင်တုဘ် အမျိုးသားသစ္စာဖောက် သိုင်းသမားအချို့ပင် ဖြစ်လေသည်။ နဂါးခုနစ်ဖော်သည် ထိုလူများကို အလွန်မုန်းတီးသဖြင့် သတင်းရသည်နှင့် သုတ်သင်ရှင်းလင်းပစ်လေသည်။

ယခုအခါတွင် နဂါးခုနစ်ဖော်မှာ အင်အားများ လျော့နည်းသွားရပြီ ဖြစ်သည်။ အကြီးအကဲဖြစ်သူ နေနဂါးမှာ အဖမ်းခံသွားရပြီး မန်ချူးတို့၏ရဲအကျဉ်းစခန်းတွင် ရောက်ရှိနေရသည်။

ဒုတိယ အကြီးအကဲဖြစ်သူ မီးနဂါးသည် ရန်သူ့လက်ချက်ဖြင့် သေဆုံးခဲ့ရ၏။ ယခု....တောင်နဂါး၊ လေနဂါးနှင့်

မြေနဂါးသုံးဦးမှာ အကြီးအကဲဖြစ်သူ နေနဂါးအား ကယ်တင်နိုင်ရန် ကြိုးစားရင်း မရှုမလှ သေဆုံးခဲ့ရပြီ ဖြစ်သည်။

ယခုအခါ နဂါးသုံးဖော်သာ ကျန်တော့သည်။ ၎င်းတို့မှာ နေနဂါး၊ မိုးနဂါးနှင့် လနဂါးတို့ ဖြစ်ကြသည်။

## အခန်း (၂)

---

အနီရောင် ခြယ်သထားသော ဂေဟာကြီးမှာ မန်ချူး အရာရှိကြီးတစ်ဦး နေထိုင်သော အဆောက်အအုံ ဖြစ်၏။ ထိုဂေဟာသည် မြို့တော်၏ အလယ်တွင် ရှိနေသောကြောင့် ပို၍ လူသိများပြီး ထင်ရှားလှသည်။

အချို့က ထိုဂေဟာကို မြင်တွေ့ရသည့်အခါ မျက်နှာရှုံ့၍ ခပ်ဝေးဝေးမှ ရှောင်ကွင်းသွားကြသည်။ အချို့က ရွံရှာသလို တံတွေးဖြင့်ထွေးသွားကြသည်။ မြို့သူမြို့သားတို့သည် ထိုမန်ချူး အရာရှိနှင့် ကင်းရှင်းနိုင်သမျှ ကင်းရှင်းအောင် နေကြသည်။ ထိုမန်ချူးအရာရှိ၏ အမည်မှာ လောက်ဝှိုးဖြစ်၏။

လောက်ဝှိုးသည် လူတွေကိုကြည့်လျှင် မသက်သာသော မျက်လုံးဖြင့် အမြဲကြည့်သည်။ မန်ချူးတရုတ်သည် လောက်ဝှိုးကို အထူးတလည် ချီးမြှင့်မြှောက်စားထားသည်။

အဘယ့်ကြောင့်ဆိုသော် လောက်ဝှ ီးသည် မန်ချူးဘုရင်အား ဆန့်ကျင်သော လူများကို ဖော်ထုတ်သည့် နေရာတွင် သူမတူအောင် ထူးချွန်သောကြောင့် ဖြစ်သည်။

လောက်ဝှ ီးသည် အမျိုးသားသစ္စာဖောက် ထိပ်တန်းသိုင်းသမားများကို လက်သပ်မွေးထားသည်။

သခင်အားရ ကျွန်ဝါးဝ ဆိုသလို လောက်ဝှ ီး၏ မျက်နှာလိုမျက်နှာရ ဖားနေကြသော အမျိုးသားသစ္စာဖောက် သိုင်းသမားများသည် လောက်ဝှ ီး၏အနားတွင် ဝိုင်းဝိုင်းလည်လျက် ရှိနေပေသည်။

မြို့သူမြို့သားအချို့သည် လောက်ဝှ ီးထက် ထိုသူများကို ပို၍ကြောက်နေရ၏။ ထိုသူများသည် လောက်ဝှ ီးထံမှ ဆုငွေနှင့် နာမည်ကောင်းသက်မှတ် ရရှိရန်အတွက် လောက်ဝှ ီး အလိုရှိသော လူများကို ရှာဖွေ ဖော်ထုတ်ပေးနေကြသည်။

လောက်ဝှ ီးထံ၌ ရှိနေသည့် လက်မရွံ့လူသတ်သမားတို့သည် ရောက်ရှိလာသမျှသော မသင်္ကာစရာ လူများကို ရက်စက်စွာ သတ်ပစ်ကြလေသည်။

ထို့ကြောင့် မန်ချူးအရာရှိကြီး နေထိုင်သောဂေဟာကို ကောင်းဆိုးဝါးဂေဟာ ဟူ၍လည်းကောင်း၊ နတ်ဆိုးဂေဟာ ဟူ၍လည်းကောင်း ခေါ်ဝေါ်သမုတ်ကြလေသည်။

* * *



အသက် ငါးဆယ် ကျော်နေပြီဖြစ်သော လင်မယား နှစ်ယောက်ကို ကြိုးတုပ်၍ ဖမ်းဆီးလာသည်။ ဖမ်းဆီးလာသူမှာ သံမဏိလက်ဝါးဟု အမည်ရထားသည့် ထိပ်တန်းသိုင်းသမား ငုံဖူးကျစ် ဖြစ်လေသည်။

ငုံဖူးကျစ်သည်ထိုလင်မယားကို လောက်ဝှ ီးရှေ့သို့ အရောက်တွန်းထိုး ပို့ဆောင်ပေးလိုက်သည်။

လောက်ဝှ ီးက ကြိုးနှင့်တုပ်ထားသော လင်မယား နှစ်ယောက်ကို ကြည့်နေရာမှ ငုံဖူးကျစ်ကို လှမ်းကြည့်လိုက်၏။

'သူတို့က ဘယ်သူလဲ၊ ဘာဖြစ်လို့လဲ'

ငုံဖူးကျစ်က ဖမ်းဆီးလာသူများကို လက်ညှိုးထိုးပြ၍....

'သခင်ကြီး သူတို့ဟာ မန်ချူးဘုရင်မင်းမြတ်ကို ဆန့်ကျင်နေတဲ့ လူတွေပါ'

'ဘယ်လိုဆန့်ကျင်တာလဲ၊ ပြည့်ပြည့်စုံစုံပြောပါ'

လောက်ဝှ ီးက ပြန်မေးလိုက်ခြင်း ဖြစ်သည်။

'သခင်ကြီးခင်ဗျား၊ သူတို့ဟာ မန်ချူးအစိုးရကို ဆန့်ကျင်တော်လှန်နေတဲ့ လူတွေကို ငွေကြေးရိက္ခာ ထောက်ပံ့နေတယ်ဆိုတာ ကျွန်တော် အတိအကျ သိထားပါတယ်'

လောက်ဝှ ီးသည် ကြိုးနှင့်တုပ်ထားသော လင်မယားနှစ်ယောက်ကို မျက်မှောင်ကြုတ်၍ ကြည့်နေသည်။

ဂေဟာ၏ အပြင်တံခါးဝတွင် လူအချို့မှာ တိုးဝှေ့ရပ်ကြည့်နေကြသည်။ ကြိုးနှင့်အတုပ်ခံထားရသော အမျိုးသမီးကြီးက အော်ဟစ်ငိုယို၍ တောင်းပန်သည်။

'မဟုတ်ပါဘူး၊ သူပြောတာ တစ်ခုမှမဟုတ်ပါဘူး၊ ကျွန်မယောက်ျား စစ်တုံဟာ ဒီလိုစိတ်ထားမျိုး မရှိပါဘူးရှင့်၊ ငုံဖူးကျစ်က ကျွန်မတို့ကို သက်သက် မလိုမုန်းထားလို့ ပြောတဲ့စကားပါ'

ငုံဖူးကျစ်က ဒေါသဖြင့်...

'နင်တို့ ဘာညာချင်လို့လဲ'

စစ်တုံအမည်ရှိ အကျဉ်းသားက ငုံဖူးကျစ် မျက်နှာကို တံတွေးဖြင့် လှမ်းထွေးလိုက်သည်။

'ဟေ့ကောင်...မင်းအာ သခင်အားရ ကျွန်ဝါးဝ စကားတော့ မပြောပါနဲ့၊ မင်းတို့ ခွေးရူးတွေ ကောင်းစားရင် ခဏပဲ၊ တစ်နေ့ အားလုံး သေရမယ်'

ငုံဖူးကျစ် မျက်နှာမည်းခနဲ ဖြစ်သွားသည်။

'သခင်ကြီးကြားတဲ့အတိုင်းပဲ၊ သူတို့ဟာ ကျွန်တော်တို့ကို ကောင်းကောင်း ဒုက္ခပေးတော့မှာပါ'

လောက်ဝှီးသည် ချက်ချင်း မျက်နှာ ခက်ထန်လာသည်။ သူသည် အနားတွင် ရပ်တန့်နေသော လူသတ်သမား နှစ်ယောက်ကို ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

လက်မရှိ လူသတ်သမားများက စစ်တုံတို့ လင်မယားကို ဆွဲခေါ်သွားသည်။

ကြောမီ...

'အား....အင့်'

ဟူသော အသံများကို ကြားလိုက်ရလေသည်။

* * *



တံခါးဝတွင် ရပ်တန့်ကြည့်ရှုနေကြသော လူအချို့သည် ကြောက်ရွံ့စွာဖြင့် ထွက်ပြေးသူက ထွက်ပြေးသွားကြသည်။ အချို့က စိတ်မကောင်းစွာဖြင့် မျက်ရည်များ ထွက်နေကြသည်။ သူတို့သည် နတ်ဆိုးဂေဟာကြီးကိုအလွန်ပင် ကြောက်ရွံ့မုန်းတီးသွားကြလေသည်။

ဤသို့ အားလုံးက ကြောက်ရွံ့အောင်လည်း မန်ချူးအဆာရှိကြီးအာ ပြုလုပ်နေခြင်းဖြစ်လေသည်။

ထိုအချိန်တွင် မီးခိုးရောင် ဘောင်းဘီနှင့်မီးခိုးရောင်အင်္ကျီလက်ပြတ်ကို ဝတ်ဆင်ထားသော အသက် နှစ်ဆယ် ခန့်ရှိလူငယ်တစ်ယောက်သည် လမ်းမကြီးအတိုင်း ပြေးလွှား၍ လာလေသည်။

သူသည် မန်းချူးအဆာရှိကြီး ဂေဟာဆီသို့ တန်းတန်းမတ်မတ် ပြေးလာခြင်းဖြစ်သည်။

လူငယ်၏ အမည်မှာ စစ်ဟန်မင်းဖြစ်သည်။ သူ၏ မိဘ နှစ်ပါးကို ငုံဖူးကျစ်က ဖမ်းဆီးသွားသည် ဟူသော သတင်းကြားရသည်နှင့် အပြေးအလွှားရောက်ရှိလာခြင်း ဖြစ်လေသည်။

စစ်ဟန်မင်း၏ မျက်နှာတွင် စိုးရိမ်ခြင်း ဒေါသဖြစ်ခြင်းများလွှမ်းမိုးလျက်ရှိနေ၏။ သူသည် အနီရောင် ခြယ်သထားသော ဂေဟာကြီးအနီးသို့ ရောက်ရှိသည်နှင့်လူတစ်ယောက်၏ ဖမ်းဆွဲထားခြင်းကို ခံလိုက်ရသည်။

စစ်ဟန်မင်းက ထိုလူကို မော့ကြည့်လိုက်၏။ သူ လုံးဝမသိသော လူတစ်ယောက်ဖြစ်နေသည်။

အသက်လေးဆယ်ကျော်ခန့်ရှိပြီး အရပ်ရှည်ရှည်ဖြင့် အလွန်ဥပဓိရုပ်ကောင်းသူဖြစ်သည်။ လူကြီးလူကောင်းတစ်ယောက်၏ ပုံစံမျိုး ဖြစ်သည့်ပြင် ငွေကြေးဥစ္စာလည်း ချမ်းသာပုံရလေသည်။

ထိုလူကြီးက စစ်ဟန်မင်းကို ခေါင်းယမ်း ပြလိုက်သည်။ စစ်ဟန်မင်းက ထိုလူကြီးကို နားမလည်သလိုကြည့်၍....

'ကျွန်တော့် အဖေနဲ့ အမေ....'

ထိုလူကြီးက ခေါင်းညိတ်ပြသည်။

'ကျုပ်သိပါတယ်၊ မောင်ရင် မင်းအဲဒီကို မသွားပါနဲ့'

စစ်ဟန်မင်းက....

'ကျွန်တော့် အဖေကို သူတို့က....'

ထိုလူကြီးက သက်ပြင်းချ၍ ခေါင်းယမ်းလိုက်သည်။

'မင်းသွားပေမယ့် အကျိုးမထူးတော့ဘူးကွာ'

စစ်ဟန်မင်းမျက်လုံးပြူး၍ ထိတ်လန့်သွားသည်။

'သူတို့ သတ်ပစ်လိုက်ပြီဟုတ်လား'

စစ်ဟန်မင်းသည် ဒေါသကြောင့် အသံကျယ်လောင်သွားသည်။ ထိုလူကြီးက စစ်ဟန်မင်း ပါးစပ်ကို အသာဖမ်းပိတ်လိုက်၏။

'မင်း သိပ်ပြီး စိတ်လှုပ်ရှားနေတယ်၊ ကျုပ်နဲ့ ခဏလေး လိုက်ခဲ့စမ်းပါ'

ပြောပြောဆိုဆိုပင် ထိုလူကြီးသည် စစ်ဟန်မင်းကို ချော့မော့၍ ခေါ်သွားလေသည်။

* * *



စစ်ဟန်မင်းသည် စားပွဲပေါ်တွင် မျက်နှာမှောက်၍ ငိုနေသည်။

စားသောက်ဆိုင် တစ်ဆိုင်ပင် ဖြစ်သော်လည်း လူရှင်းနေသည်။ အခန်းတစ်ခုထဲတွင် စစ်ဟန်မင်း၏ ရှိုက်သံကသာ တစ်ချက်တစ်ချက် ထွက်ပေါ်လာသည်။ စားပွဲပေါ်တွင် စားစရာမုန့်များနှင့် လက်ဖက်ရည် ရှိနေသော်လည်း မည်သူကမျှ မစားမသောက်ကြသေးပေ။

စစ်ဟန်မင်းအား ခေါ်ဆောင်လာသည့် ပုဂ္ဂိုလ်ကြီးသည် စစ်ဟန်မင်းကို စိတ်မကောင်းစွာ ကြည့်၍ သက်ပြင်းတစ်ချက် ချမိသည်။

စစ်ဟန်မင်းက အားရအောင် ငိုချလိုက်သည်ကို သူက သဘောကျမိသည်။ ဒါမှလည်း ရင်ထဲ၌ ပေါ့ပါးသွားမည် မဟုတ်ပါလား....

အတန်ကြာမှ စစ်ဟန်မင်းက ထိုလူကြီးကို မော့ကြည့်လိုက်သည်။

'ဦးက....ဘယ်သူလဲ'

'ဟိုင်းလီ...'

'ဦးကို ကျွန်တော် တစ်ခါမှ မမြင်ဖူးဘူး၊ ကျွန်တော့်မိဘတွေကိုရော ဦးသိလို့လား'

စစ်ဟန်မင်းက ဟိုင်းလီဆိုသူကို စူးစမ်းသလို ကြည့်၍ ပြန်မေးသည်။ ဟိုင်းလီသည် သက်ပြင်းတစ်ချက် ချလိုက်၏။ ပြီးမှ....

'ကဲ... လက်ဖက်ရည် သောက်ရအောင်ကွာ၊ နေ့ကတော့ အေးအေးဆေးဆေး စကားပြောကြတာပေါ့'

စစ်ဟန်မင်းသည် စားချင်သောက်ချင်စိတ် လုံးဝမရှိသော်လည်း လက်ဖက်ရည် တစ်ခွက်ကိုတော့ ကုန်အောင်သောက်ပစ်လိုက်သည်။

'ဒီကောင်တွေ သိပ်ရက်စက်တယ်ဗျာ၊ ကျွန်တော် လုံးဝသည်းမခံနိုင်ဘူး'

ဟိုင်းလီကပြုံးလိုက်လေသည်။ သို့သော် ဝမ်းသာ၍ပြုံးသည့် အပြုံးမျိုးတော့ မဟုတ်ပါ။

'စိတ်ကို ထိန်းထားစမ်းပါ စစ်ဟန်မင်း၊ ခုလို ခေါင်းမီးတောက်နေတဲ့ အချိန်မှာ မင်း ဘာတစ်ခုမှ မဆုံးဖြတ်ပါနဲ့'

စစ်ဟန်မင်းသည် ဟိုင်းလီကို ငေးကြည့်နေသည်။ ဟိုင်းလီသည် အလွန် ဥပဓိရုပ်ကောင်းပြီး စကားပြောသည့်အခါ အေးဆေးညင်သာသည်ကို တွေ့ရသည်။

'လောကမှာ တရားတာတွေရှိသလို မတရားတာတွေလည်း ဒုနဲ့ဒေးပဲ၊ မင်းရဲ့မိဘတွေလိုပဲ ရက်ရက်စက်စက် အသတ်ခံရတဲ့ လူတွေ အများကြီးရှိတယ်၊ ဒါတွေဟာ ဒေါသဖြစ်စရာတွေ ချည်းပဲပေါ့၊ ဒါပေမယ့် ပထမဆုံး ဒေါသကို ထိန်းသိမ်းပြီး လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ကို ရွေးချယ်ရတယ်ကွ'

ဟိုင်းလီသည် သူ့စကားကို ရပ်တန့်ကာ စစ်ဟန်မင်းကို ကြည့်လိုက်လေသည်။ စစ်ဟန်မင်းသည် သူ၏စကားများကို စိတ်ပါဝင်စားစွာ နားစိုက်ထောင်နေသည်ကို တွေ့ရမှ ဆက်၍ ပြောလေသည်။



'မင်းအသက် ဘယ်လောက်ရှိပြီ'

'နှစ်ဆယ်'

'အသက်နှစ်ဆယ်အရွယ်ဟာ လူငယ်တစ်ယောက်ရဲ့ဘဝအစပဲလို့ ဆိုရမယ်၊ ရှေ့ဆက်လုပ်ရမယ့် လုပ်ငန်းတွေ အများကြီးရှိတယ်၊ မင်းက ဒေါသကိုမထိန်းဘဲ အလုပ်တစ်ခုကို တဇောက်ကန်း လျှောက်လုပ်မယ်ဆိုရင် အမှားတွေပြီး ဘဝဆုံးရှုံးရတတ်တယ်၊ အဲဒါမျိုးကို မင်းအနေနဲ့ လိုလားပါ့မလား'

ဟိုင်းလီကား ကျောင်းဆရာ တစ်ဦးပမာ ဆုံးမစကား ပြောနေပေသည်။

'မလိုလားပါဘူး'

'အေး....ဒါကြောင့် ဝါကမင်းကို အချိန်မီ တားဆီးလိုက်တာပဲ၊ မန်ချူးအရာရှိရဲ့ ဂေဟာထဲကို မင်းလိုက်သွားပေမယ့် မင်းမိဘ နှစ်ပါးအတွက် ဘာမှ အကျိုးထူးလာမှာ မဟုတ်တော့ဘဲ၊ မင်းကိုလဲ သူတို့က အနိုင်ကျင့် သတ်ဖြတ်မှာ မလွဲဘူး'

'ကျွန်တော် သဘောပေါက်ပါပြီ၊ ဦးကို ကျွန်တော် ကျေးဇူးတင်ပါတယ်'

ဟိုင်းလီက ပြုံးသည်။

'ကျေးဇူးတင်ဖို့ မလိုပါဘူးကွာ၊ မင်းသဘောပေါက်ပြီး လမ်းမှန်ကို ရောက်သွားဖို့ အဓိကပါ'

'ဟုတ်ကဲ့၊ ဦးရဲ့စကားကို ကျွန်တော် နားထောင်ပါ့မယ်'

ဟိုင်းလီမှာ အတော်ဝမ်းသာသွားပုံရလေသည်။ အားတက်သရော အမူအရာဖြင့်....

'ဒါဆိုရင် မင်းငါနဲ့အတူ လိုက်နေဖို့ကော ဆုံးဖြတ်ပြီး ပြီလား'

စစ်ဟန်မင်းသည် ဟိုင်းလီအား တစ်ချက် ကြည့်လိုက်လေသည်။ သူ၏စိတ်ထဲတွင် ဟိုင်းလီသည် သူ့ဘဝအတွက် တစ်စုံတစ်ခုသော အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်သွားသည်။

ထို့ကြောင့် ခေါင်းကို ဆတ်ခနဲညိတ်လိုက်လေသည်။

'ဟုတ်ကဲ့၊ ကျွန်တော် ဦးနဲ့အတူ လိုက်ခဲ့ပါမယ်'

* * *

မြို့နှင့်အတော်ကလေး အလှမ်းကွာဝေးသည့် တောင်ခြေတွင် ကျုံခင်းများ၊ ပြောင်းခင်းများသည် မျက်စိတစ်ဆုံးရှိနေပေသည်။

ထိုကျုံခင်း ပြောင်းခင်းများကို ဟိုင်းလီက ပိုင်ဆိုင်လေသည်။ ဟိုင်းလီကို အားလုံးက တောင်ယာစိုက်ပျိုးသည့် လူတစ်ယောက်ဟုသာ သိထားကြလေသည်။

သူ၏ စိုက်ခင်း ပျိုးခင်းထဲ၌ အလုပ်သမား ကျား၊ မများစွာ ရှိနေသည်။ ထိုသူများ၏ စားဝတ်နေရေး ဖူလုံရေးအတွက် ဟိုင်းလီက တာဝန်ယူထားရသည်။



အလုပ်သမားများသည် အလုပ်ရှင်ဟိုင်းလီကို အလွန်ချစ်မြတ်နိုးပြီး ရိုသေလေးစားကြသည်။

စစ်ဟန်မင်းသည် ဟိုင်းလီက သူ့အား ခေါ်ဆောင်လာခြင်းမှာ စိုက်ခင်းထဲ၌ အလုပ်သမားအဖြစ်ထားရန် ခေါ်လာခဲ့ခြင်းဖြစ်သည်ဟု ထင်မှတ်သွားသည်။ အမှန်တော့ မဟုတ်ပါ။

စစ်ဟန်မင်း၏ အထင်အမြင် မှားသွားလေသည်။ သူ့အား အလုပ်သမားများနေသည့် နေအိမ်များသို့မပို့ဘဲ ဟိုင်းလီက သူ၏မိသားစုနှင့်အတူ ထားရှိသောကြောင့် ဖြစ်ပေသည်။

* * *

ဟိုင်းလီ၏ မိသားစုမှာ များများမရှိပါ။ မိသားစု သုံးယောက်သာ ရှိ၏။

ဟိုင်းလီ၏ဇနီး ကျင်ပို့နှင့် သမီးလင်းပို့တို့သာ ရှိလေသည်။ မိသားစု သုံးယောက်စလုံး အလွန်သဘောကောင်းပြီး အထက်တန်းကျကျ နေထိုင်သည်ကို တွေ့ရှိရသဖြင့် စစ်ဟန်မင်းမှာ အတော်ပင် အံ့ဩသွားလေသည်။

အမျှား၏ အမြင်အားဖြင့် ဟိုင်းလီ၏အိမ်သည် သိပ်ပြီး ခန့်ညားမှု မရှိသော်လည်း အသုံးအဆောင် ပစ္စည်းမှအစ အစားအသောက်များအဆုံး အားလုံးသည် အဖိုးတန်ပစ္စည်းများသာ ဖြစ်လေသည်။

တစ်ခု ပြောစရာရှိသည်မှာ ဟိုင်းလီ၏သမီး လင်းပို့သည် စစ်ဟန်မင်းနှင့် သက်တူရွယ်တူဖြစ်ပြီး သူမသည် စကားပြော အနည်းငယ် မောက်မာသည်ဟု ထင်ရ၏၊

စစ်ဟန်မင်းကိုလည်း မိမိနှင့်လုံးဝမတူမတန်သည့် သအောမျိုးထားရှိသည်ကို စစ်ဟန်မင်း သတိထားမိသည်။

သို့သော် ဟိုင်းလီမှာ အံ့သြလောက်စရာ ကောင်းအောင် သဘောထားပြည့်ဝသူဖြစ်သည်။ သူ့ထံမှအလုပ်သမားများကို ထိုက်သင့်သော အခကြေးငွေထက် ပို၍ပေးကမ်းသည်၊ စွန့်ကြဲသည်။

စကားကို ချိုသာစွာပြော၍ တန်းတူရည်တူ ဆက်ဆံသည်ကို တွေ့ရလေသည်။ ထိုအခါ အလုပ်သမားများသည် မည်သည့်ကိစ္စမဆို အရေးအကြောင်း တစ်စုံတစ်ရာ ပေါ်လာပါက မိမိတို့၏သူဌေး ဟိုင်းလီရှေ့မှ မားမားမတ်မတ် ရပ်တည်ကြလေသည်။

ထိုမျှသာမက ဟိုင်းလီသည် မည်သည့်လူစားမျိုးဖြစ်သည်ကို မကြာခင်ရက်ပိုင်းအတွင်း၌ စစ်ဟန်မင်း သိရှိသွားတော့သည်၊

*　　*　　*



စစ်ဟန်မင်းသည် မြင်တွေ့ရသော မြင်ကွင်းများကြောင့် အတော်ပင် အံ့သြသွားတော့သည်။

ဟိုင်းလီသည် စစ်ဟန်မင်းကို လျှို့ဝှက်စွာဖွဲ့စည်းထားသော ခန်းမကြီးတစ်ခုသို့ ခေါ်ဆောင်သွားသေသည်။

ထိုမျှကြီးကျယ်သော ခန်းမကြီး ဤနေရာ၌ ရှိနေလိမ့်မည်ဟု စစ်ဟန်မင်း လုံးဝ မတွေးတောမိပါပေ။

အိမ်နှင့်မနီးမဝေးတွင် လုပ်ငန်းသုံးမြင်းများထားသည့် မြင်းဇောင်းကြီးတစ်ခုရှိသည်။ ထိုမြင်းဇောင်းကို ကျယ်ဝန်းစွာ ဆောက်လုပ်ထားလေသည်။ မြင်းဇောင်းထဲ၌ မြင်းဆယ်အောင်ခန့်ရှိပြီး မြင်းစာများထားသော နေရာကိုလည်း စနစ်တကျ ဖွဲ့စည်းထား၏။

ထိုမြင်းစာများထားသည့်အခန်းထဲမှနေ၍ သေးငယ်သော တံခါးတစ်ချပ်ကိုဖွင့်၍ ဆင်းလိုက်သောအခါ မြေကြီးထဲ၌ အံ့သြဖွယ်ရာခန်းမကြီးတစ်ခုကို တွေ့လိုက်ရခြင်း ဖြစ်လေသည်။

ထိုခန်းမကြီးသည်မြို့စားဂေဟာ ညှိခန်းမနှင့်ပင် တူနေပေသည်၊ အကောင်းစားသံများဖြင့်ပြုလုပ်ထားသည့် ဓား၊ လှံ၊ ခက်ရင်းခွလက်နက်များသည် နံရံ၌ အစီအရီချိတ်ထားသည်ကို တွေ့ရ၏။

မီးအိမ်ကြီးများသည် ခန်းမတစ်ခုလုံး ထိန်းလင်းနေအောင် ထွန်းညှိထားသဖြင့် လူသုံးယောက်ထိုင်နေသည်ကို ထင်ရှားစွာ တွေ့မြင်ရလေသည်။

တစ်နေရာ၌ ထိုင်နေသူမှာ ဟိုင်းလီ၏သမီး လင်းပို့ပင် ဖြစ်သည်၊ သူမသည် အပြာရောင်ဝတ်စုံကိုဝတ်ဆင်ထားပြီး နောက်

ကျော၌ ခါးရှည်တစ်ချောင်းကို လွယ်ပိုးထားသည်။ သူမ
အမူအရာသည် ထိပ်တန်းသိုင်းသမားတစ်ဦး၏ အမူအရာမျိုး
ဖြစ်နေပါသည်။

သူမသည် ထုံးစံအတိုင်းပင် စစ်ဟန်မင်းတို့ ဝင်လာသည်ကို
တွေ့သော်လည်း မသိသလိုအမူအရာမျိုးဖြင့် မျက်နှာကို တစ်
ဖက်သို့ လွှဲထားသည်။

အခြား ကုလားထိုင်နှစ်လုံး၌ လူနှစ်ယောက် ထိုင်နေသည်၊
အသက်အားဖြင့် လေးဆယ်ကျော်ခန့်ရှိမည့် လူတစ်ဦးနှင့်
အသက်သုံးဆယ်ခန့်ရှိမည့် လူတစ်ဦးတို့ ဖြစ်သည်။ ထိုလူနှစ်
ယောက်ယည်လည်း သိုင်းပညာရှင်များဖြစ်မည်ဟု စစ်ဟန်မင်း
ခန့်မှန်းမိသည်။

ထိုလူနှစ်ယောက်အနက် အသက်သုံးဆယ်ခန့်ရှိသူသည် စစ်
ဟန်မင်းထံသို့ ရုတ်တရက်ပြေးသွားပြီး လေထဲ၌ခုန်ကာ ခြေ
အစုံဖြင့် ကန်ထည့်လိုက်လေသည်။ စစ်ဟန်မင်းက ရုတ်တရက်
ရှောင်လိုက်သဖြင့် ကန်ချက်မထိဘဲ လွဲချော်သွားလေ၏။

ထိုသူသည်ဒုတိယအကြိမ်နဂါးပတ်ကျော့ကွင်းတိုက်ကွက်ကို
အသုံးပြုကာ စစ်ဟန်မင်းကို တိုက်ခိုက်ပြန်၏။ စစ်ဟန်မင်း
သည် ပထမအကြောင့်တိုက်ခိုက်သည်ကို မစဉ်းစားမိဘဲ ဟိုင်း
လီကို ကြည့်လိုက်မိသည်။

ဟိုင်းလီသည် ပြုံးပြီး ကြည့်နေသည့်အတွက် ထိုလူသည်
မိမိ၏ပညာကို စမ်းသပ်ဖလှယ်နေမှန်း သိလိုက်ရတော့၏။

[illegible]



ထို့ကြောင့် စစ်ဟန်မင်းက ခနဲဖက်ကျော့ကွင်း တိုက်
ကွက်ကို လင်းယုန်တိမ်ဖောက်တိုက်ကွက် အသုံးပြုပြီး ဖြိုဖျက်
လိုက်လေသည်။

သူတို့နှစ်ဦးလက်ချင်း အရှိန်ပြင်းစွာ ရိုက်မိသွားပြီး တစ်ဖက်
လူမှာ ဖင်ထိုင်ရက်သား ကျသွားသည်။

'တော်ပြီဟေ့၊ ရပ်လိုက်ကြတော့'

ကုလားထိုင်တွင် ထိုင်နေသူက လှမ်းပြောလိုက်ပြီး စစ်ဟန်
မင်းအနားသို့ လျှောက်လာသည်။

'မင်း....မဆိုးပါဘူး၊ ဒါဆိုမယ့် မိုးနဂါးကိုတော့ မင်း
ယှဉ်နိုင်လိမ့်မယ် မထင်ဘူး'

ကုလားထိုင်မှ ထလာပြီး ပြောလိုက်သူမှာ လနဂါး ဖြစ်
လေသည်။ ဝေနဂါး၏ စကားကြောင့် စစ်ဟန်မင်း ခံပြင်း
သွား၏။ သူသည် မကျေမနပ်ဖြင့် ဟိုင်းလီကို လှမ်းကြည့်လိုက်
လေသည်။ ဟိုင်းလီက အနားသို့ရောက်လာပြီး မိတ်ဆက်ပေး
သည်။

'သူတို့နှစ်ယောက်ဟာ နဂါးခုနစ်ဖော်ထဲက မိုးနဂါးနဲ့
လနဂါးဖြစ်ပါတယ်'

စစ်ဟန်မင်းက အသိအမှတ်ပြုဟန်ဖြင့် ခေါင်းညိတ်ပြလိုက်
သည်။

ဟိုင်းလီကဆက်၍....

'သူ့နာမည် စစ်ဟန်မင်းပါ၊ ဟိုတစ်လောက အသတ်ခံခဲ့
ရတဲ့ စစ်တုံ့ရဲ့သား ဖြစ်ပါတယ်'

'ကြော်...စစ်တုံ့ရဲ့ သားကိုး၊ မင်းမိဘ သတင်းကြားရတာ စိတ်မကောင်းပါဘူး'

လနဂါးက စိတ်မကောင်းဟန်ဖြင့် ပြောသည်။

စစ်ဟန်မင်းက ဘာမှ ပြန်မပြောတော့ပေ။ သူသည် လနဂါး ပြောခဲ့သော စကားကို စိတ်ထဲက မခံချည့်မခံသာ ဖြစ်နေမိသည်။

'မိုးနဂါးကို မနိုင်ပါဘူး' ဟူသော စကားသည် သူ့အတွက် ခံပြင်းစရာ ကောင်းနေပေတော့၏။

ဟိုင်းလီက လင်းပို့ ထိုင်နေသော စားပွဲဆီသို့ အားလုံးကို ခေါ်သွားပြီး ဝိုင်းထိုင်လိုက်သည်။ ထို့နောက် စစ်ဟန်မင်းကို ကြည့်၍....

'မင်း နဂါးခုနစ်ဖော်အကြောင်းကြားဖူးသလား'

ဟု မေးလိုက်သည်။

စစ်ဟန်မင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ ကျွန်တော် ကြားဖူးထားပါတယ်၊ ဒါပေမယ့် အကြီးအကဲဖြစ်တဲ့ နေနဂါးဟာ မန်ချူးတွေရဲ့ အကျဉ်းစခန်းကို ရောက်နေတယ်လို့လဲ သိထားရပါတယ်'

ဟိုင်းလီက ခေါင်းညိတ်ပြပြီး အနည်းငယ် ရှင်းပြလိုက်သည်။

'နဂါးခုနစ်ဖော်ဟာ ပြည်သူလူထုဘက်က ရပ်တည်ပြီး မန်ချူးတွေကို တော်လှန်နေတဲ့ အုပ်စုတစ်စုပါ၊ မျိုးချစ်စိတ် အပြည့်အဝရှိတဲ့ လူတွေပဲ ဖြစ်ပါတယ်၊ ဒါပေမယ့် အခုအချိန်မှာ သုံးယောက်ပဲ ရှိတော့တဲ့အတွက် အလွန်ပဲ ဝမ်းနည်းစရာ



ကောင်းနေပါတယ်၊ ပိုပြီးဆိုးတာက အကြီးအကဲဖြစ်တဲ့ နေနဂါးကို သူတို့ ဖမ်းဆီးမိထားတဲ့ကိစ္စပဲ၊ ဟုတ်တယ် မဟုတ်လား'

ဟိုင်းလီက ပြောနေရင်းမှ လနဂါးတို့ကို မေးလိုက်သည်။ လနဂါးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ကြီးကို ပြန်ကယ်ထုတ်နိုင်ဖို့က အဓိက အချက်ပါပဲ'

ဟိုင်းလီက ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်ပါတယ်၊ အမြန်ဆုံး ကယ်ထုတ်နိုင်ဖို့က အရေးကြီးပါတယ်၊ ဒါပေမယ့် လွယ်လွယ်နဲ့ လုပ်လို့ရနိုင်တဲ့ ကိစ္စဘာခုတော့ မဟုတ်ဘူး၊ အဓိက လိုအပ်တာက ငွေအင်အားပဲ၊ ငွေအင်အား တောင့်တင်းရင် လူတော်လူကောင်းကို ရှာဖွေနိုင်မယ်၊ ခင်ဗျားတို့အနေနဲ့ မျိုးချစ်စိတ်ရှိတဲ့ မျိုးချစ်သူရဲကောင်းတွေကို ရှာဖွေနိုင်ပါ့မလား'

ထိုစဉ် ငြိမ်သက်စွာ နားထောင်နေသော လင်းပို့က....

'အို...ဖေဖေကလဲ လူအင်အားက ဘယ်လောက် လိုမှာမို့လို့လဲ၊ အဲဒီသုံးယောက်နဲ့ ညမီးနဲ့ဆိုရင် လေးယောက်ရှိနေပြီပဲ၊ အကျဉ်းစခန်းက လူကို သွားကယ်လို့ မရနိုင်ဘူးလား'

ဟိုင်းလီက ခပ်ပြုံးပြုံးဖြင့် ခေါင်းယမ်းပြီး မိုးနဂါးကို ကြည့်ကာ ပြောလိုက်၏။

'ကဲ...မိုးနဂါး ခင်ဗျား အတွေ့အကြုံကို ပြောပြလိုက်ပါဦး'

မိုးနဂါးက သူတို့ငါးယောက် ကြိုးကြိုးစားစား ဆောင်ရွက်ခဲ့ပုံနှင့် သုံးယောက်မှာ မရှုမလှ သေဆုံးခဲ့ရပုံကို ပြောပြလိုက်သည်။

လင်းပို့သည် ထိမ့်ခတ်ခဲ့သော အတွေ့အကြုံကို ကိုယ်တွေ့ မတွေ့ကြုံဖူးသေးသဖြင့် သူမအနေဖြင့် အလေးအနက် သဘောထားပုံ မရပေ။

'ကျွန်မတို့ တခြား နည်းလမ်းတော့ ရှာလို့ မရဘူးလား'

မိုးနဂါးသည် စနစ်တကျ မြုလုပ်ထားသော မြေပုံကားချပ် တစ်ခုကို အားလုံး မြင်သာအောင် ဖြန့်ပြလိုက်လေသည်။

'ဟောဒါ အကျဉ်းစခန်းရှိတဲ့ တောင်ပေါ်မြေပုံပဲ'

အားလုံး မြေပုံကို ငုံ့ကြည့်၍ မိုးနဂါးပြောပြသည်ကို နားထောင်နေကြသည်။

'ဒီတောင်ရဲ့ တောင်ထိပ်ပေါ်ရောက်အောင် တက်တဲ့လမ်း တစ်လမ်းပဲ ရှိတယ်၊ ကျန်တဲ့နေရာတွေကဆိုရင် တောင်ထိပ်ပေါ် ရောက်ဖို့ တောင်နံရံတွေကို တွယ်ကပ်ပြီးတက်မှ ရောက်နိုင်မယ်၊ ကျုပ်တို့ အဲဒီလမ်းကို ရွေးချယ်ပြီး တက်ခဲ့တာပဲ၊ ဒါပေမယ့် တောင်ထိပ်ပေါ်မှာ နွယ်ကြိုးကို ဖြတ်ချမယ့် အစောင့်တွေရှိနေတယ်ဆိုတာ လုံးလုံးသတိမထားမိလိုက်ဘူး'

ဟိုင်းလီသည် မြေပုံကို ကြည့်လိုက်သည်။

'ဒီလိုဆိုရင် ဒီတောင်ပေါ်ရောက်ဖို့ အနောက်ဘက်က လမ်းတစ်လမ်းပဲ တက်လို့ရတယ် ဆိုပါတော့'



မိုးနဂါးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ အဲဒီလမ်းကတော့ လူတွေ သွားလာနေကြတာပါပဲ၊ ဒါပေမယ့် မန်ချူးအရာရှိက ခွင့်ပြုထားတဲ့ လူတွေမှ သွားလို့ ရပါတယ်၊ တောင်ပေါ်ရောက်တဲ့အထိ စစ်ဆေးတဲ့ ကင်းစခန်းတွေက ဆယ်ခုလောက် ရှိတယ်'

လင်းပို့က အနည်းငယ် စဉ်းစားဟန် ပြုပြီးနောက်....

'ကျွန်မတို့က ဈေးသည်တွေယောင် ဆောင်ပြီးတော့ သွားရင်ကော မရဘူးလား'

'သူတို့ယုံကြည်ရင်တော့ ခွင့်ပြုမှာပါပဲ'

'အကျဉ်းစခန်းရဲ့ အခြေအနေက ဘယ်လိုရှိသလဲ'

ဟိုင်းလီက ဝင်မေးလိုက်ခြင်း ဖြစ်သည်။

မိုးနဂါးက မြေပုံကို လက်ညှိုးထောက်ပြီး ပြသည်။

'ဟောဒါ အကျဉ်းစခန်းကြီးပဲ၊ မြို့ကလေးနဲ့ အကျဉ်းစခန်းက နည်းနည်းတော့ အလှမ်းကွာတယ်၊ လမ်းရှိ အတိုင်းသွားမယ်ဆိုရင် မြို့ကလေးက ဖြတ်သွားမှ အကျဉ်းစခန်းကို ရောက်တယ်၊ မြို့ထဲက လူတွေကလဲ အကျဉ်းစခန်းကို သွားဖို့ဆိုတာ သိပ်မလွယ်လှဘူး၊ အကြောင်းကိစ္စရှိလို့ အရေးကြီးတဲ့ လူတွေ သွားလာတာတောင် အမျိုးမျိုး အစစ်ဆေးခံရတယ်၊ တောင်နံရံက တွယ်တက်မယ်ဆိုရင်တော့ အကျဉ်းစခန်းနားထိ ရောက်သွားနိုင်တယ်၊ ဒါတောင် ခြံစည်းရိုးကို မနည်းထိုးဖောက်ပြီးတော့ ဝင်ရလိမ့်မယ်'

ဟိုင်းလီသည် မြေပုံကိုကြည့်ပြီး သက်ပြင်းချလိုက်လေသည်။

'ကျွန်တော်တို့ နေနဂါးကို အယ်တင်ရာမှာ တော်တော်ခက်ခက်ခဲခဲ ရှိလိမ့်မယ်နဲ့ တူတယ်၊ ဒါပေမယ့် စိတ်မ ... တ်မကျပါနဲ့၊ ကျွန်တော်တို့ သင့်တော်မယ့် လူ ဆယ်ယောက်လောက် ရှာဖွေကြရအောင်'

လင်းပို့က ဟိုင်းလီကို မော့ကြည့်သည်။

'ရှာဖွေလို့ လူတွေပါပြီတဲ့၊ ဖေဖေက ဘယ်လို စိတ်ကူးထားသလဲ'

ဟိုင်းလီသာ မြေပုံကိုပြန်ကြည့်သည်။

'လူခုနစ်ယောက်လောက်က တောင်ပေါ်ကို ဟောဒီနံရံအနေပြီး တက်နိုင်အောင် လူသုံးလေးယောက်က တောင်ပေါ်ကကူညီဖို့လိုတယ်၊ ဥပမာ လူလေးယောက်လောက်က အကျဉ်းစခန်းဆီရောက်အောင် ကြိုတင်သွားပြီး တောင်ထိပ်မှာရှိတဲ့ အစောင့်တွေကိုသုတ်သင်ရှင်းလင်းပေးရင် နံရံကနေပြီး တွယ်တက်တဲ့လူတွေအဖို့ အဆင်ပြေသွားမယ်လို့ ထင်တယ်'

ဟိုင်းလီ၏အစီအစဉ်ကို လင်းပို့ကသိပ်ပြီးသဘောမကျပေ။

'ဘာတူးမှာလဲဖေဖေရဲ့၊ အကျဉ်းစခန်းဆီကို ရောက်အောင်သွားနိုင်တဲ့နောက်တော့ တောင်နံရံကိုတွယ်တက်နေစရာ ဘာလိုတော့မှာလဲ'

ဟိုင်းလီက ခေါင်းယမ်းလိုက်သည်။

'ဒီလိုမဟုတ်ဘူးသမီးရဲ့၊ ဒီက ထွက်သွားမယ့် လူတွေဟာ မိုးနဂါးတို့လို ထိပ်တန်းသိုင်းသမားတွေချည်းပဲ မဟုတ်ဘူး၊ သူတို့တွေကို ရှိုးရှိုးလမ်းက အယောင်ဆောင်ပြီးခေါ်သွားရင် မှတ်မိသွားနိုင်စရာ အကြောင်းရှိတယ်၊ အဲဒီတော့ သူတို့ မထင်



မှတ်တဲ့လူတွေက အဲဒီကိုကြိုသွားပြီး အခြေအနေအရပ်ရပ်ကို စုံစမ်းပြီးတာနဲ့ ဖြစ်နိုင်မယ်ဆိုရင် တောင်အောက်ကလူတွေကို အချက်ပြလို့ရတာပေါ့'

လင်းပို့သဘောပေါက်သွားပုံရသည်။

'ဒါဆိုရင် နံရံကိုတွယ်တက်နိုင်တဲ့ ထိပ်တန်း သိုင်းသမားတွေကို ရှာဖွေဖို့ လိုတာပေါ့ မဟုတ်ဘူးလား ဖေဖေ'

'ဟုတ်တယ်၊ ဖေဖေလဲ အဲဒါကိုပြောနေတာပဲ၊ အဲဒီတော့ ငွေရေးကြေးရေးနဲ့ ပတ်သက်လာရင် ကျုပ်အားလုံး တာဝန်ယူတယ်၊ ခင်ဗျားတို့က သင့်တော်မယ့် မျိုးချစ်ပုဂ္ဂိုလ်တွေကို ရှာပါ၊ ဘယ့်နှယ်လဲ'

'အစ်ကိုကြီး ဟိုင်လီပြောတာ ကျွန်တော်တို့ လက်ခံပါတယ်'

မိုးနဂါးက ပြောလိုက်သည်။

'ကဲ....ဒါဆိုရင် ခင်ဗျားတို့ အမြန်ဆုံး ထွက်ရှာကြပါ'

ဟိုင်းလီကပြောပြီး ငွေအချို့ထုတ်ပေးလိုက်သည်။ မိုးနဂါးနှင့် လနဂါးသည် လျှို့ဝှက်စွာပင် ထွက်သွားကြတော့သည်။

* * *

အခန်းထဲတွင် ဟိုင်းလီတို့ သားအဖနှစ်ယောက်နှင့် စစ်ဟန်မင်းတို့သာ ကျန်တော့သည်။ စစ်ဟန်မင်းမှာ သူ့အတွေးနှင့်သူ ငိုင်နေ၏။

လင်းပို့က စစ်ဟန်မင်းကို တစ်ချက်လှမ်းကြည့်ကာ...

'ရှင်ကတော့ လူကောင်းသူကောင်း တွေ့ထားရင် သွားရှာပါလား'

စစ်ဟန်မင်းသည် သူမကိုတစ်ချက်လှမ်းကြည့်ကာ စိတ်မပါသလို ဟိုင်းလီဘက်သို့ လှည့်လိုက်၏။ ပြီးမှ အေးစက်စက်လေသံဖြင့်....

'ကျွန်တော့်ကို အဲဒီ အကျဉ်းစခန်းသွားမယ့် အဖွဲ့ထဲမှာ ထည့်ဖို့ ဦးက စဉ်းစားထားလို့လား'

ဟိုင်းလီက စစ်ဟန်မင်းအား ပြုံး၍ ပြန်ကြည့်လိုက်သည်၊

'မောင်ရင်က မလိုက်ချင်ဘူးလား'

စစ်ဟန်မင်းသည် အနည်းငယ်တွေ၍စဉ်းစားသည်။ ပြီးမှ....

'ကျွန်တော် မန်ချူးမြို့စားလောက်ဝံ့နဲ့ သံမဏိလက်ဝါး ငှံဖူးကျစ်ဆိုတဲ့ လူကိုပဲ လက်စားချေချင်တယ်'

ဟိုင်းလီက ပြုံးလိုက်သည်။

'မင်းရဲ့ ဆန္ဒတွေက သိပ်စောလွန်းနေတယ်၊ မင်း သူတို့ကို ဘယ်လိုပုံစံမျိုးနဲ့ လက်စားချေမှာလဲ၊ နောက်ပြီး မင်းတစ်ယောက်တည်းနဲ့ သွားပြီး လက်စားချေလို့ကော ရမယ်ထင်သလား၊ ဒီလိုလူမျိုးတွေကို တို့မြေပေါ်က အပြီးအပိုင် သုတ်သင်ရှင်းလင်းရမယ်ကွ၊ အဲဒီအခါ တို့မှာ လူအင်အားလိုတယ်၊ သူရဲကောင်းလိုတယ်၊ ခပ်ရှင်းရှင်း ပြောမယ်ကွာ၊ နေနဂါးသာ အပြင်ကိုပြန်ရောက်လာရင် အဲဒီကောင်တွေသက်ဆိုးမရှည်စေရဘူး၊ ဦးပြောတာ မင်း သဘောပေါက်ရဲ့လား'



'အို...အဖေကလဲ သူ့ပညာလေးကို အားကိုးနေတယ်နဲ့ တူပါတယ်၊ လွှတ်ပေးလိုက်စမ်းပါ'

လင်းပို့က ရုတ်တရက် ဝင်ပြောလိုက်ရာ စစ်ဟန်မင်းသည် ဒေါသထောင်းထောင်းနဲ့ ထွက်သွားတော့သည်။

သူသည် သူမကို ပြန်ပြောချင်သော်လည်း ဟိုင်းလီ၏ မျက်နှာကို ထောက်ထားနေရသဖြင့် သည်းခံနေလိုက်ခြင်း ဖြစ်သည်။

ဟိုင်းလီက နားလည် သဘောပေါက်သည်။

'သမီးရယ်....ဒီလိုလဲ မပြောပါနဲ့၊ သူက မိဘနှစ်ပါးစလုံး ရက်ရက်စက်စက် အသတ်ခံထားရတော့ ဒေါသအလျောက် ပြောမိတာပေါ့၊ အဲဒီအလုပ်တွေက မိုက်ရူးရဲ့ အလုပ်တွေပါကွာ၊ တကယ်တန်း လက်တွေ့ကျကျ လုပ်ဆောင်ရမယ့် အလုပ်က အဲဒီလိုမဟုတ်ဘူးကွ'

ဟိုင်းလီက စစ်ဟန်မင်းကို တစ်ချက်ကြည့်ပြီး ဆက်ပြောသည်။

'တို့နိုင်ငံကို ကျူးကျော်ပြီး တို့လူမျိုးတွေကို ညှဉ်းဆဲသတ်ဖြတ်နေတဲ့ကောင်တွေကို အားလုံး သုတ်သင်ရှင်းလင်းပစ်ရမယ်၊ အဲဒီအခါမှာ တစ်ဦးကောင်း တစ်ယောက်ကောင်းနဲ့ လုပ်လို့မရဘူး၊ မင်းတို့လို မျိုးချစ်စိတ်ရှိတဲ့ လူငယ်တွေ များများပေါ်ထွက်ပြီး စုစုစည်းစည်းနဲ့ တွန်းလှန်မှ တစ်နေ့ အောင်မြင်တဲ့ပန်းတိုင်ကို ရောက်လာမှာ၊ ဒီတော့ အင်အားရယ်၊ အချိန်ရယ်၊ အခါရယ် စောင့်ဆိုင်းပြီး လုပ်ကိုင်သတ်ဖို့ လိုတယ်၊ လောလောဆယ် တို့လိုအပ်နေတာ နေနဂါးပဲ'

လင်းပို့သည် စစ်ဟန်မင်းအား အထင်သေးသလို တစ်ချက် လှမ်းကြည့်လိုက်လေသည်။

'သူက နေနဂါးအကြောင်းကို သေသေချာချာ မသိသေးလို့ ဖြစ်မှာပေါ့'

ထိုအချက်ကိုတော့ စစ်ဟန်မင်းက ဝန်ခံသည်။ သူသည် နဂါးခုနစ်ဖော်ကို နာမည်သာ ကြားဖူးသော်လည်း အတွင်းရေးကို တိတိကျကျ သိထားသူ မဟုတ်ပေ။

သူ စဉ်းစားမိသည်မှာ နဂါးခုနစ်ဖော်ညို့၍သာ မန်ချူးတို့၏ အဖမ်းအဆီးကို ခံရသည်ဟု ထင်မြင်ထားသည်။

ယေဘုယျအားဖြင့် ကြည့်မည်ဆိုလျှင် သူထင်ထားသကဲ့သို့ ညို့ဖျင်း၍သာ အဖမ်းခံရသည်ဟု ပြော၍ရပေသည်။

သို့သော် နေနဂါးသည် တစ်ပါးသူအတွက် အနစ်နာခံ လွန်း၍ ယခုကဲ့သို့ အကျဉ်းစခန်း ရောက်ရသည်ကို ဟိုင်းလီတို့ မိသားစုမှလွဲ၍ အခြားသူများ မသိရှိနိုင်ပါ။

ဟိုင်းလီသည် သက်ပြင်းတစ်ချက် ချလိုက်သည်။ ထို့နောက် စစ်ဟန်မင်းအား နေနဂါးအကြောင်း ရှင်းပြလိုက်လေသည်။

အခန်း (၃)

---

ကျိုလင်းပြည်နယ်တွင် သူဌေးကြီး ဟိုင်းလီကို မသိသူရှား၏။

သူဌေးကြီးဟိုင်းလီသည် စိတ်သဘောထားဖြူစင်ပြီး အလှူအတန်းနှင့် ပေးကမ်းစွန့်ကြဲသည့် နေရာတွင် ရက်ရောသောကြောင့် သူ့ကို အားလုံးက သိရှိနေကြခြင်း ဖြစ်သည်။

ဟိုင်းလီသည် သိုင်းပညာဟူ၍ လုံးဝ မတတ်ကျွမ်းပါ။ ဘိုးဘွားမိဘများကလည်း ကုန်သည်များဖြစ်၍ ရိုးရိုးသားသားပင် စီးပွားရှာခဲ့ကြသူများ ဖြစ်လေသည်။

ဟိုင်းလီသည် အလွန် ချမ်းသာကြွယ်ဝသော်လည်း မန်ချူးများ အနိုင်ကျင့် သိမ်းယူကြသောကြောင့် ပစ္စည်းထက်ဝက်ခန့် ဆုံးရှုံးသွားရလေသည်။

သူဌေးကြီးသည် မန်ချူးများကို မုန်းတီးစ ပြုလာလေသည်။ သူသည် မန်ချူးများကို အံ့တုတော်လှန်နေသည့်

အသင်းအဖွဲ့များနှင့် မျိုးချစ်သိုင်းသမားများကို အားပေးအားမြှောက် ပြုလာသည်။

လိုအပ်သော ငွေကြေးများကို ထုတ်ပေးလာသည်။ ထိုအခါ မန်ချူး အလိုတော်ရိချူးသည် ဟိုင်းလီ၏သတင်းကို မန်ချူးအရာရှိများထံသို့ တစ်စတစ်စ ပို့ဆောင်လေတော့သည်။ သို့သော်သူဌေးကြီးဟိုင်းလီ၏ပေးကမ်းစောင်မမှုကြောင့် မန်ချူးအရာရှိတို့က မယုံကြည်ကြပေ။ ဤသို့ နေလာခဲ့စဉ်မှာပင် တစ်နေ့၌ ပြဿနာတစ်ခု ပေါ်လာလေတော့သည်။

မန်ချူးအရာရှိတစ်ဦးသည် ဟိုင်းလီ၏ ဂေဟာသို့ လာရောက်လည်ပတ်ရာမှ စားသောက်ကြသည့်အခါ အရက်များ အလွန်အကျွံ မူးယစ်လာသည်။

အရက် အလွန်အကျွံ မူးလာသောအခါ ထိုမန်ချူးအရာရှိသည် လင်းပို့၏ အခန်းထဲသို့ဝင်၍ လင်းပို့အား မတော်မတရားပြုကျင့်ရန် ကြံစည်လေ၏။

လင်းပို့ သိုင်းပညာ တတ်ကျွမ်းသည်ကို ထိုအရာရှိ သတိပြုမိဟန် မတူပေ။ သူသည် လင်းပို့အား အဓမ္မပြုလုပ်ရန် ကြိုးစားသည့်အခါ လင်းပို့က မခံဘဲ ခုခံတွန်းလှန်၏။

မန်ချူးအရာရှိသည် လွယ်လွယ်နှင့်မရှုံး သိသောအခါ မူးမူးနှင့် တိုက်ခိုက်လေသည်။ သူသည် ဟိုင်းလီကိုပါ ရန်မူ တိုက်ခိုက်သောကြောင့် လင်းပို့မှာ သည်း၍ မနေသာတော့ဘဲ မန်ချူးအရာရှိကို ဓားဆွဲ၍ တိုက်ခိုက်တော့သည်။

ထိုသို့ တိုက်ခိုက်ရာမှ မန်ချူးအရာရှိမှာ လင်းပို့လက်ချက်ဖြင့် သေဆုံးသွားရတော့သည်။



ဟိုင်းလီတို့မှာ အပျက်အပျက်နှင့်မျက်လုံးပြူးရတော့သည်။ ထိုကိစ္စသည် ကြာရှည် ဖုံးကွယ်၍ မရည်မဟုတ်ပေ။ မကြာမီ သိရှိသွားမှာ အမှန်ပင် ဖြစ်တော့၏။ ထို့ကြောင့် မန်ချူး အရာရှိ၏ အလောင်းကို ဖျောက်ဖျက်ပြီးသည်နှင့် သူတို့ပိုင်ဆိုင်သော ရတနာ ရွှေငွေများကို ယူကာ မိသားစုသုံးယောက် မြင်းသုံးကောင်နှင့်အတူ အလွန်ဝေးလံသော အရပ်ဆီသို့ ထွက်ပြေးခဲ့ကြတော့သည်။

* * *

သုံးရက်လုံးလုံး သွားလိုက်နားလိုက်ဖြင့် ခရီးထွက်ခဲ့ရာသူတို့ မိသားစုသုံးဦးသည် ကျီလင်းနယ်နှင့်ဝေးကွာလာခဲ့သည်။ သူတို့သည် အတော်ကလေး စိတ်အေး လာရပြီဟု ထင်မှတ်မိခဲ့ရာမှ မည်ကဲ့သို့ သတင်းရသွားသည် မသိပေ။

မန်ချူးတပ် တစ်တပ်သည် သူတို့၏နောက် ထက်ကြပ်မကွာ လိုက်ပါလာလေတော့သည်။

သူတို့သည် တောအုပ်တစ်ခုကို ဖြတ်ကျော်နေစဉ် နောက်မှ လိုက်လာသော မန်ချူး တပ်သားများက ဖမ်းဆီးမိသွားတော့သည်။

ထိုအခါ လင်းပို့သည် မန်ချူးတပ်သားများကို ပြန်လှန်၍ တိုက်ခိုက်သော်လည်း မိဘနှစ်ပါးကို သတ်မည်စိုး၍ အလျော့ ပေးကာ အပမ်းခံလိုက်ရလေသည်။

အမျိုးမျိုး တောင်းပန်သော်လည်း မည်သို့မျှ ခွင့်မလွှတ်ဘဲ ဟိုင်းလီတို့သုံးယောက်ကို သတ်မိန့်ပေးလိုက်တော့သည်။

သားအမိ သားအဖ သုံးယောက်မှာ အသတ်ခံရတော့မည် ဆဲဆဲမှာပင် ကယ်တင်သူများ ရောက်ရှိလာတော့သည်။

နဂါးခုနစ်ဖော်ပင် ဖြစ်သည်။ ထိုအချိန်က နဂါးခုနစ် ဖော်မှာ တစ်ဦးတည်းသာ သေဆုံးသဖြင့် ခြောက်ယောက် ရှိနေသေးသည်။

နဂါးခြောက်ယောက်သည် မြင်းကိုယ်စီဖြင့် အပြေးအလွှား ရောက်ရှိလာပြီး မန်ချူးတို့ကို တိုက်ခိုက်လေသည်။ မန်ချူး စစ်တပ်မှာ လူသုံးဆယ်ခန့် ရှိသည်။ သို့ဖြစ်ရာ နဂါးခြောက် ယောက် အနေဖြင့် တိုက်ခိုက်ရသည်မှာ မလွယ်ကူပေ။ အင် အားချင်း လွန်စွာ ကွာခြားလှ၏။

ထို့ကြောင့် ခေါင်းဆောင်ဖြစ်သူ နေ နဂါးသည် သူ၏ သွေးသောက် နဂါးငါးယောက်ကို ဟိုင်းလီတို့ မိသားစုအား ခေါ်၍ ထွက်ပြေးရန် ဖြတ်ပြတ်သားသားပင် အမိန့်ပေးလိုက် လေသည်။

နဂါးငါးယောက်က သူတို့၏ခေါင်းဆောင်ကြီးကို တစ် ယောက်တည်းမထားလိုသဖြင့် ငြင်းဆန်ကြသော်လည်း နေ နဂါးက လက်မခံပါ။



‘မင်းတို့ ငါးယောက်ကို ငါပြောနေတယ်၊ မိသားစု သုံး ယောက်စလုံးကို စောင့်ရှောက်ပြီး ခေါ်သွားပါ’

နဂါးငါးယောက်သည် မလွန်ဆန်ရဲတော့သဖြင့် ဟိုင်းလီ တို့ မိသားစု သုံးယောက်ကို တိုက်ခိုက်ရင်း ဆွဲထုတ်လိုက်ကြ သည်။ ထို့နောက် မြင်းများနှင့် ပြေးရန် အချက်ပြလိုက်၏။ ဟိုင်းလီတို့မှာ ရန်သူများလက်ထဲမှ လွတ်မြောက်သွားသဖြင့် မြင်းများပေါ်သို့ လျင်မြန်စွာတက်၍ လွတ်ရာသို့ ထွက်ပြေး ကြရသည်။

နဂါးငါးယောက်သည် သူတို့၏ ခေါင်းဆောင်ကြီး နေ နဂါး အမိန့်ပေးသည့်အတိုင်း ဟိုင်းလီတို့မိသားစုသုံးယောက် ကို ဝိုင်းဝန်းစောင့်ရှောက်၍ သွားလိုသည့်နေရာသို့ လိုက်ပို့ ပေးသည်။

ငါးရက်မြောက်သောနေ့တွင် ဝမ်ချမ်းမြို့အနီးသို့ ရောက်ရှိ လာတော့သည်။ ဟိုင်းလီသည် ဝမ်ချမ်းမြို့တွင်း၌ နေထိုင်လို သည့် ဆန္ဒ မရှိသောကြောင့် ဝမ်ချမ်းမြို့နှင့် မလှမ်းမကမ်း တောင်ခြေတွင် နေထိုင်ရန် ဆုံးဖြတ်ချက် ချလိုက်လေသည်။

သူတို့ ဝမ်ချမ်းမြို့အနီး တောင်ခြေ၌ နေထိုင်၍ သုံးရက် မြောက်သောနေ့တွင် သတင်းတစ်ခု ကြားရလေသည်။ ထို သတင်းမှာ သူရဲကောင်းကြီး နေနဂါး ဆွမ်ဆန်းအား မန်ချူး တပ်သားများက ဖမ်းဆီးမိ၍ အကျဉ်းစခန်းသို့ ပို့လိုက်ပြီ ဟူသော သတင်းပင် ဖြစ်လေသည်။

* * *

သူရဲကောင်းကြီး နေနဂါး ဆွမ်ဆန် အဖမ်းခံထားရပြီ ဟူသော သတင်းကြောင့် နဂါး ငါးယောက်မှာ တောက်တစ်ခေါက်ခေါက် အံတကြိတ်ကြိတ် ဖြစ်နေတော့သည်။ ဟိုင်းလီဘို့ မိသားစု သုံးယောက်မှာ နေနဂါး ဆွမ်ဆန် အတွက် လုံးဝ စိတ်မကောင်းဖြစ်ကြရသည်။ သူတို့မိသားစု သုံးဦး အတွက် ဆွမ်ဆန်က အနှစ်နာခံသွားခြင်းပင် မဟုတ်ပါလား။

သူတို့မိသားစု၏ အသက်သည် နေနဂါး ဆွမ်ဆန်ပေးသော အသက်သာရှိတော့သည်ဟု ဆိုရပေမည်။

ဆွမ်ဆန်သာ ယခုကဲ့သို့ အနစ်နာခံဝင်ရောက် မကူညီပါက သူတို့မိသားစုသည် လောက၌အသက်ရှင်နေနိုင်စရာအကြောင်း လုံးဝ မရှိတော့ပါပေ။

ထို့ကြောင့် ဟိုင်းလီသည် ဆွမ်ဆန်ပြန်လည်လွတ်မြောက်ရေးကို သူ၏စည်းစိမ်ပြုတ်သည့်အထိ အကူအညီပေးမည်ဟု ဆုံးဖြတ်ချက် ချထားလိုက်လေတော့သည်။

နဂါး ငါးယောက်သည် နေ နဂါး လွတ်မြောက်ရေး အတွက် အသက်စွန့်၍ သွားရောက်ကယ်တင်ကြသော်လည်း နဂါးသုံးယောက်သာ အသက်ဆုံးရှုံးခဲ့ရသည်။

အကျဉ်းစခန်းဆီသို့ လုံးဝ ခြေမချနိုင်ခဲ့ပါချေ။ ယခု ထိုအကြောင်းများကို ဟိုင်းလီက စစ်ဟန်မင်းအား အသေးစိတ် ပြောပြလိုက်သောအခါ စစ်ဟန်မင်းမှာ နေနဂါးအတွက် စိတ်မကောင်းဖြစ်သွားရသည်။



ထို့အတူ နေနဂါး ဆွမ်ဆန်ကဲ့သို့ပင် မိမိအကျိုးကို လုံးဝမငဲ့ကွက်ဘဲ တိုင်းပြည်နှင့် လူမျိုးအတွက် ကျရာတာဝန်ကို ထမ်းဆောင်ရန် စစ်ဟန်မင်း ဆုံးဖြတ်လိုက်လေသည်။

'ဦးဆီက စကားတွေကြားရတာ ကျွန်တော် အတော်ပဲ စိတ်ထိခိုက်သွားတယ်၊ သူရဲကောင်း ဆွမ်ဆန်သာလွတ်မြောက်ခဲ့ရင် သူနဲ့အတူ လက်တွဲပြီး ဒီနယ်ချဲ့တွေကို တိုက်ခိုက်ဖို့ ကျွန်တော် သစ္စာပြုပါတယ်'

ထိုစကား ကြားလိုက်ရသောအခါ ဟိုင်းလီသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားရတော့သည်။

* * *

ဟိုင်းလီသည် စစ်ဟန်မင်းကို သေချာစွာ အကဲခတ် စိုက်ကြည့်လိုက်သည်။

စစ်ဟန်မင်းသည် ကိုယ်ခန္ဓာ တောင့်တင်းမှု ရှိသည် မှန်သော်လည်း သူ၏ သိုင်းပညာသည် မည်မျှအထိ အဆင့်မြင့်သည်ကို ခန့်မှန်း၍မရပေ။

အကယ်၍သာ စစ်ဟန်မင်းသည် သူရဲကောင်း နေနဂါးကို ကယ်တင်ရန် လိုက်သွားမည် ဆိုပါက ထက်မြက်သော သိုင်းပညာရှိနေရန် အထူးလိုအပ်လှပေသည်။

'မင်း သိုင်းပညာ အဆင့် ဘယ်လောက် ရှိတယ်ဆိုတာ ဦး မသိရဘူးလား'

'ကျွန်တော် ဆရာကြီး ချူးပိတ်ဆီမှာ ရှစ်နှစ်တိတိ ပညာသင်ကြားဖူးပါတယ်၊ စောစောက လနဂါး တိုက်ခိုက်တဲ့ တိုက်ကွက်မျိုးကိုတော့ ကျွန်တော် ချေဖျက်နိုင်ပါတယ်'

'စောစောကရှင်ချေဖျက်တဲ့တိုက်ကွက်တွေက မဆိုးပါဘူး၊ ဒါပေမယ့် လနဂါးက ရှင့်ကို ဟုတ်တိပတ်တိ တိုက်ခိုက်တာ မဟုတ်သေးပါဘူး၊ ကျွန်မက ရှင့်ပညာ နည်းနည်းပါးပါး သိချင်လို့ စမ်းခိုင်းတာပါ'

စစ်ဟာန်မင်း စိတ်ထဲတွင် လင်းပို့၏ စကားများသည် အထက်စီး ကျလွန်းသည်ဟု ထင်နေမိသည်။ ပြောသမျှ စကားတိုင်းက စီးစီးပိုးပိုး နိုင်လှသည်။

သူမသည် သိုင်းပညာမည်မျှအထိအဆင့်မြင့်နေပါသနည်း။ မည်သို့ပင်ဆိုစေ သူမကိုတော့ အသာကလေး အနိုင်ရရှိမည်ဟု စစ်ဟာန်မင်းက ယုံကြည်ထားသည်။

'ဝါ...မင်းကိုတော့ ယှဉ်နိုင်မယ်လို့ ထင်တာပဲ'

စစ်ဟာန်မင်းက ပြောလိုက်ရာ လင်းပို့က မဲ့ပြုံးပြုံးလိုက်သည်။

'ရှင်...လေ့ကျင့်ပါဦးလေ၊ ရှင့်တိုက်ကွက်တွေကို ကျွန် လုံးဝအားမရဘူး'



လင်းပို့၏စကားကြောင့် စစ်ဟာန်မင်း ခံပြင်းသွား၏။ ဟိုင်းလီ ရှိနေ၍ဖြင့် သာ၍ ပြန်မပြောမိသော်လည်း သူမကို တစ်နေ့တော့ ပညာပေးဦးမှဟု စိတ်ထဲ၌ တေးထားလိုက်မိတော့သည်။

* * *

အနောက်မိုးကုပ်စက်ဝိုင်း၌ ရောင်ခြည်သမ်းသည်နှင့် ပြောင်းခင်းထဲ၌ အလုပ်သမားများ စုံညီစွာရောက်ရှိနေကြပြီဖြစ်သည်။

စစ်ဟာန်မင်းသည် အလုပ်သမားများနှင့်ရောနှောပြီး အချို့သော အလုပ်များကို ကူညီလုပ်ကိုင် ပေးနေလေသည်။

ဟိုင်းလီက ထိုလုပ်ငန်းများကိုလုပ်ရန် သူ့အား ခိုင်းစေထားခြင်းမဟုတ်ပါ။ သူသည် ပျင်းပျင်းရှိသည်နှင့် လုပ်ငန်းခွင်သို့ ရောက်ရှိလာခြင်း ဖြစ်လေသည်။

နေအတော်မြင့်သောအခါ စစ်ဟာန်မင်းသည် လာလမ်းအတိုင်း ပြန်လာခဲ့လေသည်။

သူတို့၏နေအိမ်နှင့် စိုက်ခင်းများသည် အတော်ကလေး အလှမ်းကွာလှသည်။ နာရီဝက်နီးပါးမျှလျှောက်မိသောအခါ အိမ်ကြီးကို လှမ်းမြင်နေရပြီဖြစ်သည်။ ထိုအချိန်မှာပင် သူ၏

ဲဘက်ချုံစပ်မှ ရန်သူတစ်ဦးက ဘွားခနဲ ပေါ်ထွက်လာလေသည်။

စစ်ဟန်မင်း ထိတ်ခနဲဖြစ်သွား၏။ သူ့ထံ၌ မည်သည့်လက်နက်မှပါရှိမလာသည့်အတွက် စိတ်ထဲ၌ အားငယ်မိသလိုလည်း ဖြစ်သွားသည်။

ရန်သူသည် လွှားခနဲ ခုန်၍ သူ့ရှေ့၌ ရပ်တန့်လိုက်သည်။ ဝတ်စုံအနက်ကိုခြုံ၍ မျက်နှာဖုံးစွပ်ထားသဖြင့် မည်သူမည်ဝါမှန်း မသိရပေ။

သို့သော် ရန်သူ၏ လက်ထဲ၌လည်း မည်သည့် လက်နက်မျှ မတွေ့ရသဖြင့် စစ်ဟန်မင်း အနည်းငယ် စိတ်အေးသွားသည်။

စစ်ဟန်မင်းသည် ရန်သူကို ငေးကြည့်နေစဉ်မှာပင် ရန်သူက ခုန်လွှားပြီး သူ့အား တိုက်ခိုက်တော့သည်။

မန်ချူးလက်ပါးစေ တစ်ယောက်ပင် ဖြစ်ရမည်ဟု စစ်ဟန်မင်း ယူဆလိုက်သည်။ ရန်သူ၏ လက်ဝါးရိုက်ချက်က သူ့မျက်နှာဆီသို့ တန်းတန်းမတ်မတ် ဝင်ရောက်လာသည်။

သူက အနည်းငယ်ရှောင်၍ ပြန်ပုတ်လိုက်သည်။

'ခင်ဗျား ဘယ်သူလဲ၊ ဘာရန်ငြိုးရှိလို့လဲ'

စစ်ဟန်မင်းက မေးသည်။ ရန်သူက ဘာမျှပြန်ပြောမနေဘဲ လေထဲ၌ ပျံဝဲကာ ခြေအစုံဖြင့် ကန်ထည့်လိုက်၏။ စစ်ဟန်မင်းက အသာရှောင်သည်။ သို့သော် မလွတ်ဘဲ ညာဘက်လက်မောင်းကို အဆန့်ခံလိုက်ရသည်။



လက်မောင်းတစ်ခုလုံး ကျင်တက်သွားသည်။ ရန်သူ၏ ကန်ချက်ပြင်းထန်သည်ကို သတိထားမိလိုက်ပြီး စစ်ဟန်မင်းသည် တိုက်ကွက်တစ်ခုကိုပြောင်း၍ တန်ပြန်တိုက်ခိုက်လိုက်၏။

'ဘုန်း....'

ရန်သူက သူ၏တိုက်ကွက်ကို အသာပင်ရှောင်၍ တန်ပြန်တိုက်ခိုက်လိုက်လေသည်။ ရန်သူ၏ ပြင်းထန်သော လက်ဝါးစောင်းသည် သူ၏လည်ကုတ်ကို ထိသွားသည်။

စစ်ဟန်မင်း စိုးရိမ်ထိတ်လန့်လာ၏။ ရန်သူမှာ ပေါ့ပေါ့တန်တန် သိုင်းသမားတစ်ဦး မဟုတ်မှန်း ချက်ချင်းပင် သိရှိလိုက်၏။ ထို့ကြောင့် ရှိသမျှခွန်အားကို အစွမ်းကုန်ထုတ်ကာ....

'ယား....'

ညာသံပေးပြီးပြေး၍ကန်သည်။ ရန်သူကအပေါ်သို့ခုန်တက်ကာ နောက်ကျွမ်းပစ် ရှောင်တိမ်းသည်။ သူ၏ တိုက်ကွက်သည် လုံးဝအရာမထင်ဘဲ ဖြစ်သွားတော့သည်။ စစ်ဟန်မင်းသည် တိုက်ခိုက်ချင်းမှ တဖြည်းဖြည်း စဉ်းစားမိလာသည်။

မိမိကိုယ်ကိုမိမိ အထင်ကြီးနေခြင်းမှာ အလွန် မှားယွင်းသော အယူအဆဖြစ်ကြောင်း သိလိုက်သည်။ ရန်သူသည် တစ်စထက်တစ်စ ကြမ်းလာ၏။ စစ်ဟန်မင်းက ကြိုးစား၍ ကာကွယ်နေသော်လည်း တဖြည်းဖြည်း အထိနာလာတော့သည်။

သူသည် အခြေအနေကို ရိပ်စားမိလာ၏။ မိမိထက်သာလွန်နေသောသူနှင့် ဆက်လက်တိုက်ခိုက်နေပါက မိမိသာ အထိနာပြီး အသက်အန္တရာယ်ပါ ထိခိုက်လာတော့မည် ဖြစ်သည်။

သူသည် နောက်ခြောင်းသို့ လှည့်ပြေးရန် ကြံသည်။ သို့သော် တစ်ဖက်ရန်သူက ရိုင်စားမီဟန်ဖြင့် ပိတ်ဆို့ထား တိုက်ခိုက်လေသည်။ စစ်ဟန်မင်းသည် မပြေးသာတော့သဖြင့် နောက်ဆုံး တိုက်ကွက်တစ်ကွက်ကို ထုတ်လိုက်သည်။

သူသည် ခန္ဓာကိုယ်အား တစ်ပတ်လှည့်ကာ ညာခြေဖြင့် ရန်သူ၏မျက်နှာကို ကန်ထည့်လိုက်သည်။

'ဝှီး'

သူ၏ ကန်ချက်က မြင်းထန်သောအရှိန်ဖြင့် လေထဲတွင် ဖြတ်သန်းသွားသည်။ သို့သော် ရန်သူကို လုံးဝမထိပါပေ။ ရန်သူက တံပြန်ကာ ကန်လိုက်သောကြောင့်....

'ဝုန်း'နေ အသံနှင့်အတူ စစ်ဟန်မင်း ပက်လက်လန် လဲကျသွားသည်။

သူသည် အားယူ၍ ပြန်ထရဉ်မှာပင် နောက်တစ်ချက် ဆင့်ကန်လိုက်သော ကန်ချက်ကြောင့် မျက်လုံးများ ပြာဝေသွားကာ သတိလစ် လဲကျသွားလေတော့သည်။

* * *

သူသည် အမှောင်ကမ္ဘာထဲ၌ အချိန်အတော် ကြာသွားသည်။ မူးဝေအိပ်ပျော်သွားရာမှ ပြန်လည်သတိရလာသော



အခါ ပြောင်းခင်းထဲမှ အလုပ်သမားသုံးလေးဦးသည် သူ့အနားဝိုင်း၍ရပ်တန့်နေသည်ကို တွေ့လိုက်ရသည်။

သူသည် ရန်သူကို သတိရပြီး ကပျာကယာ ထလိုက်သည်။

'ဝတ်ရုံနက်ခြုံထားတဲ့လူ ဘယ်ရောက်သွားလဲဗျ'

စစ်ဟန်မင်းကမေးလိုက်ရာ အလုပ်သမားများသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ပခုံးတွန့်လိုက်ကြ၏။

'ဆရာလေး ဘာပြောလိုက်တာလဲ၊ ဝတ်ရုံနက်နဲ့လူဆိုတာ ဘယ်သူ့ကို ပြောတာလဲ'

တစ်ယောက်က အူကြောင်ကြောင်ဖြင့် ပြန်မေးသည်။

မိမိအား တိုက်ခိုက်သော ဝတ်ရုံနက်နှင့်လူသည် မိမိအား တိုက်ခိုက်ပြီး ထွက်သွားဟန်တူသည်။

စစ်ဟန်မင်းသည် ဘာမျှဆက်မမေးတော့ဘဲ အလုပ်သမားများကိုပြုံးပြပြီး အိမ်ကြီးရှိရာသို့ ခပ်သွက်သွက် ပြန်သွားလေသည်။

သူ၏ မျက်နှာမှာ ညိုမည်းသော ဒဏ်ရာများပါရှိသွားသည်။ အလုပ်သမားအချို့သည် နားမလည်နိုင်ဘဲ သူ့ကို ငေးမောကြည့်ရင်း ကျန်ခဲ့လေသည်။

* * *

ထမင်းဝိုင်းတွင် ဟင်းလျာများ စုံလင်လှသည်။

သူသည် ထမင်းကိုဝါးလိုက်တိုင်း သွားများ၌ နာကျင်လာသည်ကို ခံစားလိုက်ရသည်။ ရန်သူ၏ တိုက်ကွက်များသည်

အလွန်ပြင်းထန်သောကြောင့် အတွင်းဒဏ်ရာများ ရရှိထား လေသည်။

သူက ထိုအကြောင်းကို မည်သူ့မျှထုတ်မပြောဘဲ ထမင်း ကိုသာ ငုံ့၍စားနေသည်။ ဟိုင်းလီက သူ့ကိုကြည့်၍ စမေး သည်။

'မင်း ဘာဖြစ်လာသလဲ စစ်ဟန်မင်း၊ မျက်နှာမှာလဲ ဖူးရောင် ညိုမည်းနေပါလား'

စစ်ဟန်မင်းမှာ ကြိတ်မှိတ်မြုံထား၍မရတော့ပေ။ ဟိုင်းလီ ကိုလည်း လိမ်လည်မပြောလိုပေ။ ထို့ကြောင့်....

'ကျွန်တော် ယာခင်းထဲကအပြန်မှာ ရန်သူတစ်ယောက်နဲ့ တိုက်ခိုက်ခဲ့ရတယ်၊ အဲဒါ....'

'ရန်သူက တိုက်ခိုက်သွားလို့ ခံရတာ ဖြစ်မှာပေါ့ ပေပေ၊ သူက သူ့ကိုယ်သူ အထင်ကြီးနေတာ'

စစ်ဟန်မင်း၏ စကားမဆုံးမီ လင်းပို့က ကြားဖြတ်ပြော လိုက်ခြင်းဖြစ်၏။

စစ်ဟန်မင်းသည် ခံပြင်းဒေါသ ဖြစ်သွားပြန်သည်။ ဟိုင်းလီသည် လင်းပို့ကို တစ်ချက်မျက်စောင်း ထိုးလိုက်၏၊

ပြီးမှ ဟိုင်းလီက....

'နေပါဦး၊ ငါ့ယာခင်းထဲမှာ ဘယ်လိုရန်သူမျိုး ရှိနေ လို့လဲ'

'ဝတ်စုံအနက်နဲ့ မျက်နှာဖုံး စွပ်ထားတယ်'



ဟိုင်းလီ အံ့ဩသွားပြီး လင်းပို့ကို တစ်ချက် လှမ်း ကြည့်လိုက်သည်။ လင်းပို့မျက်နှာက စပ်ဖြီးဖြီးလုပ်နေသည်ကို တွေ့ရသည်။

စစ်ဟန်မင်းသည် လင်းပို့၏ မျက်နှာ အမူအရာကို ကြည့် ပြီး ရိပ်စားမိသွားတော့သည်။ ဝတ်စုံနက်ရှင်သည် လင်းပို့မှ တစ်ပါး အခြားသူမဖြစ်နိုင်ချေ။

စစ်ဟန်မင်းသည် ရှက်ဒေါသဖြင့် ထမင်းကိုပင် ဖြောင့် အောင် မစားနိုင်တော့ဘဲ အခန်းထဲမှ ထွက်သွားတော့သည်။

* * *

စစ်ဟန်မင်းသည် ရှက်ခြင်း၊ ခံပြင်းခြင်းတို့ဖြင့် တစ်ယောက် တည်း ဒေါသထွက်လာခဲ့သည်။ သူသည် ဝမ်ချမ်းမြို့သို့ ထွက် လာခဲ့သည်။

ဝမ်ချမ်းမြို့ထဲသို့ လာခဲ့ရသော်လည်း၊ သူ၏စိတ်ထဲတွင် စနောင့်စနင်းဖြစ်နေသည်။ မိမိ၏ မိဘနှစ်ပါးကို သတ်သော ရန်သူများသည် မိမိကိုပါ ရန်ရှာဦးမလား ဟူသော စိုးရိမ်စိတ်ကြောင့် စိတ်ထဲ ထင့်နေမိခြင်းဖြစ်သည်။

သို့သော် မထတ်နိုင်ပါ။ မိမိ၏အိမ်တွင် ယူစရာရှိသေ
ပစ္စည်းများကို ယူချင်သေးသည်။
စစ်ဟန်မင်းသည် တံခါးပိတ်ထားသော အိမ်ကို မြင်တွေ
လိုက်ရသည်နှင့်မျက်ရည်ဆည်မရတော့ဘဲ ငိုချလိုက်တော့သည်
အဖေနှင့် အမေသည် ဤအိမ်ကြီးနှင့် မိမိကိုပါ စွန့်ခွာ
သွားလေပြီ။ သူသည် ကြေကွဲဝမ်းနည်းစွာဖြင့် ငိုရင်းမှ လက်
သီးကိုကျစ်ကျစ်ပါအောင်ဆုပ်ထားမိသည်။ သူ၏မျက်စိထဲတွင်
မန်ချူးမြို့စား လောက်ဝှီးနှင့်သစ္စာဖောက် သံမဏိလက်ဝါး
ငုံဖူးကျင်၏ မျက်နှာများကို မြင်ယောင်လာသည်။
'မင်းတို့ ငါ့မိဘသေရသလို သေရစေ့မယ်'
စစ်ဟန်မင်းသည် အိမ်ထဲတွင် ယူစရာရှိသည့် ပစ္စည်းအချို့
ကို ယူ၍ ပြန်ထွက်လာခဲ့သည်။ ထိုစဉ် သူ့ရှေ့မှ မားမားကြီ
ရပ်တန့်နေသော လူတစ်ယောက်ကို တွေ့လိုက်ရသဖြ မော့
ကြည့်လိုက်လေသည်။
ထိုအခါ စစ်ဟန်မင်း မျက်နှာသည် ခက်ထန်တင်းမာ
သွားသည်။ သူမြင်တွေ့ရသူမှာ သံမဏိလက်ဝါး ငုံဖူးကျ
ဖြစ်နေသောကြောင့်တည်း။

* * *

ငုံဖူးကျင်သည် ရှေ့သို့ တိုးလာသည်။ သူ၏မျက်နှာသည်
စစ်ဟန်မင်းအပေါ် သံသယရှိနေဟန် ပေါ်လွင်နေသည်



မိဘများ သေဆုံးသည့် ကိစ္စနှင့် စစ်ဟန်မင်း တစ်စုံတစ်ခုပြု
လုပ်လေမလားဟု တွေးတောထားဟန်ရှိသည်။
'ခင်ဗျား ဘာလာလုပ်တာလဲ'
စစ်ဟန်မင်းက ဒေါသမထိန်းနိုင်၍ ခေါက်ငန်းပြီးမေးလိုက်
မိလေသည်။
'မင်း တော်တော်ရိုင်းစိုင်းတဲ့ကငလးပါလား၊ ငါက မင်း
မိဘတွေ ကွယ်လွန်ပြီးတဲ့နောက်မှာ မင်းရဲ့ဘဝ....'
သူ့စကားကို စစ်ဟန်မင်းက ဆုံးအောင် နားမထောင်
ပေ။ ကြားဖြတ်ပြောလိုက်၏။
'ထွက်သွားပါဗျာ၊ ခင်ဗျား အခု ထွက်သွားပါ၊ ကျုပ်
ဘယ်သူ့စကားကိုမှ နားမထောင်ချင်ဘူး'
ချက်ချင်း ဆိုသလို ငုံဖူးကျင်၏ မျက်နှာ နီရဲသွားသည်။
'ခွေးတိရစ္ဆာန် မင်းက လူလို နားမလည်ဘူး'
ငုံဖူးကျင်သည် ပြောပြောဆိုဆို စစ်ဟန်မင်း အနားသို့
တိုးသွားသည်။ စစ်ဟန်မင်းသည် ခြေနှစ်ချောင်းကို အနည်း
ငယ်ကား၍ တိုက်ခိုက်ရန် အသင့်ပြင်ထားရင်းမှ....
'ကျုပ် ခွေးတိရစ္ဆာန် မဟုတ်ဘူး၊ ခင်ဗျားသာ ခွေး
လောကမှ သစ္စာမရှိတဲ့သစ္စာဖောက်၊ ကျုပ်မိဘတွေ ဘာအပြစ်
ရှိလို့ ခင်ဗျား ဖမ်းဆီးရတာလဲ၊ အခု ကျုပ်မိဘတွေ သေ
ရတာ ခင်ဗျားကြောင့်....'
'ဝှီး'
'ဒုတ်'

သံမဏိလက်ဝါး ငုံဖူးကျစ်၏လက်တစ်ဖက်က စစ်ဟန်မင်း၏ ကျောကို ရိုက်မိသွားသည်။ စစ်ဟန်မင်းလွင့်စဉ်လဲကျသွား၏၊ သူသည် ကုန်းထပြီး ငုံဖူးကျစ် ထံသို့ ပြေးဝင်သွားသည်၊

ရုတ်တရက် စစ်ဟန်မင်း၏လက်ကို လူတစ်ယောက်က လှမ်းဆွဲလိုက်၏။ ထိုလူကြီးမှာ စစ်ဟန်မင်းတို့၏အိမ်ရှေ့တွင် နေထိုင်သော လူပျင်း အရက်သမားကြီး ကျန်ချင်ဝါး ဆိုသူ ဖြစ်လေသည်။

* * *

'ဟေ့ စစ်ဟန်မင်း၊ လူကြီးကို အဲဒီလို မပြောရဘူးလေကွာ'

ကျန်ချင်ဝါးက ဆုံးမစကား ပြောလိုက်သည်။ ကျန်ချင်ဝါးကို မြင်သည်နှင့် ငုံဖူးကျစ်သည် ဒေါသဖြစ်နေသော အသွင်မှ မျက်နှာတစ်မျိုး ပြောင်းသွားသည်။

'အေးဗျာ ကျုပ်က သနားလို့ သူ့ အဲခြေအနေကို လာကြည့်တာ၊ သူက ကျုပ်ကို ခွေးတစ်ကောင်လို ပြန်ကိုက်နေတယ်'



'ဟုတ်တာပေါ့၊ ခွေးလိုပြန်ကိုက်တာ ဘယ်ကောင်းမလဲ၊ ခင်ဗျားကလဲ ခွေးကိုက်မခံရအောင် သတိထားဖို့ ကောင်းတယ်'

ကျန်ချင်ဝါးက ဖျန်ဖြေသလိုဖြင့် ဝင်ပြောရာ ငုံဖူးကျစ်က ကျန်ချင်ဝါးကို ဆတ်ခနဲ ကြည့်လိုက်သည်။

'ခင်ဗျား ဘာပြောလိုက်တာလဲ'

'ကျုပ်ဘာပြောတယ်ဆိုတာ ခင်ဗျား မကြားဘူးလား'

လူပျင်း အရက်သမား ကျန်ချင်ဝါးသည် သံမဏိလက်ဝါး ကဲ့သို့သော လူတစ်ယောက်ကို ဘုကျကျ စကား ပြန်ပြောရဲသည်မှာ စစ်ဟန်မင်းအဖို့ အံ့သြစရာ ဖြစ်သွားလေသည်။

သံမဏိလက်ဝါး ငုံဖူးကျစ်သည် ကျန်ချင်ဝါးကို မကျေနပ်သလို တစ်ချက်ကြည့်ကာ လှမ်းထွက်သွားလေသည်။

ကျန်ချင်ဝါးသည် သံမဏိလက်ဝါး ထွက်သွားသည်နှင့် စစ်ဟန်မင်း၏ လက်ကိုဆွဲကာ....

'လာကွ တို့တစ်နေရာ သွားရအောင်'

ဟု ပြောပြီး ဆွဲခေါ်သွားသည်။

* * *

ဝမ်ချမ်းမြို့၏ အရက်ဆိုင် တစ်ဆိုင်တွင် ဖြစ်သည်။

ကျန်ချင်ဝါးသည် အရက်တစ်အိုးကိုမှာ၍ အနည်းငယ်စီ ခွဲပြီး စည်းစိမ်နှင့် သောက်နေသည်။

ကျန်ချင်ဝါးကို လူပျင်းတစ်ယောက်၊ အရက်သမား တစ်ယောက်ဟု အားလုံးက သိထားကြ၏။ ဝမ်ချမ်းမြို့တွင် ကလေးငယ်ကလေးအဆုံး ကျန်ချင်ဝါးကို မလေးစားကြပေ။

သူသည် အချိန်မှန်မှန် အရက်ကလေးသောက်ပြီး အိပ်ရာထဲတွင် ခွေနေတတ်သောကြောင့် လူပျင်းတစ်ယောက်ဟု သူ့ကို နောက်ကွယ်တွင် ခေါ်ဝေါ်ကြလေသည်။

သံမဏိလက်ဝါး ငုံဖူးကျစ်သည် ထိပ်တန်း သိုင်းသမား တစ်ဦး ဖြစ်သည့်အပြင် ယခုအခါ မန်ချူးမြို့စားက မြှောက်စားထားသောကြောင့် ဝမ်ချမ်းတစ်မြို့လုံးက ကြောက်ရွံ့ပြီး ရိုသေလေးစားနေရသူ ဖြစ်လေသည်။

ယခု ကျန်ချင်ဝါးက သံမဏိလက်ဝါးကို ကြောက်ရွံ့ဘ[illegible] မပြဘဲ ဘုဆတ်ဆတ်ပင် ပြန်ပြောဝံ့သောကြောင့် စစ်ဟန်မင်[illegible] စိတ်ထဲ၌ အနည်းငယ် အံ့သြသွားရခြင်း ဖြစ်သည်။

စစ်ဟန်မင်းသည် မိဘနှစ်ပါးကျန်ခဲ့သော အဖိုးတန်ပစ္စည်[illegible] အနည်းအကျဉ်းနှင့် ငွေကြေးအချို့ကို ယူခဲ့လေသည်။ သူသည် ကျန်ချင်ဝါးအတွက် ကျသင့်သော အရက်ဖိုးကို ထုတ်ပေးလိုက်၏။ ကျန်ချင်ဝါးက စစ်ဟန်မင်း ထုတ်ပေးသောငွေ[illegible] ပြန်ပေး၍ ခေါင်းယမ်းလိုက်သည်။

'ငါ ဒီနေ့အထိ ဘယ်သူ့ပိုက်ဆံနဲ့မှ အရက် မသော[illegible] ဖူးဘူး'

'ကျွန်တော်က အစ်ကိုကြီးကို စေတနာရှိလို့ပါ'

'မင်းစေတနာကို ငါ အသိအမှတ်ပြုပါတယ်၊ သိမ်းထား လိုက်ပါ'



[illegible]

စစ်ဟန်မင်း မည်သို့မျှ [illegible] ပါ။ ကျန်ချင်ဝါးသည် အိမ်နီးနားချင်း ဖြစ်သည်။

နေ့စဉ်နေ့တိုင်းလို မြင်တွေ့နေရသည့်လူလည်း ဖြစ်သည်။ သို့သော် ယခုကဲ့သို့ သူနှင့် ရင်းရင်းနှီးနှီး တစ်ခါမျှ စကား မပြောခဲ့ဖူးပါ။

အခြားသူများလည်း စစ်ဟန်မင်းကဲ့သို့ပင် ရှိသည်။ ကျန်ချင်ဝါးကို အရေးတယူ စကားပြောသူ တစ်ဦးတစ်ယောက်မျှ မရှိခဲ့ဖူးချေ။

ကျန်ချင်ဝါးကလည်း မည်သူနှင့်မျှ စကားပြောခြင်း မပြုဘဲ ဘာသိဘာသာနေခဲ့လေသည်။ သို့ဖြစ်ရာ ကျန်ချင်ဝါး၏ သဘောကို မည်သူမှ မသိကြ။

ကျန်ချင်ဝါး၏ အသက်မှာ လေးဆယ်ကျော်ခန့်ရှိပြီ ဖြစ်သော်လည်း ကျန်းမာသန်စွမ်းသော ခန္ဓာကိုယ် ရှိနေဆဲပင် ဖြစ်သည်။ သေသေချာချာကြည့်မှ ကျန်ချင်ဝါးသည် သာမန်လူထက် အရပ်ပိုရှည်သည်ကို တွေ့ရသည်။

မျက်ခုံးကောင်းပြီး မျက်နှာက နုပျိုသည်ဟု ထင်ရ၏။ ထို့ကြောင့်လည်း စစ်ဟန်မင်းက သူ့အား အစ်ကိုကြီးဟုသာ ခေါ်လေသည်။

ကျန်ချင်ဝါးသည် အနားတွင် စစ်ဟန်မင်းရှိနေသည်ကိုပင် သတိပြုမိပုံ မရချေ။

သူသည် အရက်ကလေး သောက်လိုက်၊ အပြင်သို့ ငေးမောလိုက်နှင့် တစ်စုံတစ်ခုကို စဉ်းစားနေလေ၏။

သူ့အား ဤဆိုင်သို့ခေါ်လာပြီး သည်အတိုင်း ထားတေ မှာလားဟု စစ်ဟန်မင်း တွေးမိသည်။

သူ၏ ပျင်းရိငြီးငွေ့လာပုံကို ရိပ်စားမိဟန်ဖြင့် ကျန်ချ ဝါးက စစ်ဟန်မင်းဘက်သို့ မျက်နှာမူလိုက်သည်။

'မင်းအခု ဘယ်မှာနေမလဲ၊ ဘယ်ကိုသွားမယ် စိတ်ကူ ထားသလဲ'

သူသည် ထိုမေးခွန်းကို ဘာ့ကြောင့်မေးပါလိမ့်။ အချို ကြာမြင့်စွာစဉ်းစားနေသည်မှာ မိမိ၏အကြောင်းများဖြစ်ေ မလားဟု စစ်ဟန်မင်းတွေးမိသည်။

'ကျွန်တော် တောင်ခြေက ရွာတစ်ရွာမှာနေတယ်'

စစ်ဟန်မင်းက စကားကို မတင်မကျ ပြောလိုက်သည်။

'အင်း....တို့နိုင်ငံကြီးမှာ လူတွေ ဘယ်လောက်အထိ ခု ရောက်ဦးမလဲ မသိဘူး'

ကျန်ချင်ဝါးလိုလူမျိုးက နိုင်ငံနှင့်ချီ၍ ညည်းတွားသည်ကိ စစ်ဟန်မင်း အံ့ဩသွားလေသည်။

ကျန်ချင်ဝါးအရက်မူးလာ၍ ပေါက်ကရတွေ ပြောနေသ ဟုလည်း ထင်မိသည်။

'မင်း....အဓိပ္ပာယ်ရှိတဲ့ အလုပ်တစ်ခုတော့ လုပ်ရလိမ့်မယ

'ဟုတ်ကဲ့၊ ကျွန်တော် ဘာလုပ်ရမှာလဲ အစ်ကိုကြီး'

'မင်း ဘာမှ မလုပ်တော့ဘူးလား၊ အဲဒီ တောင်ခြေမှ ဘာသွားလုပ်နေတာလဲ၊ ဘာလဲ ကြောက်လို့ သွားပုန်းေ တာလား'

စစ်ဟန်မင်းက ခေါင်းယမ်းလိုက်သည်။



'ကျွန်တော်က ဘာလို့ကြောက်ရမှာလဲ'

ကျန်ချင်ဝါးက ခေါင်းညိတ်လိုက်သည်။

'အေး....မှန်တယ်၊ ဘယ်သူ့မှကြောက်စရာမလိုဘူး၊ မင်း အဖေဟာ တကယ့်ကို ချီးမွမ်းထိုက်တဲ့လူတစ်ယောက်ပဲ၊ သူဟာ ဘယ်သူ့မှ ဂရုမစိုက်လို့ ခုလိုဖြစ်သွားရတာ'

စစ်ဟန်မင်းက ကျန်ချင်ဝါးကို ငေးကြည့်နေမိ၏။ အမှန် အတိုင်းပြောရလျှင် အဖေ ဘာတွေလုပ်နေ၍ မန်ချူးအရာရှိက သတ်သည်ကို စစ်ဟန်မင်း တိတိပပမသိသေးပါ။

သူသည် အသက်နှစ်ဆယ်ပြည့်ရုံသာ ရှိသေးသည့် လူငယ် တစ်ယောက်ဖြစ်သည်။ တိုင်းရေး ပြည်ရေးလည်း ဘာမျှနား လည်ခြင်း မရှိပေ။ နိုင်ငံရေးဆိုသည်ကိုလည်း နားမလည်သေး ပေ။ သူ့အဖေနှင့်အမေ ဘာကြောင့် သေရသည်ကိုတော့ တိတိကျကျ သိချင်သည်။

သူသည် ကျန်ချင်ဝါးကို မော့ကြည့်မိလိုက်သည်။ အထင်ကြီး စရာ လုံးဝမရှိသော ကျန်ချင်ဝါး၏ မျက်နှာသည် ယခုအခါ ရင့်ကျက်သော ဣန္ဒြေကို ဆောင်နေပေသည်။

'အဖေဘာကြောင့် သေရတယ်ဆိုတာ အစ်ကိုကြီးသိရင် ပြောပြပါလား'

ကျန်ချင်ဝါးသည် စစ်ဟန်မင်းကို မျက်လုံးပြူး၍ ကြည့် လိုက်သည်။ အံ့ဩသွားသလိုရှိ၏။

'မင်း ဘာမှမသိဘူး၊ နားမလည်ဘူး မဟုတ်လား'

'ဟုတ်ကဲ့'

စစ်ဟန်မင်းက အမှန်အတိုင်းပင် ဝန်ခံလိုက်သည်။

‘မင်း ဘာသိမှာလဲ၊ မင်း ဘာမှမသိဘူး၊ မင်းက နားတို့ မျက်လုံးတို့ ရှိနေပေမယ့် အဲဒါတွေကို အသုံးမချတတ်တော့ ဘယ်သိမှာလဲ’

စစ်ဟန်မင်း ခေါင်းငုံ့နားထောင်နေသည်။ ကျန်ချင်ဝါးက သူ့မိဘလို ဆုံးမသည့်လေသံမျိုးဖြင့် ပြောနေခြင်းဖြစ်သည်။

စစ်ဟန်မင်းသည် ယခင်ကဆိုလျှင် ကျန်ချင်ဝါးကို တစ်စုံ တစ်ရာပြန်ပြောမိမှာအမှန်ပင်ဖြစ်သည်။ ယခုမူ ဘာမျှပြန်မပြော နိုင်ဘဲရှိနေ၏။ မိမိ၌ချို့ယွင်းချက်များ ရှိနေမလားဟု သံသယ စိတ်များ ဝင်လာသောကြောင့် နားစိုက်ထောင်နေခြင်း ဖြစ် သည်။

‘နားဆိုတာကြားဖို့ထားတာ၊ ကြားရအောင်လဲ အမြဲတမ်း အာရုံစိုက်နေရတယ်၊ မျက်စိဆိုတာ မြင်ဖို့ထားတာ၊ မြင် အောင်လဲ အမြဲကြည့်တတ်ရတယ်၊ ကြားလာမြင်လာတဲ့အပေါ် မှာမူတည်ပြီး အမှားအမှန်ကို ဆုံးဖြတ်ရတယ်၊ ဝေဖန်ရတယ် ဗဟုသုတယူရတယ်ကွ’

ကျန်ချင်ဝါးက တကယ့်ကျောင်းဆရာလေသံဖြင့် ပြောနေ သည်။

‘ဟုတ်ကဲ့’

‘မင်းဟာ အဲဒီလိုမှ မဟုတ်ဘဲ၊ သိုင်းပညာလေး နည်းနည်း ပါးပါးတတ်တာကိုပဲ အဟုတ်ကြီး မှတ်နေတာ၊ မင်းမြဲမြဲ မှတ်ထားဖို့က လောကမှာရှိတဲ့လူတွေဟာ မင်းထက်တတ်တယ် မင်းထက်နားလည်တဲ့ လူတွေချည်းပဲ’

‘မင်းထက်တတ်တဲ့ လူတွေချည်းပဲ’



‘မင်းထက် နားလည်တဲ့ လူတွေချည်းပဲ’

ထိုစကားလုံးသည် သူ့နားထဲသို့ စူးနစ်စွာ ဝင်ရောက်သွား သည်။ ကျန်ချင်ဝါးပြောသလိုဆိုလျှင် ‘ငါဘာမှ မတတ်သေး ပါလား၊ ငါဘာကောင်မှ မဟုတ်သေးပါလား’ဟု စစ်ဟန် မင်း ချက်ချင်းတွေးမိသွားသည်။

‘မင်း သဘောပေါက်ရဲ့လား’

ကျန်ချင်ဝါးက သူ့ကို စေ့စေ့ကြည့်ရင်း မေးသည်။

‘လူတွေ အားလုံးဟာ ကျွန်တော့်ထက်ကို တတ်တယ်၊ ကျွန်တော့်ထက်ကို နားလည်တယ်ဟုတ်လား အစ်ကိုကြီး’

ကျန်ချင်ဝါး တစ်ချက်ပြုံးသည်။

‘ဘာလဲ၊ မင်း အတော် အခံရခက်သွားသလား၊ မခက်နဲ့ အဲဒါအမှန်ကန်ဆုံးစကားပဲ၊ လောကမှာရှိတဲ့ ပညာရှိကြီးတွေ ဟာ သူတို့တတ်မှန်း တော်မှန်း လုံးဝမသိရဘူး၊ တတ်ပါတယ်၊ တော်ပါတယ်လို့လဲ ဘယ်တော့မှ ထုတ်ဖော်လေ့ မရှိဘူး၊ အဲ....ဘာမှ နားမလည်တဲ့ လူမိုက်တွေဟာ ငါတတ်တယ်၊ ငါ တော်တယ်ဆိုပြီး ဘဝင်မြင့်နေတတ်ကြတာ လက်တွေ့လဲကျရော သူများက တော်သွားတာပဲ’

ထိုစကားကြောင့်မနက်က ကြုံတွေ့ခဲ့ရသောအဖြစ်ကိုစစ်ဟန် မင်း ချက်ချင်း သတိရသွားသည်။ အမှန်အားဖြင့် သူသည် ကျန်ချင်ဝါး ပြောသကဲ့သို့ပင် လင်းပို့ကို အထင်သေးမိသည်။

လင်းပို့သည် သူ့အား မနက်က ပညာပြလိုက်ခြင်းဖြစ်လေ သည်။ သူသည် လင်းပို့အား အလွန်အမင်း စိတ်ဆိုးဒေါသ ထွက်ခဲ့မိသော်လည်း ယခုအခါ မထွက်တော့ပေ။

မိမိကိုယ်မိမိ အထင်ကြီးနေသည်မှာ ဘဝင်မြင့်ခြင်းသာဖြစ် သည်ဟု တဖြည်းဖြည်းမြင်လာမိတော့သည်။ တစ်နည်းအားဖြင့် လင်းပို့က သူ့အား ပညာပေးလိုက်ခြင်းပင် မဟုတ်ပါ လား.....၊

'မင်း ငါပြောတာ သဘောပေါက်ရဲ့လား'

ကျန်ချင်ဝါးက မေးလိုက်သည်။

'ဟုတ်ကဲ့ အစ်ကိုကြီး၊ကျွန်တော် ကောင်းကောင်းသဘော ပေါက်ပါတယ်'

ကျန်ချင်ဝါးက ဆက်ပြောသည်။

'မင်းအဖေဟာ မန်ချူးတွေကိုတော်လှန်နေတဲ့လူအချို့ကို အားပေးအားမြှောက်ပြုနေတာ အမှန်ပဲကွ၊ သူက အဲဒီလူတွေ ကို ပြောင်ပြောင်တင်းတင်း ညွှန်ကြားမှုပြီး မြှောက်ပင့် ပေးတယ်၊ သူကိုယ်တိုင်လဲ မန်ချူးတွေကို နှေးရှိသမျှ ဆဲနေ တာပဲ၊ ဒါပေမယ့် သတ္တိရှိတာက တခြား၊ လုပ်နည်း လုပ် ဟန်က တခြား ဖြစ်သွားတယ်'

စစ်ဟန်မင်းက သူ့စကားကိုငေး၍ နားထောင်နေသဖြင့် ကျန်ချင်ဝါးက ဆက်ပြောသည်။

'အမှန်က ဒီအလုပ်မျိုးကို လုပ်တယ်ဆိုတာ သိုသိုသိပ်သိပ် ရှိရတယ်၊ အင်အားစုရတယ်၊ အဲဒီလိုအဘက်ဘက်က တော တစ်ဖို့မှုရှိလာမှ ကိုယ်လုပ်ချင်တာကို လုပ်ရတာမျိုးကွ။

'ဒါကြောင့်မို့ မင်းကို ငါမေးနေတာက မင်းမှာ ဘာ ရည်ရွယ်ချက်ရှိသလဲ၊ ဘာဆက် လုပ်မလဲလို့ မေးနေတာ



အရမ်းကာရော ဆင်ကန်းတောတိုး လျှောက်လုပ်နေမယ်ဆိုရင် မင်း အမှားတွေမှာပဲ'

ကျန်ချင်ဝါ ၏စကားများကို နားထောင်ရင်း....

စစ်ဟန်မင်းမှာ အတော်တာလေး သဘောပေါက်လာပြီ ဖြစ်သည်။

'ဟုတ်ကဲ့၊ ကျွန်တော်စဉ်းစဉ်းစားစားလုပ်ပါ့မယ်'

'မင်းဘာလုပ်မလဲ'

စစ်ဟန်မင်းသည် သူ့အား ဟိုင်လီက ခေါ်သွားသည့် အကြောင်း၊ ဟိုင်းလီသည် မည်ကဲ့သို့သော လူစားမျိုးဖြစ်သည် ကို ပြောပြပြီး၊ သူတို့သည် နေ့နဂါးကိုဆယ်တင်ရန် ကြံစည် နေကြောင်းများကိုပါ ဖွင့်၍ ပြောလိုက်လေသည်။

ကျန်ချင်ဝါးသာ ပေါင်ကို ဖျန်းခနဲပုတ်၍....

'ဟာ....သိပ်ကောင်းတဲ့အကြံပဲ၊ အင်မတန် လုပ်သင့်လုပ် ထိုက်တဲ့ အလုပ်တွေပဲ'

ကျန်ချင်ဝါးက အားရပါးရပင် ပြောလိုက်လေသည်။

* * *

ကျန်ချင်ဝါးက ထိုသို့ အားရပါးရ ပြောပြီးမှ အနည်းငယ် စိုးရိမ်သွားဟန်ဖြင့်....

'မင်း... အဲဒီစကားတွေ ဘယ်သူ့ကို လျှောက်ပြောသေး သလဲ'

စစ်ဟန်းမင်းက ခေါင်းယမ်းလိုက်သည်။

'ကျွန်တော် တယ်သူ့မှ မပြောရသေးပါဘူး၊ အစ်ကိုကြီး မို့လို့ ဖွင့်ပြောတာ'

ကျန်ချင်ဝါး မျက်မှောင်ကြုတ်သွားသည်။

'မင်းက ငါ့ကို ယုံကြည်စိတ်ချလို့လား'

စစ်ဟန်မင်း ပါးစပ်ပိတ်သွားသည်။ ကျန်ချင်ဝါးက မဲ့ပြုံး ပြုံးလိုက်ပြီး....

'ဒီကိစ္စမျိုးကို ပေါ့ပေါ့တန်တန် သဘောမထားရဘူး သိသင့်သိထိုက်တဲ့လူမျိုးကို အသိပေးရတာအကြောင်း မဟုတ် ဘူး၊ မတော်လို့ တစ်ဖက်ကလူတွေသာ သိသွားရင် မခက် ဘူးလား'

'ဟုတ်ကဲ့၊ ကျွန်တော် နောက်ကို ဆင်ခြင်ပါ့မယ်'

ကျန်ချင်ဝါးက ပြုံးပြီး ပြန်ကြည့်လိုက်သည်။ အတ ကြာမှ....

'အဲဒီကို မင်းလိုက်သွားမယ်လို့ စိတ်ကူးထားသလား'

စစ်ဟန်မင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်တော်လဲ နေ့နဂါးဆိုတဲ့ ပုဂ္ဂိုလ်ကြီးကိုသွ ကယ်ချင်ပါတယ်'

'မင်းမှာ အဲဒီလို စိတ်ဓာတ်မျိုးရှိတာ အင်မတန်ကောင်း အလားအလာပဲ၊ ဒါပေမယ့် အစစအရာရာမှာ ပညာပြည့် စေဘာ့လိုတယ်'

'သိုင်းပညာကို ပြောတာလား'

စစ်ဟန်မင်းက နားမရှင်း၍ ပြန်မေးလိုက်ခြင်းဖြစ်သ



'ပညာအားလုံး ပြည့်စုံရမယ်ဆိုတဲ့နေရာမှာ သိုင်းပညာလဲ ပါတာပေါ့၊ ဒါပေမယ့် နေရာတကာမှာ သိုင်းပညာကို အသုံးချဖို့ မလိုပါဘူး၊ လိမ္မာပါးနပ်မှုရှိရမယ်၊ ရဲစွမ်းသတ္တိ ပြည့်စုံရမယ်၊ ဆင်ခြင်တုံတရားနဲ့ ဉာဏ်အမြော်အမြင် ကြီးမား ရမယ်၊ အဲဒါတွေဟာ လူတော်လူကောင်း တစ်ယောက်ရဲ့ အဓိက လိုအပ်ချက်တွေပဲကွဲ'

စစ်ဟန်မင်းသည် အာရုံစိုက်၍ နားထောင်နေသည်။ သူ သည် ကျန်ချင်ဝါးအပေါ်တွင် အထင်ကြီးရအခက်၊ အထင် သေးရအခက် ဖြစ်သွား၏။

ကျန်ချင်ဝါးပြောနေသော စကားများက အလွန် မှတ် သားစရာ ကောင်းလှသည် မဟုတ်ပါလား။

သို့သော် သူကိုယ်တိုင်က မည်သည့်အတွက်ကြောင့် လူပျင်း တစ်ယောက်၊ အရက်သမားတစ်ယောက် ဖြစ်နေသည်ကို စဉ်း စား၍ မရချေပ။

စစ်ဟန်မင်းက သူ့အကြောင်း တွေးနေသည်ကို သူက ဂရုမစိုက်ဘဲ....

'မင်းသွားတဲ့နေရာကို ငါပါအတူလိုက်မယ်'

ဟု ကျန်ချင်ဝါးက ပြောလိုက်လေရာ စစ်ဟန်မင်းမှာ အံ့အားသင့်သွားကာ ပါးစပ်အဟောင်းသား ဖြစ်သွားရလေ တော့၏။

## အခန်း (၄)

မန်ချူးတို့၏ အကျဉ်းစခန်းတွင် ဖြစ်သည်။

အကျဉ်းသားချားသည် နေပူကျဲကျဲထဲ၌ ကျောက်တုံးကြီးများကို ထမ်းပိုးနေရသော်လည်း မောချမှ ရေကိုဝအောင် မသောက်ရပေ။

အသက်ခြောက်ဆယ်ခန့် ရှိပြီဖြစ်သော အဘိုးအိုသည် ကျောက်တုံးတစ်တုံးကို သယ်ပိုးလာရာမှ ခြေချော်ပြီး လဲကျသွားလေသည်။ ထိုအခါ အသက်နှစ်ဆယ်နီးပါးခန့်ရှိ မိန်းကလေးက သူမ၏ ကျောက်တုံးကို ပစ်ချပြီး အဘိုးအိုထံသို့ ပြေးလာ ပွေ့ချီလိုက်သည်။

'ဖေဖေ....ဖေဖေ၊ ဘယ်နား နာသွားသေးသလဲ'

အဘိုးအိုမှာ မောပန်းနေသည်။ အသက်ကို ပင်ပန်းခက်ခဲစွာ ရှူနေရ၏။ သူသည် မျက်စိမှိတ်ထားရာမှ ဖွင့်လိုက်သည်။



'သမီး....သမီး အဖေ ဘာမှမဖြစ်ပါဘူး၊ သမီးသွားလုပ်ပါ၊ ဘောင်ကြာ အရိုက်ခံနေရဦးမယ်'

အလုပ်လုပ်သူကို မန်ချူးစစ်သားတို့က ကန်ကျောက်ရိုက်နှက်သည့်အတွက် သမီးဖြစ်သူအား အဘိုးအိုက ပြန်လွှတ်နေခြင်း ဖြစ်သည်။

အဘိုးအိုက လဲကျသွားသည့်အတွက် အဘိုးအိုနှင့် တွဲ၍ချည်ထားသော အခြားလူနှစ်ယောက်မှာလည်း ရပ်တန့်နေရလေသည်။

မန်ချူးတို့သည် အမျိုးသမီး အကျဉ်းသားများကိုတော့ ကြိုးနှင့်တွဲချည်ထားခြင်း မရှိပါ။

'ရပါတယ် ဖေဖေရယ်၊ ဖေဖေ သိပ်မောနေတယ်၊ ရေသောက်မလားဟင်'

'သောက်တော့ သောက်ချင်တာပေါ့ သမီးရယ်၊ ဒါပေမယ့် သမီးကို ရိုက်ကြလိမ့်မယ်'

သမီးဖြစ်သူသည် အပျာကယာပြေးသွား၍ ရေဘူးကလေးတစ်ခုကို ဝှက်ထားရာမှ ယူလာခဲ့သည်။ သူမသည် ဖခင်ဖြစ်သူအား ရေဘူးကိုနှင့်ပြီး ပါးစပ်သို့တေ့ပေးသည်။ အဘိုးအိုသည် ဆာလောင်မွတ်သိပ်စွာဖြင့် ရေကိုအငမ်းမရ သောက်ချလိုက်လေသည်။

'ခွမ်း....'

ရုတ်တရက် ခြေထောက်တစ်ဖက်က ရေဘူးကို ကန်ထည့်လိုက်သဖြင့် ရေဘူးမှာ လွင့်စဉ်သွားလေတော့သည်။

'အို....ရှင် တယ်မိုက်ရိုင်းပါလား'

မိန်းကလေးသည် ဒေါသဖြစ်ဖြစ်ဖြင့် ရေဘူးကို ကန်ပ
သော မန်ချူးစစ်သားကို ရန်တွေ့လိုက်သည်။

'ဖြန်း'

မန်ချူးစစ်သားက မိန်းကလေး၏ပါးကို ရိုက်ချလိုက
သည်။ မိန်းကလေးမှာ ငိုလျက်သား လဲကျသွားတော့သည
မန်ချူးစစ်သားသည် ထိုမျှနှင့် အားမရဘဲ အဘိုးအိုအာ
ခြေထောက်ဖြင့် ပြင်းထန်စွာ ကန်ထည့်လိုက်ပြန်သည်။

'ဘုန်း'

ပါးစပ်မှလည်း....

'ထစမ်း....ထစမ်း

ဟု အော်ဟစ်လေသည်။

ထိုအချိန်တွင် ကြီးမားသော ကျောက်တုံးကြီးကို ထမ်
လာသည့် လူတစ်ယောက်သည် ထိုမြင်ကွင်းကို မမြင်ရက
တော့သဖြင့် သူ၏ကျောက်တုံးကြီးကို ပစ်ချလိုက်သည်။

'ဝုန်း....'

ထိုသို့ ပစ်ချပြီးသည်နှင့် မန်ချူးစစ်သား၏ မျက်နှာက
သူ၏လက်သီးဖြင့် တစ်အားထိုးချလိုက်သည်။

'ခွမ်း....'

မန်ချူးစစ်သားမှာ လွင့်စဉ်သွားသည်။ ရုတ်ခြည်းဆိုသလ
ပင် ထိုနေရာ၌ ရုတ်ရုတ်သဲသဲ ဖြစ်သွားတော့သည်။ အစော
စစ်သားများ ထိုနေရာသို့ ကပျာကယာ ပြေးလာကြ၏။

ဗလတောင့်တောင့်နှင့် အစေခံကို ထိုးလိုက်သည့်လူသည
အဘိုးအိုအနားတွင် ဒူးထောက်ထိုင်ချပြီး မိန်းကလေး ဖြ



ထောက်လာသည့် ရေဘူးထဲမှရေကို အဘိုးအိုအား တိုက်
လိုက်သည်။

အဘိုးအိုနှင့် မိန်းကလေးတို့က ဝင်ရောက်ကူညီသော ဗလ
တောင့်တောင့်နှင့်လူကို ကျေးဇူးတင်သော မျက်နှာဖြင့် လှမ်း
ကြည့်လိုက်မိသည်။

သို့သော် ထိုလူ ဤသို့ ပြုမူသည့်အတွက် အပြစ်ဒဏ်ခံရတော့
မည်ကို အဘိုးအို အပါအဝင် အားလုံးက သိရှိလိုက်သည်။
ထိုသူကမူ ဘာကိုမျှ ဂရုစိုက်ဟန် မပြပါ။

'လူလေးရယ်၊ မင်းတော့ ဒုက္ခရောက်တော့မယ်'

အဘိုးအိုသည် ကြုံတွေ့ရတော့မည့် အန္တရာယ်ကို မြင်ထား
ဘိသကဲ့သို့ လူငယ်အတွက် စိတ်မကောင်းဟန်ဖြင့် ပြောလိုက်
သည်။ ထိုလူငယ်က အပြုံးမပျက်ပေ။

'ကိစ္စမရှိပါဘူး မြို့စားကြီး၊ ကျွန်တော် ခံနိုင်ရည်ရှိပါ
တယ်'

'ဟင်....မင်း....မင်းက ကျုပ်ကိုသိတယ် ဟုတ်လား'

အဘိုးအို အံ့အားသင့်သွားသည်။ လူငယ်က ပြုံးပြရင်း....

'ကျွန်တော် ဆွမ်ဆန်ပါ'

အဘိုးအိုရော အမျိုးသမီးကလေးပါ ဆွမ်ဆန်ကို အံ့သြစွာ
ငေးမော ကြည့်မိလိုက်ကြသည်။ ထိုစဉ် စစ်သားတစ်ဦးက
ဆွမ်ဆန်၏ နောက်ကျောကို ဖုန်းခနဲနေအောင် ကန်ချလိုက်
သည်။

ထိုသို့ အကန်ခံရသည့်ကြားက မိန်းကလေးကို ဆွမ်ဆန်က
မေးလိုက်လေသည်။

'သခင်မလေး ဘယ်အဆောင်မှာလဲ'

'အဓဆာင်နံ့ပါတ်ဘစ်မှာပါ'

သူတို့သည် ဤမျှသာပြောနိုင်သည်။

အတိုးကြီးကို တွန်းထိုးကန်ကျောက်၍ ခေါ်သွားသကဲ့သို့ ဆွမ်ဆန်ကိုလည်း တဖုန်းဖုန်းဖြင့် ရိုက်နှက် ခေါ်ဆောင်သွားတော့သည်။

* * *

နေနဂါး ဆွမ်ဆန်....

သူသည်တစ်ဦးတစ်ယောက်ကို ကူညီမိသည့်အတွက် ခံရသည့် ပြစ်ဒဏ်ကလည်း မသက်သာလှပါ။

ကျောပြင်တစ်ခုလုံး အရှိုးချင်းထပ်အောင် အရိုက်ခံရသည့် အပြင် သုံးရက်လုံးလုံး အစာမကျွေးဘဲ အငတ်ထားခံရသည်။

သို့သော်....ဆွမ်ဆန်ကား အစာမငတ်ပါ။ အဘယ့်ကြောင့်ဆိုသော်....

အကျဉ်းသားများသည် ဆွမ်ဆန်ကို ချစ်ခင်ကြသည်။ အားကိုးကြသည်။ ဆွမ်ဆန် တစ်စုံတစ်ခုဖြစ်မှာကို သူတို့အားလုံး စိုးရိမ်ကြသည်။



ဆွမ်ဆန်သည်မည်သည့်အကျဉ်းသားကိုမဆို တတ်နိုင်သရွေ့ အကူအညီပေးနေသောကြောင့် အကျဉ်းသားများက ချစ်ကြသည်။ ခင်မင်ကြသည်။

သံဓယာဇဉ် ဖြစ်နေကြသည်။ ထို့ပြင် များစွာလည်း အားကိုးအားထား ပြုနေကြပေသည်။ ထို့ကြောင့် ဆွမ်ဆန့်ကို အစာရေစာ အငတ်ထားသည် ဆိုသည့်သတင်းကို ကြားသည်နှင့် သူတို့ဘတွေသည် အစားအသောက်များကို ခိုး၍ ဝှက်၍ ဆွမ်ဆန့်ထံ အရောက်ပို့ကြသည်။

အများအကျိုးအတွက် ရဲရဲဝံ့ဝံ့ ရပ်တည်သူအဖို့ အတုံ့အလှယ် ပြန်လည်ကူညီမည့်သူ ရှိစမြဲပင်....

* * *

ဤမျှ ဒုက္ခပေးနေသော အကျဉ်းသား တစ်ယောက်ကို မန်ချူးအာဏာပိုင်တို့ အနေဖြင့် သတ်ပစ်လျှင် အလွယ်ကလေး ဖြစ်သည်။ သို့သော် သူတို့ မသတ်ရဲကြပါ။ မသတ်ရဲသည်မှာ အကြောင်းရှိပါသည်။ တိုင်းပြည် အုပ်ချုပ်သော မန်ချူးဘုရင်သည် လီမွာပါးနုပ်သူ ဖြစ်သည်ဟု ဆိုရပေမည်။

သူတို့သည် ပုန်ကန်တော်လှန်သည့် သူများကို ဖမ်းဆီးထားသော်လည်း ချက်ချင်း သတ်ဖြတ်ခြင်း မပြုကြပါ။

အချို့သော အကျဉ်းသားများသည် ပြင်ပတွင် အင်အားများစွာရှိသည်။ ထိုအကျဉ်းသားကို လက်လွှတ်စပယ် သတ်ဖြတ်မိပါက လူထုအုံကြွမှုကြီးမျိုး ဖြစ်လာလျှင် သူတို့အတွက် ကြီးစွာသော အခက်အခဲမျိုးနှင့် ကြုံရတတ်သည်။

ယခု ဆွမ်ဆန်ကို သူတို့ ဖမ်းဆီးမိထားသော်လည်း ဆွမ်ဆန်၏ နောက်ကွယ်၌ တပည့်လက်သားပေါင်း များစွာ ရှိသည်ဟု ထင်ထားသည်။ နဂါးခုနစ်ဖော်ဟူသော အမည်သည် မန်ချူး အာဏာပိုင်များအဖို့ ပေါ့ပေါ့တန်တန် သဘောထား၍ မရသော အမည်ဖြစ်သည်။

ပို၍ဆိုးသည်က ဆွမ်ဆန်ကို တစ်စုံတစ်ခုပြုလုပ်ပါက အကျဉ်းစခန်း တစ်ခုလုံး လှုပ်လှုပ်ရွှားရွှား ဖြစ်လာမည်ကိုလည်း စိုးရိမ်နေပုံ ရသည်။

ထို့ပြင် အခြားအကြောင်းအရာများလည်း ရှိမည်ဟု ထင်ထားသောကြောင့် ဆွမ်ဆန်အား သတ်ပစ်ခြင်း မပြုသေးဟု ယူဆစရာ ရှိနေပေသည်။

မည်သို့ပင်ဆိုစေ....

သူတို့သည် ဆွမ်ဆန်အားအစာရေစာဖြတ်ထားသော်လည်း ဆွမ်ဆန်အဖို့ စိတ်ပြတ်သေရန် အကြောင်းမရှိပေ။ ဆွမ်ဆန်အား ဖြစ်သည့်နည်းဖြင့် အစာရေစာပို့မည့်သူများ အကျဉ်းစခန်း၌ မရေတွက်နိုင်အောင် ရှိနေသည် မဟုတ်ပါလော။

* * *



နေနဂါး ဆွမ်ဆန်သည် တစ်ညလုံး အိပ်ပျော်ခြင်းမရှိပေ။

သူ့အနေဖြင့် အသက်ကြီးရင့်ပြီဖြစ်သော မြို့စားကြီးကို ဤနေရာ၌ တွေ့ရလိမ့်မည်ဟု လုံးဝမစဉ်းစားမိခဲ့ချေ။

လွန်ခဲ့သော ခုနစ်နှစ် ရှစ်နှစ်ခန့်က ချန်အန်းမြို့စားကြီးသည် ယခုအခါ အလွန်ကြမ်းတမ်းလှသော အကျဉ်းစခန်း၌ အကျဉ်းသား ဖြစ်နေရသည်ကို ဆွမ်ဆန်အသည်းနာ၍ မဆုံးနိုင်အောင် ရှိနေတော့သည်။

ထို့ပြင် မြို့စားကြီး၏ အငယ်ဆုံး သမီးတော်လေးပါ အကျဉ်းသား ဖြစ်နေရသည်မှာ ပို၍ ရင်ထုမနာ ဖြစ်မိတော့သည်။ ဆွမ်ဆန်သည် လွန်ခဲ့သော ရှစ်နှစ်ခန့်ကို ပြန်တွေးပြီး မြင်ယောင်မိသည်။

ထိုစဉ်က ဆွမ်ဆန်မှာ တပ်မှူးလေး တစ်ဦး ဖြစ်သည်။ တပ်မှူးလေးတို့ မိသားစုသည် အလွန် ဆင်းရဲသော်လည်း မြို့စားကြီးက မြှောက်စားချီးမြှင့်လာသောအခါ မိဘနှစ်ပါးသည် ချောင်ချောင်လည်လည်ဖြင့် ကြီးပွားချမ်းသာခြင်းသို့ ရောက်ရှိခဲ့ရသည်။

တပ်မှူးလေးဆွမ်ဆန်သည် မြို့စားကြီး၏ အလုပ်တာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်ပေးခဲ့သည့်အတွက် မြို့စားကြီးက တပ်မှူးကြီးရာထူးအပြင် မြို့စားကြီး၏ အတွင်းရေးရာထူးကိုပင် ပေးအပ်ခဲ့လေသည်။

ထိုစဉ် အချိန်က သမီးတော်လေးမှာ အသက်ဆယ်နှစ်ကျော်ဆယ့်တစ်နှစ်ခန့်သာ ရှိသေးသည်။ ယင်းအချိန်မှာပင် တရုတ်

ပြည်ကြီးသို့ မန်ချူးများ စတင်ဝင်ရောက် ခဲ့သောကြောင့်
အုပ်ချုပ်ရေးယန္တရား ပြိုကွဲခဲ့ရသည်။
လူ့တာသည်း တစ်ကွဲတစ်ပြားစီ ဖြစ်ခဲ့ရလေသည်။ ဆွမ်ဆန်
သည် နယ်ချဲ့ကိုတွန်းလှန်ရန် နဂါးခုနစ်ဖော်အဖွဲ့ကို ဖွဲ့စည်း၍
ဆန့်ကျင်ခဲ့သည်။
နဂါးခုနစ်ဖော်အဖွဲ့သည် မတရားပြုကျင့်ခြင်း ခံရသော
ပြည်သူများဘက်မှ ပါတ်နိုင်သရွေ့ အကာအကွယ်ပြုခဲ့သည်။
ဤသို့ဖြင့် ဆွမ်ဆန်သည် ဤအကျဉ်းစခန်းသို့ ရောက်ခဲ့ရ
သည်မှာမဆန်းလှသော်လည်း မြို့စားကြီးသားအဖနှစ်ယောက်
စလုံး ဤနေရာသို့ရောက်ရှိနေရသည်မှာ စဉ်းစားစရာ ဖြစ်နေ
သည်။
မြို့စားကြီးသည် အမှားတစ်စုံတစ်ရာကြောင့်ပါလား။ ဒါမှ
မဟုတ် အမျိုးသားသစ္စာဖောက်များ၏ လက်ချက်ပေလော။
ဆွမ်ဆန်သည် ဤသို့တွေးရင်းဖြင့် အိပ်မပျော်ဘဲ ရှိနေတော့
သည်။ သူသည် အခွင့်အရေး တစ်စုံတစ်ခုသာ ရရှိပါက
မြို့စားကြီးသားအဖကို ကယ်တင်ချင်သည့်ဆန္ဒများ ဖြစ်ပေါ်
လာသည်။
ဆွမ်ဆန်၏အနီးတွင် သူကဲ့သို့ပင်အိပ်မပျော်သော လူတစ်
ယောက်ရှိနေပေသည်။
ထိုလူ၏ အသက်မှာ သုံးဆယ်ခန့်ရှိ၍ ဆွမ်ဆန်ကဲ့သို့ပင်
ကျန်းမာသန်စွမ်းသော လူတစ်ယောက် ဖြစ်သည်။ ထိုသူ၏
အမည်မှာချူးဝှဲဖြစ်ပြီး သူခိုးတစ်ဦးဖြစ်လေသည်။ ချူးဝှဲသည်
အခြားသူခိုးများကဲ့သို့ အသေအဖွဲ့များကို ခိုးသူမဟုတ်ပေ။



လုံခြုံစွာသိမ်းဆည်းထားသော သေတ္တာထဲမှ ရတနာများ
ကိုသာ ခိုးယူတတ်သည့် သူခိုး ဖြစ်သည်။
ထို့ပြင် ချူးဝှဲသည် လက်လှည့်ပညာကိုလည်း တတ်ကျွမ်းသူ
ဖြစ်၏။ သူ၏ လက်နှိုက်ဖက်သည် လူတစ်ဖက်သား၏ မျက်စိကို
လှည့်စားတတ်ပေသည်။
ကြက်ဥ၊ သို့မဟုတ် ဘဲဥတစ်လုံးကိုကိုင်ထားရင်းမှ လက်ထဲ
တွင် ပျောက်သွားအောင် ပြုလုပ်တတ်သည်။ ထိုမျှသာမက
သေးပါ။ ခါးပိုက်နှိုက်ပညာလည်း လွန်စွာ ကျွမ်းကျင်သူ
တစ်ဦးဖြစ်၏။
သူသည် မန်ချူးစစ်သားတစ်ဦး၏ ခါးတွင် ချိတ်ဆွဲထား
သော ရေဘူးကိုရအောင်ဖြုတ်ယူ၍ ခိုးသောက်နိုင်သူဖြစ်သည်။
သူ ယခုကဲ့သို့ အကျဉ်းစခန်းရောက်လာရခြင်းမှာ အတော်
ပင် စိတ်ဝင်စားစရာ ကောင်းလှတော့သည်။
သူသည် မန်ချူးအရာရှိတစ်ဦး၏အိမ်ကို ဝင်ရောက်၍ခိုးလေ
သည်။ သူ၏ လက်ထဲတွင် ရတနာများစွာရရှိထားပြီးဖြစ်သည်။
သို့သော် သူသည် ချက်ချင်း ပြန်မဆင်းသေးဘဲ မန်ချူး
အရာရှိကြီး၏သမီးအခန်းထဲသို့ဝင်ကာ ကောင်မလေးကိုနှိုးပြီး
ချစ်စကား ကြိုက်စကား ပြောလိုက်သေးသည်။ လွန်စွာ ထူး
ထွေ ဆန်းပြားသော သူခိုးပါပေတည်း။
သူသည် အကျဉ်းစခန်းသို့ ရောက်ခဲ့သည့်တိုင် ထိုမိန်းကလေး
အကြောင်းကို နေ့စဉ်ပြောပြီး သတိရနေသူ ဖြစ်ပေသည်။

သူသည် အကျဥ်းစခန်းမှ လွတ်မြောက်သည်နှင့် ထိုမန်ချူး အရာရှိကြီး၏ သမီးဆီသို့ အရောက်သွားပြီး လက်ထပ်ပေါင်း သင်းမည်ဟု ပြောနေဆဲပင် ဖြစ်သည်။

ယခု ဆွမ်ဆန်မှာ အိပ်မပျော်ဘဲ လူးလိုက် လှိမ့်လိုက် ဖြစ်နေသည်ကို ချိုးဝှဲက သတိထားမိဟန်တူသည်။

'ဆရာဆွမ်....အိပ်မပျော်ဘူးလား'

သူက အသံခပ်တိုးတိုးဖြင့် လှမ်း၍ မေးလေသည်။ ချိုးဝှဲ၊ ဆွမ်ဆန်နှင့် ကျီဘေးဆိုသူသုံးဦးမှာ သံကြိုးတစ်ချောင်းနှင့် တွဲပြီး ချည်ထားခြင်းခံရသူ ဖြစ်သည်။

ဆွမ်ဆန်က အလယ်မှဖြစ်ပြီး ညာဘက်တွင် ချိုးဝှဲက ရှိနေသည်။ ဘယ်ဘက်မှ ကျီဘေးမှာ အိပ်မောကျနေပေသည်။

ဆွမ်ဆန်သည် ချိုးဝှဲ၏အသံကြောင့်....

'အိပ်မရလို့ကွ'

ဟု ပြန်ပြော၏။ ချိုးဝှဲက....

'ဆရာဆွမ် တစ်ခုခု စဥ်းစားနေပြီနဲ့ တူတယ်'

'အေး....'

'ဆရာဆွမ်က အိမ်ကို သတိရလို့လား'

'မဟုတ်ပါဘူးကွာ၊ တခြားကိစ္စပါ'

'ကျွန်တော်ကတော့ ကောင်မလေးကို လွမ်းတယ်ဗျာ'

ဆွမ်ဆန်သည် ဘာမျှ ပြန်မပြောဘဲ ဝမ်းထဲမှကြိတ်၍ ပြုံးလိုက်မိသည်။ ချိုးဝှဲသည် မန်ချူးအရာရှိကြီး၏ သမီးကို အတော်စွဲလန်းနေပုံရသည်။



'မင်းက ကောင်မလေးကို သတိရတော့ ဒီအကျဥ်းစခန်းက ခပ်မြန်မြန် လွတ်ချင်မှာပေါ့နော်'

'ဟာ... ဆရာဆွမ်ပြောတာ သိပ်မှန်တာပေါ့၊ ဒါပေမယ့် လူတိုင်းလူတိုင်းဟာ လွတ်ချင်ကြတာပါပဲ၊ ဆရာဆွမ်ကော မလွတ်ချင်ဘူးလား'

'တို့ အကျဥ်းစခန်းကို ဖောက်ပြေးလို့ လွယ်မယ်ထင်သလား'

ဆွမ်ဆန်က အသံကိုနှိမ့်၍ ပြောလိုက်သည်။ သူတို့ ထိုသို့ ပြောနေစဥ် အစောင့်တပ်သားသည် မီးအိမ်ကိုဆွဲ၍ ဖြတ်လျှောက်လာသည်ကို တွေ့ရ၏။

ထိုအစောင့်သည် စကားပြောသံကို ကြား၍များလားဟု ထင်ပြီး သူတို့နှစ်ဦး အသာငြိမ်နေလိုက်သည်။ အစောင့်တပ်သားသည် မီးအိမ်ကိုမြှောက်၍ အခန်းထဲသို့ တစ်ချက်ဝေ့ကြည့်လိုက်ပြီး အခြားအခန်းဆီသို့ ဆက်သွားသည်ကို တွေ့ရသည်။ ထိုအခါမှ ဆွမ်ဆန်က စကားပြန်ဆက်၏။

'ထွက်ပြေးမယ်ဆိုရင် လွတ်နိုင်ဖို့လမ်းစ မြင်သလား'

ဆွမ်ဆန်က တီးခေါက်ကြည့်သည်။

အတန်ကြာအောင် တိတ်ဆိတ်သွားသဖြင့် ချိုးဝှဲ စဥ်းစားနေဟန်ရှိသည်။

အတန်ကြာမှ....

'သိပ်တော့ မလွယ်လှဘူး ဆရာဆွမ်ရဲ့၊ ပထမအချက်က ကျွန်တော်တို့ခြေထောက်က တွဲထားတဲ့ သံကြိုးတွေကို ဖြတ်တောက်ပစ်နိုင်ရမယ်၊ အဲဒါကလဲ အမြန်ဆုံးလုပ်နိုင်မှ ဖြစ်မယ့်

ကိစ္စ၊ ဒုတိယအချက်ကတော့ ခြံဝင်းရှိ အပြင်ဘက် ရောက်အောင် အကော်ကို ကြိုးစားရမယ်၊ ခြံစည်းရိုး သစ်သားတိုင်တွေက မြင့်သလောက် သံဆူးကြိုးတွေက အထပ်ထပ်ချထားသေးတယ်'

ခဏနားပြီးမှ ချီးဝှဲက ဆက်ပြောပြန်သည်။

'ခြံစည်းရိုးအပြင်ဘက်ကို ရောက်ပြန်တော့လဲ အစောင့်တွေကို လွတ်အောင်ရှောင်နိုင်ဖို့က လိုသေးတယ်'

သူ့စကားကြောင့် ဆွမ်ဆန် သက်ပြင်းချမိသည်။

'အစောင့်ကောင်တွေလောက်တော့ ပူစရာ မလိုပါဘူး၊ မလွတ်ဘူး ထင်ရင်တော့ ဒီကောင်တွေကို သတ်ပစ်ရမှာပဲ၊ အခက်ခဲဆုံးကတော့ တိုခြေထောက်က သံကြိုးတွေအတွက်ပဲ'

အတန်ကြာအောင်ပင် တိတ်ဆိတ် ငြိမ်သက်သွားပြန်သည်။

ပြီးမှ ချီးဝှဲအသံ ပြန်ထွက်လာ၏။

'ဆရာဆွမ်ပြောတာ မှန်တယ်၊ ဒီသံကြိုးတွေကို ဘယ်လိုဖြုတ်ရမယ်ဆိုတာ ကျွန်တော် စဉ်းစားလို့ မရဘူး'

'တစ်နေ့နေ့တော့ အကြံပေါ်လာမှာပေါ့ကွာ'

'ကျွန်တော်တို့ပြေးရင် ကျီစဘားကို ဘယ်လိုလုပ်မလဲ'

ချီးဝှဲက မေးလိုက်သည်။

'သူ့ကိစ္စအသာထားပဦး၊ အဓိကကျတဲ့ သံကြိုးကိစ္စကို တိုစဉ်းစားကြရအောင်'

နှစ်ယောက်စလုံး အချိန်ကြာသည်အထိ အသံပျောက်သွားကြသည်။



'ချီးဝှဲ'

ဆွမ်ဆန်က ခေါ်လိုက်၏၊ ထူးသံထွက်မလာ၊ ထူးသံအစား ဟောက်သံသာ ထွက်လာသည်။ ချီးဝှဲ အိပ်ပျော်သွားပြီ ဖြစ်သည်။

သုံးရက်....

ဆွမ်ဆန်အား အစာရေစာ ဖြတ်ထားပြီး သုံးရက်မြောက်နေ့မှ အစာပြန်ကျွေးသည်။ သို့သော် ဆွမ်ဆန်အဖို့ ထူးခြားမသွားပါ။ လူတကာအပေါ် မေတ္တာထားသော သူကို လူတကာက ပြန်၍ မေတ္တာထားကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။

အကျဉ်းသားများသည် နံနက်မိုးသောက် အလင်းရောက်သည်နှင့် ဆန်ပြုတ်ကို သောက်ကြရသည်။ ထို့နောက် အလုပ်ခွင်သို့ဝင်ကြရ၏။ အကျဉ်းစခန်းတွင် ကြီးမားသောအဆောက်အအုံကြီး တည်ဆောက်နေသည်။

ထိုအဆောက်အအုံကြီးကို သစ်လုံးကြီးများ ကျောက်တုံးကြီးများဖြင့် အခိုင်အခံ့ တည်ဆောက်နေခြင်းဖြစ်သည်။

အချို့သောသူများမှာ စိုက်ခင်း ပျိုးခင်းထဲ၌ လုပ်ကိုင်ကြ ရသလို အားအင်ချို့တဲ့သော အမျိုးသမီးများနှင့် အသက် အရွယ်ကြီးသော သူများကိုမူ ဝက်များ၊ ဆိတ်များ ထိန်း ကျောင်းသည့် နေရာတွင် ထားလေသည်။

ဆွမ်ဆန့်တို့မှာမူ ထုံးစံအတိုင်း ကျောက်တုံးများကို သယ်ပို နေရ၏။ သူတို့သည် မနက်စာမကျွေးမီ အချိန်ကလေးတွင် သောက်ရေအနည်းငယ်စီ သောက်ကြရ၏။

နာရီဝက်ခန့်လည်း ခေတ္တအနားပေးသည်။ ထိုအချိန်တွင် အချို့မှာ တုံးလုံးပက်လက်လှန်ပြီး အမောဖြေ အနားယူကြ ရသည်။

အကျဉ်းသားများအားထိန်းကျောင်းရသည့်ခေါင်းဆောင် စီးဘောင်ချိုင်းမှာလည်း အမှန်စင်စစ် တွေးကြည့်လျှင် မသက် သာလှပါ။

သူသည် ကျာပွတ်တစ်ချောင်းနှင့် လှည့်လည်ကာ ရိုက်နှက် နေရသည်။ ယခုကဲ့သို့ ခေတ္တနားချိန်ရောက်မှ သူလည်း တစ် နေရာ၌ အနားယူပြီး အစားအသောက်များကို စားသောက် ရလေသည်။

စီးဘောင်ချိုင်း အနားယူသည့် နေရာမှာ အကျဉ်းစခန်း အုပ်ချုပ်ရေးမှူးကြီး ဂေဟာနှင့် ကပ်လျက်ရှိသည်။ အကျဉ်း စခန်း အုပ်ချုပ်ရေးမှူးကြီး၏ ဂေဟာသည် ကျယ်ကျယ်ဝန်း ဝန်းနှင့် လှပသပ်ရပ်စွာ ဆောက်လုပ်ထားသည်။

ထိုအဆောက်အအုံ၏အနောက်ဘက်၌ ဆွမ်ဆန့်တို့က ခေတ္တ အနားယူနေသည်။ ထိုစဉ် ကျီဘေးက....



'ဆရာဆွဲမ်.... ဟိုမှာတွေ့လား'

ဟု ပြောသဖြင့် ဆွမ်ဆန်က လှမ်းကြည့်သည်။

မြို့စားကြီး သားအဖ တစ်နေရာတွင် အနားယူနေသည်ကို တွေ့ရသည်။ သမီးဖြစ်သူက တစ်စုံတစ်ခုကို မြို့စားကြီးအား ကျွေးနေသည်။

ဆွမ်ဆန်သည် ချိုးဝှဲနှင့် ကျီဘေးတို့ နှစ်ယောက်စလုံးကို ကြည့်လိုက်သည်။ သူတို့သုံးဦးမှာ ခြေထောက်တွင် သံကြိုးများ နှင့်တွဲထားခြင်းကြောင့် ဆွမ်ဆန်က သွားချင်လျှင် သူတို့ နှစ် ယောက်ပါလိုက်မှ ဖြစ်မည်။

'ငါ....အဲဒီကို ခဏသွားချင်တယ်'

ကျီဘေးနှင့် ချိုးဝှဲ ခေါင်းညိတ်လိုက်သည်။

'ရပါတယ်၊ ဆရာဆွဲမ်ရဲ့'

သူတို့သုံးယောက် သံကြိုးသံ ချင်ချင်နှင့် မြို့စားကြီးရှိရာ သို့ လျှောက်လာကြသည်။ မြို့စားကြီးနှင့် သမီးကလေးသည် ဆွမ်ဆန်ကို တွေ့ရသည့်အတွက် အလွန်ပင် ဝမ်းသာသွား ကြသည်။

'တပ်မှူးကြီးအတွက် ကျုပ်စိတ်မကောင်းဖြစ်လိုက်ရတာ'

မြို့စားကြီးက စိတ်မသက်သာ ဟန်ဖြင့် ပြောသည်။ ထို့ အတူ သမီးဖြစ်သူ သခင်မလေးကလည်း....

'ဟုတ်ပါတယ် တပ်မှူးကြီးရယ်၊ ကျွန်မတို့ တစ်ညလုံး အိပ်မပျော်ဘူး၊ တပ်မှူးကြီးကို သူတို့ တော်တော် နှိပ်စက်ကြ သလား'

'ကျွန်တော်ဘာမှ မဖြစ်ပါဘူး'

ဆွမ်ဆန်က သူတို့ စိတ်ကောင်းရန် လိမ်လည်၍ ပြောသည်။ မြို့စားကြီးက ခေါင်းယမ်းလိုက်သည်။

'မနိုင်စက်ဘဲ ဘယ်နေ့မှာလဲကွယ်၊ အင်မတန် ခံနိုင်ရည်ရှိတဲ့လူမို့ ခုလို ကျန်းကျန်းမာမာ ပြန်တွေ့နေရတာပေါ့'

ဆွမ်ဆန်သည် အခြားစကားများကို မပြောချင်ပေ။ ထို့ကြောင့် သိချင်သောအချက်များကိုသာ မေးလေသည်။

'မြို့စားကြီးတို့ သားအဖ အတူနေရသလား'

'ကျုပ်က အသက်အရွယ်ကြီးပြီမို့ သမီးလေးနဲ့ အတူနေခွင့်တောင်းထားရတာပေါ့'

'မြို့စားကြီး ဘယ်လို ဖြစ်ရတာလဲ'

မြို့စားကြီးသည် သက်ပြင်းချလိုက်သည်။ ပြီးမှ ဖြည်းလေးစွာ တစ်လုံးချင်း ပြောသည်။

'ကျုပ်နဲ့ မတည့်တဲ့ မျိုးချစ်သိုင်းသမားတချို့ဟာ ကျုပ်အိမ်မှာ မှီခိုနေကြတာပေါ့ကွာ၊ အဲဒါကို ဘယ်သန်ထိုက်လုက သစ္စာဖောက်လိုက်တာပဲ၊ သူက မန်ချူးတပ်ထဲမှာ အင်မတန်အရေးပါအရာရောက်တဲ့လူ ဖြစ်နေတယ်လေ'

ဆွမ်ဆန်သည် အလွန်အမင်းအံ့သြသွားသည်။ ထို့နောက် ပြင်းထန်စွာလည်း ဒေါသထွက်သွားတော့သည်။

ဘယ်သန်ထိုက်လုသည် မြို့စားကြီး၏ မြင်းတပ်ဗိုလ်တစ်ဦး ဖြစ်သည်။ သူ၏စိတ်ထားသည် ဟိုယခင်ကတည်းက ညို့ဖျင်းမှု ရှိသော်လည်း ယခုကဲ့သို့ ရက်ရက်စက်စက် သစ္စာဖောက်လိမ့်မည်ဟု မထင်မှတ်မိခဲ့ပေ။



ဆွမ်ဆန်သည် ဒေါက်ဘစ်ချက် ပြင်းထန်စွာ ခေါက်လိုက်လေသည်။

'ဒီကောင် တော်ခောာ်မိုက်ရိုင်းပါလား'

မြို့စားကြီးက လက်ကာပြ၍ တရားချသည်။

'ရှိပါစေတော့ကွာ၊ ကျုပ်မှာ ဒီလိုဖြစ်ရမယ့် အကျိုးပေးက ပါလာပြီကိုး'

ဆွမ်ဆန်သည် အံ့ကို တင်းတင်းကြိတ်ထားမိသည်။ သခင်မလေးကို တစ်ချက်လှမ်းကြည့်လိုက်၏။

'သခင်မလေးနဲ့ မြို့စားကြီး ကောင်းကောင်းမွန်မွန် စားရသောက်ရရဲ့လား'

သခင်မလေးက ခပ်တိုးတိုးလေသံဖြင့် —

'သိပ်တော့ မဆိုးလှပါဘူး တပ်မှူးကြီး၊ ကျွန်မတို့ရဲ့ အဆောင်မှူးကို ငွေကြေးအလုံအလောက် ပေးကမ်းထားတော့ သူက နည်းနည်းပါးပါး ဆောင်ရွက်ပေးပါတယ်'

ထိုစကား ကြားရသည့်အခါ ဆွမ်ဆန်မှာ အနည်းငယ် ရင်အေးသွားရသည်။

'လုံးဝ အလုပ်မလုပ်ရအောင် ပြောလို့မရဘူးလား'

မြို့စားကြီးက လက်ကာလိုက်သည်။

'ကျုပ်အနေနဲ့ ဘာမှ အကြောင်းမထူးပါဘူး၊ သူတို့ကို ပေးကမ်းစရာဆိုလို့လဲ ငွေကြေးကမလုံလောက်တော့ဘူးလေ'

ဆွမ်ဆန်သည် စိတ်မသက်မသာဖြင့် သက်ပြင်း တစ်ချက်ချမိသည်။ ထိုအချိန်မှာပင် လုပ်ငန်းပြန်စရန် အချက်ပေးလိုက်သည့် အသံကို ကြားလိုက်ရသည်။

အနားယူနေကြသူအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြရတော့သည်။

* * *

အဆောက်အအုံကြီးကို မြင့်မားစွာ တည်ဆောက်နေသည်။ ထိုအဆောက်အအုံကြီး ပြီးစီးသွားပါက များစွာသော အကျဉ်းသားများကို လုံခြုံစွာ ထားနိုင်တော့မည်ဖြစ်သည်။

အကျဉ်းစခန်း အုပ်ချုပ်ရေးမှူးသည် အဆောက်အအုံ တည်ဆောက်နေသည်ကို ကြည့်ရှုစစ်ဆေးနေ၏။

အုပ်ချုပ်ရေးမှူးမှာ မန်ချူး အမျိုးသားပင် ဖြစ်ပြီး အသက်က ခပ်ငယ်ငယ်ဖြစ်သည်။ အလွန်ဆုံးရှိလှမှ သူ၏ အသက်သည် သုံးဆယ်ကျော်ခန့်သာဖြစ်မည်။ သူနှင့်မလှမ်းမကမ်းတွင် သူ၏ဇနီးနှင့် သူ၏သမီး ဖြစ်ဟန်တူသော ခြောက်နှစ်အရွယ် မိန်းကလေးသည် အဆောက်အအုံ ဆောက်လုပ်နေသည်ကို မော့ကြည့်နေကြသည်။

အုပ်ချုပ်ရေးမှူးမိသားစုသည် တစ်ခါတစ်ရံ ဤကဲ့သို့ပင် အကျဉ်းစခန်းကို လှည့်လည်ကြည့်ရှုလေသည်။

အဆောက်အအုံတွင် ငြမ်းများဆင်ထားသည်။ သစ်လုံးသယ်သူ၊ ကျောက်ခဲသယ်သူများသည် ငြမ်းပေါ်မှအတက်အဆင်း ပြုလုပ်နေကြသည်။ အုပ်ချုပ်ရေးမှူး မိန်းမနှင့်



သမီးငယ်သည် အလုပ်လုပ်နေသော အလုပ်သမားများကို ငေးမော၍ ကြည့်နေကြသည်။

ဆွမ်းဆန်တို့သုံးယောက်အတွဲသည် ကျောက်ခဲများ ပစ်ချပြီး ထိုအနားမှ ဖြတ်လျှောက်လာသည်။

ထိုအချိန်တွင် မည်သူမျှ မမျှော်လင့်မထားသော ဖြစ်ရပ်တစ်ခုက ရုတ်တရက် ဖြစ်ပေါ်လာတော့သည်။

'ဖြောင်း....ဖြောင်း'

ဟူသောအသံနှင့်အတူ ငြမ်းဆင်ထားသော ဝါးလုံးများ ကျိုးကျသွားသည်။ ထိုအခါ ကြီးမားသော ကျောက်တုံး နှစ်ခုသုံးခုသည် အရှိန်နှင့် ကျလာတော့သည်။

အုပ်ချုပ်ရေးမှူးမိန်းမနှင့် သမီးငယ်သည် မည်သို့မျှ ရှောင်တိမ်းချိန်မရတော့ပါ။ ကျောက်တုံးသည် သားအမိနှစ်ယောက် ခေါင်းပေါ်သို့ တည့်တည့်မတ်မတ်ပင် ကျရောက်လာနေ၏။

'ဟာ....'

'ဟင်....'

'အား'

တအံ့တသြ ရေရွတ်လိုက်သည့် အာမေဋိတ်သံများ ထွက်ပေါ်လာသည်၊ တစ်ဆက်တည်းမှာပင်....

'ဝုန်း'

ဟူသော မြည်ဟည်းသံကြီးက ထွက်ပေါ်လာလေသည်။

* * *

မြင်ရသူအားလုံးမှာ မျက်စိပြာဝေပြီး မူးမိုက်မတတ် ဖြ
သွားကြရသည်။

အုပ်ချုပ်ရေးမှူးက အတင်းပြေးလာသည်။ မြင်ရသည့်
မြင်ကွင်းက အံ့ဩစရာ ကောင်းနေတော့သည်။

သံကြိုးများ ချည်နှောင်ထားသည့် သုံးထောက်အလယ်
ဆွမ်ဆန်သည် ဒြမ်းကျိုးကျသံ ကြားလိုက်သည်နှင့် တအာ
ကြုံး၍ခုန်ကာ သားအမိနှစ်ယောက်ကို ရင်ခွင်ထဲထည့်ပြီ
နောက်သို့ ပက်လက်လှန် ချလိုက်သည်။

သားအမိနှစ်ယောက် ရပ်တန့်နေသည့်နေရာတွင် ကျော
တုံးကြီးက အရှိန်ပြင်းစွာ ကျရောက်ပြီး မြေကြီးပင် ချိုင့်ဝ
သွားသည်။

ဆွမ်ဆန်မှာ ပက်လက်လန်နေပြီး သူ၏ခန္ဓာကိုယ်ပေါ်တွ
သားအမိ နှစ်ယောက်ကို ဖက်လျက်သား တွေ့လိုက်ရသည်
သူသည် သားအမိနှစ်ယောက်စလုံးကို အချိန်ကြာမြင့်စွာ ဖ
ထားမိသည်။ အုပ်ချုပ်ရေးမှူး၏ မိန်းမသည် မျက်လုံးမျ
ပြူးကျယ်၍ ကြက်ဒသေ သေနေမိ၏။

သတိပြန်ရ၍ ကြည့်လိုက်မှ သူတို့သားအမိသည် အကျဉ်
သားတစ်ဦး၏ ရင်ခွင်ထဲ၌ ဖက်ထားခြင်း ခံနေရသည်ကို
လိုက်သည်။

သူမက ကလေးကသာလျှင်လဲသ၍ သမီးလေးကိုလည်း ပ
ချီလိုက်သည်။

'ဘုရား ကယ်တော်မူပါ'



သူမက ဘုရားတမိလိုက်သည်။ ပြီးမှ သူမကို ကယ်ဆယ်
လိုက်သည့် အကျဉ်းသားအား လှည့်ကြည့်မိသည်။ အကျဉ်း
သား ဆွမ်ဆန်မှာ နောက်သို့ ပက်လက်လှန် ချလိုက်စဉ်
ကျောက်တုံးတစ်ခုနှင့် ခေါင်းကို ဝင်ဆောင့်မိကာ ခေါင်း
ပေါက်သွားပြီး သတိမေ့နေသည်။

သူ၏ခေါင်းမှသွေးများ ဖြာကျနေ၏။ ဆွမ်ဆန်၏ မျက်စိ
ထဲဝယ် ကြယ်ပွင့်များ လင်းလက်သွားပြီး အားလုံး မှောင်
အတိကျသွားလေသည်။

*

ဆွမ်ဆန် သတိပြန်ရလာသည်။

သူသည် သမားတော်၏ အခန်းထဲဝယ် ရောက်ရှိနေ၏။
သူ၏နံဘေးတွင် ချူးဝှဲနှင့် ကျီဘားရှိနေသည်။ သံကြိုးက
တွဲလျက်သားမို့ သမားတော်အခန်းထဲအထိ သူတို့ ၂ ဦးလိုက်ပါ
လာရသည်။ ထိုအခန်းထဲတွင် နှစ်ရက်တိတိ ကောင်းကောင်း
အိပ်ပြီး ကောင်းကောင်း စားလိုက်ရသည်။

ဆွမ်ဆန်၏ခေါင်းမှဒဏ်ရာ သက်သာသွားသည်နှင့် သူတို့၏
အဆောင်ထဲသို့ ပြန်ပို့လိုက်လေသည်။

သူတို့သည် အဆောင်ထဲ၌ ယနေ့ တစ်နေ့လုံး အနားယူရဦးမည်ဖြစ်သည်။ ချီးဝှဲက ဝမ်းသာနေသည်။

'ဆရာဆွမ် ဒဏ်ရာရမှုပဲ ကျွန်တော်တို့ ကောင်းကောင်း မွန်မွန်စားသောက်ပြီး အိပ်ရေးဝဝ အိပ်ရတော့တယ်'

ကျီဘားက ရယ်မော၍ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်ကွာ၊ ဒါပေမယ့် ဆရာဆွမ်ကို သူတို့ဒါထက် မက ကျေးဇူးဆပ်သင့်တယ်'

ဆွမ်ဆန်က ပြုံး၍....

'ကဲ....ကဲ မင်းတို့ပါးစပ်ပိတ်ထားကြ၊ အခွင့်အရေးရတုန်း အိပ်ရေးဝအောင် အိပ်ကြရအောင်'

သို့သော် သူတို့ မအိပ်လိုက်ရပါ။ မန်ချူးအာဏာသား စီးဘောင်ချိုင်းနှင့် ကြီးမားသောဂွကြီးနှင့် ပလာယာကို ကိုင်ထားသော လူနှစ်ယောက် ရောက်ရှိလာသည်။

စီးဘောင်ချိုင်း၏ အမိန့်ဖြင့် ထိုလူနှစ်ယောက်သည် ပလာယာနှင့်ဂွကြီးကို အသုံးပြုကာ သံကြိုးကွင်းအဆက်တစ်ခုကို ဟသွားအောင် ပြုလုပ်နေကြသည်။

ထိုလူနှစ်ယောက်သည် ခွန်အားစိုက်၍ သံကြိုးကွင်းကို ဖြုတ်ထုတ်လိုက်သည်။ ထိုအခါ ဆွမ်ဆန်၏ ခြေထောက်မှ သံကြိုးပြုတ်ထွက်သွားသည်။

သံကြိုးဖြုတ်ပုံကိုကြည့်၍ ချီးဝှဲသက်ပြင်းချမိသည်။ သူတို့ အနေဖြင့် ဤသို့ပြုလုပ်ရန် အတော်ခဲယဉ်းမည် မဟုတ်ပါလား၊

* * *



စီးဘောင်ချိုင်းသည် ချီးဝှဲနှင့် ကျီဘားတို့ကို လုပ်ငန်းခွင်သို့ လွှတ်လိုက်ပြီး ဆွမ်ဆန်ကို ခေါ်ထုတ်သွားသည်။

ဆွမ်ဆန်သည် စီးဘောင်ချိုင်းနောက်မှ လိုက်ပါသွားရသော်လည်း လွတ်လွတ်လပ်လပ် မဟုတ်ပါ။

လက်နှစ်ချောင်းကိုနောက်ပစ်စေ၍ ကြိုးနှင့်ချည်ထားပြီးမှ ခေါ်ဆောင်ခြင်း ဖြစ်လေသည်။

စီးဘောင်ချိုင်းသည် အုပ်ချုပ်ရေးမှူးဂေဟာ အဝင်ဝဆီ လိုက်ပို့ပြီး ပြန်လှည့်သွားလေသည်။ ဂေဟာထဲမှ အစောင့်တပ်သားတစ်ဦးက ခန်းမဘစ်ခုထဲသို့ ခေါ်ဆောင်သွားလေသည်။

ခန်းမထဲတွင် အုပ်ချုပ်ရေးမှူး သားအဖသုံးဦးကို တွေ့ရသည်။ အုပ်ချုပ်ရေးမှူးဇနီးက ဆွမ်ဆန်ကို မြင်လိုက်သည်နှင့် အပြုံးဖြင့် နှုတ်ဆက်လေသည်။ သို့သော် ဆွမ်ဆန်က ခပ်ယဲ့ယဲ့ ပင် ပြန်၍ ပြုံးပြသည်။ အုပ်ချုပ်ရေးမှူး၏ အမည်မှာ သန်းကိုး ဖြစ်သည်။

မန်ချူး တပ်မှူး တစ်ယောက် ဖြစ်သည်။ သန်းကိုးက ဆွမ်ဆန်ကို ပြုံး၍....

'ခင်ဗျားခေါင်းကဒဏ်ရာ သက်သာသွားပြီလား'

ဆွမ်ဆန်အာ ခေါင်းညိတ်ပြသည်။

'ဟုတ်ကဲ့၊ သက်သာသွားပါပြီ'

'ထိုင်ပါ'

ဆွမ်ဆန်က ကုလားထိုင်၌မထိုင်ဘဲ ရပ်တန့်နေရင်းမှ....

'ရပါတယ်၊ အုပ်ချုပ်ရေးမှူး ပြောစရာရှိကာပြောပါ'

သန်းကိုးသည် မျက်နှာပျက်သွားပြီး သူ့မိန်းမကို တ
ချက် လှမ်းကြည့်သည်။

အမျိုးသမီးက....

'ထိုင်ပါရှင်၊ ကျွန်မတို့မိသားစုက ရှင့်ကို ကျေးဇူးတင်
ကြတာပါ'

'မထိုင်တော့ပါဘူး၊ ခင်ဗျားတို့ ဒီလောက် ကျေးဇူးဆ
ထားတာကိုပဲ ဝမ်းသာလှပါပြီ'

ဆွမ်ဆန်၏စကားကြောင့် အုပ်ချုပ်ရေးမှူး သန်းကိုးမှ
ကြောင်သွားသည်။ သူတို့သည် ဆွမ်ဆန်အား မည်ကဲ့သို့
ကျေးဇူးမဆပ်ရ သေးပါပဲလျက် ထိုစကားကို ဘာကြော
ပြောပါလိမ့်ဟု စဉ်းစားနေမိသည်။

'မင်းကို ကျုပ်တို့ ဘာထစ်ခုမှ ကျေးဇူးမဆပ်ရသေးပ
လား'

သန်းကိုးက ကြောင်အမ်းအမ်းဖြင့် ပြန်မေးသည်။

ဆွမ်ဆန်က မဲ့ပြုံးပြုံးလေသည်။

'ခင်ဗျားတို့ ဆေးကုပေးတယ်၊ ကောင်းကောင်း ကျွေ
တယ်၊ သံကြိုးဖြုတ်ပေးတယ်မဟုတ်လား'

သန်းကိုးက အနည်းငယ်ပြုံးသည်။

'ဒါကျေးဇူးဆပ်တာ မဟုတ်ပါဘူးဗျာ၊ ကျုပ်တို့မှာ ကို
ချင်းစာနာတဲ့ စိတ်ထားတွေ ရှိကြပါတယ်'



သန်းကိုးသည် သူတို့မန့်ချူးတွေကို ဂုဏ်ဘဝ်စကား ပြော
လိုက်သေးသည်။ ဆွမ်ဆန်က မဲ့ပြုံးပြုံးလိုက်၏။

'ရှင့်ကို ကျွန်မတို့ကျွေးမွေးဧည့်ခံဖို့ စီစဉ်ထားပါတယ်ရှင်'

အမျိုးသမီးက ရှေတွင်ချထားသော အစားအသောက်
များကို မေးငေါ့၍ ပြောလိုက်ခြင်းဖြစ်သည်။ ဆွမ်ဆန်မှာ
အလွန်အမင်း ဒေါသထွက်သွားသည်။

'ကျေးဇူးတင်ပါတယ်၊ ကျုပ်ခွေးလိုမစားတတ်ဘူး'

သူ့စကားကြောင့် အမျိုးသမီး မျက်လုံးဝိုင်းသွားသည်။
ယခုမှ ဆွမ်ဆန်၏သက်ကို နောက်ပြန်ကြိုး တုပ်ထားကြောင်း
သတိပြုမိတော့သည်။

သူမသည် သူ့ယောကျ်ားကို အင်းတင်းမာမာကြည့်လိုက်
လေသည်။

'ရှင် ဘယ်လိုလုပ်ထားတာလဲ၊ လက်နှစ်ဖက်ကို ကြိုးတုပ်ပြီး
ရှင့်ကိုကျွေးရမယ်'

အမျိုးသမီးသည် သန်းကိုးအပေါ်၌ အဓိပ္ပာယ်ပါသော မျက်လုံးမိုးပုံ
ရသည်။ သူမက ဒေါသဖြင့် ပြောသော်လည်း သူသည် သူမ
အား အေးဆေးစွာ ပြန်ရှင်းပြလေသည်။

'ကျုပ်သိပါတယ် မိန်းမရယ်၊ ကျုပ်လဲ ဒါကိုပဲ စဉ်းစား
နေတာပဲ'

အမျိုးသမီးက မျက်မှောင်ကြုတ်လိုက်သည်။

'ရှင်က ဘာစဉ်းစားနေတာလဲ'

သန်းကိုးက ဖွင့်ပြီးမပြောချေ။ သန်းကိုးစိုးရိမ်နေသည်မှာ
ဆွမ်ဆန်၏ သတ်သွားမှာကို ကြောက်၍ဖြစ်သည်။

ဆွမ်ဆန်က မဲ့ပြုံးပြုံး၍....

'ဒီမှာ အုပ်ချုပ်ရေးမှူး၊ ကျုပ်အတွက်ကြောင့် စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့၊ ကျုပ်ကိုခေါ်တဲ့ ကိစ္စကိုသာ ပြောပါ'

ဟု ခပ်မာမာပင် ပြောလိုက်သည်။ အမျိုးသမီးသည် အပြင်တွင် စောင့်နေသော အစောင့်တစ်ဦးကို လှမ်းခေါ်လိုက်သည်။ အစောင့်က ပြေးဝင်လာ၏။ အမျိုးသမီးက ဆွမ်ဆန်၏လက်မှ ကြိုးကို ဖြတ်ခိုင်းလိုက်လေသည်။

'စိတ်မရှိပါနဲ့ဗျာ၊ ကျုပ် အစိုးရိမ်လွန်နေတာပါ'

သန်းကိုးက တောင်းပန်လိုက်လေသည်။ ထိုစဉ် သန်းကိုး၏ သမီးလေးက ဆွမ်ဆန်ကိုကြည့်ကာ....

'ဦးဦး....မုန့်တွေ အများကြီးစားပါ'

ဟု ချစ်ဖွယ် လှမ်း၍ပြောသည်။ ဆွမ်ဆန်သည် ကလေးမကို နှစ်ခြိုက်စွာ ပြုံးပြ၍ ပါးကို အသာအယာ ဆွဲလိမ်လိုက်သည်။

ပြီးနောက် ကုလားထိုင်တွင် ဝင်ထိုင်၍ သန်းကိုးအား မော့ကြည့်လိုက်သည်။ သူသည် အုပ်ချုပ်ရေးမှူးထံမှ ထွက်လာမည့်စကား ကိုငံ့လင့်နေသည်။

အမျိုးသမီးက အရက်ခွက်များထဲသို့ အရက်ကိုငှဲ့ထည့်ပြီး ဆွမ်ဆန်၏ရှေ့တွင် တစ်ခွက်ချပေးကာ ကျန်နှစ်ခွက်ကို သူမ၏ရှေ့၌ ချထားလိုက်သည်။

'သုံးဆောင်ပါ ဆွမ်ဆန်၊ ရှင်သာကယ်ရင် ကျွန်မ သားအမိနှစ်ယောက် လူ့လောကမှာ မရှိတော့ပါဘူး၊



တော်ပါပြီရှင်၊ နောက်ကိုကျွန်မ ဘယ်တော့မှ အဲဒီနားမသွား တော့ဘူး'

သန်းကိုးကလည်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ခင်ဗျားရဲ့ကျေးဇူးကို ဆပ်ချင်လို့ ကျုပ်တာ စည်းကမ်းချက်တွေကို တစ်ခုပြီးတစ်ခု ချိုးဖောက်လိုက်ပါတယ်၊ ဒါကိုတော့ ခင်ဗျား သဘောပေါက်ပါလိမ့်မယ်'

ဆွမ်ဆန်က အလိုက်အထိုက်ပင် ခေါင်းညိတ်လိုက်သည်။ ထို့နောက် အရက်ကိုသောက်ပစ်လိုက်ပြီး တူတစ်စုံကိုဆွဲကာ အစားအသောက် အချို့ကို စားလိုက်လေသည်။

အမျိုးသမီးက ကုန်သွားသော အရက်ခွက်ထဲသို့ ထပ်မံ ဖြည့်စွက်ပေး၏။

'ကျုပ်ကို ခေါ်တွေ့တာ ကျေးဇူးဆပ်ဖို့ သက်သက်တော့ ဟုတ်မယ်မထင်ပါဘူး'

ဆွမ်ဆန်က ပြောလိုက်သည်။

သန်းကိုးက....

'ကျုပ် ခင်ဗျားရဲ့ ရဲစွမ်းသတ္တိကို အင်မတန် လေးစားပါ တယ်၊ တကယ်လို့သာ ခင်ဗျားက ကျုပ်တို့ဘုရင်ရဲ့ သစ္စာကို ခံယူပြီး အမှုထမ်းမယ်ဆိုရင် ကျုပ် အထက်လူကြီးတွေဆီကို အစီရင်ခံစာ ရေးလိုက်ပါ့မယ်'

ဆွမ်ဆန်က ခပ်ပြုံးပြုံးဖြင့် ခေါင်းယမ်းလိုက်လေသည်။

'ကျုပ် တစ်ပါးသူရဲ့လက်အောက်မှာ ဘယ်တော့မှ အမှု မထမ်းဘူး'

သူ၏ ပြတ်သားသောစကားကြောင့် သန်းကိုး သက်ပြင်းချလိုက်လေသည်။

'ရှင် အဲဒီကိစ္စကို လက်ခံလိုက်ရင် နောက်ပိုင်းမှာ အခြေအနေ တစ်မျိုးပြောင်းသွားနိုင်တာပေါ့'

အမျိုးသမီး၏ စကားများက အဓိပ္ပာယ် ကျယ်ဝန်းလှပေသည်။ သူမသည်ဆွမ်ဆန်ကို အပြီးအပိုင် လွတ်မြောက်စေချင်သော ဆန္ဒရှိနေပုံရသည်။

ဆွမ်ဆန်သည် အမျိုးသမီးကို အနည်းငယ် အားနာ၍ မည်သို့မျှ ပြန်မပြောတော့ဘဲ ပါးစပ်ပိတ်ထားလိုက်သည်။

'ကျုပ်အနေနဲ့ အကောင်းဆုံး အခွင့်အရေး တစ်ခုတော့ ပေးမယ်ဗျာ၊ အကျဉ်းသားတွေကို အုပ်ချုပ်တဲ့အလုပ် ခင်ဗျားကို လွှဲပြောင်းပေးမယ်၊ စီးတော်ချိုင်းရဲ့ လက်အောက်မှာ အမှုထမ်းရမှာပေါ့၊ ခင်ဗျား မလုပ်ချင်ဘူးလား'

ဆွမ်ဆန်သည် ခေါင်းကို သွက်သွက်ပင် ယမ်းပစ်လိုက်သည်။

'အိမ်ကြက်ချင်း အိုးမည်းသုတ် ခွပ်ရမယ့် အလုပ်မျိုးကို ကျုပ်ဘယ်တော့မှ မလုပ်ဘူး'

လင်မယားနှစ်ယောက်စလုံး မျက်နှာပျက်သွားလေသည်။ သန်းကိုးသည် စိတ်ပျက်သွားသလို ဆွမ်ဆန်ကို မေးမောကြည့်သည်။

'ကျုပ်အတွက် တတ်နိုင်ကာတွေ အားလုံးဟာ အဲဒါပဲရှိတယ် ဆွမ်ဆန်၊ ကျုပ်မှာ အကျဉ်းသားတစ်ယောက်ကို လွတ်ပေးနိုင်တဲ့ အာဏာ မရှိတာ အမှန်ပဲ၊ အကျဉ်းသား



တစ်ယောက်ကို မလွှတ်ပေးနိုင်သလိုပဲ၊ လွှတ်ပေးရမယ် ဆိုတဲ့ အကျဉ်းသားကိုလဲ ဆက်လက်ပြီး ထားနိုင်ခွင့်မရှိပါဘူး၊ ကျုပ်မှာ ခင်ဗျားကို မကျေးဇူး ဆပ်စရာဆိုလို့ အလုပ်က အနားပေးထားဖို့ကလွဲပြီး တခြား ဘာမှ မတတ်နိုင်တော့ဘူး'

ဆွမ်ဆန်က ပြုံးလိုက်လေသည်။

'ကျုပ် အနေနဲ့ ခင်ဗျားဆီက ဘာမှ မမျှော်လင့်ပါဘူး၊ ကျုပ် ခင်ဗျားတို့ ခိုင်းစေတဲ့အလုပ်မျိုး လုပ်ပါ့မယ်၊ တစ်ခုတော့ ရှိတယ်ဗျာ'

'ပြောပါရှင်'

အမျိုးသမီးသမီးက ဝင်ပြောသည်။

'ကျုပ်ရဲ့ မိဘလိုဖြစ်နေတဲ့ အတိုးကြီး သားအဖကိုတော့ အလုပ်က လွတ်ငြိမ်းခွင့် ပေးစေချင်တယ်'

သန်းကိုးက မျက်မှောင်ကြုတ်သွားသည်။

'ဘယ်သူများပါလိမ့်ဗျာ'

'မြို့စားကြီး သားအဖကိုပါ'

သန်းကိုးတို့လင်မယား မျက်နှာချင်း ဆိုင်လိုက်သည်။ အတန်ကြာမှ အမျိုးသမီးက...

'ရှင့်ဆန္ဒအတိုင်း ဆောင်ရွက်ပေးပါ့မယ်၊ ဒါဆိုရင် ရှင် စိတ်ချမ်းသာပြီ မဟုတ်လား'

'ဟုတ်ကဲ့၊ ကျွန်တော် ခင်ဗျားတို့ကျေးဇူး မမေ့ပါဘူး'

အမျိုးသမီးသည် ဆွမ်ဆန်ကို စူးစိုက်ကြည့်ကာ သက်ပြင်းချလိုက်သည်ကို တွေ့ရသည်။ သူမ၏စိတ်ထဲတွင် တစ်ပါးသူအတွက် အနစ်နာခံလွန်းသော ဆွမ်ဆန်ကို အံ့ဩချီးကျူး

နေမိသည်။ မကြာမီ သူမက လက်ခုပ်နှစ်ချက် ဆက်တီးလိုက်သည်။

မန်ချူး စစ်ဗိုလ်လေးတစ်ဦး အခန်းထဲ ဝင်လာသည်။ အမျိုးသမီးသည် စစ်ဗိုလ်လေးကို တီးတိုးစကား ပြောလိုက်သည်ကို တွေ့ရသည်။

ထို့နောက် ယင်းစစ်ဗိုလ်လေး၏နောက်မှ ဆွမ်ဆန်လိုက်ခဲ့ရလေသည်။ အမျိုးသမီးသည် သူ၏ယောကျ်ား သန်းကိုးအား အလွန်အမင်း လွမ်းမိုးထားမှန်း ထင်ရှားသိသာနေတော့သည်။

* * *

ဆွမ်ဆန်၏စိတ်ထဲတွင် သူသည် မူလအဆောင်သို့ သွားပြီး မူလအလုပ်ကိုပင် ပြန်လည်လုပ်ရလိမ့်မည်ဟု ထင်ထားခဲ့သည်။

သို့သော် ထိုသို့မဟုတ်ပါ။ မန်းချူး စစ်ဗိုလ်လေးသည် ဆွမ်ဆန်အား အဆောင်တစ်ခုသို့ ခေါ်လာသည်။ ထို အဆောင်မှာ ယခင် သူနေခဲ့သော အဆောင်၏ တော အဆောင်ဖြစ်သည်။



ထိုအဆောင်သည် အခန်းပေါင်းများစွာ ဖွဲ့စည်းထား၏။ ထိုအခန်းများ၌ အကျဉ်းသားများကို စောင့်ကြပ်နေရသော တပ်သားများ နေထိုင်လေသည်။

ယင်းအဆောင်၌ ဆွမ်ဆန်ကို အခန်းတစ်ခန်း ပေးလိုက်လေသည်။ အခန်းက ကျဉ်းမြောင်းသော်လည်း တစ်ယောက်တည်း အေးဆေးစွာ နေထိုင်ရသော အခန်းဖြစ်လေသည်။

'အကျဉ်းသားထဲမှာတော့ ခင်ဗျား အင်မတန် ကံကောင်းပါတယ်'

မန်ချူးစစ်ဗိုလ်လေး၏ စကားကြောင့် ဆွမ်ဆန်မျက်မှောင်ကြုတ်လိုက်ပြီး....

'ဘာဖြစ်လို့လဲဗျ'

'ခင်ဗျားက အကျဉ်းစခန်း ဝန်ထမ်းတွေနဲ့အတူ နေထိုင်ရတဲ့အပြင် သူတို့စားတဲ့ အစားအသောက်လဲ ခင်ဗျား စားရလိမ့်မယ်'

ဆွမ်ဆန်က ခပ်ယဲ့ယဲ့ ပြုံးလိုက်သည်၊ ဆွမ်ဆန်သည် ဤနေရာသို့ ရောက်ရှိလာရသဖြင့် ပျော်သွားမည်ဟု စစ်ဗိုလ်လေးက ထင်သည်၊ သို့သော် ဆွမ်ဆန်မပျော်နိုင်ပါ။ သူသည် ဘဝတူ အကျဉ်းသားများကို အလွန်သနားနေသူ ဖြစ်သည်။

'ကျုပ်က ဘာအလုပ်မှ မလုပ်ရဘူးလား'

ဆွမ်ဆန်က ပြန်မေးလိုက်သည်။

'ခင်ဗျား အလုပ်တော့ လုပ်ရလိမ့်မယ်၊ ဒါပေမယ့် ကျောက်တုံးတော့ ထမ်းရမှာမဟုတ်ဘူး၊ ခင်ဗျားကို အုပ်

ချုပ်ရေးမှူးအိမ်မှာ ထင်းခွဲရခပ်ဖို့ တာဝန်ပေးလိုက်တယ်၊ ခင်ဗျားအများကြီး သက်သာပါတယ်ဗျာ'

စင်ဗိုလ်လေးက ထိုသို့ပြောပြီး အဆောင်မှူးထံ အပ်နှံကာ ပြန်သွားတော့သည်။

ဆွမ်ဆန်သည် စိတ်ထဲ၌ ပြုံးလိုက်မိသည်။ ထို့နောက် အုပ်ချုပ်ရေးမှူး ဗိန်းမ၏ သူ့အပေါ် စူးစိုက်ကြည့်သော ထူးခြားသည့် မျက်လုံးကို ပြန်၍မြင်ယောင်လိုက်မိလေသည်။

## အခန်း (၅)

---

မြင်းတစ်ကောင်သည် အပြေးအလွှား သွားနေရာမှ ခြံဝင်းကြီးတစ်ခုရှေ့သို့ အရောက်တွင် ရပ်တန့်လိုက်လေသည်။ ခြံဝင်းကြီးမှာ ကျယ်ဝန်းသလောက် သစ်ပင်ကြီးငယ်များ အုပ်ဆိုင်းထားသဖြင့် တောတန်းတစ်ခုလိုဖြစ်နေသည်။

အသေအချာကြည့်ပါမှ ခြံဝင်းထဲ၌ သေးငယ်သော အိမ်တစ်လုံးကို တွေ့ရမည်ဖြစ်သည်။

မြင်းပေါ်မှလူသည် မြင်းပေါ်မှ ခုန်ဆင်းပြီး ထိုခြံဝင်းကြီးထဲမှ အိမ်ကို သေချာစွာ အကဲခတ်ကြည့်လိုက်သည်။ ခြံဝင်းကြီး၏ ရှေ့သစ်ပင်ကြီးတစ်ပင်တွင် အမှတ်အသားတစ်ခုကို တွေ့လိုက်ရသည်။

သူ၏ မျက်နှာသည် ကျေနပ်သွားသကဲ့သို့တစ်ချက်ပြုံးလိုက်လေသည်။ သစ်ပင်၌ တွယ်ချိတ်ထားသော အမှတ်အသားမှာ ငွေရောင်ကြယ်ပွင့်တစ်ပွင့်ပင်ဖြစ်သည်။

ထိုသူက လှမ်းဝင်လိုက်စဉ်မှာပင်....

'ဝှီး....ဝှီး'

လေတိုးသံကြောင့် ကပျာကယာ ငုံ့၍ ရှောင်လိုက်ရလေသည်။ အလင်းတန်း သုံးလေးခုသည် သူ၏ မျက်နှာအနီးမှ ဖြတ်သန်းသွားပြီး နောက်ကျောရှိ သစ်ပင်၌ စိုက်ဝင်နေသည်။

အကယ်၍ မြင်းနှင့်လာသော လူသာ ငုံ့ပြီးမရှောင်ပါက ထိုအရာဝတ္ထုများသည် သစ်ပင်၌ နစ်မြုပ်မဝင်ဘဲ ထိုသူ၏ လည်ပင်းနှင့်ရင်ဘတ်·မျက်နှာတို့တွင်နစ်မြုပ်သွားမည်မှာအမှန် ဖြစ်တော့သည်။

အချွန်ငါးခုပါသောကြယ်ပွင့်ပုံစံ သံဓားပြားများပင် ဖြစ်သည်။ ခေါ်မြောင်ထက် ကြောက်စရာကောင်းသည့် လက်နက်ပုန်း တစ်မျိုးဖြစ်လေသည်။

မြင်းနှင့်လာသူ၏ ငုံ့ရှောင်ပြီးသည်နှင့် ဝမ်းသာအားရ ပြုံးလိုက်လေသည်။

'ကိုယ့်ရဲ့ငယ်ချစ်တစ်ယောက်ကို ဒီလိုပဲ ကြိုစားရသလား ငွေကြယ်ပွင့်မရဲ့'

'ဝှစ်....ဝှစ်....ဝှီး'

နောက်ထပ် သုံးခု ပျံလွှင့်လာပြန်သည်။

မြင်းနှင့်လာသူသည် ကပျာကယာ ဝပ်ချလိုက်ရတော့သည်။ ကြယ်ပွင့်များသည် သစ်ပင်၏ ပင်စည်ထဲသို့ အားလုံးမြုပ်ဝင်သွားတော့သည်။

'ဟေ့....ဟေ့ မိုးနဂါးကို ဒီလိုမလုပ်နဲ့လေကွာ'



မြင်းနှင့်လာသူက ကျယ်လောင်စွာ လှမ်းအော်ပြောလိုက်ရတော့သည်။

*　　*　　*

သေးငယ်သော အိမ်ကလေးထဲမှ အမျိုးသမီးတစ်ဦး ထွက်လာသည်။

အသက်အားဖြင့် မငယ်လွန်း မကြီးလွန်း သုံးဆယ်ကျော်ခန့် ရှိမည်။ ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းပြီး အရပ်မြင့်သည်။ သူမသည် ခါးထောက်၍ မိုးနဂါးကိုကြည့်နေသည်။ သူမကို မြင်တွေ့လိုက်ရသော မိုးနဂါးသည် အံ့ဩသလို ခေတ္တကြောင်ပြီး ရပ်ကြည့်နေမိသည်။

'အို....ငွေကြယ်မက ခုထိ လှတုန်းပါပဲလား'

မိုးနဂါးက တအံ့တဩ ပြောလိုက်သည်။

'ဟင်....'

သူမသည် ပါးစပ်မှ တစ်ချက်အသံထွက်သွားပြီး အိမ်ထဲသို့ ခြေဆောင့်ဝင်သွားသည်။ မိုးနဂါးသည် အိမ်ထဲသို့ လိုက်ဝင်သွားသည်။ အိမ်ထဲ၌ ပရိဘောဂများက သပ်သပ်ရပ်ရပ် မရှိပေ။ ဖရိုဖရဲနှင့် မသပ်မရပ်ဖြစ်နေသည်။

သူမသည် အမျိုးသမီးတစ်ယောက်ဖြစ်သော်လည်း အိမ်မှုကိစ္စထိန်းသိမ်းရာ၌ လွန်စွာ ညံ့ဖျင်းလှချေသည်။

ထမင်းစားခန်းထဲသို့ မိုးနဂါး လှမ်းဝင်လိုက်သောအခါ အံ့ဩသွားရတော့သည်။ စားပွဲပေါ်၌ အရက်အိုးများ ဖို ဖရဲဖြစ်နေသည်။

'ငွေကြယ်မ'ဟု အခေါ်ခံရသော အမျိုးသမီးသည် အရက်ကို အလွန်အကျွံ သောက်ထားပုံရသည်။

သူမသည် မိုးနဂါးဝင်လာသည်ကို ဂရုစိုက်ဟန် မပြဘဲ အရက်ခွက်ထဲမှ အရက်ကို မော့ချလိုက်ပြီး မျက်နှာကို တစ်ဖက်သို့ လှည့်လိုက်လေသည်။ မိုးနဂါးက ကုလားထိုင် တစ်လုံး၌ ဝင်ထိုင်လိုက်၏။

'ငွေကြယ်မ နင်ဘာဖြစ်နေတာလဲ'

ငွေကြယ်မထံမှ မည်သည့်စကားမှ ထွက်မလာပေ။ စားပွဲပေါ်တွင် သူမ၏လက်နက် ကြယ်ပွင့်များပြန့်ကြဲနေသည်။

'မင်းဟာ ငါ့ကို ခုချိန်ထိ စိတ်ကောက်နေတုန်းပဲလို့ ထင်တယ်'

မိုးနဂါးက ပြောသည်။

သူမက လုံးဝ လှည့်မကြည့်ပေ။

'တို့အသက်တွေက ငယ်တော့ပါဘူး ငွေကြယ်မရဲ့၊ စိတ်ကောက်ရမယ့် အရွယ်တွေ မဟုတ်တော့ပါဘူး'

မိုးနဂါးက လေသံအေးအေးဖြင့် ပြောနေသည်။

'အမှန်တော့ မင်းကိုငါက မချစ်လို့မဟုတ်ဘဲ၊ နဂါးခုန် ဖော်အဖွဲ့ထဲကိုဝင်လိုက်တော့ လောလောဆယ်အားဖြင့် လက် ထပ်လို့ မဖြစ်ဘူးမဟုတ်လား'



မိုးနဂါးသည် ပြောရင်းမှ ဝမ်းနည်းသည့်အသံမျိုး ပြောင်းလဲသွားသည်။ အမှန်တော့လည်း အဖြစ်အပျက်က ဝမ်းနည်းစရာ ကောင်းနေသည် မဟုတ်ပါလား။

* * *

ငွေကြယ်မနှင့် မိုးနဂါးသည် လျှမ်းလျှမ်းတောက် ထင်ရှားသော သိုင်းသမားများ ဖြစ်ကြသည်။

သူတို့နှစ်ဦးသည် အာမခံ ပို့ဆောင်ရေး ဌာနတစ်ခု၌ အလုပ်ကို အတူတကွလုပ်ကိုင်ရင်းမှ တစ်စတစ်စ ရင်းနှီးလာကြသည်။

ထိုအခါ မိုးနဂါးသည် ငွေကြယ်မကိုလက်ထပ်ခွင့် အကြိမ်ကြိမ် တောင်းခံလေသည်။ သူမသည် အသက်အရွယ်ကလေးအ ရှိနေပြီဖြစ်ရာ အိမ်ထောင်ပြုရန် စိတ်မကူးတော့ပေ။

သို့သော် မိုးနဂါးက အကြိမ်ကြိမ် နားပူနားဆာလုပ်လွန်းသောကြောင့် သူ၏ အချစ်ကို လက်ခံလိုက်မိသည်။ ထိုအခါ သူတို့နှစ်ဦး လက်ထပ်တော့မည့် အကြောင်းကို လူအတော်များများက သိရှိသွားကြလေသည်။

မကြာခင် လက်ထပ်တော့မည်ဟု ရက်သတ်မှတ်ပြီးသော အချိန်ကျကာမှ မိုးနဂါးသည် နဂါးခုနစ်ဖော် အဖွဲ့အစည်းထဲသို့ဝင်ကာ စုံစမ်းမြုပ်စံ ပျောက်ကွယ်သွားတော့သည်။

သူသည် မကြာမီ ငွေကြယ်မနှင့် ပြန်၍ လက်ထပ်ရမည်ဟု ကြံစည်ထားသော်လည်း လုပ်ငန်းများက မအားမလပ်အောင် ဖြစ်ရသည်က တစ်ကြောင်း၊ နဂါးခုနစ်ဖော်သည် အသက်အန္တရာယ်နှင့် အလွန်နီးကပ်သော အလုပ်မျိုးကို လုပ်နေရသောကြောင့်တစ်ကြောင်း သူမအတွက်ငဲ့ညှာပြီး ထိုကိစ္စကို မေ့မေ့ပျောက်ပျောက်ထား၍ ရင်ထဲ၌သာ ဆွေးမြည့်ခံစားခဲ့ရလေသည်။

မိုးနဂါး ယခု ရောက်ရှိလာရခြင်းမှာ သူတို့သည် အလုပ်ကိစ္စအတွက် တက်ညီလက်ညီလုပ်ကိုင်မည့် ထိပ်တန်းသိုင်းသမားများ လိုအပ်လာ၍ဖြစ်သည်။

ထိုအခါ ငွေကြယ်မသည် မိမိတို့နှင့် လက်တွဲလုပ်ကိုင်ရန် အသင့်တော်ဆုံး အမျိုးသမီးတစ်ဦးဖြစ်သည်ကို တွေ့ရသဖြင့် မိုးနဂါးသည် သူ၏နိဂုံးချုပ်ခဲ့သော ဘဝဇာတ်လမ်းကို ပြန်စနေရခြင်း ဖြစ်သည်။

သူမကိုမြင်ရတော့ မိုးနဂါး စိတ်မကောင်း ဖြစ်ရသည်။ သူမသည် စိတ်ထိခိုက်လွန်းသဖြင့် အရက်ကို အဖော်ပြုနေဟန်တူသည်။ မိုးနဂါးရင်ထဲ၌ ဆို့နင့်သွားရသည်။

'ကျုပ်အပြစ် အများကြီး ရှိပါတယ် ငွေကြယ်မ'

မိုးနဂါးကပြောပြီး အရက်ကိုယူ၍ သောက်ပစ်လိုက်သည်။



'ငွေကြယ်မ၊ ကျုပ်လုပ်စန်းအတွက် မင်းဆီက အကူအညီ တောင်းတာပါ'

ငွေကြယ်မကား အသက်ဝိဉာဉ်မဲ့သော လူတစ်ယောက်ကဲ့သို့ မလှုပ်မယှက်ထိုင်လျက် ရှိနေသည်။ သေသေချာချာကြည့်မှ သူမမျက်ဝန်းတွင် မျက်ရည်စက်များ တွဲခိုနေသည်ကို တွေ့ရပေသည်။

'ငွေကြယ်မ ကျုပ်ကိုဒီလောက်အထိ မုန်းနေမယ်လို့ မထင်မိဘူး'

မိုးနဂါးကပြောပြီး အရက်ကိုသာ ဖိသောက်လိုက်သည်။ သူသည်လည်း အတော်ကလေး စိတ်ထိခိုက်သွားလေသည်။

'ရှင်တို့ယောကျ်ားတွေသစ္စာရှိတယ်ဆိုတာ ပါးစပ်အားလို့ ပြောနေကြတာပဲရှိတယ်၊ ရင်ထဲက ပါတာမှမဟုတ်ဘဲ'

ငွေကြယ်မထံမှ စကားသံစ၍ ထွက်လာသည်။ ကြေကြေကွဲကွဲနှင့် ဆို့နင့်စွာ ပြောဆိုလိုက်ခြင်းဖြစ်သည်။ မိုးနဂါးမှာ အတော်ပင် စိတ်ထိခိုက် သွားရပေသည်။

သူ့အလှည့်၊ သူပြောချင်တာ ပြောပါစေတော့၊

'ဒီဘဝသက်မှာ ရှင့်မျက်နှာကို မမြင်ပါစေနဲ့တော့လို့ ကျွန်မဆုတောင်းခဲ့ပေမယ့် ဆုတောင်းက မပြည့်ခဲ့ဘူး၊ အသုံးမကျတဲ့ နတ်တွေကလဲ ရှင့်မျက်နှာကို ဒီရောက်အောင် ပို့လိုက်တယ်'

ငွေကြယ်မသည် စိတ်ထိခိုက်လွန်း၍ နတ်တွေပင် မနေရတော့ပေ။

'ဒီမှာ မိုးနဂါး၊ ကျွန်မ လင်ရှာလို့ မယူတာ မဟုတ်ဘူး။ ကျွန်မ ယောကျ်ားလိုချင်ရင် ရှင့်ခေါင်းက ဆံပင်ထက်တောင် များဦးမယ်၊ ဒါပေမယ့် ရှင်တစ်ယောက်တည်းနဲ့ပဲ ယောကျ်ားတွေအကြောင်းကို သိသွားရပါပြီ'

မိုးနဂါးသည် အရက်ကိုငုံ၍ သောက်နေရသည်ကို စိတ်မရှည်ဟန်ဖြင့် အိုးကိုကိုင်ပြီး မော့သောက်လိုက်တော့သည်။

'ပြောပြော ငွေကြယ်မ ဝအောင်ပြော....ကျုပ်ခွင့်လွှတ်ပြီးသားပဲ'

မိုးနဂါး မူးမူးနှင့် ပြောလိုက်သည်။

'ရှင်တို့ ယောကျ်ားတွေဟာ အပြစ်ရှိလာပြီဆိုရင် မီးနဲ့အတို့ခံထားရတဲ့ ဖားယောင်းလိုပဲ၊ လေသံပျော့ပျော့ကလေးနဲ့ ခွေကျသွားမဘတ်ဘဲ၊ နောက်ကွယ်ရာလဲကျရော သံမဏိချောင်းကြီးကအရှုံးပေးရတယ်၊ တစ်ခါထဲမာကျောသွားပြီး လုပ်ချင်ရာတွေ လျှောက်လုပ်တော့တာပဲ၊ သစ္စာတို့ ကတိတို့ဆိုတာတွေ ဘယ်အခါမှလင်ဆီ ရောက်ကုန်မှန်း မသိတော့ဘူး'

ငွေကြယ်မသည် မပြောမပြောနှင့် ပြောမယ့်ပြောတော့ တစ်ထစ်ခွခွ။ သူမသည် အားရအောင်ပြောပြီး မိုးနဂါးကို ကြည့်လိုက်သည်။ ရယ်နေသည်ကို တွေ့ရသဖြင့် အရက်အိုးနှင့် ကောက်ပေါက်လိုက်တော့သည်။

'ခွပ်...'

မိုးနဂါး၏နဖူးကို အရက်အိုး ထိမှန်သွားပြီး ဖူးယောင်သွား၏။ သို့သော် မိုးနဂါးအရေးမစိုက်နိုင်ပါ။



'ငါမှာ သိပ်ပြီး အကူအညီ လိုနေတယ်၊ မင်း ကူညီပါ ငွေကြယ်မရယ်'

မိုးနဂါးက လာရင်းကိစ္စကို ပြောလိုက်သည်။

ငွေကြယ်မက မျက်နှာကိုတစ်ဖက်သို့ လှည့်သွားသည်။

'အရှက်မရှိတဲ့မျက်နှာနဲ့ ကျွန်မ အလုပ်အတူလုပ်ဖို့ စိတ်မကူးဘူး'

မိုးနဂါးမှာ စိတ်ပျက်အားငယ်သွားသည်။ သူသည် ထိုင်ရာမှထပြီး အိမ်ထဲမှ ထွက်ခဲ့လေသည်။ စိတ်ဆိုးနေသူကို ထပ်မံပြောနေ၍လည်း အကြောင်းထူးမည် မဟုတ်ကြောင်း သိသဖြင့်....

မြင်းပေါ်သို့တက်ကာ ငွေကြယ်မကို လက်တစ်ဖက် ယမ်းပြ၍ မောင်းနှင် ထွက်သွားတော့သည်။

အတော်ဝေးဝေး ရောက်သည့်အခါ ဘာရယ်မဟုတ်ဘဲ နောက်ပြန်လှည့်ကြည့် လိုက်မိသည်။ မြင်းတစ်ကောင် ပြေးလိုက်လာသည်ကို တွေ့ရသောကြောင့် သူ့ရင်ထဲ၌ ဝမ်းသာလုံး ဆို့သွားလေသည်။

*  *  *

မြင်းနှစ်ကောင်သည် လမ်းမကြီးပေါ်၌ ပြေးလွှားနေသည်။

ငွေကြယ်မသည် မိုးနဂါး၏နောက်မှ လိုက်လာသော်လည်း မိုးနဂါးကို စကားလုံးဝမပြောပါ။ သို့သော် သူမသည် မိုး

နဂါးအပေါ်၌ သံယောဇဉ် မပြတ်သည်မှာ ထင်ရှားလှပါသည်။

မိုးနဂါးသည် လူတော်လူကောင်းတစ်ယောက် ဖြစ်သည်ကို သူမ သိပါသည်။ အိမ်ထောင်ရေးထက် အလုပ်အပေါ်၌ ဦးစားပေးလွန်းသည်ကလွဲ၍ မိုးနဂါး၌ အခြားအပြစ်မရှိပါ။

ယခုအခါ သူမသည် မိုးနဂါးကိုအိမ်ထောင်ပြုလို၍ မဟုတ်ဘဲ မိတ်ဆွေတစ်ယောက်အနေဖြင့် ကူညီရန်အတွက် လိုက်လာခဲ့ခြင်း ဖြစ်လေသည်။ သူတို့သည် လမ်းခုလတ်၌ စားသောက်ဆိုင် တစ်ဆိုင်သို့ဝင်သည်။ ညစာကို အတူစားသောက်ကြသည်။

'မင်း ခုလိုလိုက်လာတာ ငါအယ်လို ဝမ်းသာမှန်းမသိဘူး'

မိုးနဂါးက သူ၏ ရင်ထဲ၌ရှိသော စကားကို ထုတ်ဖော်၍ ပြောလိုက်လေသည်။

'စုဝကို ချော့လို့ရမယ် ထင်သလား'

ငွေကြယ်မ၏နာမည်မှာ စုဝဖြစ်သည်။ မိုးနဂါးက ပြုံးလိုက်၏။ သူကလည်း သူ၏နာမည်ကို ထုတ်ဖော်၍ ပြောလိုက်လေသည်။

'ရန်းတုကတော့ ချော့ရမှာပဲဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ အပြစ်ရှိတဲ့လူတစ်ယောက် ဖြစ်နေလို့ပေါ့'

စုဝက မျက်စောင်းထိုးလိုက်သည်။

'အလုပ်ကိစ္စကိုပဲ ပြောရအောင်၊ ရှင့်မှာ ဘာတွေအရေးကြီးနေလို့လဲ၊ နဂါးခုနစ်ဖော်ဆိုတာ အားလုံးက ဖိမ့်ဖိမ့်တုန်အောင် ကြောက်နေကြရတာပဲ၊ တခြားလူကို အကူအညီ ခေါ်ရသေးလား'



မိုးနဂါးရန်းတုက သူတို့၏နဂါးခုနစ်ဖော်သည် ယခုအခါတွင် သုံးယောက်သာ ကျန်တော့သည့်အကြောင်းနှင့် သူတို့၏ ခေါင်းဆောင်ကြီး နေနဂါးသမ်ဆန်မှာ မန်ချူးတို့၏ အကျဉ်းစခန်းထဲ၌ ရောက်ရှိနေရပုံကို အသေးစိတ် ပြောပြသောအခါ စုဝသည်လည်း စိတ်မကောင်း ဖြစ်သွားသည်။

'ဒါဆို ကျန်မတို့နှစ်ယောက်က နေနဂါးကို သွားကယ်ရမှာလား'

မိုးနဂါးက ခေါင်းယမ်းလိုက်သည်။

'မဟုတ်ပါဘူး၊ တခြားအဖော်တွေ ရှိပါသေးတယ်၊ ကျုပ်တို့အားလုံး စုပေါင်းလုပ်ရမှာပါ'

သူတို့သည် ထိုစကားများကို ပြောဆိုပြီးသည်နှင့် ခရီးဆက်ခဲ့ကြသည်။ ထင်းရှူးတောတန်းတစ်ခုသို့ ရောက်ခဲ့ကြသည်။

မြင်းနှစ်ကောင်စလုံး ကပျာကယာ ရပ်တန့်လိုက်လေသည်။ သူတို့သည် ထူးဆန်းသော မြင်ကွင်းတစ်ခုကို ရုတ်တရက် မြင်တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

သူတို့၏ရှေ့တွင် မြင့်မားသော ထင်းရှူးပင်ကြီးများ ရှိနေပေသည်။ ထိုထင်းရှူးပင်ကြီး၏ ထိုးထွက်နေသော အကိုင်းတစ်ကိုင်းပေါ်သို့ ကြိုးတစ်ချောင်း မြှောက်တက်သွားသည်ကို တွေ့ရသည်။

ကြိုး၏ထိပ်တွင် သံချိတ်တစ်ခု ပါသွားသည်။ ထိုသံချိတ်သည် ထင်းရှူးကိုင်း၌ ချိတ်မိသွားသည်။ ချက်ချင်းဆိုသလိုပင် ထိုတွဲလောင်းကျနေသော ကြိုးစကို ခိုစီးလျက် လူတစ်ယောက်

အရှိန်ပြင်းစွာဖြင့် ရောက်ရှိလာပြီး မြင်းပေါ်မှ မိုးနဂါးကို ကန်ချလိုက်သည်။

'ဝုန်း....'

မမျှော်လင့်သောတိုက်ကွက်ကြောင့် မိုးနဂါးမြင်းပေါ်မှ ကျသွားလေသည်။ ကြိုးကို ခိုစီးထားသော လူသည် ဒါန်းစီး နေသူ တစ်ဦးကဲ့သို့ မိုးနဂါးကိုကန်ချပြီးသည်နှင့် အရှိန်ဖြ နောက်သို့ ပြန်လွဲသွားသည်။

ငွေကြယ်မက လျှင်မြန်လှ၏။ သူမ၏ လက်ကို ဆန့်ထန်းပြီး အရာဝတ္ထုအချို့ကို ပစ်လွှင့်လိုက်လေသည်။

ငွေရောင်ကြယ်ပြားကလေးနှစ်ခုသည် အရောင် လက်ခ ဖြစ်သွားပြီး လေထဲ၌ လွင့်သွားသည်။ လူခိုစီးထားသော ကြိုး မှာ အရင်းမှ ပြတ်ထွက်သွားတော့၏။ ကြိုးကို ခိုစီးထားသော လူသည် ဖုတ်ခနဲ ပြုတ်ကျသွား၏။

အံ့ဩစရာတော့ ကောင်းပေသည်။ ငွေကြယ်မ၏ သံမဏိ ကြယ်ပွင့်ကလေးသည် သေးငယ်သောကြိုးကိုပင် ထိမှန်ပြတ်ကျ စေသည်။

ပို၍ အံ့ဩစရာကောင်းသည်မှာ ကြိုးကို တွယ်စီးထားသူ သည် အမြင့်မှအရှိန်နှင့်ကျလာသော်လည်း ကြောင်တစ်ကော ကဲ့သို့ ပေါ့ပါးစွာဖြင့် မြေကြီးပေါ်သို့ အသာအယာကျသွား ခြင်းပင် ဖြစ်သည်။

ကြိုးပြတ်၍ ပြုတ်ကျလာသူသည် ငွေကြယ်မကို အံ့ဩသ လှမ်းကြည့်လိုက်လေသည်။ မိုးနဂါးက ချက်ချင်း ခုန်လွှာ ထိုသူ၏ အနားသို့ ရောက်သွားသည်။



'မင်းက ဘာသဘောလဲ'

မိုးနဂါးက မေးလိုက်သည်။

'ဟား....ဟား....ဟား....ဟား'

ကျယ်လောင်သော ရယ်မောသံတစ်ခု ပေါ်ထွက်လာသည်။

ထိုရယ်မောသံသည် အခြားတစ်နေရာမှပေါ်ထွက်လာခြင်း ဖြစ်၍ မိုးနဂါးတို့မှာ ကြောင်အမ်းအမ်း ဖြစ်သွားကြရ လေသည်။

ထိုရယ်သံကို မိုးနဂါးက မှတ်မိနေသည်။ မိုးနဂါးသည် ထို နေရာသို့ လှမ်းကြည့်လိုက်လေရာ လနဂါးကို တွေ့လိုက်ရ၏။ လနဂါးက လက်ခုပ်လက်ဝါးတီး၍....

'ဟား....ဟား....ဟား ကောင်းတယ်ဟေ့၊ အားလုံးရဲ့ ပညာတွေကတော့ အံ့ဩစရာတွေချည်းပဲ'

လနဂါးကို အားလုံး ဝိုင်းကြည့်နေကြသည်။

'ဟေ့ကောင်....လနဂါး၊ သူက ဘယ်သူလဲ'

မိုးနဂါးက သစ်ပင်ပေါ်မှ ကြိုးပြတ်ကျလာသူကို လက်ညှိုး ထိုး၍ မေးလိုက်လေသည်။

လနဂါးက ရယ်မောခြင်းကို ရပ်တန့်လိုက်သည်။

'မင်းက သူ့ကို ခုထိမသိသေးဘူးလား၊ မျောက်ဖြူဆိုတာ သူပေါ့ကွ'

မိုးနဂါးသည် မျောက်ဖြူဆိုသူကို အံ့ဩစွာ ကြည့်လိုက် မိလေတော့သည်။

* * *

မျောက်ဖြူ....

သူ့နာမည် အပြည့်အစုံမှာ မျောက်ဖြူပုစန်း ဖြစ်လေသည်။

သူသည် ကျန်းနန်ပြည်နယ်၌ နာမည်ကျော်ကြားခဲ့သော လူတစ်ယောက် ဖြစ်သည်။ ယခင်က ဘုရင့်အမှုတော်ကို ထမ်းခဲ့သည့် မျိုးချစ်သိုင်းသမား တစ်ယောက်လည်း ဖြစ်လေသည်။

သူ၏ သိုင်းပညာသည် အလွန်ထူးခြားသည်ဟု ဆိုရပေမည်။ အလွန်မြင့်မားသော သစ်ပင်ကြီးများပေါ်သို့ သူ၏ သံချိတ်ပါသောကြိုးကို ပစ်တင်လိုက်သည်။ သူသည် ထိုကြိုးစကိုဆွဲ၍ သစ်ပင်ပေါ်သို့ ရောက်ရှိသွားသည်။ ထို့နောက် တစ်ပင်မှ တစ်ပင်သို့ကူး၍ လိုရာသို့သွား၏။

သစ်ကိုင်းတစ်ကိုင်းသည် သူ၏အိပ်ရာပင်ဖြစ်သည်။ ကြောင်တစ်ကောင်လို ပေါ့ပါးပြီး ကျားတစ်ကောင်လို လျင်မြန်သည်။

လူသည် ကြိုးစကိုတွဲလောင်းခို၍ ရန်သူများကို တိုက်ခိုက်ရာတွင် အလွန်ကျွမ်းကျင်သူ ဖြစ်သည်။ သူ့ကို မျောက်ဖြူ၏ ဘွဲ့အမည်ပေးထားသည်မှာ သူ၏လှုပ်ရှားမှုနှင့် လိုက်လျောညီထွေ ရှိလှသည်ဟု ဆိုရပေမည်။

သူသည် လနဂါး၏ မိတ်ဆွေတစ်ယောက် ဖြစ်ကြောင်း ယခုမှ မိုးနဂါး သိရှိရတော့သည်။

ယခု သူတို့ လေးယောက်စလုံး မိတ်ဆွေဖြစ်သွားကြပြီ ဖြစ်သည်။

* * *



သူတို့လေးယောက်သည် ထင်းရှူးတောတန်းမှာပင် တစ်ညတာကို ကုန်ဆုံးစေခဲ့သည်။ မနက်မိုးလင်း၍ ခရီးထွက်မည်ပြုသောအခါ မျောက်ဖြူက သူမလိုက်နိုင်သည့်အကြောင်းကို လနဂါးအားရှင်းပြလေသည်။

'ငါ့မှာ ကိစ္စတစ်ခုက သိပ်အရေးကြီးနေတယ်ကွာ၊ ဒါကြောင့် မင်းတို့ခေါ်တဲ့နောက်ကို မလိုက်တာပါ'

ကျန်လူ သုံးယောက်စလုံး စိတ်မကောင်း ဖြစ်သွားကြသည်။ လနဂါးက....

'မင်းကိစ္စက သိပ်အရေးကြီးလိုလား'

မျောက်ဖြူက ခေါင်းညိတ်လိုက်သည်။

'သိပ်အရေးကြီးပါတယ်၊ ငါ့မိခင်ဆီက ရွှေဟောင်းရုပ်တုတစ်ခုကို မန်ချူးတွေက သိမ်းယူသွားတယ်၊ အဲဒါကို ငါအမြန်ဆုံးရအောင် ပြန်ယူမှဖြစ်မယ်'

လနဂါးသည် သက်ပြင်းချလိုက်ပြီး မိုးနဂါးနှင့်ငွေကြယ်မတို့ကို လှမ်းကြည့်မိလိုက်သည်။ မိုးနဂါးက....

'ရွှေဟောင်းရုပ်တုက တော်တော် အဖိုးတန်သလား၊ နေ့ခင်းအလျဉ်းသင့်တဲ့ တစ်ချိန်ကျမှ ပြန်ယူလို့ မရဘူးလား'

မျောက်ဖြူက မိုးနဂါးကို ပြန်ကြည့်၍ ပြောလိုက်သည်။

'ကြာရင် ပျောက်ဆုံးသွားမှာ သေချာတယ်၊ ငါ့စိတ်ထင် အဲဒီရွှေဟောင်းရုပ်တုထဲမှာ အဖိုးတန်ရတနာရှိလိမ့်မယ်ထင်တာပဲ၊ အမေမှာ တော်တော် စိတ်ထိခိုက်နေတယ်'

မိုးနဂါးက လနဂါးကိုကြည့်၍....

'တို့အားလုံး ဝိုင်းကူညီရင် မဖြစ်ဘူးလားဟေ့'

လနဂါးက မျောက်ဖြူကိုကြည့်ကာ....

'ဟုတ်သားပဲ၊ ငါတို့ပါ ဝိုင်းဝန်းကူညီပေးမယ်'

'မင်းတို့မှာ အရေးတကြီး သွားစရာရှိနေတယ် မဟုတ်လား'

မျောက်ဖြူက ပြန်မေးသည်။

လနဂါးက....

'မင်းကိစ္စက ကြာမယ်မထင်ပါဘူး'

မျောက်ဖြူသည် အတန်ကြာအောင် စဉ်းစား၍ သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'အန္တရာယ်များတယ်ကွ၊ အခန့်မသင့်ရင် ဒီကောင်တွေကို တိုက်ခိုက်ပြီး ဝင်ရမှာ'

မိုးနဂါးက ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။

'ဘာပဲဖြစ်ဖြစ်၊ မင်းကိစ္စကို တို့ကူညီမယ်'

○

## အခန်း (၆)

---

မန်ချူး၏ဂေဟာကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသောအခါတွင် အားလုံးမှာ မျက်လုံး ပြူးသွားကြတော့သည်။

မန်ချူး နေထိုင်သော ဂေဟာကြီးမှာ အလွန်ကြီးမားသော အဆောက်အအုံတစ်ခု ဖြစ်နေသည်။ မြင့်မားသော အဆောက်အအုံတစ်ခု ဖြစ်သည့်အပြင် ဂေဟာ၏ပတ်ပတ်လည်တွင် အစောင့်များစွာ ချထားသည်ကို တွေ့ရလေသည်။

မျောက်ဖြူတို့ လေးယောက်သည် ခပ်လှမ်းလှမ်းမှနေ၍ အကဲခတ် ကြည့်ရှုနေကြသည်။

'ငါတော့ စွန့်စားရမှာဘဲ'

မျောက်ဖြူက ဆုံးဖြတ်ချက် ချပြီးဟန်ဖြင့် ပြောလိုက်၏။

'မင်း ဘယ်လိုဝင်မလဲ'

လနဂါးက မေးလိုက်၏။

မျောက်ဖြူက အဆောက်အအုံကြီး၏ ဘေးတွင်ရှိနေသော သစ်ပင်ကြီးကို လက်ညှိုးထိုးပြသည်။ ထိုသစ်ပင်ကြီးမှ တစ်ဆင့် အဆောက်အအုံထဲသို့ ခုန်၍ဝင်မည်။ အထဲရောက်သည့်အခါ အခြေအနေကို ကြည့်လုပ်မည်ဟု ပြောသည်။

သို့သော် ယခုကဲ့သို့ နေ့လယ်ဘက်ဝင်၍ ရမည်မဟုတ်သဖြင့် ညဘက်တွင်မှ ဝင်ရန် ဆုံးဖြတ်လိုက်ကြသည်။

* * *

မျောက်ဖြူသည် သစ်ပင် တစ်ပင်ပေါ်မှ ဆင်းလာသည်။ အမှောင်ထဲ၌ ထိုင်စောင့်နေကြသည့် မိုးနဂါးတို့သုံးဦးက အခြေအနေကို မေးကြသည်။

'ဘယ်နှယ်လဲ ဝင်လို့ လွယ်ပါ့မလား'

မျောက်ဖြူက သက်ပြင်းတစ်ချက်ချလိုက်သည်။

'အစောင့် တပ်သားတွေက အားလုံး ဆယ့်ငါးယောက်လောက်ရှိတယ်၊ မန်ချူးအရာရှိကြီးကတော့ အပေါ်ထပ်က သူ့အခန်းမှာပဲ တွေ့ရတယ်၊ သူဟာပစ္စည်းထားရင် အဲဒီအခန်းထဲမှာပဲ ထားလိမ့်မယ်လို့ ငါထင်တယ်'



'မင်းထင်မြင်ချက်က မသေချာပါလား၊ ခဲရာခဲဆစ်ဝင်ပြီးတော့မှ ကိုယ်လိုချင်တာ မရရင် ပင်ပန်းရကျိုး မနပ်ဘူး'

မိုးနဂါးက ဘဝင်မကျဟန်ဖြင့် ပြောလိုက်၏။

'ရှင်က ဘယ်လိုလုပ်သင့်တယ်ဆိုတာ အကြံဉာဏ်ပေးဦးမှပေါ့....'

တစ်ချိန်လုံး ငြိမ်နေသည့် ငွေကြယ်မက ပထမဆုံး ဝင်ပြော၏။ လနဂါးခေါင်းညိတ်လိုက်သည်။

'ဟုတ်သားပဲ၊ ခင်ဗျား အကြံထုတ်စမ်းပါဦး'

မိုးနဂါးသည် အချိန်ကြာမြင့်အောင်ပင် စဉ်းစားနေသည်။ ပြီးမှ....

'ဒီလိုလုပ်ကွာ၊ လူတစ်ယောက်ဟာ အရေးရယ် အကြောင်းရယ် ပေါ်လာရင် ပထမဆုံး ဘာလုပ်မယ် ထင်သလဲ၊ အရေးကြီးတဲ့ပစ္စည်းကို ရအောင်ယူမှာပဲ၊ အဲဒီတော့ မျောက်ဖြူက အိမ်ထဲကို ရောက်အောင်ဝင်ပြီး မန်ချူးအရာရှိကြီးရဲ့ အခြေအနေကို စောင့်ကြည့်'

မိုးနဂါးက ထိုသို့ပြောပြီး လနဂါးအား....

'မင်းက မန်ချူးအရာရှိကြီး ဂေဟာရဲ့ အနောက်ဘက်မှာ ရှိနေတဲ့ ဝက်မွေးတဲ့ တဲကို မီးရှို့ကွာ၊ အဲဒီတဲ မီးလောင်ရင် အစောင့်တွေဟာ အဲဒီကိုရောက်သွားလိမ့်မယ်၊ ငါရယ်၊ ငွေကြယ်မရယ်၊ မျောက်ဖြူကို အကူအညီပေးမယ်'

အားလုံးက သဘောကျသကဲ့သို့ ခေါင်းညိတ်လိုက်၏။

* * *

တစ်စထက်တစ်စ ညဥ့်နက်လာသည်နှင့်အမျှ တိတ်ဆိတ်မှုက လွှမ်းမိုးလာသည်။ လမ်းမပေါ်တွင်လည်း လူများမရှိသလောက် ဖြစ်သွားပြီ။

မျောက်ဖြူသည် သစ်ပင်တစ်ပင်ပေါ်သို့ ရောက်ရှိနေပြီ ဖြစ် သလို လနဂါးကလည်း ဝက်များမွေးမြူသောတဲဆီသို့ ရောက် နေပြီဖြစ်သည်။ ငွေကြယ်မသည် မျောက်ဖြူ တက်သွားသည့် သစ်ပင်အောက်မှနေ၍ မျောက်ဖြူကို အကာအကွယ်ပေးရ စောင့်ကြပ်နေသည်။ မိုးနဂါးသည် မြင်းလေးကောင်နှင့်အတူ ရှိနေပြီး အထွက်လွယ်ကူစေရန် အသင့် စောင့်ဆိုင်းနေသည်။

မကြာမီမှာပင် ဝက်တဲဆီမှ ဆူဆူညံညံ အသံများနှင့်အတူ မီးတောက် မီးလျှံများ ပေါ်ထွက်လာသည်။ ဝက်အော်သံ များနှင့် လူတို့၏ အော်ဟစ်သံများသည် တစ်ပြိုင်နက်တည် ပေါ်ထွက်လာလေသည်။

ထိုအချိန်တွင် အစောင့်များလည်း မီးလောင်ရာသို့ ပြေ လွှားနေကြ၏။ မျောက်ဖြူသည် သစ်ပင်ပေါ်မှတစ်ဆင့်ဂေဟာ ကြီးထဲသို့ ကူးလူးဝင်ရောက်သွားသည်။

သို့သော် မျောက်ဖြူ အနည်းငယ် နောက်ကျသွား၏။ မ ချူးအရာရှိက အထုပ်တစ်ထုပ်ကို အခန်းထဲမှဆွဲယူ၍ ပြေးထွ သွားသည်။ ထိုအထုပ်ထဲ၌ အဖိုးတန် ပစ္စည်းပါသွားမည် မျောက်ဖြူအကဲခတ်မိသည့်အတွက် မန်ချူးအရာရှိ နောက် ပြေးလိုက်သွားသည်။

မန်ချူးအရာရှိမှာ ဧည့်ခန်းထဲမှ ဖြတ်သန်းပြေးသွားသဖြ မျောက်ဖြူလည်း မနေသာတော့ဘဲ ပြေး၍လိုက်ရသည်။



ချူးအရာရှိက လှည့်ကြည့်သည်နှင့် ဆုံသွားရာ မျောက်ဖြူက အမြန်ဆုံးလှုပ်ရှားလိုက်သည်။

မန်ချူးအရာရှိကြီး လက်ထဲမှ အထုပ်ငယ်ကို ရအောင် ဆွဲ ယူ၍ ထွက်ပြေးခြင်းဖြစ်၏။

သို့သော်....

'ရန်သူ....ရန်သူ'

ဟု အော်ဟစ်လိုက်သည့်အသံကြောင့် အစောင့်သိုင်းသမား များ ပြေးလာကာ မျောက်ဖြူကို ဝိုင်း၍ တိုက်ခိုက်တော့သည်။

မန်ချူးအရာရှိက ရှည်လျားသော သူ၏ ဓားရှည်ဖြင့် တိုက်ခိုက်လေသည်။ မျောက်ဖြူအဖို့ ကြီးမားသော အခက် အခဲနှင့် ရင်ဆိုင်နေရပြီဖြစ်သည်။ သူ့ကို ထွက်ပေါက်မရှိအောင် ဝိုင်း၍ထိုက်ခိုက်နေသည်။ သူသည် လုယူသွားသော အထုပ် ငယ်ကို ရင်ဘတ်ကြားထဲသို့ ထိုးသွင်းကာ မန်ချူးအရာရှိ အား ပြန်၍ခုခံနေရသည်။

ထိုအချိန်တွင် ဝက်တဲအားမီးရှို့ခဲ့သည့် လနဂါး ရောက် ရှိလာသဖြင့် မျောက်ဖြူအသက်ရှူ ချောင်သွားရသည်။ လ နဂါး၏ တိုက်ခိုက်မှုကြောင့် မျောက်ဖြူသည် သူ၏ကြိုးတန်း ရှိရာသို့ ပြေးလွှားသွားနိုင်ခဲ့သည်။

လနဂါးက မျောက်ဖြူလွတ်မြောက်နိုင်ရန် ပိတ်ပြီးတိုက် ခိုက်သည်။ ထိုစဉ် ငွေကြယ်မ၏ ငွေကြယ်ပွင့်အချို့သည် ဝှစ် ခနဲ ဝှီးခနဲအသံနှင့်အတူ ဝင်ရောက်လာပြီး မန်ချူးတပ်သား အချို့ကိုထိမှန်ကာ လဲကျစေပြန်သည်။

လနဂါးသည် ထွက်ပေါက်ရအောင်ကြိုးစား၍ တိုက်ခိုက်လိုက်၏။ မျောက်ဖြူသည် တစ်ပင်ပေါ်မှတစ်ဆင့် မိုးနဂါး စောင့်ဆိုင်းနေသော မြင်းပေါ်သို့ ရောက်ရှိသွားသည်။

'စုဝေ....ခပ်မြန်မြန်လုပ်'

မိုးနဂါးက လှမ်း၍အော်သည်။ ငွေကြယ်မစုဝေသည် လနဂါးအတွက်စိုးရိမ်မှုဖြင့် သူမ၏လက်နက်ကို ဆက်၍ ပစ်လွှတ်နေသည်။

မကြာမီ လနဂါးပြေးထွက်လာ၏။ မန်ချူးအရာရှိမှာ လနဂါး၏တိုက်ကွက်ကြောင့် ဒဏ်ရာရရှိသွားရာ တပ်သားများမှာ လနဂါးအနားသို့ မကပ်ရဲအောင် ဖြစ်သွားသည်။

ထို့ကြောင့် လနဂါးပြေးထွက်လာနိုင်ခြင်းဖြစ်သည်။ သူတို့လေးယောက်စလုံး မြင်းပေါ်သို့ ရောက်ရှိသည်နှင့် တစ်ပြိုင်နက် ဒုန်းစိုင်း၍ ပြေးကြလေသည်။

မန်ချူးတပ်သားအချို့သည် သူတို့နောက်သို့ အပြေးအလွှားလိုက်လာ၏။ သို့သော် တစ်စတစ်စဖြင့် ဝေးကွာပြီး ကျန်ခဲ့သည်ကို တွေ့ရလေသည်။

ယခုကဲ့သို့ မန်ချူးအရာရှိကြီးဂေဟာကို ဝင်ရောက်တိုက်ခိုက်ခဲ့မှုကြောင့် မျောက်ဖြူတို့သည် ရှေ့ဆက်၍ ကြီးမားသော ဒုက္ခများနှင့် တွေ့ရဦးမည်ကို သူတို့ လုံးဝမစဉ်းစားမိလိုက်ကြပါပေ။

* * *



မန်ချူးအရာရှိ၏ အိမ်ငယ်ကလေးထဲတွင် မျောက်ဖြူလိုချင်သော သူ့မိခင်၏ ရွှေဘောင်းရုပ်တုအပြင် မန်ချူးအရာရှိကြီး၏ ရတနာအချို့ပါ ပါရှိလေသည်။

မန်ချူးအရာရှိကြီးသည် မျောက်ဖြူတို့အား ဓားပြများဟု သတ်မှတ်လိုက်လေ၏။ ဓားပြများသည် ဝင်းထဲကို မီးရှို့၍ ရတနာများကို ဝင်ရောက် လုယူသွားသည်ဟု ထင်မှတ်နေပေသည်။

ထို့ကြောင့် သူသည် အလွန်အားကိုးရသော လူယုံတော်ကြီး လျှန်ထင်းစီး၏မျက်နှာကို အားကိုးတကြီးဖြင့် ကြည့်လိုက်လေသည်။

'ဒီကောင်တွေကို ခင်ဗျားမသိဘူးလား'

လျှန်ထင်းစီးက ပြုံးလိုက်လေသည်။

'မသိဘဲ နေပါ့မလား၊ သခင်ကြီးဘာမှ မစိုးရိမ်ပါနဲ့၊ ဒီကောင်တွေကို အမိဖမ်းပြီး သခင်ကြီးရှေ့မှောက်ကို အရောက်ပို့ပေးပါ့မယ်'

မန်ချူးအရာရှိကြီးသည် ဒဏ်ရာများရရှိထားသည့်ကြားက ကျေနပ်အားရစွာ ပြုံးလိုက်လေသည်။

* * *

မိုးနဂါးတို့အုပ်စု၏ မြင်းလေးကောင်သည် တစ်ညလုံး ပြေးလွှားလာခဲ့ရာ မိုးလင်းသည့်အချိန်တွင် မြို့တစ်မြို့သို့ ရောက်ရှိခဲ့လေသည်။

မျောက်ဖြူက အထက်တန်းကျသော စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်လိုက်သည်။ ကျန်သူများက မျောက်ဖြူကိုကြည့်လိုက်သည်။ အဘယ်ကြောင့်ဆိုသော် ထိုဆိုင်ကြီးသည် ကြီးကျယ်ခမ်းနားသလောက် စားသောက်သည့်ကုန်ကျစရိတ်က ကြီးမြင့်လှသောကြောင့် ဖြစ်သည်။

စားပွဲတစ်ခုတွင် ဝင်ရောက်ထိုင်ပြီးသည်နှင့် မိုးနဂါးက မျောက်ဖြူအား ပြောလိုက်သည်။

'ဟေ့....ဒီမှာစားသောက်တဲ့လူတွေဟာ သူဌေးတွေနော်၊ မင်းဘာလို့ ဒီဆိုင်ထဲခေါ်လာခဲ့တာလဲ'

မျောက်ဖြူက ရယ်လိုက်သည်။

'ကျုပ်တို့လဲ သူဌေးတွေပဲ'

လနဂါးက သူ့ကိုမျက်လုံးပြူး၍ ကြည့်သည်။

'ဘာလဲ မင်းအမေရဲ့ရွှေဟောင်းပစ္စည်းထဲက ရတနာတွေ ရလို့လား'

မျောက်ဖြူက ခေါင်းယမ်းလိုက်သည်။

'အဲဒီခြသေ့ရုပ်ထဲမှာ ဘာမှမရှိဘူး၊ ဒါပေမယ့် မန်ချူးဆီက ရခဲ့တဲ့ပစ္စည်းတွေက အများကြီးကွ'

မျောက်ဖြူသည် ထိုသို့ပြောပြီး အိတ်ငယ်ကလေးအတွင်းမှ အဖိုးတန် လက်ဝတ်လက်စားများနှင့် ရွှေများကိုပြလိုက်သည်။ မိုးနဂါးတို့မှာ အံ့သြသွားရလေသည်။



'ဟာ....ပစ္စည်းတွေက မနည်းပါလား'

မျောက်ဖြူသည် ထိုပစ္စည်းများကို လေးပုံပုံ၍ ဝေပေးလိုက်၏။ မိုးနဂါးက သက်ပြင်းချ၍ –

'တို့ ခုးပြတိုက်တာနဲ့ တူမနေဘူးလား'

'ဘာလဲ၊ ခင်ဗျားက မန်ချူးတွေရဲ့ ပစ္စည်းမို့ စိတ်မကောင်း ဖြစ်နေတာလား၊ ဒီကောင်တွေက ကျုပ်တို့လူမျိုးတွေရဲ့ ပစ္စည်းတွေကို လုယက်ထားတာဗျ'

မျောက်ဖြူက ပြန်ပြောလိုက်ရာ မိုးနဂါး ပါးစပ်ပိတ်ထားလိုက်ဘော့သည်။ မျောက်ဖြူပြောသည့် စကားများမှာ အမှန်တရားသာ ဖြစ်သည်။ မန်ချူးတို့သည် နည်းအမျိုးမျိုးနှင့် လုယူထားသော ပစ္စည်းများသာ ဖြစ်ပေသည်။

'ဘာပဲဖြစ်ဖြစ်ဗျာ၊ ကျုပ်တို့ လေးယောက်စလုံး ရသင့်ရထိုက်လို့ ရလာတာပဲလို့ သဘောထားလိုက်ပါ၊ ကဲ.... ကျုပ်တို့ ပျော်ပျော်ပါးပါး စားသောက်ကြရအောင်'

မျောက်ဖြူသည် ထိုသို့ပြောပြီး စားသောက်စရာများကို မှာကြားလိုက်သည်။ စားသောက်ပွဲကား စိုစိုပြည်ပြည်ရှိလှတော့သည်။

## အခန်း (၇)

အထူးပြုလုပ်ထားသည့် မြေအောက်ခန်းမတွင် ဖြစ်သည်။ ဟိုင်းလီသည် ဘုရားခန်းထဲတွင် ဘုရားဝတ်ပြုရင်း ဆုတောင်းမေတ္တာများ ပို့သနေသည်။ စားပွဲကြီးပေါ်၌ လူဒါန်းထားသော စားသောက်စရာ သစ်သီးများရှိနေသည်။ အမွှေးတိုင်များ၏ရနံ့သည် အခန်းတစ်ခန်းလုံးကို မွှေးကြိုင်စေပေသည်။

ထို့အတူ ဖယောင်းတိုင်ကြီးများ၏ အလင်းရောင်ကလည်း တောက်ပ ထိန်လင်းလျက်ရှိသည်။ စားပွဲပေါ်တွင် ကတ္တီပါအိတ်ကလေး ခြောက်ခုနှင့် ဓားခြောက်လက်ကိုလည်း တွေ့ရလေသည်။

ဟိုင်းလီသည် ဆုတောင်းမေတ္တာများ ပို့သပြီးသည်နှင့် စားပွဲဝိုင်းလုံးတွင် ငြိမ်သက်စွာ ထိုင်နေသော လူခြောက်ယောက်ကို ရှင်ပြုံးအားရစွာ ကြည့်လိုက်လေသည်။

ထို့နောက် သူသည် စားပွဲပေါ်မှ ဓားခြောက်လက်နှင့် ကတ္တီပါအိတ်ကလေး ခြောက်ခုကို လူခြောက်ယောက်ရှေ့တွင် ချပေးလိုက်၏။



ထိုလူခြောက်ယောက်တား မိုးနဂါး၊ လနဂါး၊ ငွေကြယ်မှုစုဝ၊ မျောက်ဖြူ၊ အရက်သမားလူပျင်း ကျန်ချဝ်ဝါးနှင့် စမ်ဟန်မင်းတို့ ဖြစ်ကြသည်။

စမ်ဟန်မင်း၏ ဘေးတွင် ဟိုင်းလီက ဝင်၍ထိုင်လိုက်ပြီး ဟိုင်းလီ၏ ညာဘက်ဘေးတွင် သမီးဖြစ်သူ လင်းပို့က ထိုင်နေသည်။

လျှို့ဝှက်ခန်းမထဲတွင် လူသားစုစုပေါင်း ရှစ်ယောက်ရှိနေသည်။ လူခြောက်ယောက်မှာ မကြာမီ ခရီးထွက်ရတော့မည် ဖြစ်လေသည်။

သူတို့ခြောက်ယောက်အတွက် ဟိုင်းလီက သုံးစွဲရန် ငွေများထည့်ထားသည့် အိတ်ကလေးတစ်ခုစီနှင့် 'အကောင်းဆုံးဓာ ရှည်တစ်လက်စီ ပေးကမ်းလိုက်ခြင်း ဖြစ်သည်။

ဟိုင်းလီ၏သမီးလင်းပို့မှာ စိတ်ကောက်နေသည်ကို တွေ့ရသည်။ သူမ စိတ်ကောက်ခြင်းမှာ အခြားမဟုတ်၊ ထိုလူခြောက်ယောက်နှင့်အတူ မလိုက်ရ၍ စိတ်ကောက်နေခြင်း ဖြစ်သည်။

ဟိုင်းလီက ရှင်းပြသည်။

'သွားရမယ့်ခရီးလမ်းက ကြမ်းတမ်းတယ်၊ နောက်ပြီး တွေ့ကြုံ ရင်ဆိုင်ရမယ့် အန္တရာယ်တွေကလဲ ဘယ်လောက်များတယ်ဆိုတာ သမီးမသိဘူးလား'

လင်းပို့က နှုတ်ခမ်းမဲ့လိုက်သည်။

'ဖေဖေ စဉ်းစားကြည့်စမ်းပါ၊ သူ့ရဲ့ကောင်းဆုံးဆန္ဒဟာ သမီးတို့ မိသားစုသုံးယောက်ရဲ့ အသက်ကို ကယ်ဆယ်လိုက်တဲ့သူ ဖြစ်တယ်၊ သူ့ရဲ့ လွတ်မြောက်ရေးကို ကြိုးပမ်းတဲ့အခါမှာ သမီးမပါသင့်ဘူးလား'

ဟိုင်းလီမှာ သက်ပြင်းတစ်ချက်ချ၍ခဝခွဲမရဖြစ်သွားသည်။ လင်းပို့သည် စစ်ဟန်မင်းကို မေးငေါ့ပြပြီး....

'ဖေဖေပြောသလိုဆိုရင် စစ်ဟန်မင်းကကောအဲဒီကိုသွားဖို့သင့်ပါ့မလား'

သူမသည် စစ်ဟန်မင်း၏ သိုင်းပညာမှာ သူမကိုပင် မမီဟု သွယ်ဝိုက်ပြောလိုက်ခြင်း ဖြစ်သည်။ လင်းပို့မှာ လွန်စွာဆန္ဒပြင်းပြနေသဖြင့် ဟိုင်းလီခမြာ မည်သို့ဆုံးဖြတ်ရမှန်းမသိအောင်ဖြစ်သွားသည်။

ထိုအခါ မိုးနဂါးက ဝင်၍ပြောသည်။

'ငါ့တူမလေး အသက်ငယ်ပြီး သိုင်းလောက အတွေ့အကြုံနည်းပါးလို့ ငါ့တူမရဲ့အဖေက စိတ်မချတာ ဖြစ်ပါလိမ့်မယ်၊ အမှန်တကယ်ပဲ ဒီလမ်းဟာ လိုက်ဖို့မသင့်ဘူး'

လင်းပို့သည် မိုးနဂါးကို မျက်စောင်းထိုးလိုက်ပြန်သည်။

'သိုင်းလောကအတွေ့အကြုံဆိုတာ အိမ်ထဲမှာနေလို့ ဘာမှဖြစ်လာမှာ မဟုတ်ဘူး၊ အဲဒီလို စွန့်စွန့်စားစားလိုက်မှပဲ ဗဟုသုတရမှာပေါ့'



သူမက ရေပက်မဝင် ပြန်ပြောလိုက်ရာ မိုးနဂါး ပါးစပ်ပိတ်သွား၏။

ဟိုင်းလီက သက်ပြင်းချ၍....

'သမီးက သိပ်လိုက်ချင်အလား'

'လိုက်ချင်တာပေါ့ဖေဖေရဲ့၊ သူဟာ ကိုယ့်ရဲ့ကျေးဇူးရှင်တစ်ယောက်ပဲ၊ သမီး ကူညီသင့်တာပေါ့'

ဟိုင်းလီသည် မိုးနဂါးကို ကြည့်လိုက်လေသည်။

'မိုးနဂါး၊ ခင်ဗျားတို့အဖွဲ့မှာ ဘယ်သူ ခေါင်းဆောင်လဲ'

မိုးနဂါးမှာ ဘာပြန်ပြောရမှန်းမသိဖြစ်သွားသည်။ ဟိုင်းလီက....

'ကျုပ်....တစ်ခု ပြောချင်ပါတယ်၊ ခင်ဗျားတို့လဲ လက်ခံနိုင်မယ်လို့ ထင်ပါတယ်'

မိုးနဂါးက ခေါင်းညိတ်၍....

'ဟုတ်ကဲ့ ပြောပါ'

'ခင်ဗျားတို့အခုလုပ်ရမယ့်အလုပ်ဟာ အင်မတန်အန္တရာယ်များပြီး သိုသိုသိပ်သိပ်နဲ့လျှို့ဝှက်ပြီးလုပ်ရမယ့် အလုပ်ဖြစ်တယ်၊ အဲဒီအခါမှာ တစ်ယောက်တစ်ပေါက်နဲ့ ကိုယ်ထင်ရာ ကိုယ်လုပ်နေလို့ ဖြစ်မှာမဟုတ်ဘူး၊ အဲဒီတော့ ခေါင်းဆောင် တစ်ယောက်ကို ရွေးချယ်ဖို့လိုတယ်၊ ခင်ဗျားတို့ဘယ်သူ့ကို ခေါင်း

ဆောင်ထားမှာလဲ၊ အဲဒီခေါင်းဆောင်က အားလုံးကို တာဝန်ယူပြီး ညွှန်ကြားရလိမ့်မယ်’

ဟိုင်းလီ၏ စကားကြောင့် လူခြောက်ယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြလေသည်။

မိမိခေါင်းဆောင်လုပ်ချင်ပါသည်ဟု မည်သူကမျှ မပြောကြပေ။

‘သူဌေးကြီးကပဲ သင့်လျော်မယ့် လူကို ခေါင်းဆောင်အဖြစ် ရွေးချယ်ပေးရင် ကောင်းမယ်လို့ထင်ပါတယ်’

မျောက်ဖြူက ပြောလိုက်ရာ မိုးနှာါးက ခေါင်းညိတ်၍ ထောက်ခံလိုက်သည်။

‘ဟုတ်ပါတယ်၊ သူဌေးကြီးကပဲ ရွေးချယ်ပေးပါ’

ဟိုင်းလီက တစ်ယောက်ချင်းကို ကြည့်လိုက်၏။

‘ကဲ....ဒီလိုဆိုရင် ကျုပ်ကပဲ ရွေးချယ်ပေးပါမယ်၊ ကျုပ်အနေနဲ့ကတော့ အသက်အကြီးဆုံးလူကို ရွေးချယ် ရမှာပဲ၊ အဲဒီတော့ ခင်ဗျားတို့အထဲမှာ ကျန်ချင်ဝါးက အသက်အကြီးဆုံး ဖြစ်ပါတယ်၊ ခင်ဗျားတို့အားလုံးလဲ လက်ခံလိမ့်မယ်လို့ ယုံကြည်တယ်၊ ဘယ်လို သဘောရသလဲ’

ကျန်ချင်ဝါးကို စမ်ဟန်မင်းတစ်ယောက်မှလွဲ၍ ကျန်သောလူများက မသိရှိကြပါ။ စမ်ဟန်မင်း ကိုယ်တိုင်ကလည်း ကျန်



ချင်ဝါးကို သိရှိထားသည်မှာ အရက်သမားလူပျင်းတစ်ယောက်အဖြစ်နှင့်သာ သိရှိထားခဲ့သည်။

သူသည် မည်ကဲ့သို့သော လူစားမျိုးနည်း။ သိုင်းပညာ တတ်သည် မတတ်သည်ကိုလည်း မည်သူမျှမသိကြပေ။ သို့သော် သူဌေးကြီးဟိုင်းလီက ပြောသောအခါ အားလုံးက ခေါင်းညိတ်၍ သဘောတူလိုက်လေသည်။ ကျန်ချင်ဝါး အားလုံးကို တစ်ချက်ဝေ့ကြည့်ပြီး ဟိုင်းလီကို ပြန်ကြည့်လိုက်သည်။

‘ကျုပ်ကို ခေါင်းဆောင်အဖြစ်အသိအမှတ်ပြုတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကိစ္စအားလုံးကို ကျုပ် သဘောတစ်ခုတည်းနဲ့ မဆုံးဖြတ်ချင်ဘူး၊ လူတွေအားလုံးဟာ အသိပညာတစ်ခုကိုယ်စီ ရှိနေကြတာချည်းပါပဲ၊ အဲဒီတော့ ကျုပ်စကားတစ်ခုတည်းကိုပဲ နားထောင်ရမယ်လို့ မဆိုလိုပါဘူး၊ ကိစ္စတစ်ခုပေါ်ထွက်လာရင် အားလုံးညှိနှိုင်းပြီး ဆောင်ရွက်ကြဖို့ ပြောချင်ပါတယ်’

အားလုံးက ကျန်ချင်ဝါး၏ စကားကို သဘောကျသွားသည်။

‘ဆရာကြီး၊ ကျန်ချင်ဝါးပြောတာ ကျွန်တော်တို့ သဘောတူပါတယ်’

မျောက်ဖြူက အားလုံးကိုယ်စား ဝင်၍ ပြောလိုက်ခြင်းဖြစ်သည်။

'နောက်တစ်ခု ပြောချင်တာက မိုးနဂါးဟာ အတွေ့အကြုံရှိတဲ့လူဖြစ်လို့ ကျုပ်တို့က သူနဲ့ ညှိနှိုင်းပြီး လုပ်ဖို့လိုပါတယ်၊ ဒါကြောင့် မိုးနဂါးကို ကျုပ်လိုပဲ ခေါင်းဆောင်အဖြစ် သတ်မှတ်ပါလို့ ပြောချင်ပါတယ်'

ကျန်ချင်ဝါး၏ အဆိုပြုချက်ကို ဟိုင်းလီက ကျေနပ်စွာဖြင့် ထောက်ခံလိုက်သည်။

'ကျန်ချင်ဝါးပြောတာ အင်မတန် လျော်ကန်သင့်မြတ်ပါတယ်၊ ကျွန်တော် နောက်ဆုံးပြောချင်တာကတော့ ကျွန်တော့်သမီး လင်းပို့ကို ဆရာကြီး ကျန်ချင်ဝါးတို့က စောင့်ရှောက်ပြီး ခေါ်သွားပါလို့ ပြောချင်တာပါပဲ'

လင်းပို့ ဝမ်းသာသွားသည်။ ကျန်ချင်ဝါးက....

'စိတ်ချပါ၊ ကျုပ်တို့အသက်နဲ့ ခန္ဓာတည်မြဲနေသမျှ အစွမ်းကုန်စောင့်ရှောက်သွားပါမယ်'

ထို့နောက် သူတို့သည် စားပွဲမှ ပြိုင်တူထ၍ ဆုတောင်းအရက်တစ်ခွက်စီကို သောက်လိုက်ကြလေသည်။

* * *



အမှန်တကယ်ပြောလျှင် သူတို့ ခုနစ်ဦး၏ အလုပ်သည် လွယ်ကူသော အလုပ်မဟုတ်ချေ။

အသက်အန္တရာယ်နှင့် လွန်စွာနီးကပ်သည့် အလုပ်ကို လုပ်ကိုင်ကြရမည်ဖြစ်ပေသည်။

ခေတ်ကာလ၏ အချိန်အခါနှင့် အခြေအနေကို ကြည့်မည်ဆိုလျှင် မန်ချူးများ ကျူးကျော် အုပ်ချုပ်နေသော အချိန်အာလဖြစ်သည့်အလျောက် သူတို့အား ဆန့်ကျင် တော်လှန်သောသူများကို မည်သည့်နည်းနှင့်မျှ လက်ပိုက် ကြည့်နေမည်မဟုတ်ပေ။

မန်ချူးအရာရှိများကို တပ်၍ ပေါင်းသင်းပြီး မန်ချူးအရာရှိများအလိုကျ ဆောင်ရွက်ပေးသည့် အမျိုးသား သစ္စာဖောက် သိုင်းသမားများလည်း များစွာ ရှိလေသည်။

ကြောက်စရာအကောင်းဆုံးမှာ ထိုသူများသာ ဖြစ်၏။ သူတို့သည် နယ်ချဲ့အချင်သခင်တို့ အားရစေရန် ကိုယ့်အမျိုးသားချင်းအပေါ် သစ္စာဖောက်ပြီး ဝိုင်းဝန်း ကျွန်သက် ရှည်အောင် ထောက်ကူနေသူများဖြစ်ပေသည်။

ကိုယ့်အမျိုး၏ မျက်နှာကို မကြည့်ဘဲ၊ မိမိရာထူးရရေး၊ ငွေကြေးချမ်းသာရေးကိုသာ အဓိကထားပြီး လူမိုက်လုပ်နေခြင်းပင်ဖြစ်သည်။

ယခု မိုးနဂါးတို့ ခုနစ်ယောက်တို့ ခရီးထွက်ခဲ့သည်မှာ တစ်နေပင်မကုန်သေးပါ။ အမျိုးသား သစ္စာဖောက်များ၏

သတင်းပေးမှုဖြင့် ရန်သူအချို့သည် သဲချောင်း'တံတားတွင် အသင့်စောင့်ဆိုင်းနေသည်ကို တွေ့လိုက်ရလေတော့သည်။

* * *

သဲချောင်းတံတား....

တာဝမ်မြို့ကလေး၏ အနောက်ဘက်တွင် ရှိနေသည်။ ထိုတံတားသည် ချန်ကျန်းမြစ်ဆီသို့ သွားရာလမ်း၌ တစ်ခုတည်းသော တံတားသာဖြစ်သည်။

ရန်သူများ ထိုတံတား၌ လာရောက်စောင့်ဆိုင်းနေသည်မှာ သုံးရက်ခန့်ရှိပြီဖြစ်လေသည်။

သူတို့အုပ်စုအား ဤနေရာ၌ လာရောက် စောင့်ဆိုင်းနေသည်မှာ သစ္စာဖောက် လျှန်ထင်းစီး၏ လက်ချက်သာ ဖြစ်လေသည်။ မျောက်ဖြူသည် မန်ချူး အရာရှိ ဂေဟာ၌ ဝင်ရောက်တိုက်ခိုက်ခြင်းမှာ သူ့မိခင်၏ ရှေးဟောင်း ရုပ်တုကို ပြန်လိုချင်၍ ဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်သည်။

သို့သော် ကံအားလျော်စွာ မန်ချူး၏အဖိုးတန်ပစ္စည်းများ ပါရှိလာသည်။ ထိုအခါ မျောက်ဖြူတို့၏ လုပ်ဆောင်ချက်သည် စားပြတိုက် ခိုက်သည်နှင့် အမှန်ပင်တူသွားတော့သည်။



တစ်ဖန် တိုက်ခိုက်စဉ်အခါက မိုးနဂါး၊ လနဂါးတို့ ပါရှိလာသည်ကို သစ္စာဖောက် လျှန်ထင်းစီးက တွေ့လိုက်ရသောအခါ တိုက်စွသည် အလွန်အမင်း ကြီးကျယ်သွားလေတော့သည်။ နဂါးခုနစ်ဖော်သည် မန်ချူးကိုတော်လှန်သော မျိုးချစ်သိုင်းသမားများ မဟုတ်ပါလား။

ယခုအခါ နဂါးခုနစ်ဖော်မှာ သေသည့်သူသေ၍ အဖမ်းခံရသူက ခံထားရသဖြင့် သူတို့သည် လူအင်အားစု စားပြတိုက်ပြီး အဖမ်းခံထားရသူကို ကယ်တင်ရန် ကြိုးပမ်းနေကြသည်ဟူသော သတင်းက တမုဟုတ်ချင်း ပျံ့နှံ့ထွက်ပေါ်လာတော့သည်။

ထိုအခါ ယင်းတို့အုပ်စုသည် ချန်ပိုင်တောင်တန်းသို့ သွားရန် ခရီးလမ်းမှာ ချန်ကျန်းမြစ်မှနေ၍ လှေဖြင့်သွားရန်သာရှိသည်ဟု တွက်ဆထားကြသည်။

ထို့ကြောင့် မန်ချူးတို့သည် ချန်ကျန်းမြစ်သို့လာရန် လမ်းဖြစ်သည့် သဲချောင်း တံတားမှ စောင့်ဆိုင်း နေကြခြင်းဖြစ်သည်။

* * *

မျောက်ဖြူပုစန်းသည် နားပါးသူဖြစ်သည်။ သဲချောင်းတံတားအား ဖြတ်ကူးတော့မည့်ဆဲဆဲတွင် ဖြတ်မကူးရန် အချက်ပြ၍ ရပ်တန့်လိုက်သည်။

'မင်း ဘာထူးခြားချက်တွေလို့လဲ'

လနဂါးက လှမ်းမေး၏။ မျောက်ဖြူက သစ်ပင်များပေါ်သို့ လှည့်မကြည့်ဘဲနှင့်....

'အားလုံး သစ်ပင်ကို မကြည့်ကြဘဲ မသိချင်ဟန်ဆောင်နေကြပါ၊ သစ်ပင်ပေါ်မှာ ရန်သူရှိနေတာတော့ အမှန်ပဲ၊ ဒါတွင်မကဘူး၊ တံဘားဟိုဘက်ထိပ် ဒီဘက်ထိပ်မှာလဲ ရန်သူတွေပုန်းနေလိမ့်မယ်လို့ထင်တယ်'

ထိုအခါ မိုးနဂါးတို့သည် ကျန်ချင်ဝါးကို ကြည့်လိုက်ကြသည်။ ကျန်ချင်ဝါးသည် ခေါင်းဆောင်တစ်ယောက် ဖြစ်သည့်အတွက် မည်ကဲ့သို့ဆောင်ရွက်မည်နည်း။ မည်ကဲ့သို့ အကြံဉာဏ်ပေးမည်နည်း။

ကျန်ချင်ဝါးကလည်း အမြန်ဆုံး တွေးတောစဉ်းစားလိုက်လေသည်။ ရန်သူများသည် မိမိတို့အုပ်စု တံတားအလယ်သို့ရောက်သည်နှင့် ဟိုဘက်ထိပ်သည်ဘက်ထိပ်မှ ထွက်ပေါ်လာပြီး ညှပ်ပူးညှပ်ပိတ်တိုက်ခိုက်ရန် ကြံစည်ထားပုံ ရသောကြောင့် သူသည် လျင်မြန်စွာ အကြံထုတ်ရတော့သည်။

'ဟေ့....တို့အားလုံး ဒီမှာပဲ အနားယူကြမယ်'

ကျန်ချင်ဝါးက ကျယ်လောင်စွာပြောလိုက်သည်။ မိုးနဂါး၊ လနဂါးတို့မှာ အံ့သြသွားသည်။

မိမိတို့၏ခေါင်းဆောင် ကျန်ချင်ဝါးသည် အဘယ့်ကြောင့် ခရီးမဆက်တော့ဘဲ ဤနေရာ၌ပင် အနားယူ တော့မည်ဟု ပြောလိုက်ပါသနည်း။



အမျိုးမျိုးတွေးတောပြီး သစ်ပင်ရိပ်များဆီ၌ အပမ်းဖြေအနားယူလိုက်ကြသည်။ ဤနေရာတွင် တစ်ဦးနှင့် တစ်ဦး သံသယစိတ်များ ပေါ်လာကြသည်မှာ အမှန်ပင် ဖြစ်တော့သည်။ မျောက်ဖြူနှင့် လနဂါးက တီးတိုးငေဖန်၏။

'လနဂါး....ကျန်ချင်ဝါးကို မင်းသိသလား'

လနဂါးက ပခုံးတွန့်ပြလိုက်သည်။

'မသိဘူး၊ သူဟာ ဝမ်ချွမ်းမြို့ထဲကလို့ ပြောတာပဲ၊ သူ့ကို ခေါ်လာခဲ့တာကတော့ အသတ်ခံလိုက်ရတဲ့ စစ်တုံရှဲသားစစ်ဟန်မင်းဆိုတဲ့ ကောင်လေးပဲ၊ အဲဒီကောင်လေးကလဲ မအူမလည်နဲ့ ဘယ်လိုလူကိုခေါ်လာခဲ့တယ်ဆိုတာငါလဲစဉ်းစားလို့မရပါဘူး'

မျောက်ဖြူက ခေါင်းညိတ်လိုက်သည်။

'အေးကွ၊ သူဌေးဟိုင်းလီကလဲ အသက်ကြီးတဲ့လူမို့ခေါင်းဆောင်အဖြစ် သတ်မှတ်ပေးလိုက်ပေမယ့် ဟိုင်းလီကိုယ်တိုင်လဲ ကျန်ချင်ဝါးကို ဘယ်သူဘယ်ဝါဆိုတာ မသိဘူးလို့ပြောတယ်'

ထို့အတူ မိုးနဂါးနှင့် ငွေကြယ်မစုဝေတို့ကလည်း တစ်နေရာတွင်ထိုင်၍ ဝေဖန်ကြပြန်သည်။

'မျောက်ဖြူကရန်သူရှိတယ်လို့ပြောတာနဲ့ ကျန်ချင်ဝါးကဘာလို့ တံတားကို မကူးတော့တာလဲ၊ သူက ရန်သူတွေကို ရင်မဆိုင်ရဲဘူးနဲ့တူတယ်'

မိုးနဂါးက စဉ်းစဉ်းစားစားဖြင့် ခေါင်းကိုခါဖြည်းဖြည်း ယမ်းလိုက်လေသည်။

‘သူ့မှာ အကြံအစည်ရှိမှာပေါ့ စုဝေရယ်’

‘သူ့ကို ကြည့်ရတာ ကျွန်မ နည်းနည်းမှ အားမရဘူး၊ ခါးကြားထဲက အရက်ဘူးကို ဆွဲထုတ်ပြီး အရက်ကလေး သောက်လိုက်၊ တုံးလုံးလှဲနေလိုက်နဲ့ ပေါ်ပေါ်အပျင်းထူမယ့် ပုံစံပဲ’

ငွေကြယ်မစုဝေက နှာခေါင်းရှုံ့ရင်း ပြော၏။ မိုးနဂါးက အနည်းငယ်ပြုံး၍....

‘သူက ခေါင်းဆောင်တစ်ယောက်ပဲ၊ ဘာပဲဖြစ်ဖြစ် တို့က သူ့အကြံအစည်ကို လက်ခံရမှာပဲ’

စုဝေ ပါးစပ်ပိတ်ထားလိုက်သည်။ သို့သော် ကျေနပ်ဟန် တော့ မရှိပေ။ လုံးဝကျေနပ်မှုမရှိသူမှာ လင်းပို့ ဖြစ်သည်။ လင်းပို့သည် စစ်ဟန်မင်း၏ အနားတွင် ဝင်ထိုင်၍ လက် မောင်းကို လှမ်းရိုက်လိုက်၏။

‘ဒီမှာ….နင်စကား အရက်သောက်ပြီး သူ့လိုပဲ အပျင်း ထူချင်တဲ့စိတ် မရှိဘူးလား’

စစ်ဟန်မင်းမှာ မျက်နှာကွက်ခနဲ ပျက်သွားလေသည်။ ဒါ ခေါ်လာခဲ့သော ကျွန်ချင်ဝါးကို အားလုံးက မကျေနပ်ကြမှန်း စစ်ဟန်မင်း သိသည်။ အမှန်အတိုင်း ပြောမည်ဆိုလျှင် စစ် ဟန်မင်း ကိုယ်တိုင်လည်း ကျွန်ချင်ဝါးကို နားမလည်နိုင်ပေ



ကျွန်ချင်ဝါးသည် ဟုတ်မှန်သောစကားကို အေးအေး ဆေးဆေးပြောတတ်သည်ကလွဲပြီး သူဘာကောင် ဆိုသည်ကို လုံးဝ မသိရှိသေးပေ။

‘နင် သူ့ကို ဘယ်အရက်ဆိုင်က ဆွဲလာခဲ့သလဲ မှန်မှန် ပြောစမ်း’

စစ်ဟန်မင်းက ဘာမျှ ပြန်မပြောသည့်အခါ လင်းပို့မှာ ပို၍ ဒေါသဖြစ်လာသည်။

‘နင် သူ့ကို အဖော်ခေါ်လာတာ ဘာလုပ်ဖို့လဲ၊ ခုလိုပဲ အရက်ကို ဇိမ်နဲ့သောက်ဖို့သား၊ နင်တို့နှစ်ယောက်တော့ ဘယ် နေရာမှာ သေမလဲဆိုတာ ငါစောင့်ကြည့်ရတော့မှာပဲ’

‘ညီမလင်းပို့….နင်ဟာ ငါ့ကို ဘယ်တော့မှ အကောင်း မပြောဘူး’

စပ်ဟန်မင်းက မကျေမနပ် ပြန်ပြောသည်။

လင်းပို့က မျက်စောင်းထိုး၍....

‘နင့်မှာ အထင်ကြီးစရာ ဘာရှိလို့လဲ၊ ငါက နင့်ဘဝကို သနားလို့ ပြောနေတာ၊ မိဘနှစ်ပါးကလဲ ရက်ရက်စက်စက် အသတ်ခံထားရတယ်ဆိုတော့’

စစ်ဟန်မင်းက လက်ကာပြလိုက်သည်။

‘တော်ပါတော့ ညီမရယ်၊ ကျုပ်ဘဝက အားလုံးကို အရှုံးပေးထားရတဲ့ လူပါ’

လင်းပို့သည် စစ်ဟန်မင်းမျက်နှာကို တစ်ချက်လှမ်းကြည့်၍ ဆက်ပြင်းချလိုက်လေသည်။

*　　*　　*

သူတို့ နားနေသည်မှာ တစ်နာရီခန့်ကြာပြီဖြစ်၏။ ညနေစောင်းအချိန်သို့ပင် ရောက်ရှိလာပြီ ဖြစ်သည်။ မျောက်ဖြူတသာ ရန်သူရှိသည်ဟု ပြောသော်လည်း မည်သည့်လှုပ်ရှားသံမျှ မကြားရသောအခါ မိုးနဂါးတို့မှာ ပျင်းရိငြီးငွေ့လာတော့သည်။

သူတို့အားလုံးသည် ကျန်ချင်ဝါးအနားသို့ ထသွားပြီး ဝိုင်းထိုင်လိုက်ကြသည်။ ကျန်ချင်ဝါးသည် လူတွေက သူ့ကို မည်ကဲ့သို့ ဝေဖန်နေသည်ကို ရိပ်မိသိရှိထားသည်။ သူသည် သစ်ပင်ကို ကျောမှီပြီး မျက်လုံးကိုမှိတ်ထားသည်။ သူ့အနားသို့ မိုးနဂါးတို့လူစု ရောက်လာမှ မျက်လုံးဖွင့်၍....

'စကားကို တိုးတိုးပြောပါ'

ကျန်ချင်ဝါးက သတိပေးစကား ပြောလိုက်သဖြင့် မိုးနဂါးတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ လနဂါးက...



'ဆရာကြီးကျန်ချင်ဝါး၊ ဘာရန်သူမှ ရှိမယ်မထင်ပါဘူး၊ မျောက်ဖြူ မှားယွင်းပြီး ပြောတာနဲ့တူတယ်'

ကျန်ချင်ဝါးသည် အရက်ဘူးငယ်ထဲမှ အရက်အနည်းငယ်ကို တစ်ငုံစာ သောက်လိုက်ပြီး ခါးတွင် ပြန်ချိတ်လိုက်သည်။ ပြီးမှ သူက အေးဆေးသောလေသံဖြင့် ပြောလိုက်လေသည်။

'မျောက်ဖြူပြောတာ မမှားပါဘူး'

'ဟင်....ဒါဖြင့် ရန်သူရှိတယ်ပေါ့၊ ဒါဖြင့် ဆရာကြီးက'

ကျန်ချင်ဝါးက ပြုံးလိုက်သည်။

'မင်းတို့က တယ်လောကြီးတာကိုး'

'ဆရာကြီး၊ ခင်ဗျား အရက်မူးနေသလား'

လနဂါးက စိတ်မရှည်ဟန်ဖြင့် ခပ်ဆတ်ဆတ် ပြောလိုက်၏၊ ထိုအခါ စစ်ဟန်မင်းသည် မကျေမနပ် ဖြစ်သွားပြီး....

'အဖွဲ့ရဲ့ခေါင်းဆောင်တစ်ယောက်ကို ခင်ဗျားတို့ မအော်ငေါက်သင့်ဘူး'

ကျန်ချင်ဝါးသည် အကျယ်အကျယ် ဖြစ်ကုန်မည်စိုး၍ ကပျာကယာ လက်ကာလိုက်သည်။

'မင်းတို့ကို ကျုပ်ပြောမယ်၊ တံတားရဲ့ဟောဒီဘက်မှာတွင် ရန်သူနှစ်ဆယ်လောက် ပုန်းနေတယ်၊ ဟိုဘက်ထိပ်မှာလဲ နှစ်ဆယ်လောက် ရှိမယ်ဆိုတာ မလွဲဘူး၊ သူတို့ဟာ ကျုပ်တို့ တံတားအလယ်ရောက်တာနဲ့ နှစ်ဘက်ညှပ်ပြီးတိုက်ခိုက်ဖမ်းဆီးဖို့ စောင့်နေတယ်'

ကျန်ချင်ဝါးက အတိအကျ ပြောလိုက်ရာ မိုးနဂါးတို့မှာ အံ့အားသင့်သွားလေသည်။ သို့သော် လနဂါးက ကျန်ချင်ဝါး မူးမူးနှင့် ပြောချင်ရာ ပြောသည်ဟု ထင်၏။

'ဆရာကြီး ဘယ်လိုသိသလဲ'

ကျန်ချင်ဝါးသည် လနဂါး၏အမေးကို လုံးဝ ဂရုမစိုက်ပေ။

'မင်းတို့ သေသေချာချာ နားထောင်'

ယခုအခါ ကျန်ချင်ဝါး၏ မျက်နှာသည် အရက်သမား တစ်ယောက်နှင့် မတူတော့ပေ။ လူပျင်းတစ်ယောက်၏ ပုံစံမျိုးလည်း မဟုတ်တော့ပါ။ တည်ကြည်သော မျက်နှာနှင့် အသံက ပြတ်သားနေသည်။

'လူလေးဆယ်လောက်ကို ကျုပ်တို့ခုနစ်ယောက်နဲ့တိုက်ရမှာ ရတယ်၊ ဒါပေမယ့် ကျုပ်တို့ တစ်ယောက်မှ အထိမခံနိုင်ဘူး၊ အဲဒီတော့ ဒီကိစ္စကို ကျုပ်စီစဉ်မယ်'

လနဂါးမှာ ထခုအချိန်တိုင်အောင် ကျန်ချင်ဝါး၏စကားကို မယုံကြည်ပေ။

'ရန်သူက ဘယ်မှာရှိနေလို့လဲ'

သူတို့ ယခုထိုင်နေသောနေရာနှင့် တံတားမှာ ကိုက်တစ်ရာ နီးပါးမျှ အကွာအဝေး ရှိနေသည်။

ကျန်ချင်ဝါးသည် လနဂါးကို လုံးဝဂရုမစိုက်ပေ။ မိုး နဂါးကိုလှမ်းကြည့်ကာ....

[illegible]



'ကျုပ်တို့ အခုလုပ်ငန်း [illegible] နားကိုရောက်တာနဲ့ ကျုပ်ရန်သူဆယ်ယောက်ကို သုတ်သင်လိုက်မယ်၊ ကျန်တဲ့ဆယ်ယောက်ကို အလွယ်တကူတိုက်လို့ရသွားပြီ၊ အဲဒီအချိန်မှာ တံတားဟိုဘက်ကရန်သူတွေက မလွဲမသွေ ပြေးလာကြမှာ အမှန်ပဲ၊ သူတို့တံတားပေါ် ရောက်လာတာနဲ့ စုဝေက ငွေကြယ်ပွင့်တွေနဲ့ တိုက်ခိုက်ပါ၊ အဲဒါဆော့ ဟိုဘက်လူတွေကို ဟန့်တားထားတဲ့နည်းပဲ....'

အားလုံးသည် ကျန်ချင်ဝါး ပြောသည်ကို နားလည်သဘောပေါက်ကြသော်လည်း ရန်သူ ဘယ်နှစ်ယောက်မျှ ရှိနေပါသည်ဆိုသောစကားကို ဘယ်လိုနားလည်ရမှန်း မသိအောင် ဖြစ်နေကြသည်။

လနဂါးနှင့်လင်းပို့သည် ကျန်ချင်ဝါး အရက်မူးနေသည်ဟုသာ ထင်ကြဆဲဖြစ်သည်။ ထို့အတူ စစ်ဟန်မင်းမှာလည်း သူ့ဆရာကြီးအတွက် ရင်လေးနေမိသည်။ ကျန်ချင်ဝါးက စုဝေထံမှ ငွေကြယ်ပွင့်ဆယ်ပွင့် တောင်းလိုက်သည်။

စုဝေ က ထုတ်ပေးရင်း...

'ဒီလက်နက်က ကျွန်မရဲ့ကိုယ်ပိုင်လက်နက်ပဲဆရာကြီးအသုံးပြုလို့ လွယ်ပါ့မလား'

ကျန်ချင်ဝါးက မည်သို့မျှ ပြန်လည်ပြောဆိုခြင်းမပြုပါ။ ငွေကြယ်ပွင့် ဆယ်ပွင့်ကို ငါးပွင့်စီ ဘယ်ညာကိုင်၍ ရှေ့ဆုံးမှ ထွက်သွားလေသည်။

သူသည် တံဘားအနီးသို့ ရောက်သည်နှင့် ရုတ်တရက် သစ်ပင်ပေါ်သို့မော့ကြည့်ကာ ဘယ်ညာလက်နှစ်ဖက်စလုံး လှုပ်ရှားလိုက်သည်။

'ဝှစ်....'

'ဝှစ်....'

'ဝှီး'

အသံများသည် ပိတုန်းများကဲ့သို့ ကျယ်လောင်စွာ ပေါ်ထွက်လာတော့သည်။

ယင်းအသံများနှင့် မခွဲးမခြားမှာပင်....

'အား'

'အမေ့'

ဟူသောအသံများ ဆက်တိုက် ထွက်ပေါ်လာသည်။

သစ်ကိုင်းကြီး သစ်ကိုင်းကြားများအတွင်းမှ အော်ဟစ်ညည်းညူသံများနှင့်အတူ ရန်သူများပြုတ်ကျလာသည်။ လနဂါးတအုံ့အားသင့်စွာဖြင့် ရေတွက်ကြည့်မိရာ ဆယ်ယောက်တိတိ ဖြစ်နေသည်ကို တွေ့ရ၏။

ထိုလူများသည် မျက်နှာ၊ ရင်ညွန့်နှင့် လည်ပင်းတို့တွင် ငွေကြယ်ပွင့်များ ထိမှန်ခံရကာ ပြုတ်ကျလာခြင်းဖြစ်ကြောင်းသိရ၏။

ယင်းအချိန်မှာပင် ဝဲယာချုံပုတ်ထဲမှ မန်ချူးစစ်သားများ ခုန်၍ထွက်လာသည်။ မိုးနဂါးတို့သည် တုံ့ဆိုင်းမနေတော့ပါ။ ဓားများဆွဲထုတ်၍ တိုက်ခိုက်တော့၏။

* * *



ကျန်ချင်ဝါးပြောသည့်အတိုင်းပင်....

တံတား၏ သည်ဘက်ထိပ်၌ တိုက်ခိုက်နေသည်ကို တွေ့အည်နှင့် ဟိုဘက်ထိပ်တွင် ပုန်းခိုနေသော မန်ချူးတို့သည် အတင်းပြေးလာတော့သည်။

ငွေကြယ်မစုစ၀သည် သူမ၏တာဝန်ကို မတုန့်မဆိုင်းပင် ထမ်းဆောင် လိုက်လေ၏။

ငွေကြယ်လေးများ တဝှီးဝှီးနှင့် လွင့်ထွက်သွားသည်။ အရှိန်အဟုန်နှင့်ပြေးလာသော မန်ချူးတပ်သား အချို့သည် အားခနဲ အင့်ခနဲအော်သံနှင့် တံတားပေါ်မှ လွင့်စဉ်ကျကုန်တော့သည်။ အချို့လည်း ငွေကြယ်ပွင့်စိုက်ဝင်နေသော ဒဏ်ရာနှင့် နောက်သို့ ပြန်ပြေးလေသည်။

ကျန်ချင်ဝါးသည် လုံးဝဓားကိုမထုတ်ဘဲ ရန်သူသုံးလေးဦးကို လက်နက်မဲ့ တိုက်ခိုက်၍ ရေထဲကန်ချလိုက်၏။

မျောက်ဖြူသည် ကျန်ချင်ဝါးကို တစ်ချက်လှမ်းကြည့်ရင်းမှ ပြောမိဆိုမိသော စကားများကြောင့် စိတ်မကောင်း ဖြစ်သွားရလေသည်။

လနဂါးမှာမူ မျက်နှာသိသိသာသာ ပျက်နေသည်။ သူသည် သိုင်းလောကတွင် ပွဲပေါင်းအမျိုးမျိုး နွှဲခဲ့ဖူးသည်။ ကျန်ချင်ဝါး၏ တိုက်ကွက်များကို မမြင်ဖူးခဲ့ချေ။ ကျန်ချင်ဝါး၏ တိုက်ကွက်များက တိကျသည်။ ပြတ်သားလွန်းသည်။ ထိမျှမက ထိရောက်ပြင်းထန်လှ၏။

ရန်သူသည် သူ၏တိုက်ကွက် တစ်ကွက်ကို လုံးဝ ချေဖျက်နိုင်စွမ်းမရှိသည်ကို တွေ့ရလေသည်။

ကျန်ချင်ဝါးသည် လင်းပို့နှင့် စစ်ဟန်မင်းတို့အား တိုက်ခိုက်နေသည့် မန်ချူး စပ်သားများကို အဓိကထားပြီး သွားရောက် တိုက်ခိုက်သည်။

သူတို့နှစ်ဦးကို အကာအကွယ် ပေးနေခြင်း ဖြစ်သည်။ ထိုစဉ် ဟိုဘက်ကမ်းမှ လူတစ်ယောက် ပြေးလာသည်။ စုဝေထငွေကြယ်ပွင့်ကို ပစ်လွှင့်လိုက်၏။ ထိုသူက လျင်မြန်စွာဖြင့် ငွေကြယ်ပွင့်များကိုသူ၏ဓားဖြင့်ပြန်၍ ပက်ထုတ်လိုက်သည်။ ထိုသူသည် သစ္စာဖောက် လျှန်ထင်းစီးပင် ဖြစ်လေသည်။

* * *

လျှန်ထင်းစီးသည် သူ၏လူများ လက်နက်ပုန်းဖြင့် ပစ်ခတ်ခြင်းခံနေရသဖြင့် ရှေ့မှဝင်ရောက်ပြီး ကာကွယ်လိုက်ခြင်းဖြစ်၏။ ထိုအခါ မိုးနဂါးသည် တံတားပေါ်သို့ ပြေးဝင်သွားပြီး လျှန်ထင်းစီးကို ရင်ဆိုင်လိုက်လေသည်။

မျောက်ဖြူသည်လည်း တံတားဆီသို့ ပြေးသွားလေသည်။ အဘယ့်ကြောင့်ဆိုသော် သည်ဘက်ကမ်းမှ လူနှစ်ဆယ်ခန့်



အနက် နှစ်ယောက်သာ ကျန်ရှိတော့ပြီး လနဂါးနှင့် ကျန်ချင်ဝါးက တိုက်ခိုက်နေပေသည်။

လင်းပို့နှင့်စစ်ဟန်မင်းသည်လည်း တံတားပေါ်သို့ ရောက်ရှိသွားပြီ ဖြစ်လေသည်။ ယခု အခြေအနေအရ ရန်သူ့ဘက်မှ အထိနာပြီး လုံးလုံးလျားလျား အရှုံးပြနေပြီ ဖြစ်သည်။

'အား....'

ကျန်ချင်ဝါးသည် သူနှင့် တိုက်ခိုက်နေသော မန်ချူး စစ်သည်တစ်ဦးကို ဒဝ့ ဝိုက်ကန်ထည့်လိုက်ရာ ချောင်းထဲသို့ ပစ်ကျသွားတော့သည်။ ပြီးသည်နှင့် သူသည် တံတားအလယ်သို့ ရောက်ရှိသွားပြီး လျှန်ထင်းစီးကို ရင်ဆိုင်လိုက်လေသည်။

လျှန်ထင်းစီးသည် တံတားပေါ်သို့ ရောက်ရှိလာသော လူခုနစ်ယောက်လုံးကို နီမြန်းသော မျက်လုံးအစုံဖြင့် စူးစူးစိုက်စိုက် ကြည့်လိုက်လေသည်။

သူသည် လနဂါးနှင့် မျောက်ဖြူတို့ကို တွေ့ရသောအခါ ပို၍ ဒေါသဖြစ်လာ၏။

'ဟေ့....ဓားပြတွေ၊ မင်းတို့ မန်ချူး အရာရှိကြီးဆီက ပစ္စည်းတွေ ပြန်ပေးမလား၊ မပေးဘူးလား'

သူက ဒေါသဖြင့် အော်မေးလေသည်။ သူ၏နောက်တွင် တပ်သားဆယ်ယောက်ခန့်သာ ရှိတော့သည်။ လျှန်ထင်းစီသည် သူ၏လူများ မရှုမလှ သေဆုံးသည်ကို ကြည့်၍ ဒေါသခြောင်းခြောင်းထွက်နေ၏။

ကျန်ချင်ဝါးတို့က တဖြည်းဖြည်း ရှေ့သို့တိုးလာသည်၊ လျှန်ထင်းစီးတို့သည် နောက်သို့ဆုတ်၍ဆုတ်၍ သွားနေသည်။

'ဟေ့....လျှန်ထင်းစီး၊မင်းက သခင်အားရအောင် ဟောင်နေတဲ့ခွေးတစ်ကောင်ပဲ၊ တို့ဟာ ဓားပြမဟုတ်ဘူး၊ မင်းတို့လို သစ္စာဖောက် လောက်ကောင်တွေကို မောင်းထုတ်နေတဲ့ မျိုးချစ် သိုင်းသမားတွေကွ'

လျှန်ထင်းစီးသည် နောက်သို့ တစ်လှမ်းချင်း ဆုတ်ရင်းမှ ကျန်ချင်ဝါး၏စကားကို နားထောင်၍ မျက်နှာ နီမြန်းသွားသည်။

ကျန်ချင်ဝါးသည် အရပ်ရှည်ပြီး မျက်နှာစမှာ သွယ်လျလျဖြစ်သည်။ တိုက်ခိုက်မှု အလွန်ကျွမ်းကျင်သော ထိပ်တန်းအဆင့်မြင့် သိုင်းပညာရှင် တစ်ဦးဖြစ်သည်ကို တွေ့ရသော်လည်း ဘယ်သူ ဘယ်ဝါဖြစ်ကြောင်း လျှန်ထင်းစီး မသိရပေ။

'ခင်ဗျား ဘယ်သူလဲ၊ ခင်ဗျားက နဂါး ခုနစ်ဖော်နဲ့ ပူးပေါင်းပြီး ဓားပြတိုက်နေတဲ့ ဓားပြခေါင်းဆောင်လား'

ကျန်ချင်ဝါးက မဲ့ပြုံးပြုံး၍....

'မင်းက ငါ့ကို မသိဘူးမဟုတ်လား၊ အဲဒီတော့ သိအောင်ပြောလိုက်မယ်၊ မင်းရဲ့ ပထွေးလို့ သဘောထားလိုက်'

ကျန်ချင်ဝါးက ပြောလိုက်ရာ လျှန်ထင်းစီးသည် ဒေါသအမျက် ခြောင်းခြောင်းထွက်ပြီး သူ၏လက်ထဲမှဓားဖြင့် ဝင်၍တအားခုတ်ပိုင်းလိုက်၏။



သူ၏တိုက်ကွက်အာ လျင်မြန်လွန်းသည်။ ရုတ်တရက်မို့ ကျန်ချင်ဝါး နောက်သို့ခုန်၍ ဆုတ်လိုက်ရသည်။

ခုတ်ချက်အာ သီသီကလေးလွဲသွားသည်။ လျှန်ထင်းစီးက ရှေ့တစ်လှမ်းအတိုးတွင် ကျန်ချင်ဝါးက ဓားဖြင့် ထိုးသွင်းသည်။ လျှန်ထင်းစီးကလည်းလှပစွာဖြင့် ရှောင်ရင်းမှသူ၏ဓားဖြင့် ဆီး၍ ခံသည်။

'ထန်း'

တံဘားပေါ်၌ သူတို့နှစ်ဦးအာ နေရာယူ၍တိုက်ခိုက်နေသဖြင့် နောက်မှလူများမှာ ရပ်စောင့်ပြီး ကြည့်နေရသည်။ မည်သူမျှ ဝင်၍ မကူသာချေ။

ထိုစဉ် ကျန်ချင်ဝါးသည် 'မုန်တိုင်းလေပွေ' တိုက်ကွက်ကို ဆင်လေတော့သည်။ သူ၏ခန္ဓာကိုယ်သည် နှစ်ပတ် သုံးပတ်မျှ လေထဲ၌ လည်သွားပြီး လျှန်ထင်းစီး၏ရင်ဝကို ကန်ထည့်လိုက်သည်။

'ဝုန်း'

လျှန်ထင်းစီး နောက်သို့လန်သွားပြီး မျက်လုံးများပြာဝေသွားသည်၊ သူသည် တဖြည်းဖြည်း ဆုတ်ရင်းဆုတ်ရင်းဖြင့် နောက်သို့ လှည့်ပြေးတော့၏

သူ၏နောက်မှ လူများသည်လည်း အခြေအနေတ လုံးဝ မပေးတော့သဖြင့် လျှန်ထင်းစီး နောက်မှ ပြေးလိုက်သွားကြသည်။

တိုက်ပွဲက ပြီးသွားပြီဖြစ်သည်။ ကျန်ချင်ဝါးတို့၏ပွဲဦးထွက်တိုက်ပွဲသည် အောင်မြင်ခြင်း၏အထွတ်အထိပ်သို့ ရောက်ရှိခဲ့လေသည်။

ညမှောင်ရီပျိုးချိန် ရောက်ပြီဖြစ်၍ ကျန်ချင်ဝါးတို့သည် ထိုတံတား၌ပင် ထိုညအဖို့ စခန်းချရတော့သည်။

* * *

မျောက်ဖြူသည် ဘယ်အဘယ်လို ဝက်ပေါက်တစ်ကောင်ကို ရအောင်ရှာဖွေလာသည်မသိ၊ ထင်းတုံးကြီးများကို မီးဖို၍ ထိုဝက်ပေါက်ကို ကင်နေသည်။ လနဂါးသည် သူ၏အရက်ဘူးထဲမှ အရက်များကို အားလုံးအတွက် ဝေငှပေးလေသည်။

အထူးသဖြင့် ကျန်ချင်ဝါးကို အများဆုံး ထည့်ပေးလိုက်၏။ သူတို့သည် ကျန်ချင်ဝါး၏ အကြောင်းကို လေသံကလေးဟ၍ပင် မဝေဖန်ရဲ ကြတော့ပေ။ ကျန်ချင်ဝါးမှာ ခါတိုင်းကဲ့သို့ပင် အရက်ကလေးအနည်းငယ်သောက်၍ သစ်ပင်ကိုမှီကာ မျက်လုံးကိုမှိတ်ထားသည်။

လင်းပို့မှာ အတော်ပင် နှောင်တရပြီး ရှက်နေမိသည်။ မိမိကိုယ်မိမိ လူတော်ကြီးလုပ်ပြီး ပြောဆိုဝေဖန်ခဲ့မိခြင်းများ



အတွက် စစ်ဟန်မင်း၏မျက်နှာကိုပင် မကြည့်ရဲအောင် ဖြစ်သွားသည်။

စစ်ဟန်မင်းကား ကျန်ချင်ဝါးပြောပြထားသော စကားများကို ကောင်းကောင်းကြီး သဘောပေါက်နေပြီဖြစ်သည်။

'လောကကြီးတွင် မိမိကိုယ်မိမိ တတ်သည် နားလည်သည်ဟု ပြောသောသူသည် ရူးနေသောသူ ဖြစ်ချင်ဖြစ်၊ သို့မဟုတ် ဘဝင်မြင့်သော လူသာ ဖြစ်ပေလိမ့်မည်။

ထိုစကားကို ကျန်ချင်ဝါးက သက်သေပြထားသည်။ သူသည် ဘယ်သူဘယ်ဝါ ဖြစ်သည်၊ သိုင်းပညာ မည်မျှ မည်မျှ တတ်ကျွမ်းသည်ဟု တစ်ခါမျှ မပြောဖူးပေ။

လက်တွေ့တွင် အားလုံးသိရှိသွားအောင် ပြသလိုက်သည်။ ငွေကြယ်မစုဝေသည် ကျန်ချင်ဝါးကို အထင်သေးမိခြင်းမှာ မဟာအမှားကြီး မှားပြီဖြစ်ကြောင်း နောင်တရလိုက်၏။

သူမအနေဖြင့် တတ်ကျွမ်းထားသည်မှာ ငွေကြယ်ပွင့်သုံးပွင့်ကို တစ်ပြိုင်တည်း၌ ပစ်မှတ်သုံးခုကို ထိအောင်ပစ်ခတ်နိုင်ခြင်းသာဖြစ်၏။ ယခုမူ ကျန်ချင်ဝါးက....

ပစ်မှတ်ငါးခုကို တစ်ပြိုင်တည်းပစ်ခတ်နိုင်သည့်ပြင် ဘယ်ရေညာရော အသုံးပြုနိုင်သည်မှာ အံ့ခန်းပင်ဖြစ်ပေတော့၏။

သူမကို သင်ကြားပေးသောဆရာသည်ပင် ကျန်ချင်ဝါးလောက် မစွမ်းဆောင်နိုင်သည်ကို တွေ့ရသောအခါ ငွေကြယ်မစုဝေထိတ်လန့်အံ့ဩ သွားရသည်။

ထို့နောက် သူမသည် တစ်စုံတစ်ခုကို သတိရရှိသွားသကဲ့သို့ ကျန်ချင်ဝါးကို တစ်ချက်စူးစိုက်ပြီး ကြည့်မိလိုက်သည်။ စိတ်ထဲ၌…

တစ်စုံတစ်ရာကို မေးချင်သော်လည်း မမေးရဲသဖြင့် မျိုသိပ်ထားမိတော့သည်။

သူတို့အားလုံး၏ စိတ်ထဲတွင် ဟိုင်းလီက ခေါင်းဆောင်အဖြစ် ရွေးချယ်ပေးလိုက်သည်မှာ အလွန်သင့်မြတ် လျော်ကန်ကြောင်း တညီတညွတ်တည်း လက်ခံမိလိုက်ကြတော့၏။

'ဒီကောင်တွေရန်က စိတ်ချရပါ့မလား ဆရာကျန်'

မိုးနဂါးက လှမ်းမေးလိုက်ရာ ကျန်ချင်ဝါးသည် မျက်လုံး ဖွင့်လိုက်ပြီး….

'ဒီညတော့ စိတ်ချလက်ချအိပ်ပါ၊ ဘယ်နည်းနဲ့မှ ဖြ မလာနိုင်ဘူး၊ ဒါပေမယ့် သူတို့ ကျုပ်တို့ကို မျက်ခြည်ပြ ထားမှာတော့ မဟုတ်တော့ဘူး'

'ကျွန်တော်တို့အားလုံး လှေငှားပြီးသွားလို့ဖြစ်ပါ့မလား'

'ကျုပ်….အဲဒါ စဉ်းစားနေတာပဲ'

သူတို့ခုနစ်ယောက်လုံး စကားပြတ်သွားသည်။ မျောက်ဖြူ ဝက်သားကင်ကို မြိန်ရည်ရှက်ရည် စားသောက်ပြီးသော အ ကျန်ချင်ဝါးက စကားစတင်ပြောသည်။

'ကျုပ်တို့အားလုံး စုသွားတော့ သိပ်မလွယ်ဘူး၊ ရန်သူ အနေနဲ့ ရှာဖွေရလွယ်ကူတာပေါ့'



မိုးနဂါးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျွန်တော်လဲအဲဒီအချက်ပဲ စဉ်းစားနေတာ၊ တကယ်လို့ ခုနစ်ယောက်စလုံး လှေတစ်စင်းနဲ့ သွားကြမယ် ဆိုရင် သူတို့ကလဲ အင်အားသုံးပြီး ဒီလှေကို ဝိုင်းတိုက်ခိုက် မှာပဲ'

ကျန်ချင်ဝါးသည် မျက်လုံးစုံမှိတ်၍ စဉ်းစားပြန်သည်။ အတန်ကြာမှ….

'မင်း မြေပုံစာရွက် ခဏထုတ်ပါ'

မိုးနဂါးက မြေပုံစာရွက်ကိုထုတ်ပြသည်။ ကျန်ချင်ဝါးသည် မြေပုံကို အတန်ကြာအောင် စူးစိုက်ကြည့်ကာ လမ်းကြောင်းများကို ရှာဖွေသည်။

'တို့ ရေလမ်းကမသွားဘဲ ကုန်းပိုင်းက ဒီအတိုင်းသွားရင် မရဘူးလား'

မြေပုံကိုထောက်ပြရင်း ကျန်ချင်ဝါးကမေးသည်။

'ချန်ပိုင်တောင်တန်းကို ကုန်းလမ်းကသွားရင် ရပါတယ်၊ ဒါပေမယ့် မြင်းကိုသုံးရလိမ့်မယ်၊ တကယ်လို့ မြင်းကိုသုံးမယ် ဆိုရင် ချန်ပိုင်တောင်တန်းကိုရောက်တာနဲ့ ဒီမြင်းတွေကို ထား ခဲ့ရမှာပဲ'

'ကိစ္စမရှိပါဘူးလေ၊ ကျုပ်တို့မှာ မြင်းဝယ်နိုင်တဲ့အင်အား ရှိတာပဲ၊ လူခွဲပြီး မြင်းနဲ့ပဲသွားကြတာပေါ့၊ အဲဒီတော့ ကျုပ်တို့အားလုံး ဆုံမယ့်နေရာကို သတ်မှတ်ကြရအောင်'

မိုးနဂါးကမြေပုံကိုကြည့်၍ တစ်နေရာကို ထောက်ပြလိုက်သည်။

'ဟောဒီမြို့ဟာ ချင်းပိုင်တောင်တန်းနဲ့ အနီးဆုံးမြို့တစ်မြို့ပဲ၊ မြို့အမည်က (မိုင်ခတ်)မြို့လို့ခေါ်တယ်၊ လူနေအိမ်ခြေလဲ ထူထပ်တယ်၊ လူရှုပ်လူပွေ ပေါသလောက်လဲ မန်ချူးတွေ အတော်များများနေထိုင်တယ်၊ ကျွန်တော်တို့ အဲဒီမြို့မှာပဲ ဆုံကြရင် မကောင်းဘူးလား'

ကျန်ချင်ဝါးက သေသေချာချာကြည့်ပြီး ခေါင်းညိတ်လိုက်၏။

'ကောင်းပါတယ်၊ ကျုပ်တို့ အဲဒီကိုရောက်အောင် ဘယ်နှစ်ရက် ကြာမယ်ထင်သလဲ'

မိုးနဂါးက လမ်းခရီးကို တွက်ချက်လိုက်သည်။

'လမ်းခရီးရဲ့ အခက်အခဲတိုပါ ထည့်တွက်လိုက်မယ်ဆိုရင် အများဆုံး ဆယ်ရက်ပါပဲ'

ကျန်ချင်ဝါးက ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီလေ၊ ကျုပ်တို့ မနက်မိုးလင်းရင် မြင်းရှာကြတာပေါ့'

'ကျွန်တော်တို့ မြင်းကို မဝယ်ဘူးဗျာ'

လနဂါးက ဝင်ပြောရာ မိုးနဂါး မျက်မှောင်ကြုတ်သွားသည်။



'ဘယ်က ရမလဲ'

လနဂါးက ပြုံးလိုက်ပြီး....

'မန်ချူးတွေ မြင်းကိုယ်စီနဲ့သွားနေကြတာပဲ၊ ဒီကောင်တွေဆီက လုပြီးစီးလိုက်ရုံပေါ့'

ကျန်ချင်ဝါး သဘောကျသွားသည်။

'မင်းအကြံမဆိုးဘူး၊ ကဲ....ဒါဖြင့် မနက်ကျရင် ကျုပ်တို့ လူစုခွဲကြမယ်၊ ကျုပ်နဲ့ စစ်ဟန်မင်းရယ်၊ လင်းပို့ရယ် သုံးယောက်တစ်တွဲ တွဲလိုက်မယ်'

ထိုအခါ လနဂါးက....

'ကျွန်တော်နဲ့ မျောက်ဖြူနဲ့တွဲမယ်'

ဤသို့ ခွဲလိုက်သောအခါ မိုးနဂါးနှင့် စုဒဝတို့နှစ်ယောက်သာ ကျန်တော့သည်။

စုဒဝ မကျေမနပ်ဖြစ်သွားပြီး....

'ကျွန်မ တစ်ယောက်တည်း သွားမယ်'

ဟု ထချ်ပြောလိုက်သည်။ မိုးနဂါးက ရယ်မော၍....

'ဘယ်ဖြစ်မလဲ၊ မင်းနဲ့ငါက တစ်တွဲတွဲမှ ဖြစ်တော့မှာပေါ့'

ငွေကြယ်မစုဒဝမှာ အကြောက်အကန် ငြင်းဆန် မနေတော့ဘဲ နှုတ်ခမ်းစူကာ တစ်ဖက်သို့ လှည့်သွားလေသည်။

## အခန်း (၈)

---

လေဆာဟူးဟူး တိုက်ခတ်နေသော်လည်း အကျဉ်းသားများမှာ ချွေးများ ရွှဲနစ်လျက်ရှိသည်။

နေပူကျဲကျဲအောက်တွင် အကျဉ်းသားများမှာ ကျောက်တုံးများ သစ်လုံးများကို ထမ်းပိုးနေကြရသည်။

ဆွမ်ဆန်သည် အကျဉ်းသားများ အလုပ်လုပ်ချိန်တွင် ရေကို ဝဝလင်လင်သောက်ခွင့်တောင်း ဆိုရာ အကျဉ်းအာဏာပိုင်များ၏ လိုက်လျောလိုက်ရလေသည်။ ထို့ကြောင့် အကျဉ်းသားများသည် ဆွမ်ဆန်ကို အထူးပင် ကျေးဇူးတင်နေကြပေသည်။

ဆွမ်ဆန်သည် ကျောက်တုံးများ ထမ်းပိုးရသော အလုပ်မှ အနားရခဲ့သည်မှာ သုံးရက်ရှိပြီ ဖြစ်သည်။ သူသည် အုပ်ချုပ်ရေးမှူး သန်းကိုး၏ အိမ်သို့သွားကာ ထင်းခွဲခြင်း၊ ရေခပ်ပေးခြင်း အလုပ်ကိုသာ သွားရောက် လုပ်ပေးရလေသည်။



ဆွမ်ဆန်အဖို့ ပို၍ စိတ်ချမ်းသာသွားရသည်မှာ မြို့စားကြီးတို့ သားအဖသည် ကြမ်းတမ်းသောအလုပ်များကို မလုပ်ရတော့ဘဲ ဝက်စာ၊ မြင်းစာများထားသော ဂိုဒေါင်တွင် မြင်းစာ၊ ဝက်စာများကို ထုတ်ပေးရသော အလုပ်ကိုသာ လုပ်ကိုင်ရတော့၏။

သားအဖနှစ်ယောက်စလုံး မည်သို့မျှ ပင်ပန်းမှု မရှိဘဲ ကောင်းမွန်စွာလည်း စားသောက်နေရသည်ကို မြင်သောအခါ ဆွမ်ဆန်သည် အလွန်ပင် စိတ်ချမ်းသာ သွားလေသည်။

ဆွမ်ဆန်သည် ယခင်က သူနှင့်အတူတွဲ၍ နေခဲ့ရသော ချိုးဝှဲနှင့် ကျီဘေးထံသို့ လျှောက်သွားသည်။ သူတို့နှစ်ယောက်သည် အနားတွင် ဆွမ်ဆန်မရှိတော့သဖြင့် အတော်ပင်အားငယ်သွားကြပုံရ၏။ ဆွမ်ဆန်ကသူတို့ကိုအားပေးသည်။

'သိပ်ပြီး စိတ်ဓာတ်မကျပါနဲ့ကွာ၊ ငါအမျိုးမျိုး စဉ်းစားနေပါတယ်၊ တစ်နေ့နေ့ တစ်ချိန်ချိန်တော့ လွတ်မြောက်ရမှာပေါ့'

ချိုးဝှဲက လေသံခပ်တိုးတိုးဖြင့်....

'ဆရာဆွမ်....ကျွန်တော့်ခြေထောက်က သံကြိုးတွေသာ မရှိရင် ကျွန်တော်တစ်မျိုးတစ်ဖုံ ကြံစည်လို့ရနိုင်တယ်'

ဆွမ်ဆန်သည် မျက်မှောင်ကြုတ်၍ စဉ်းစားနေသည်။ အတန်ကြာမှ ဆတ်ခနဲ ခေါင်းညိတ်ကာ....

'အေး....ငါကြိုးစားဦးမယ်'

* * *

ဆွမ်ဆန်၏တာဝန်သည် ထင်းခွဲရန်နှင့် ရေခပ်ရန်ဖြစ်သည်။ သို့သော် သူသည် အုပ်ချုပ်ရေးမှူးအိမ်သို့ ရောက်ရှိသည့်အခါ ရေတွေ အပြည့်ရှိနေသည်ကို တွေ့ရပြီး ထင်းတုံး အနည်းငယ်ကိုသာ ခွဲစိတ်ရလေသည်။ ယခုနေ့ဆိုလျှင် သုံးရက်ပြည့် မြောက်ပြီ ဖြစ်သော်လည်း သူသည် ရေကို လုံးဝမခပ်ရသေးပါ။

သူက ထင်းရုံထဲ၌ ခွဲစိတ်စရာထင်းတုံးများကို ရှာဖွေနေစဉ် သူ့နောက်မှ ခြေသံကြား၍ လှည့်ကြည့်လိုက်ရာ အုပ်ချုပ်ရေးမှူး သန်းကိုးအား တွေ့လိုက်ရလေသည်။

သန်းကိုးသည် အခြားအရာရှိနှစ်ဦးနှင့်အတူ ထင်းရုံထဲသို့ ဝင်ရောက်လာလေသည်။ ထိုအရာရှိနှစ်ဦးက ဆွမ်ဆန်ကို စူးစူးစိုက်စိုက် အကဲခတ်ကြည့်လိုက်၏။ ထိုအရာရှိနှစ်ဦးသည် ယခုမှ အကျဉ်းစခန်းသို့ ရောက်ရှိလာသည့် ဧည့်သည်များ ဖြစ်ပုံရလေသည်။

'သူတို့နှစ်ယောက်ဟာ မန်ချူးဘုရင်ရဲ့အရာရှိတွေပဲ၊ ခင်ဗျားကို နည်းနည်းပါးပါး မေးမြန်းစရာရှိလို့ ရောက်လာတာ'

သန်းကိုးက ပြောရာ ဆွမ်ဆန်မှာ အံ့အားသင့်သွားသည်။ လူ့ကိုသို့သော အကျဉ်းသားတစ်ယောက်ကို ဤအရာရှိများက ဘာကိစ္စနှင့် တွေ့ချင်နေရပါသနည်း။

'ခင်ဗျားဟာ နဂါးခုနစ်ဖော်ထဲက ခေါင်းဆောင် တစ်ယောက် မဟုတ်လား'



အရပ်ရှည်ရှည် အရာရှိက စတင်၍မေးလိုက်ခြင်း ဖြစ်လေသည်။ ဆွမ်ဆန်က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

'ခင်ဗျားတို့ နဂါးခုနစ်ဖော်အဖွဲ့ဟာ ဓားပြတိုက်ပြီး လူသတ်နေတဲ့အဖွဲ့ပဲ'

ထိုစကားကြောင့် ဆွမ်ဆန်၏မျက်နှာသည် ချက်ချင်း ခက်ထန် တင်းမာသွား၏။

အုပ်ချုပ်ရေးမှူး သန်းကိုးမှာ သူ၏ ကျေးဇူးရှင်ဖြစ်နေသဖြင့် အနည်းငယ်တော့ အားနာသွားမိသည်။ ထို့ကြောင့် သူသည် မျက်နှာကို တခြားဘက်သို့ လှည့်လိုက်သည်။

'ကျုပ်တို့ ဘယ်သူ့ကိုမှ ဓားပြမတိုက်ဘူး၊ ခင်ဗျားတို့ မဘာရားမစွပ်စွဲပါနဲ့'

မန်ချူးအရာရှိက သူ၏ခြေထောက်တစ်ဖက်ကို ထင်းတုံးပေါ်သို့ လှမ်းတင်လိုက်လေသည်။

သူ၏ ခါးက ကုန်းသွားပြီး ဆွမ်ဆန်၏မျက်နှာနှင့် နီးကပ်သွားသည်။

'ခင်ဗျားတို့ နဂါးအဖွဲ့သားတွေ ဓားပြတိုက်ပြီး လူတွေသတ်သွားတာ ကျုပ်တို့ အတိအကျ သိထားရတယ်၊ ခင်ဗျားဘာမှ ငြင်းလို့မရဘူး'

ဆွမ်ဆန့်သည် ကြောက်ရွံ့ခြင်း ကင်းမဲ့သောမျက်နှာဖြင့် မန်ချူးအရာရှိကို ပြန်ကြည့်လိုက်သည်။

'ဒီမှာ ခင်ဗျားအဲဒါတွေ ကျုပ်ကို လာပြောနေလို့ ဘာအကျိုးထူးမှာလဲ၊ ကျုပ်က အဲဒီအလုပ်တွေ လုပ်နေလို့လား'

'မင်းရဲ့ လက်အောက်ကလူတွေ လုပ်နေတာပဲ'

ဆွမ်ဆန့်က မဲ့ပြုံးပြုံးလိုက်သည်။

'သူတို့လုပ်နေတာ ကျုပ်က ဘာတတ်နိုင်မှာလဲ၊ နောက်ပြီး ကျုပ်ရဲ့လူတွေပါလို့ အတိအကျ ပြောလို့ရမလား'

မန်ချူးအရာရှိသည် ပြောင်လှောင်သလို တစ်ချက်ရယ်မောလိုက်သည်။ ထို့နောက် စာရွက်တစ်ရွက်ကို ထုတ်လိုက်ပြီး...

'ဒီမှာ ကျုပ်တို့က သတင်းအတိအကျ ရထားတယ်၊ မိုးနဂါး၊ လနဂါးနဲ့ မျောက်ဖြူဆိုတဲ့ ထိပ်တန်း သိုင်းသမားတွေဟာ မင်းရဲ့ လူတွေမဟုတ်လို့ ဘယ်သူရှိဦးမှာလဲ'

ဆွမ်ဆန့်သည် တစ်ချက် စဉ်းစားလိုက်သည်။ မိုးနဂါးတို့သည် အခြားသူများနှင့်ပေါင်းပြီး အမှန်တကယ်ပင် ခားပြတိုက်နေပြီလား။

'သူတို့က ဘယ်မှာ ခားပြတိုက်တာလဲ'

'သူတို့က မန်ချူးအရာရှိ ဂေဟာထဲကိုဝင်ပြီး ခားပြတိုက်ရုံတင်မကဘူး လူတွေပါ သတ်သွားသေးတယ်'

ဆွမ်ဆန့်သည် စိတ်ထဲမှရယ်ချင်သွားသည်။ အကယ်၍သာ မိုးနဂါးတို့သည် ကိုယ့်အချင်းချင်းထဲမှ ခားပြတိုက်နေလျှင်



သူတို့ ဤမျှ ဒေါသ ထွက်မည်မဟုတ်ပေ။ ယခုတော့ သူတို့၏ အရာရှိအိမ်ကိုပင် ချမ်းသာမပေးဘဲ တက်လုသွားသောကြောင့် သူတို့သည်အလွန်ပင် အမျက်ဒေါသထွက်နေကြခြင်းဖြစ်သည်။

'ကဲ....အဲဒီကိစ္စနဲ့ပတ်သက်ပြီး ပြောပြချင်လို့ ခင်ဗျားတို့ လာခဲ့တာလား'

ထိုအခါ အခြားအရာရှိက....

'ခင်ဗျားကို ကျုပ်တို့လာတွေ့တာ ကောင်းသောလာဘ်တွေ့ခြင်းတော့ မဟုတ်ဘူး၊ ခင်ဗျားလူတွေကို ခင်ဗျား ညွှန်ကြားပေးနေတယ်ထင်လို့ လာခဲ့တာပဲ'

ဆွမ်ဆန့်က ရယ်လိုက်သည်။

'ကျုပ်က ဒီအကျဉ်းစခန်းထဲမှာဘယ်လိုလုပ်ပြီး ဆက်သွယ်လို့ရမှာလဲ'

ထိုအရာရှိက ပခုံးတစ်ချက်တွန့်လိုက်ပြီး....

'တချို့အကျဉ်းသားတွေဟာ အင်မတန်အစွမ်းထက်တယ်ဆိုတာ ကျုပ်တို့ သိထားပါတယ်၊ ခင်ဗျားကိုလဲ ကျုပ်တို့က မယုံကြည်နိုင်ဘူး၊ ဒါပေမယ့် ဟောဒီက အုပ်ချုပ်ရေးမှူးကိုယ်တိုင်က ခင်ဗျားရဲ့ကူညီမှုကြောင့် ဇနီးနဲ့သမီးလေး အသက်ချမ်းသာရ ရခဲ့ပါတယ်လို့ ထောက်ခံပြောဆိုထားတဲ့အတွက် ခင်ဗျားကို သက်သက်ညှာညှာ ပြန်စဉ်းစားခဲ့တာပဲ'

ဆွမ်ဆန်က ဘာမှပြန်မပြောဘဲ အရာရှိများကိုသာ စူးစိုက်ကြည့်နေလိုက်သည်။

ထိုစဉ် အုပ်ချုပ်ရေးမှူး သန်းကိုး၏ ဇနီးက နံနက်စာစားရန် လာရောက်ဖိတ်ခေါ်နေသဖြင့် အရာရှိနှစ်ဦးလည်း အိမ်ထဲသို့ ဝင်ရောက်သွားကြလေသည်။

* * *

အရာရှိနှစ်ဦးသည် စားပြီးသောက်ပြီးသောအခါ ပြန်သွားကြသည်ကို သန်းကိုးက အကျဉ်းစခန်းအပြင်ဘက်ရောက်သည်အထိ လိုက်ပို့လေသည်။

ထိုအချိန်တွင် သန်းကိုး၏ဇနီးသည် ဆွမ်ဆန်ရှိရာသို့ရောက်ရှိလာသည်။ သူမ၏ အမည်မှာ ဟမ်းမား ဖြစ်လေသည်။ လက်ထဲတွင် အရက်ထည့်ထားသော ဘူးငယ်တစ်ခုကို ယူဆောင်လာပြီး ဆွမ်ဆန်ကို လှမ်းပေးလိုက်သည်။ ထို့နောက် ဆွမ်ဆန်၏အနီး၌ ဝင်ထိုင်လိုက်ပြီး....

'ရှင်အများကြီး ကံကောင်းသွားတယ်'



ဆွမ်ဆန် အံ့သြသွားသည်။

'ဟုတ်လား၊ ဘာဖြစ်လို့လဲ'

'သူတို့ဟာ မန်ချူးဘုရင်ရဲ့ အထူးအရာရှိတွေပဲ၊ ရှင့်လူတွေ အပြင်မှာ သောင်းကျန်းနေတဲ့အတွက်ကြောင့် ရှင့်ကို သတ်မိန့်ပေးဖို့ လာခဲ့ကြတာပဲ'

ထိုစကားကို ကြားသည့်အခါ ဆွမ်ဆန် အမှန်ပင် ကျောချမ်းသွားမိသည်။ အမှန်အတိုင်းဆိုရလျှင် မိမိသည် သူတို့၏ လက်ခုပ်ထဲမှ ရေလို ဖြစ်နေသည်။ အချိန်မရွေး သတ်ပစ်နိုင်သည့် အနေအထားမှာလည်း ရှိနေပေသည်။

'အခု သူတို့က ကျုပ်ကို သတ်ဖို့ အမိန့် မပေးတော့ဘူးလား....'

ဟမ်းမားက ဆွမ်ဆန်ကိုကြည့်၍ မျက်စောင်းထိုးလိုက်လေသည်။

'ရှင်ဆေးရဲပေမယ့် မသေစေချင်တဲ့လူက ရှိနေလို့ပေါ့....'

သူမ၏ အမူအရာနှင့် သူမပြောသည့် စကားကို ဆွမ်ဆန်နားလည် သဘောပေါက်ပါသည်။ ဟမ်းမားသည် ဆွမ်ဆန်အား စိတ်ဝင်စားနေသည်မှာ အမှန်ဖြစ်သည်။ ပွင့်ပွင့်လင်းလင်းဆိုရပါလျှင် ဆွမ်ဆန်အသာ ယခုအချိန်သူမအား ပွေ့ဖက်နမ်းရှုံ့လျှင် ငြင်းဆန်မည် မဟုတ်ပေ။

'ကျုပ်ကို ဘယ်သူက မသေစေချင်တာလဲဗျ'

ဆွမ်ဆန်က ထိုသို့မေးပြီး ဘူးငယ်ထဲမှ အရက်ကိုမှော့သောက်လိုက်သည်။ အရက်က အကောင်းစား မန်ချူးအရက်ဖြစ်သည်။ ဟမ်းမားသည် ဆွမ်ဆန်ကို ပြုံး၍ကြည့်ကာ....

'ရှင်ဟာလေ တစ်ခါတလေ မသိချင်ဟန် ဆောင်နေတာ အရမ်းမုန်းဖို့ကောင်းတယ်'

သူမ၏ လေသံက တန်ခွဲတရ နိုင်လှပေသည်။

'ကျုပ်က မသိလို့ မေးတာပဲဗျာ၊ ဘာဟန်ဆောင်နေလို့လဲ...'

'ရှင့်အပည့်တွေဟာ အပြင်မှာ သေခင်းကျန်းနေလို့ ရှဗီကို သတ်ဖို့ သူတို့ဆုံးဖြတ်ကြတယ်၊ ကျွန်မက ရှဗီဘက်က အကာအကွယ်ပြုပြီး ဝင်ပြောရတယ်၊ ဒါတောင် သူတို့က လက်မခံချင်ဘူး၊ ကျွန်မမျက်ရည်ထွက်မှပဲ သူတို့ လက်လျှော့သွားကြတယ်'

'ကျုပ်အတွက်နဲ့ ခင်ဗျား ခုလို မျက်နှာငယ်ရတာ စိတ်မကောင်းပါဘူးဗျာ'

ဆွမ်ဆန်သည် သူမအပေါ် အမှန်ပင် ကရုဏာဖြစ်သွားသည်။ သူမသည် မိမိအပေါ်၌ အလွန်ပင် ကျေးဇူးကြီးမားနေပြီ မဟုတ်ပါလား။

'ရှင်က စိတ်မကောင်းပါဘူးလို့သာ ပြောတယ်၊ ကျွန်မစိတ်ချမ်းသာစေမယ့် စကားတစ်ခါမှ မပြောသေးဘူး'



ဆွမ်ဆန်သည် ဟမ်းမားကို ဆတ်ခနဲ ကြည့်လိုက်လေသည်။ သူမသည် ပြုံးပြုံးကြီး သူ့အား စိုက်ကြည့်နေ၏။

လိုက်လိုက်လှဲလှဲ ဖိတ်ခေါ်နေသည်ကို ဆွမ်ဆန်သတိပြုမိသော်လည်း စိတ်ကိုချုပ်တည်း ထားလိုက်လေသည်။

'အရက်က သိပ်ကောင်းတယ်ဗျာ၊ အကျဉ်းသား တစ်ယောက်နဲ့ လုံးဝမထိုက်တန်ဘူး'

'အကျဉ်းသားဆိုတာလဲ လူတစ်ယောက်ပါပဲ၊ မတန်ဘူးဆိုတာ ဘယ်ရှိပါ့မလဲ'

ဆွမ်ဆန်က ခေါင်းယမ်းလိုက်သည်။

'ဘယ်ဟုတ်မလဲ၊ အကျဉ်းသားကို အကျဉ်းသားလိုပဲ မြင်တာ ကောင်းတယ်'

'ကျွန်မကတော့ ရှင့်ကို အကျဉ်းသားလို့ မမြင်ပါဘူး'

ဆွမ်ဆန် ပါးစပ်ပိတ်ထား လိုက်တော့သည်။

* * *

ဆွမ်ဆန်သည် တစ်ညလုံး အိပ်မပျော်ဘဲ ဟမ်းမား အကြောင်းကိုတွေးနေမိသည်။ ဟမ်းမားသည် သူ့အပေါ်

အမှန်ပင် တိမ်းညွတ်ပြီး တင်းစုံတစ်ရာကို စောင့်မျှော်တောင့်တနေသည်မှာ အမှန်ဖြစ်သည်။

မည်သို့ပင်ဆိုစေ ဟမ်းမားသည် မိမိ၏ရှေ့မှ ရပ်တန့်ပေးထားသည့်အတွက် အခွင့်အရေးတွေလည်း အတော်ပင်ရရှိလာခဲ့လေသည်။

ဆွမ်ဆန် စဉ်းစားမိသည်မှာ အချို့သောအမျိုးသမီးများသည် သူတို့၏လိုအင်ဆန္ဒကို ဖြည့်စွမ်းပေးလျှင် ထိုသူကို အမြတ်တနိုးကိုးကွယ်တတ်ကြသည်။ အကယ်၍ သူမ၏ လိုအင်ဆန္ဒကို ဆန့်ကျင်ဘက် ပြုလာပါက အလွန်ကြောက်စရာကောင်းသော ရန်သူတစ်ယောက် ဖြစ်လာတတ်ကြောင်း မြင်ဖူးကြားဖူးလေသည်။

ဆွမ်ဆန်သည် ဟမ်းမားအပေါ်၌ မည်ကဲ့သို့ဆက်လက်ပြီး ပေါင်းသင်းဆက်ဆံသွားရမည်ကို လေးလေးနက်နက် တွေးတောနေမိသည်။

အကယ်၍သာ သူမနှင့် စိတ်တူသဘောတူ အပေးအယူ မျှခဲ့ပါလျှင်....

ထိုအတွေးများသည် ဆွမ်ဆန်၏ ဦးနှောက်ထဲသို့ အပြေးအလွှား ဝင်ရောက်လာလေသည်။

* * *



ဆွမ်ဆန်သည် မျိုးရိုးအစဉ်အဆက်ထဲ၌ အကျင့်သိက္ခာပျက်ပြားခဲ့ခြင်း မရှိခဲ့ပါ။ သူသည် လူတစ်ရာကို သွေးအေးအေးနှင့် သတ်ရဲဖြတ်ရဲ တိုက်ခိုက်ရဲသော်လည်း သူတစ်ပါး၏ ဇနီးမယားကို ပြစ်မှားရန်အတွက်ကိုမူ အလွန်ပင် ဝန်လေးနေလေသည်။

သို့သော် သူသည် မိမိလူမျိုးအတွက် အကျိုးပြုနိုင်ရန် လုပ်ဆောင်စရာ ကိစ္စများစွာ ရှိနေပေသည်။ ထိုကိစ္စများသည် အကျဉ်းသားအဖြစ်မှ လွတ်မြောက်သွားမှသာလျှင် လုပ်ဆောင်နိုင်မည့် ကိစ္စများဖြစ်သည်။

အကျဉ်းသားဘဝက လွတ်မြောက်ချင်သည်။ ဟမ်းမားကိုသာ မိမိရရ ကိုင်တွယ်နိုင်ပါလျှင် လွတ်မြောက်စရာ လမ်းစများ ပေါ်လာမည်လားဟု အထပ်ထပ်အခါခါ တွေးတောနေသည်။

နောက်ဆုံး အဖြေတစ်ခုရရှိသည်။ ယင်းမှာ ဟမ်းမား အလိုရှိသောအရာကိုပေးကမ်းလျှင် မိမိအလိုရှိရာ လမ်းစပေါ်လာမည်ဟု ဆုံးဖြတ်ချက် ချလိုက်မိပေသည်။

တစ်ညလုံး တွေးတောနေသည်မှာ မိုးလင်းကာနီးမှ အိပ်ပျော်သွားတော့သည်။

* * *

ယခုနေ့သည် ထူးထူးခြားခြား မန်ချူးဘုရင်မင်းမြတ်၏ မွေးနေ့ဖြစ်သည်ဟု ပြောသည်။ အကျဉ်းစခန်းတွင်ရှိသော မန်ချူးတပ်သားတို့သည် လွတ်လပ်စွာ ပျော်ရွှင်ခွင့်ပေးထား သည်။

ထို့ပြင် အကျဉ်းသားများအား အလုပ်အားလပ်ခွင့် ပေး၍ ကောင်းမွန်သော နံနက်စာကို ကျွေးမွေးလေသည်၊ အကျဉ်းသားတို့သည်နံနက်စာ စားသောက်ပြီးသည်နှင့် ကိုယ့် အဆောင်ထဲတွင် ကိုယ်နေ၍ အစုလိုက်အစုလိုက် စကားများ ပြောဆိုနေကြသည်။

မန်ချူးအကျဉ်းတာဝန်ခံ တပ်သားတို့သည် လွတ်လပ်စွာ ဖြင့် စားသောက်ပျော်မြူးနေကြသည်။

ဆွမ်ဆန်သည် သူနေထိုင်ခဲ့သောအဆောင်သို့သွား၍ ချီးဝှဲ တို့နှင့် စကားပြောချင်သည်။ ဆွမ်ဆန်သည် သူနေထိုင်သော အဆောင်ထဲမှထွက်ခဲ့ရာ တာဝန်ခံအစောင့်က စစ်ဆေးသည်၊

'မင်း....ဘယ်ကို သွားမှာလဲ'

ဆွမ်ဆန်က ဘေးတွင် ကပ်လျက်ရှိသော အဆောင်ကို ညွှန်၍....

'ကျုပ် အဲဒီကို ခဏသွားချင်တယ်'

အစောင့်သည် သူ၏အထက်မှ 'အရာရှိကို သွား၍ပြောလေ သည်။ ခေတ္တအကြာ ပြန်ရောက်လာပြီး....



'ခင်ဗျားကို အဆောင်ထဲက ထွက်ခွင့်မပြုပါဘူး၊ ဒါပေ မယ့် ခင်ဗျားတွေချင်တဲ့လူကိုတော့ ကျုပ်တို့က ခေါ်ပေးနိုင် ပါတယ်'

ဆွမ်ဆန်သည် ကြိတ်၍ ပြုံးလိုက်မိသည်။ မန်ချူးအရာရှိ တို့သည် အလွန်ပါးနပ်သူများဖြစ်သည်။ အကျဉ်းသား တစ်ဦး တစ်ယောက်ကိုမျှ အလစ်ပေးခြင်းမရှိပါ။

'ကောင်းပြီလေ၊ ကျုပ် အဲဒီအဆောင်က ချီးဝှဲကို စကား ပြောချင်လို့ပါ'

အစောင့်တပ်သားသည် အခြားတပ်သား တစ်ဦးအား ချီးဝှဲဟူသော အကျဉ်းသားအား အခေါ်ခိုင်းလိုက်လေသည်။ မကြာမီ ချီးဝှဲနှင့် ကျီဘေးတို့နှစ်ယောက် ရောက်ရှိလာသည်။ ချီးဝှဲက ဆွမ်ဆန်နေထိုင်ရသော အခန်းကိုကြည့်၍ အံ့ဩစွာ ပြောလိုက်လေသည်။

'ဆရာဆွမ် နေရတဲ့အခန်းက တယ်ကောင်းတာပဲ၊ အရာရှိ တွေ နေတဲ့အခန်းနဲ့ ဘာမှ မထူးဘူး'

ဆွမ်ဆန်က အနည်းငယ်ပြုံးလိုက်ပြီး သူတို့နှစ်ယောက်ကို သူ၏ခုတင်ပေါ်တွင် ထိုင်စေလိုက်သည်။ ထို့နောက်ဆွမ်ဆန်က စကားကို ကျယ်လောင်စွာမပြောရန် အမူအရာဖြင့် အချက်ပြ လိုက်လေသည်။

သူတို့ မည်သည့်စကားများပြောဆိုမည်ကို အစောင့်တွေက တစ်စေ့တစ်စောင်း နားထောင်လိမ့်မည်ဟု ဆွမ်ဆန်ထင်ထား သည်။

ချီးဝှဲက ယနေ့အဖို့ ထူးထူးခြားခြား ဟင်းလျာကောင်းများ အဝအသင်ကျွေးမွေးသည်ကို အားရပါးရ ပြောပြလေသည်။

အစောင့်တစ်ယောက်သည် ပထမပိုင်းတွင် အခန်းရှေ့မှ လာရောက်ကြည့်ရှု အကဲခတ် သွားသော်လည်း နောက်ပိုင်း၌ သူတို့သည်း အရက်များသောက်၍ သီချင်းဆိုသူက ဆို၊ ကသူက က၊ဖြင့် ဆူညံနေတော့သည်။

ဆွမ်ဆန်က ချီးဝှဲပြောထားသော စကားကို သတိရသဖြင့် မေးလိုက်သည်။

‘တကယ်လို့ မင်းမှာ ခြေထောက်က သံကြိုးမရှိတော့ဘူး ဆိုရင် ဘာလုပ်မယ် စိတ်ကူးထားသလဲ’

ချီးဝှဲက ခပ်တိုးတိုးပြန်ပြောသည်။

‘ကျွန်တော်တို့ အနောက်ဘက် ခြံစည်းရိုးကို ကျော်လွှားထွက်ရင် ရမယ်လို့ ထင်မိတယ်’

ဆွမ်ဆန်က စဉ်းစဉ်းစားစားဖြင့် ခေါင်းကို ဖြည်းလေးစွာ ယမ်းလိုက်လေသည်။

‘မင်း သေသေချာချာ စဉ်းစားပါဦး၊ သူတို့က အချိန်ပြည့် မျက်စိအောက်က အပျောက်မခံဘဲ ထားတယ်ဆိုတာ သိသားနဲ့၊ သူတို့မျက်စိအောက်က နှစ်နာရီလောက် ပျောက်သွားလို့ ရတဲ့အချိန် မင်းမှာရှိနေလို့လား’



ဆွမ်ဆန်ပြောသောစကားကလည်း မှန်ပေသည်။ သူတို့၏ တစ်နေ့တာကုန်ဆုံးမှုအချိန်ကို ပြန်တွက်ကြည့်လျှင် သိပ်တော့ မလွယ်ကူလှပေ။

မနက်အိပ်ရာမှထသည်နှင့် လုပ်ငန်းခွင်သို့ ဝင်ရသည်။ အလုပ်လုပ်ရာ၌လည်း အစောင့်အကြပ်ပေါင်း များစွာခြံရံပြီး လုပ်ရလေသည်။ အလုပ်ပြီး၍ စားပြီးသောက်ပြီးသည်နှင့် အဆောင်ထဲပြန်၍ မောင်းသွင်းထားသည်။ အဆောင်ထဲမှ အပြင်သို့ ထွက်ရန်ဆိုသည်မှာ လွယ်ကူသော အလုပ်မဟုတ်ပါ။

ချီးဝှဲက သူနှင့်ကျီဘေးသာသံကြိုးမရှိပါက အလုပ်လုပ်နေချိန်တွင် အစောင့်များ အသစ်၌ ခြံစည်းရိုး ရောက်အောင် လျှိုဝှက်စွာသွား၍ ခြံစည်းရိုးကို ဖျက်ဆီး၍ ဖြစ်စေ၊ ကျော်လွှား၍ဖြစ်စေ ထွက်ပြေးမည်ဟု ပြောလေသည်။

ဆွမ်ဆန်က မဖြစ်နိုင်ကြောင်း ပြောသည်။ အကယ်၍ ကံကောင်းထောက်မပြီး ခြံစည်းရိုး အပြင်ဘက် ရောက်ရှိသွားသည့်တိုင်အောင် ဘောင်အောက်သို့ရောက်ရှိရန် လမ်းတစ်လမ်းသာ ရှိသည်။

ထိုလမ်း၌လည်း အစောင့်အကြပ်များက တူထပ်စွာချထားသဖြင့် လွတ်မြောက်ဖို့လမ်းစမရှိနိုင်ကြောင်း ပြောပြလေသည်။ သို့သော် ဆွမ်ဆန်က အားပေးစကားပြောသည်။

‘မင်းတို့ နှစ်ယောက် စိတ်မပျက်ပါနဲ့ဦး၊ အခွင့်အရေးဆိုတာ တစ်နေ့နေ့တော့ ပေါ်လာဦးမှာပဲ’

'ဟုတ်ကဲ့ ဆရာဆွမ်၊ ကျွန်တော်လဲ အဲဒီအခွင့်အရေးပဲ မျှော်နေမိတာပဲ၊ ဘာပဲပြောပြော ကျွန်တော်တော့ မန်ချူးအရာရှိရဲ့ သမီးကို သိပ်ပြီး သတိရနေတယ်'

ဆွမ်ဆန်သည် သူ့ကို မျက်လုံးပြူး၍ ကြည့်မိလိုက်သည်။ ချီးဝွဲသည် ထိုကောင်မလေးကို အတော်ပင် စွဲလန်းနေသည်မှာ ထင်ရှားလှသည်။

'မင်းကလဲကွာ၊ ကိုယ့်တိုင်းပြည်ပေါ် လာပြီး ကျူးကျော်နေတဲ့လူရဲ့သမီးကိုများ မက်မောနေရသလား'

ချီးဝွဲက စပ်ဖြဲဖြဲနှင့်....

'ဟာ....ဆရာဆွမ်ကလဲ နှလုံးသားကိစ္စမှာ အဲဒါတွေ မပါဘူးနဲ့တူတယ်၊ ကောင်မလေးကလဲ ဒီကိစ္စတွေကို ထည့်တွက်ထားဟန်မတူဘူး၊ ကျွန်တော့်ကို အသေအလဲ စွဲလန်းနေတာ'

သူ့စကားကြောင့် အုပ်ချုပ်ရေးမှူး၏ဇနီး ဟမ်းမားကို ဆွမ်ဆန် သတိရမိလိုက်သည်။ သူတို့သည် အမျိုးမျိုးသော အကြောင်းအရာများကို ပြောဆိုနေသော်လည်း ကျီဘေးကမူ မတုန်မလှုပ်နှင့်ရှိနေသည်။ ယခုအချိန်ထိ ကျီဘေးသည် မည်တို့သို့သော လူစားမျိုးဖြစ်သည်ကို ဆွမ်ဆန်သေသေချာချာမသိရသေးပေ။ သူ့အကြောင်းကိုလည်း သိထားသင့်သည်ဟု ဆွမ်ဆန်က ယူဆသည်။

'ကျီဘေး၊ တို့ပြောဆိုတိုင်ပင်နေတဲ့ စကားတွေကို မင်းသဘောတူသလား၊ တကယ်လို့ တို့က ထွက်ပြေးဖို့ ကြိုးစားမယ် ဆိုပါတော့၊ မင်းဆန္ဒက ဘယ်လိုလဲ'



'ဟာ....ဆရာဆွမ်ကလဲ၊ ဒီအကျဉ်းစခန်းထဲမှာ နေချင်တဲ့လူ ဘယ်သူမှမရှိဘူး၊ ဒါပေမယ့် ဆရာဆွမ် ပြောသလိုပဲ အင်မတန်ခဲရာခဲဆစ် ကြိုးစားရမယ့် အလုပ်ဆိုတော့ သိပ်တော့ လွယ်မယ် မထင်ဘူး'

ကျီဘေးက ပြန်ပြောသည်။ ဆွမ်ဆန်က ကျီဘေးကို ကြည့်ကာ....

'မင်း သိုင်းပညာ တတ်ကျွမ်းသလား'

'ကျွန်တော် လုံးဝမတတ်ဘူး'

'မင်း ဘာအပြစ်ရှိလို့ ဒီကို ရောက်လာရတာလဲ'

'လူသတ်လို့....'

ဆွမ်ဆန် အံ့အားသင့်သွားသည်။

'လူသတ်လို့ ဟုတ်လား'

'ဟုတ်ပါတယ်၊ ကျွန်တော် လူသုံးယောက်ကို ရက်ရက်စက်စက်သတ်ခဲ့လို့ ဒီကို ရောက်လာရတာပါ'

'မန်ချူးတွေကိုလား၊ ဒါမှမဟုတ် အမျိုးသား သစ္စာဖောက်တွေကိုလား'

ကျီဘေးက ခေါင်းယမ်းလိုက်သည်။

'မဟုတ်ပါဘူး၊ ကျွန်တော်နဲ့ အလုပ်အတူလုပ်တဲ့ လူတွေပါပဲ၊ သူတို့က ကောက်ကျစ်စဉ်းလဲလို့ မခံချင်တာနဲ့ သတ်ပစ်လိုက်မိတာပါ'

ဆွမ်ဆန် ဆက်ပြင်းချမိလိုက်သည်။ ကျီဘေးမှာ သိုင်းပညာ မတတ်သောကြောင့် အကယ်၍ ထွက်ပြေးကြသည့်အခါ နှင့် လား ဝါလား တိုက်ခိုက်ကြရမည့် အခါမျိုးတွင် ကျီဘေး အတွက် ရင်လေးစရာဖြစ်လာသည်။

အကယ်၍ ကျီဘေးအား ထားခဲ့ပြီး ထွက်ပြေးလျှင်လည်း ကျီဘေး သက်သာမည် မဟုတ်ပေ။ သံကြိုးအတူ တွဲချီထား သည့်မို့ ချိုးဖွဲ၏အကြံကို ကျီဘေးသိရပေမည်။ ထို့ကြောင့် ကျီဘေးကို သတ်ပစ်ကြမည်သာ ဖြစ်သည်။

သူတို့၏ လွတ်မြောက်ရေးသည် တွေးလေတွေးလေ ရင် လေးစရာ အဖြစ်များသာ ကြုံတွေ့လာရတော့သည်။ သို့သော် လည်း ဆွမ်ဆန်က သူတို့နှစ်ယောက်စလုံးကို လုံးဝ စိတ်အား မလျှော့ရန် မှာကြားလိုက်လေသည်။ ဤသို့ဖြင့် စိတ်ပျက်ဖွယ် တစ်နေ့တာ ကုန်ဆုံးသွားရပြန်လေသည်။

အခန်း ( ၉ )

'ခွမ်း....ခွမ်း'

ထင်းတုံးကြီးများကို ပေါက်ခွဲသံသည် ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ကြီးမားသော ထင်းတုံးကြီးများ ရောက်ရှိလာသဖြင့် ဆွမ်ဆန်သည် ယခုနေ့အဖို့ ခါတိုင်းနေ့ထက်ပို၍ ပင်ပန်းရသည်။

သူ၏ တုတ်ခိုင်ကြီးမားသော ခန္ဓာကိုယ်မှ ကြွက်သားကြီး များသည် ပုဆိန်ကိုလွဲ၍ ပေါက်လိုက်တိုင်း အမြောင်းလိုက် အမြောင်းလိုက်ထကြွလှုပ်ရှားနေသည်မှာ မြင်ရသူအဖို့ ကြည့်၍ ကောင်းရုံသာမက ကြက်သီးထစရာပင် ကောင်းလှသည်။

ကြီးမားသော ထင်းတုံးကြီးများသည် တစ်ခဏချင်း မှာပင် ထင်းခွဲခြမ်းကလေးများအဖြစ် ရောက်ရှိ သွားတော့ သည်။

ဆွမ်ဆန် ထင်းပေါက်နေသည်ကို ငေးမောကြည့်ရှုနေသူမှာ ဟမ်းမားပင်ဖြစ်သည်။ သူမသည် ပြတင်းပေါက်တစ်ခု၏ လိုက်ကာကြားမှ အချိန်အတော် ကြာအောင်ပင် ချောင်းမြောင်း ကြည့်ရှုနေသည်။

သူမ၏စိတ်များ လှုပ်ရှားနေသည်ကိုလည်း သူမကိုယ်တိုင်ပင် သတိထားမိသည်။ သို့သော် သူမသည် စိတ်ကိုချုပ်တည်း၍ အခန်းထဲသို့ ပြန်ဝင်သွားလေသည်။

ဟမ်းမား၏စိတ်ထဲတွင် အကြံအစည်တစ်ခု ရှိနေသည်မှာ မှန်သော်လည်း၊ သူမသည် ထိုအကြံအစည်ကို အကောင်အထည် မဖော်နိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် အုပ်ချုပ်ရေးမှူး သန်းကိုးသည် အချိန်ပြည့် သူမအနားတွင် ရှိနေသောကြောင့် ဖြစ်သည်။

* * *

ဆွမ်ဆန်အဖို့ ထင်းခွဲစရာနှင့် ရေခပ်စရာအလုပ်များပြီးဆုံးသွားသည်။ ထိုသို့ ပြီးဆုံးသွားသော်လည်း သူသည်ထင်းများထားသော တဲအလေးအတွင်း၌ပင် နေထိုင်ရလေသည်။ သူ



စားသောက်ရန်အတွက်ကိုမူ အုပ်ချုပ်ရေးမှူးအိမ်မှ စားဖိုမှူးက လာရောက်ကျွေးမွေးလေသည်။

သူသည် နံနက်စာစားပြီး၍ ခေတ္တခဏ အနားယူနေစဉ် ပြဿနာတစ်ခုသည် မမျှော်လင့်ဘဲ ပေါ်ပေါက်လာတော့သည်။

အကျဉ်းစခန်းတစ်ခုလုံး ဆူညံသွားသည်။ လူအချို့၏ အော်ဟစ်သံများ၊ အစောင့်များ၏ အချက်ပေး ခရာမှုတ်သံများလည်း ကြားလိုက်ရလေသည်။ ဆွဲမ်ဆန်က တဲအတွင်းမှ ပြေးထွက်ခဲ့ရာ အစောင့်တပ်သားအချို့နှင့် အုပ်ချုပ်ရေးမှူး သန်းကိုးတို့က တားဆီးထားလိုက်သည်။

'ဆွမ်ဆန်....ခင်ဗျားဘယ်ကိုမှ မသွားပါနဲ့'

သန်းကိုးက တောင်းပန်သလိုပြောပြီး သူ၏တပ်သားသုံးယောက်ကို အချက်ပြလိုက်သည်။

ထိုတပ်သားသုံးဦးက ဆွမ်ဆန်အား အုပ်ချုပ်ရေးမှူး အိမ်ထဲသို့ ခေါ်သွားကာ အခန်းတစ်ခုဆီသို့ပို့ပေးလိုက်သည်။

ဆွမ်ဆန်သည် ဘာမသိဘာမသိဖြင့် ထိုအခန်းထဲသို့ ဝင်ရောက်သွားရလေသည်။ သူအခန်းထဲသို့ ရောက်ရှိသည်နှင့် အစောင့်များက တံခါးကိုပိတ်လိုက်သည်။

ထိုစဉ် ဟမ်းမား၏အသံက ထွက်ပေါ်လာသည်။

'သူ့ကို တံခါးပိတ်ထားစရာမလိုပါဘူး၊ ရှင်တို့ အပြင်ကသာ စောင့်နေကြပါ'

အစောင့်သုံးဦးသည် ဟမ်းမား၏စကားကို မလွန်ဆန်ကြပေ။ အိမ်အပြင်သို့ ထွက်သွားပြီး တံခါးဝတွင် သွားရောက်ထိုင်နေသည်ကို တွေ့လိုက်ရလေသည်။

* * *

အပြင်ဘက် ခပ်ဝေးဝေးဆီမှ အော်ဟစ်ဆူညံသံများကို ကြားနေရသည်။ ထို့ပြင် တိုက်ခိုက်သံနှင့် တရှမ်းရှမ်းရိုက်နှက်သံများကိုလည်း ကြားရလေရာ အကျဉ်းသားများနှင့် အစောင့်အကြပ်များ ရန်ဖြစ်သည်မှလွဲ၍ အခြားအကြောင်းအရာမျှ မရှိနိုင်ပါ။

သူထင်သည်မှာ လွဲပေ။ သူ၏အခန်းထဲသို့ ဟမ်းမားဝင်လာသည်။ သူမသည် အမွှေးနံ့သာများလိမ်းကျံထားသဖြင့် ခင်းပျံ့သောရနံ့များက အခန်းတစ်ခုလုံး မွှေးကြိုင်သင်းပျံ့သွား၏။



သူမသည် ဆွမ်ဆန်နှင့် နီးကပ်စွာပင် ထိုင်လိုက်၏။ ထုံးစံအတိုင်း သူမ၏လက်ထဲ၌ အရက်တစ်ခွက်ကိုင်လာပြီး ဆွမ်ဆန်ကို လှမ်းပေးလိုက်လေသည်။

'ဘာဖြစ်တာလဲဗျ'

သူမက ထိုကိစ္စသည် အရေးကြီးသော ကိစ္စတစ်ခု မဟုတ်သကဲ့သို့ အေးအေးပင် ပြန်၍ပြောသည်။

'စီးဘောင်ချိုင်းနဲ့ အကျဉ်းသမားတွေရန်ဖြစ်တာပဲ ဖြစ်ရမှာပေါ့၊ တချို့အကျဉ်းသမားတွေက အာဏာသားတွေကို အလိုလို မုန်းတီးနေတာ မဟုတ်လား'

'သူတို့တတွေကတော့ ချစ်စရာကောင်းနေလို့လားဗျ၊ အလုပ်လုပ်နေတဲ့လူတွေကို မတရားရိုက်နှက်နေတာ ကြာတော့လဲ ဘယ်ခံနိုင်မလဲ'

ဆွမ်ဆန်က ပခံမရပ်နိုင်သောလေသံဖြင့် ပြန်ပြောလိုက်သည်။

သူမက သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။

'ဟုတ်ပါတယ်လေ၊ ရှင်ပြောတာလဲ မမှားပါဘူး၊ စီးဘောင်ချိုင်းဟာ တစ်ခါတစ်ခါတော့လဲ အင်မတန် ဆိုးဝါးလွန်းတယ်'

ဟမ်းမားသည် ဆွမ်ဆန်အား ဆန့်ကျင်ဘက် စကားများ မပြောလို၍ အလိုက်အထိုက် ပြန်ပြောလိုက်ခြင်းဖြစ်ပုံရသည်။

'သူတို့ ဟိုမှာ ဖြစ်တာနဲ့ ကျုပ်ကို ဒီအခန်းထဲပို့ထားတာ ဘာဖြစ်လို့လဲဗျ'

ဆွမ်ဆန်၏ နားမလည်နိုင်ဟန်ဖြင့် မေးလိုက်၏။

သူမက တစ်ချက်ပြုံးလိုက်သည်။

'ဘန်းကိုးက စိုးရိမ်လို့ဖြစ်မှာပေါ့၊ ရှင် အဲဒီကိုသွားပြီး တစ်စုံတစ်ခုလုပ်မှာကို သူက လိုလားမှာ မဟုတ်ဘူး'

ဆွမ်ဆန် ဘာမျှ ထပ်မပြောတော့ပါ။ သူမ ပေးထားသည့် အရက်ကို အားလုံးကုန်စင်အောင် မော့သောက်ပစ်လိုက်လေသည်။ အရက်က အကောင်းစားဖြစ်ပြီး ပြင်းလွန်းလှသည်။ သူ၏ ရင်ထဲတွင် မီးတောက်သွားလေသည်။

သူသည် ခါတိုင်းဆိုလျှင် အေးအေးဆေးဆေးဖြင့် အချိန်ယူပြီး သောက်ခဲ့သော်လည်း ယခုစိတ်က လှုပ်ရှားနေသဖြင့် တစ်ကြိမ်တည်းဖြင့် ကုန်စင်အောင် သောက်ပစ်လိုက်ခြင်း ဖြစ်လေသည်။

ဟမ်းမားပင် မျက်လုံးများ ဝိုင်းစက်သွားသည်။ သူ ထိုင်ရာမှ ထလိုက်သောအခါ....

'အို....ရှင်ဘယ်သွားမလို့လဲ'

'ကျုပ်....အဲဒီနေရာမှာ ဘာဖြစ်တယ်ဆိုတာ သွားကြည့်ချင်တယ်....'

သူမက ခေါင်းကို ယမ်းလိုက်လေသည်။



'ဆွမ်ဆန်၊ ရှင့်ကို ကျွန်မ တောင်းပန်ပါတယ်၊ အမှန်တော့ ရှင့်ကို သူတို့ ပိတ်ပြီး လှောင်ထားတာမျိုးကို မမြင်ချင်လို့ ကျွန်မ တမင်လွှတ်လပ်ခွင့်ပေးထားတာပါ၊ ကျွန်မ ဒုက္ခရောက်တာကို ရှင်ကြည့်ချင်တယ်ပေါ့ ဟုတ်လား'

ဟမ်းမားသည် ဆွမ်ဆန်၏ လက်မောင်းကို တင်းကျပ်စွာ ဆုပ်ကိုင်၍ တောင်းပန်ရှာသည်။

ဆွမ်ဆန်အနေဖြင့် အခန်းထဲမှ ဇွတ်ထွက်သွားရန် လုံးဝ မသင့်တော်ပါ။ အစောင့်များက သိရှိပြီး အုပ်ချုပ်ရေးမှူး ဘန်းကိုးအား ပြောမည်ဆိုလျှင် ဟမ်းမားအတွက် များစွာ နစ်နာမည့်အပြင် မိမိ၏ အခွင့်အရေးများလည်း လုံးဝ ပိတ်သွားတော့မည် ဖြစ်သည်။

ဆွမ်ဆန်သည် သက်ပြင်းတစ်ချက်ချ၍ ဟမ်းမားကိုပြန်ကြည့်လိုက်သည်။ သူမ၏လက်များက ဆွမ်ဆန်ကို ဖျစ်ညှစ်၍ ကိုင်ထားဆဲဖြစ်သည်။

* * *

အကျဉ်းစခန်းမှ ဆူသံပူသံများ လုံးဝ တိတ်ဆိတ်ငြိမ်သက်သွားပြီဖြစ်သည်။ မကြာမီမှာပင် အုပ်ချုပ်ရေးမှူး ဘန်းကိုး ပြန်ရောက်လာသည်။ သူ၏မျက်နှာက သိပ်မကောင်းလှပါ။ ဆွမ်ဆန်အား သူ၏အခန်းသို့ခေါ်၍ သူ့ရှေ့၌ ထိုင်စေလိုက်သည်။

'စိတ်မကောင်းစရာပါပဲဗျာ'

သန်းကိုးက စတင်၍ ညည်းတွားလေသည်။ သူ့ကိုကြည့်ရသည်မှာ စိတ်ပန်း လူပန်း ဖြစ်လာပုံရသည်။ ဟမ်းမားက သန်းကိုးအတွက် အရက်နှင့် စားစရာ အချို့ကို ယူလာပြီး သန်းကိုးရှေ့တွင် လာရောက်ချပေးသည်။ သန်းကိုးက ဆွမ်ဆန်အတွက်ပါ အရက်အနည်းငယ်ထည့်ပေးဖို့ ထပ်မံပြောလိုက်၏။

'ဘယ်လိုဖြစ်တာလဲဗျာ'

ဆွမ်ဆန်က မေးသည်။

'တချို့အကျဉ်းသားတွေဟာ တော်တော်အုံ့ဩဖို့ကောင်းတယ်ဗျာ၊ လူတွေကို သတ်ရမှာ ဝန်မလေးသလို သူတို့သေရမှာကိုလဲ လုံးဝ မကြောက်ကြဘူး'

သန်းကိုးက ပြောပြီး အရက်အနည်းငယ်ကို သောက်လိုက်သည်။ ဟမ်းမားသည် အရက်တစ်ခွက်ကို ဆွမ်ဆန်အတွက် လာချပေးပြီး သူ၏ယောက်ျားအနားတွင် ဝင်၍ ထိုင်လိုက်သည်။

သူမ၏စိတ်ထဲတွင် မည်ကဲ့သို့ ခံစားနေရမည် မသိသော်လည်း ဆွမ်ဆန်မှာ သန်းကိုး၏ မျက်နှာကို ရဲရဲတင်းတင်း မကြည့်ရဲအောင်ဖြစ်သွားရသည်။

'ဘာတွေဖြစ်ကြတယ်ဆိုတာ ကျွန်တော် သိခွင့်ရှိဘူးလား'

ဆွမ်ဆန်က ထပ်မံ၍မေးသည်။ သန်းကိုးသည် ဆွမ်ဆန်ကို တစ်ချက် စူးစိုက်၍ကြည့်သည်။



'ကျုပ်တော့ ဒီအလုပ်ကို တော်တော် စိတ်ကုန်နေပြီဗျာ၊ ခုဆိုရင် ကျုပ်တို့ရဲ့ အစောင့်တပ်သားလေးယောက် သေဆုံးသွားရသလို အကျဉ်းသားသုံးယောက်လဲ သေဆုံးသွားရပြီ'

သန်းကိုးက စိတ်ထိခိုက်စွာဖြင့် ပြောလိုက်လေသည်။ ဆွမ်ဆန်လည်း အံ့ဩထိတ်လန့်သွားသည်။

'ဘာအ စဖြစ်တာလဲဟင်'

ဟမ်းမားက သန်းကိုးအား ဝင်၍မေးသည်။

'စီးဘောင်ချိုင်းက ကျာပွတ်နဲ့ရိုက်တာကစတာပဲ၊ သူတို့အလုံးဝ အလုပ်မလုပ်တော့ စီးဘောင်ချိုင်းက ရိုက်တယ်၊ အဲဒါကို သူတို့က မကျေနပ်လို့ စီးဘောင်ချိုင်းကို ပြန်တိုက်ခိုက်တယ်၊ အဲဒီလိုဖြစ်နေတုန်း အခြား အကျဉ်းသားတွေကလဲ နီးရာအစောင့်တွေကို ခုခံသတ်ဖြတ်လိုက်တယ်၊ သူတို့လုပ်တဲ့ပုံစံကတော့ အကျဉ်းစခန်းတစ်ခုလုံး ဆူပူအောင်လုပ်လိုက်တာပဲ'

ဟမ်းမား မျက်လုံးပြူးသွားလေသည်။ အကျဉ်းစခန်းတွင် စီးဘောင်ချိုင်းကို မမြင်ကြည့်ဝံ့သူ မရှိပေ။ ယခု စီးဘောင်ချိုင်းကိုပင် ခံ၍တိုက်ခိုက်လာသဖြင့် သူမ စိုးရိမ်ထိတ်လန့်လာခြင်း ဖြစ်သည်။

'အခု စီးဘောင်ချိုင်းကော'

ဟမ်းမားအ အထိတ်တလန့်ဖြင့် မေးသည်။ သန်းကိုးသည် အရက်ခွက်ကို မော့ချလိုက်သည်။ ပြီးမှ....

'စီးဘောင်ချိုင်းအပါအဝင် အားလုံး လေးယောက်သေသွားတယ်'

'ဟာ....'

ထိုစကားကြောင့် ဆွမ်ဆန်ပင် အံ့ဩထိတ်လန့်သွားရလေသည်။

စီးဘောင်ချိုင်းကဲ့သို့သော လူစားမျိုးကို တော်ရုံတန်ရုံလူပင် ကပ်နိုင်မည် မဟုတ်ပေ။ ယခု စီးဘောင်ချိုင်းကိုပင် သေသည်အထိ တိုက်ခိုက်နိုင်သည်မှာ မည်ကဲ့သို့သော အကျဉ်းသား ဖြစ်သည်ကို ဆွမ်ဆန် သိချင်လှသည်။ သို့သော် ထို အကျဉ်းသားသည်လည်း အစောင့်များ၏လက်ချက်ကြောင့် သေဆုံးသွားရပြီ ဖြစ်လေသည်။

'သိပ်ပြီး ဖိနှိပ်လွန်းအားကြီးရင်တော့ ကြမ်းမှာပဲ'

ဆွမ်ဆန်က ရုတ်တရက် ဝင်၍ပြောချလိုက်သည်။ သန်းကိုးသည် ထိုစကားကြောင့် စိတ်ဆိုးသွားမည်ဟု ထင်မိလိုက်သည်။ သို့သော် သန်းကိုးက စိတ်ဆိုးဟန်မပြဘဲ ဆွမ်ဆန်ကို အနည်းငယ် မျက်မှောင်ကြုတ်၍ ပြန်ကြည့်သည်။

'ဒါဟာ ဖိနှိပ်တယ် ခေါ်သလားဗျာ၊ ကျုပ်တို့ရဲ့တာဝန်ဟာ အကျဉ်းသားကို အကျဉ်းသားနဲ့တူအောင် ခိုင်းရမှာပဲ၊ အပြစ်မဲ့တဲ့လူတွေကို ကျုပ်တို့က ဒီလိုလုပ်နေလို့လား'

ဆွမ်ဆန်က အနည်းငယ်ပြုံး၍ ခေါင်းယမ်းလိုက်သည်။



'မဟုတ်သေးဘူး အုပ်ချုပ်ရေးမှူး၊ ဥပမာဗျာ ဖအေအရင်းရိုက်တာနဲ့ ပထွေးရိုက်တာနဲ့ မတူသလိုပေါ့ဗျာ၊ ဖခင်အရင်းက ရိုက်တာကို သားသမီးကသည်းခံနိုင်ပေမယ့် ပထွေးရိုက်တာကိုတော့ သည်းခံမှာ မဟုတ်ဘူးဗျ'

ထိုစကားကို သန်းကိုးက ခေါင်းညိတ်ပြီး ထောက်ခံသည်။

'ခင်ဗျားပြောတာ မှန်ပါတယ်၊ သဘာဝလဲကျပါတယ်၊ ဒါပေမယ့်ဗျာ ခင်ဗျားတို့ကိုယ်ပိုင်အုပ်ချုပ်စဉ်တလဲ အကျဉ်းသားတွေကို အကျဉ်းသားနဲ့တူအောင် ထားတာပဲ မဟုတ်လား'

ဆွမ်ဆန်က သူ့စကားမဆုံးမီ....

'အဲဒီတုန်းကလဲ အချို့အကျဉ်းစခန်းတွေမှာ အာဏာပိုင်တွေကို တော်လှန်ပြီး သတ်ဖြတ်ခဲ့တာတွေ ရှိခဲ့တာပဲဗျ'

သန်းကိုး ဆက်မပြောတော့ပါ။ အတန်ကြာမှ ဆွမ်ဆန်၏ မျက်နှာကို ပြန်၍ကြည့်ကာ....

'အကျဉ်းသားတွေကို ဘယ်လိုပုံစံနဲ့ ထိန်းသိမ်းရမယ်ဆိုတာ ကျုပ်တော့ မစဉ်းစားတတ်တော့ဘူး၊ တချို့အကျဉ်းသားတွေဟာ ခင်ဗျားလို နားလည်မှုရှိတဲ့လူတွေ မဟုတ်ဘူးဗျ၊ သေရမှာ မကြောက်သလို၊ သတ်ဖြတ်ရမှာလဲ မကြောက်တဲ့ တဇောက်ကန်း အကျဉ်းသားတွေဗျ'

ဆွမ်ဆန်က ငြိမ်သက်စွာဖြင့် နားစိုက်ထောင်နေသည်။ သန်းကိုးက ဆက်၍ပြော၏။

'ခုဆိုရင် အကျဉ်းသားတော်တော်များများကို ကျွန်တော်တို့ လုံခြုံတဲ့နေရာမှာပိတ်လှောင်ထားလိုက်ရပြီ၊ အဲဒီလိုမထားလို့လဲ မရဘူး၊ သူတို့ဟာ အာဏာပိုင်တွေနဲ့ အစောင့်တွေကို အချိန်မရွေး သတ်ဖြတ်နိုင်တယ်'

ဟမ်းမားသည် မျက်နှာငယ်ငယ်ဖြင့် ဆွမ်ဆန်ကို လှမ်းကြည့်မိသည်။

'သူတို့က ကျွန်မတို့ကို ဒုက္ခပေးတော့မယ်နဲ့ တူတယ်၊ဟုတ်လား'

သန်းကိုးက ဟမ်းမားကို တစ်ချက် ပြန်ကြည့်လိုက်သည်။

'ဘယ် အတတ်ပြောနိုင်မလဲ၊ လောလောဆယ်တော့ စိတ်မချရဘူးထင်တဲ့ အကျဉ်းသားတွေကို ကြပ်ကြပ်မတ်မတ်နဲ့ ပိတ်လှောင်ထားရမှာပဲ၊ ကျုပ် အဲဒီအလုပ်မျိုးကိုမလုပ်ချင်တာ အမှန်ပဲ'

သန်းကိုးက စိတ်ပျက်ဟန်ဖြင့် ပြောသည်။

'ခင်ဗျား စိတ်မချတဲ့အထဲမှာ ကျုပ်တော့ မပါဘူးလား'

ဆွမ်ဆန်က ရယ်သလို မောသလို မေးလိုက်သည်။ သန်းကိုးက တစ်ချက်ပြုံးသည်။

'ခင်ဗျားလို လူစားမျိုးက တစ်မျိုးပါပဲဗျာ၊ ကျုပ်က အသိဉာဏ်ရှိတဲ့ သူရဲကောင်းတစ်ယောက်ကို ရင်ဆိုင်ချင်တယ်၊ အဲဒီလို သေမထူးနေမထူးတွေကျတော့ ပြောရဆိုရ အတော်ကြပ်တာဗျ'



ဆွမ်ဆန်က သက်ပြင်းတစ်ချက်ချ၍....

'အဲဒီလူတွေကို ဘယ်အချိန်ထိ ခင်ဗျား လှောင်ပိတ်ထားမှာလဲ'

'ကျုပ် အဲဒီကိစ္စနဲ့ ပတ်သက်ပြီး အထက်အရာရှိတွေနဲ့ သွားတွေ့ရမယ်'

ဟမ်းမားက သန်းကိုးအားအလန့်တကြားကြည့်လိုက်သည်။

'ရှင် သွားမလို့ ဟုတ်လား၊ ရှင်မရှိတုန်း တစ်ခုခုဖြစ်ရင် ကျွန်မတို့က ဘယ့်နှယ်လုပ်မလဲ'

သန်းကိုးသည် ဟမ်းမား၏ ကျောကိုပုတ်၍....

'မပူပါနဲ့၊ ကျုပ်မရှိတုန်း ဆွမ်ဆန်က စောင့်ရှောက်မယ်ဆိုတာ ယုံကြည်ပြီးသားပါ'

ဆွမ်ဆန်သည် သန်းကိုးအား ဆတ်ခနဲကြည့်လိုက်လေသည်။

'ဟာ....မဟုတ်တာဗျာ၊ အကျဉ်းသား တစ်ယောက်က အုပ်ချုပ်ရေးမှူးရဲ့ မိသားစုကို စောင့်ရှောက်နေရတယ်လို့'

သန်းကိုးက တစ်ချက်ပြုံးလိုက်သည်။

'ကျုပ်....ခင်ဗျားကို မြှောက်ပင့်ပြီး ပြောနေတာ မဟုတ်ပါဘူး၊ ကျုပ်တို့ မိသားစုရဲ့ လုံခြုံမှုဟာ အစောင့်တပ်သားတွေထက် ခင်ဗျားက ပိုပြီး အကာအကွယ်ပေးနိုင်ပါတယ်'

ဆွမ်ဆန် အာမျှပြန်မပြောနိုင်ပါ။ ဟမ်းမားသည် ဆွမ်ဆန်နှ တစ်ဦးသာ သဘောပေါက်သောအပြုံးကိုတစ်ချက်ပြုံး၍နေရာမှ ထသွားသည်။

## အခန်း (၁၀)

---

မြင်းသုံးကောင်သည် တစ်နေရာတွင် အစာများကို ငုံ၍ စားသောက်နေသည်။ မြင်းများနှင့် မလှမ်းမကမ်းတွင် လူနှစ်ယောက် တိုက်ခိုက်နေသည်ကို တွေ့ရ၏။ အမျိုးသား တစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်တို့ ဖြစ်ကြသည်။

သူတို့နှစ်ဦးသည် မည်သည့်လက်နက်မှ ကိုင်ဆောင်ထားခြင်းမရှိသော်လည်း တစ်ယောက်နှင့်တစ်ယောက် အနိုင်မခံ အရှုံးမပေးဘဲ အားကြိုးမာန်တက် တိုက်ခိုက် နေသည်ကို တွေ့ရသည်။

ယှဉ်ပြိုင်တိုက်ခိုက်နေသောသူ နှစ်ဦးမှာ စစ်ဟန်မင်းနှင့် လင်းပို တို့ ဖြစ်ကြသည်။ သူတို့နှစ်ဦးသည် သိုင်းပညာ လေ့ကျင့်ရင်း တိုက်ခိုက်နေကြခြင်း ဖြစ်သည်။ ကျန်ချင်ဝါးသည်

သူတို့နှစ်ဦး တိုက်ခိုက်နေသည်ကိုကြည့်၍ တိုက်ကွက်များကို ညွှန်ကြားပြသနေသည်။

သူတို့သုံးဦးလူစုခွဲခဲ့ကြသည်မှာ နှစ်ရက်ရှိသွားပြီဖြစ်သည်။ သူတို့အားလုံးမှာ ချန်ပိုင်တောင်တန်းဆီသို့ ဦးတည်၍ သွားနေကြခြင်း ဖြစ်လေသည်။

ချန်ပိုင်တောင်တန်းဆီသို့ သွားသောလမ်းခရီးမှာ ရေလမ်းဖြင့်သွားလျှင် လွယ်ကူသော်လည်း အန္တရာယ်များလှသောကြောင့် သူတို့သည် တောလမ်းခရီးကို ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

ခရီးက လုံးဝမတွင်ကျယ်ပါ။ အခက်အခဲ အမျိုးမျိုးကို ဖြတ်သန်းနေရသည့်အပြင် တစ်ခါတစ်ရံ လုံးဝသွား၍မရသော လျှိုကြီးများနှင့် ကြုံတွေ့ရသည်။ ထိုအခါ လျှိုကြီးများ၊ ချောက်ကြီးများကို ကွေ့ပတ်ရှောင်ရှား နေရသောကြောင့် ခရီးက လိုအပ်သည်ထက်ပို၍ ကြန့်ကြာသွားရတော့သည်။

သူတို့သည် ထိုသို့သွားရင်းလာရင်းမှ အနားယူသော အချိန်တွင် ကျန်ချင်ဝါးက သူတို့နှစ်ယောက်ကို သိုင်းပညာများ အချိန်ရလျှင်ရသလို သင်ကြားပေးနေခြင်း ဖြစ်သည်။

သူတို့သည် ကျန်ချင်ဝါးကို ယခုအခါ အလွန်ကြောက်၍ ရှိသေလေးစားနေကြပြီ ဖြစ်သည်။



စစ်ဟန်မင်း၏ ဦးနှောက်ထဲတွင် လုံးဝအဖြေရှာ၍မရသော အချက်တစ်ခု ရှိနေပေသည်။

ထိုအချက်မှာ....

ကျန်ချင်ဝါးသည် ဤမျှအထိ အဆင့်မြင့်မားသော ထိပ်တန်း သိုင်းပညာကို တတ်ကျွမ်းထားသည့် ပုဂ္ဂိုလ်ဖြစ်သော်လည်း အဘယ့်ကြောင့် အများတကာ၏ အမြင်တွင် အရက်သမား လူပျင်းတစ်ယောက်ဖြစ်နေရပါသနည်း။

ထိုအဖြေကို စစ်ဟန်မင်း လုံးဝ ရှာ၍မရပါ။

လင်းပို့.....။

သူမသည် စစ်ဟန်မင်းနှင့် တွေ့စအချိန်တုန်းကဲ့သို့ မာန်မာနထောင်လွှားခြင်း မရှိတော့ပါ။ ကျန်ချင်ဝါး၏ သွန်သင်ဆုံးမမှုက သူမ၏ အမှားများကို တစ်ခုချင်း ထောက်ပြသကဲ့သို့ ဖြစ်လာသည်။ ထိုအခါ သူမသည် ငါတတ်၏၊ ငါနားလည်၏ ဟူသော အစွဲအလန်းမျိုး လုံးဝ မရှိတော့ပေ။

ကျန်ချင်ဝါး၏ လက်သုံးစကားမှာ....

လောကတွင်ရှိသော လူများသည် မိမိထက် တတ်ကျွမ်းနားလည်သည်ဟု သဘောထားကြရမည် ဖြစ်လေသည်။

စစ်ဟန်မင်းနှင့် လင်းပို့တို့သည် တဖြည်းဖြည်းနှင့် ကျန်ချင်ဝါး၏ တပည့်များဖြစ်လာခဲ့လေသည်။ ယခုမှ ဆရာကောင်း

သမားကောင်းနှင့် တွေ့နေရမှန်း သူတို့နှစ်ဦးကလည်း အလိုလို သိသွားတော့သည်။

ကျန်ချင်ဝါးသည် သစ်ပင်ကိုမှီ၍ ထိုင်နေရာမှ သူတို့နှစ်ဦး၏ အလယ်သို့ လျှောက်သွားသည်။ နှစ်ယောက်စလုံးကို ဓားထုတ် ခိုင်းလိုက်၏။ စစ်ဟန်မင်းနှင့် လင်းပို့တို့က ဓားကိုယ်စီ ဆွဲထုတ်လိုက်ကြသည်။

'ကဲ....မင်းတို့နှစ်ယောက်စလုံး ငါ့ကို ပြိုင်တူတိုက်'

ကျန်ချင်ဝါးက ပြောလိုက်သည်။ စစ်ဟန်မင်းနှင့်လင်းပို့ သည် သူတို့၏ မူပိုင် တိုက်ကွက်ကိုထုတ်၍ ရှေ့မှ တစ်ယောက် နောက်မှတစ်ယောက် ပြိုင်တူတိုက်ခိုက်လိုက်ကြသည်။

'ယား'

တစ်ယောက်က အော်ဟစ်၍ ခုတ်ချသည်။ ကျန်တစ် ယောက်က ဓားဖြင့်ထိုးသွင်းသည်။ ရုတ်တရက် သူတို့၏ ဓား ကိုင်ထားသော လက်များ ထုံကျင်သွားသည်။

ကျန်ချင်ဝါးသည် နှစ်ယောက်စလုံးကို တစ်ပြိုင်တည်း ပြန်၍ တိုက်ခိုက်လိုက်သောကြောင့် ဖြစ်သည်။ ကျန်ချင်ဝါးက ခေါင်းယမ်းလိုက်သည်။

'မင်းတို့နှစ်ယောက်စလုံး အသုံးမကျဘူး၊ ဘာဖြစ်လို့ ငါ့ကို ညှာရမှာလဲ၊ မင်းတို့စိတ်ထဲမှာ ရန်သူအစစ်အမှန်တွေ့နေတယ် လို့ သဘောထားရမယ်၊ ကဲ....ပြန်တိုက်'



ထိုအခါ လင်းပို့က ပြေးဝင်ပြီး တအားခုတ်ချသလို စစ် ဟန်မင်းကလည်း အားနှင့် မာန်နှင့် တအားခုတ်ပိုင်းသည်။

ရုတ်တရက် ကျန်ချင်ဝါး၏ ခန္ဓာကိုယ်က မြောက်တက် သွားသည်။ သို့သော် ကျန်ချင်ဝါးကန်လိုက်သော ခြေနှစ်ဖက် သည် သူတို့နှစ်ဦးစလုံး၏ မျက်နှာကိုထိသွားပြီး နောက်သို့လန် သွားလေသည်။

ထိုတိုက်ကွက်ကို ကျန်ချင်ဝါးက သရုပ်ပြတိုက်ကွက်အဖြစ် ဖြည်းဖြည်းလေး ကန်လိုက်သဖြင့်သာ သူတို့နှစ်ဦး သက်သာ သွားခြင်းဖြစ်သည်။

'ကဲ....မင်းတို့ နှစ်ယောက်စလုံး အဲဒီအကွက်ကို သေသေ ချာချာမှတ်ထား'

ကျန်ချင်ဝါးပြောပြီး သူ၏တိုက်ကွက်ပုံစံကို တစ်ယောက် တည်းပြသည်။

'ရှေ့နောက်ဝင်လာတဲ့ ရန်သူရဲဓားဟာ ဦးခေါင်းမှနေပြီး ခြေထောက်အထိ ဖြစ်နိုင်တယ်၊ ဒီတော့ လူတစ်ရပ်စာမြင့် အောင် အပေါ်ကိုခုန်လိုက်တဲ့အခါ ဓားနှစ်လက်စလုံး ရှောင် ပြီးသားဖြစ်သွားမယ်၊ အမြင့်ကို ခုန်တဲ့ အခါမှာလဲ ရိုးရိုး မခုန်ဘဲ ခန္ဓာကိုယ်ကို တစ်ပတ်လှည့်ပြီး ခုန်လိုက်တာမို့ ဘယ် ခြေ ညာခြေနှစ်ဖက်စလုံးဟာ ရန်သူရဲ့မျက်နှာကို အရှိန်အဟုန် ပြင်းပြင်းနဲ့ ရိုက်ခတ်ပြီးသား ဖြစ်သွားစေရမယ်'

ကျန်ချင်ဝါးက ထိုသို့ပြောပြီး သိုင်းကွက် နင်းပုံ အနေအထားမှစ၍ နှစ်ကြိမ် သုံးကြိမ်ပြသသည်။ ပြီးနောက် တစ်ယောက်ချင်းကို ပြုလုပ်ခိုင်း၏။ သုံးလေးကြိမ်စီ လေ့ကျင့်ပြီးသောအခါ ကျန်ချင်ဝါးလိုချင်သော ပုံစံအတိုင်းဖြစ်သွားလေသည်။

ဤကဲ့သို့ပင် ကျန်ချင်ဝါးသည် အချိန်ရလျှင် ရသလို သင်ကြားပေးခဲ့ခြင်း ဖြစ်သည်။ သူတို့သည် အမောပြေလောက်သောအခါ ခရီးပြန်စရန် ပြင်ဆင်လိုက်ကြသည်။

ထိုစဉ်မှာပင် ကျန်ချင်ဝါး၏ခန္ဓာကိုယ်သည် တောင့်တင်းသကဲ့သို့ ဖြစ်သွားပြီး တစ်စုံတစ်ရာကို နားစွင့်လိုက်လေသည်။ ကျန်ချင်ဝါး နားကြားမလွဲပါ။ မြင်းခွာသံ အချို့ကို ကြားလိုက်ရသည်။ သို့သော် ကျန်ချင်ဝါးတို့ ရှောင်တိမ်းချိန်မရအောင် နောက်ကျသွားပြီ ဖြစ်လေသည်။

မန်ချူး စစ်တပ်တစ်တပ်သည် သူတို့သုံးဦး၏ ရှေ့သို့ ချက်ချင်း ရောက်ရှိလာလေတော့သည်။

ထိုစစ်သားများ၏အလယ်တွင် လျှန်ထင်းစီးကိုတွေ့လိုက်ရပေရာ ကျန်ချင်ဝါးမှာ ဒေါသခြောင်းခြောင်း ထွက်သွားရတော့၏။

သဲချောင်းတံတားပေါ်တွင် အထိနာသွားသော လျှန်ထင်းစီးသည် အခဲမကျေနိုင်ဘဲ မန်ချူးစစ်တပ်ကိုခေါ်ကာ ကျန်ချင်ဝါးတို့၏နောက်သို့ သဲသဲမဲမဲ လိုက်နေခြင်းဖြစ်သည်။



လျှန်ထင်းစီးသည် ကျန်ချင်ဝါးတို့သုံးဦးကိုသာ မြင်ရပြီး အခြားသူများကို မမြင်ရသဖြင့် မျက်မှောင်ကြုတ်ကာ ပတ်ဝန်းကျင်ကို ရှာဖွေကြည့်လိုက်လေသည်။ သို့သော် မြင်းသုံးကောင်နှင့် လူသုံးယောက်ကိုသာ တွေ့ရှိသဖြင့် မြင်းပေါ်မှ ဆင်းကာ ကျန်ချင်ဝါးရှေ့သို့ လျှောက်လာသည်။

ကျန်ချင်ဝါးနှင့် လင်းပို့တို့သည် ငါးပေမျှခွာ၍ တန်းစီရပ်တန့်နေသည်။ ကျန်ချင်ဝါးက သူတို့နှစ်ယောက်၏ရှေ့သို့ သုံးလှမ်းစာမျှပိုထွက်ပြီး ရပ်တန့်နေလိုက်သည်။

မန်ချူးတပ်သားများမှာ စုစုပေါင်း ဆယ့်ငါးယောက်ခန့်ရှိသည်။ အားလုံးသည် မြင်းပေါ်မှဆင်း၍ ကျန်ချင်ဝါးတို့အား ပစောက်ပုံသဏ္ဌာန်မျိုးဖြင့် ဝိုင်းထားကြသည်။

'မင်းတို့ဓားပြအဖွဲ့ကလူတွေ ဘယ်ရောက်ကုန်ပြီလဲ'

လျှန်ထင်းစီးက အသံမာဆတ်ဆတ်ဖြင့်မေးလိုက်ရာ ကျန်ချင်ဝါး၏ မျက်နှာသည် နီမြန်းခက်ထန်သွားတော့သည်။

'မင်း ဘယ်သူ့ကိုပြောတာလဲ'

ကျန်ချင်ဝါးကပြန်မေးသည်။ လျှန်ထင်းစီးသည် မန်ချူးတပ်ထဲတွင် အတော်ပင် အရေးပါ အရာရောက်သော လူတစ်ယောက်ဖြစ်ဟန်တူသည်။ သူသည် မန်ချူးဗိုလ်လေးနှစ်ယောက်ကိုပင် အုပ်ချုပ်၍လာခဲ့ခြင်းဖြစ်သည်။ ထိုဗိုလ်လေးနှစ်ယောက်သည် လျှန်ထင်းစီး၏အမိန့်ကိုသာ စောင့်စားနေပုံရ၏။

လျှန်ထင်းစီးသည် မျှောက်ဖြူနှင့် လနဂါးကို ကောင်းကောင်းကြီးသိနေသော်လည်း ကျန်ချင်ဝါးကိုမူ လုံးဝမသိဘဲ ရှိနေလေသည်။

သို့သော် အတိုက်အခိုက် ကျွမ်းကျင်သောသူ တစ်ဦးအနေဖြင့်တော့ သိထားလေသည်။ ထို့ကြောင့်လည်း သူသည် ကျန်ချင်ဝါး၏ ရှေ့သို့ နီးကပ်စွာမတိုးရဲဘဲ ဆယ်ပေကျော်အကွာလောက်မှ လှမ်းမေးလိုက်ခြင်းဖြစ်သည်။

'မင်းက ဘာအူကြောင်ကြောင် လုပ်နေတာလဲ၊ မင်းတို့က နဂါးခုနစ်ကောင်နဲ့ပေါင်းပြီး ဓားပြတိုက်နေတာကို ညာချင်သေးလို့လား'

ကျန်ချင်ဝါးက လျှန်ထင်းစီးကိုကြည့်၍ ရယ်လိုက်သည်။

'ဟား....ဟား....ဟား....ဟား'

လျှန်ထင်းစီး မျက်မှောင်ကြုတ်လိုက်သည်။

'မင်းက ဘာရယ်တာလဲ'

'ရယ်ချင်လို့ ရယ်တာပေါ့'

လျှန်ထင်းစီးမှာ အူကြောင်ကြောင် ဖြစ်သွားသည်။ ကျန်ချင်ဝါးက ရယ်မောခြင်းကို ရပ်တန့်၍....

'ဟေ့ကောင်....မင်းကိုယ်မင်းပြန်ကြည့်စမ်း၊ လူတစ်ယောက်နဲ့မတူတော့ဘူး၊ ခွေးတစ်ကောင်နဲ့တူနေတယ်၊ သူများတကာရဲ့ ရှူးတိုက်တိုင်း ကိုက်ကိုက်နေတဲ့ခွေးရူးပဲ'



လျှန်ထင်းစီး မျက်နှာရှုံ့မဲ့သွားသည်။

'အံမာ....မင်းကငါ့ကို ခွေးလို့ပြောတာ၊ သိကြရောပေါ့'

လျှန်ထင်းစီးသည် ထိုသို့ပြောပြီး ဓားကိုဆွဲထုတ်ကာ....

'တိုက်'

ဟု ကျယ်လောင်စွာ အမိန့်ပေးလိုက်လေသည်။ ရုတ်တရက်မို့ ကျန်ချင်ဝါးသည် မည်ကဲ့သို့ ဆုံးဖြတ်ရမှန်းမသိ ဖြစ်သွားသည်။ သူသည် စစ်ဟန်မင်းနှင့် လင်းပို့အတွက် စိုးရိမ်သောကြောင့် ရှောင်ရှားထွက်ပြေးရန် အကြံပေးမည်ဟု စဉ်းစားနေဆဲ လျှန်ထင်းစီးက ဆိုင်းမဆင့်ဗုံမဆင့်တိုက်ခိုက်လာသဖြင့် သူသည် ဓားထုတ်၍ ရှေ့မှတာကွယ်တိုက်ခိုက်တော့သည်။

လျှန်ထင်းစီးသည် လူ၂ါးတစ်ယောက်ဖြစ်သည်။ ကျန်ချင်ဝါး၏ သိုင်းပညာကို သိထားသောကြောင့် သူတစ်ဦးတည်း ရင်မဆိုင်ဘဲ လေးငါးယောက်ညှပ်၍ တိုက်ခိုက်လေသည်။

ကျန်ချင်ဝါးသည် လျှန်ထင်းစီးကို အဓိကထား၍ တိုက်ခိုက်သော်သည်။ လျှန်ထင်းစီးက အလွန်ပါးနပ်နေသည်။ သူသည် အဝေးမှတိုက်ခိုက်နေ၏။ ကျန်ချင်ဝါးမှာ ရန်သူများကို အလစ်မပေးရဲဘဲ တိုက်ခိုက်နေရသောကြောင့် စစ်ဟန်မင်းတို့ဘက် လှည့်မကြည့်နိုင်ပေ။

စစ်ဟန်မင်းနှင့် လင်းပို့သည် ကျောချင်းကပ်၍ ခုခံ တိုက်ခိုက်နေ၏။

'ချွင်... ချွင်'

ခွာသံများ ပေါ်ထွက်နေလေသည်။

မန်ချူးတပ်သားများသည်အများအားဖြင့် ညာသံပေးပြီး တိုက်ခိုက်လေရာ ပတ်ဝန်းကျင်တစ်ဝိုက်တွင် ဆူညံနေတော့သည်။

'အား....'

မန်ချူးတပ်သားတစ်ဦး ခေါင်းတခြား ကိုယ်တခြား ဖြစ်သွားသည်။ ရုတ်တရက်မန်ချူးတပ်သားများသည် အရမ်းကာရော မဝင်ရဲတော့ဘဲ ကျန်ချင်ဝါးကို ကျားချောင်းသလို ချောင်းမြောင်းကြတော့သည်။

လျှန်ထင်းစီးသည် သူ၏ဓားကိုဝင့်ကာ ကျန်ချင်ဝါးအား ခုတ်ပိုင်းလိုက်၏။

'ထန်း....'

ဓားချင်းထိသံ ထွက်ပေါ်လာ၏။ ကျန်ချင်ဝါးက သူ၏ လက်ထဲမှဓားဖြင့် ဆီး၍ခံလိုက်သည်။ ကျန်ချင်ဝါးသည် မန်ချူးဗိုလ်လေးတစ်ဦး၏ စူးဆောက်ကို ပိုမို၍သတိထားနေရသည်။ ထိုစူးဆောက်သည် မကြာခဏ ကျန်ချင်ဝါး၏မျက်နှာနှင့် ဘည်ကုတ်ဆီသို့ ကျရောက်လာလေသည်။

စူးဆောက်နှင့် တိုက်ခိုက်နေသော မန်ချူးဗိုလ်လေး၏ တိုက်ကွက်များသည် အစတော်ပင် ခရီးရောက်ပြီး ပြင်းထန်လှသည်။



ကျန်ချင်ဝါးသည် လျှန်ထင်းစီးကို အာရုံထားနေရာမှ ထိုစူးဆောက်နှင့်ဗိုလ်ဆီသို့ တိုက်ကွက်ကို ပြောင်းလိုက်ရသည်။

စူးဆောက်နှင့် မန်ချူးဗိုလ်သည် သူ၏ စူးဆောက်ကို ကျန်ချင်ဝါးမျက်နှာဆီသို့ ပေါက်ချလိုက်လေသည်။ ကျန်ချင်ဝါးက ဓားဖြင့်ပက်ထုတ်ပြီးသည်နှင့် တစ်ပြိုင်နက် ဘယ်လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

'ဝုန်း....'

စူးဆောက်သမား လွင့်စဉ်သွားလေသည်။

'အား....'

နောက်တစ်ယောက် ရင်ပွင့်သွားပြန်သည်။

လျှန်ထင်းစီးသည် ဆာသာရမည်ဟု ထင်နေရာမှ သုံးယောက်တိတိ ကျဆုံးသွားသည်ကို မြင်သည်နှင့် တိုက်ခိုက်ခြင်း ရပ်တန့်သွားစော မြင်းပေါ်သို့ ခုန်တက်လိုက်လေသည်။

'မင်း....မကြာခင် ငါ့အကြောင်း သိစေရမယ်'

သူသည်မြင်းပေါ် ရောက်ပြီးမှ ကျန်ချင်ဝါးကို ကြိမ်းဝါးလေသည်။ မန်ချူးတပ်သားများလည်း လျှန်ထင်းစီးကိုကြည့်၍ အသီးသီး မြင်းပေါ်သို့ခုန်တက်လိုက်၏။

ထို့နောက် တောလမ်းထဲသို့ တရကြမ်းမောင်းဝင်သွားကြတော့သည်။

* * *

ကျန်ချင်ဝါးသည် ကပျာကယာပင် စစ်ဟန်မင်းတို့ကို လှည့်ကြည့်လိုက်သည်။ စစ်ဟန်မင်းသည် လင်းပို့အား ပွေ့ထားသည်ကို တွေ့ရသဖြင့် ကျန်ချင်ဝါးရင်ထဲ၌ ထိတ်သွားပြီး ပျာပျာသလဲ ပြေးသွားသည်။

'သူ...ဘာဖြစ်သွားသလဲ'

ကျန်ချင်ဝါးက စိုးရိမ်စွာဖြင့် မေးလိုက်၏။

'ရန်သူတစ်ဦးရဲ့ ကန်ချက်မိသွားပြီး သတိလစ်သွားတာပါ'

ကျန်ချင်ဝါးမှာ အနည်းငယ် ရင်အေးသွားသည်။ သူသည် ဆေးမှုန့်အနည်းငယ်ကို လင်းပို့အား ရှူစေလိုက်သည်။ ခဏကြာသောအခါ လင်းပို့ ပြန်သတိရလာသည်။ သူမသည် မျက်နှာရှုံ့မဲ့ချင်းမှ မျက်လုံးဖွင့်ကြည့်လိုက်မိသည်။

ထိုအခါ သူမ၏ ခန္ဓာကိုယ်အား စစ်ဟန်မင်းက ပွေ့ထားသည်ကို သိရသောအခါ ကပျာကယာလူးလဲထလိုက်လေသည်။ ကျန်ချင်ဝါးက သူမကို ကြည့်၍...

'အရိုက်ကို ကန်မိသွားတယ်နဲ့ တူတယ်'

သူမက မျက်နှာအနည်းငယ်ရှုံ့မဲ့ကာ ခေါင်းညိတ်ပြလိုက်သည်။ ကျန်ချင်ဝါးသည် အိတ်ထဲမှ ဆေးဘူးအချို့ကို ထုတ်ယူ၍ အလုံးကလေး နှစ်လုံးကို လင်းပို့အား တိုက်ကျွေးလိုက်သည်။ ပြီးနောက် ကျန်ချင်ဝါးသည် နဖူးမှချွေးကို အနည်းငယ် သုတ်လိုက်ရင်းမှ...



'တော်သေးတယ်၊ အခြေအနေ တော်တော် ဆိုးဝါးမယ်လို့ ထင်နေတာ'

စစ်ဟန်မင်းမှာ ရန်သူများကို နင်လားငါလားပြန်၍ ခုခံတိုက်ခိုက်နိုင်သဖြင့် ကျိတ်ပြီး ဝမ်းသာနေမိသည်။ ကျန်ချင်ဝါးသည် အတန်ကြာအောင် စဉ်းစားနေပြီးမှ...

'ဒီကောင်တွေ တို့ကို အခဲကျေမှာမဟုတ်ဘူး၊ တို့ လမ်းကြောင်း ပြောင်းလိုက်ရင် ကောင်းမယ်'

ဟု ခပ်လေးလေး ပြောလိုက်သည်။

'ဆရာ ကျွန်တော်တို့ ဘယ်လို လမ်းကြောင်းပြောင်းမလဲ'

စစ်ဟန်မင်းက မေးလိုက်သည်။

'မြစ်ဆိပ်ကိုရောက်အောင်သွားပြီး လှေငှားတာပေါ့ကွ'

ကျန်ချင်ဝါးက အေးစက်တည်ငြိမ်စွာ ပြန်ပြောလိုက်လေသည်။

## အခန်း (၁၁)

ယခု ဖြစ်ပေါ်လာရသော ကိစ္စများမှာ အသေးအဖွဲက စပြီး တစ်စတစ်စ ကျယ်ပြန့်လာသည်ဟု ပြောရတော့မည် ဖြစ်လေသည်။ အဘယ့်ကြောင့်ဆိုသော် မိုးနဂါးတို့သည် သူတို့၏ ခေါင်းဆောင်ကြီး နေနဂါးဆွမ်ဆန်ကို ကယ်တင်ရန် ကြိုးပမ်းရာမှ ပေါ်ပေါက်လာသော ကိစ္စများ ဖြစ်သည်။

မျောက်ဖြူသည် သူ၏ ရှေးဟောင်းရုပ်တုကို လိုချင်သောကြောင့် မန်ချူးအရာရှိကြီးဂေဟာကို ဝင်ရောက် တိုက်ခိုက်သောအခါ လနဂါးတို့ကို လျှန်ထင်းစီးက တွေ့ရှိသွားသည်။

ထိုအခါ နဂါးခုနစ်ဖော်အဖွဲ့ကို ခေါးပြမျှားဟု ထင်မှတ်သွား၏။ ထိုမျှမကမန်ချူးဘုရင်ကို တော်လှန်နေသော အုပ်စု



အဖြစ် သတ်မှတ်ခြင်းခံရသည့်အပြင် အကျဉ်းစခန်းရှိ နေနဂါးကိုလည်း ကယ်တင်ရန် ကြိုးပမ်းကြလိမ့်မည်ဟု လျှန်ထင်းစီးက သတင်းလွှင့်ထုတ်လိုက်သည်။

ထိုသတင်းသည် မန်ချူး အာဏာပိုင်များထံ ချက်ချင်း ပျံ့နှံ့သွား၏။ ထို့ကြောင့် မန်ချူးအာဏာပိုင်တို့သည် ထိုသူများကို မရမက ရှာဖွေဖမ်းဆီးရမည်ဟု အမိန့်ထုတ်လိုက်လေသည်။

မန်ချူးတို့သည် နဂါးခုနစ်ဖော်နှင့် အပေါင်းပါများကို ဘယ်သူ ဘယ်ဝါမှန်း သေချာစွာမသိပေ။ ထိုအခါ သူတို့၏လက်ပါးစေများအဖြစ် မြောက်စားထားသော အမျိုးသား သစ္စာဖောက် သိုင်းသမားများကို စုံစမ်းရှာဖွေရန် နေရာအနှံ့သို့ လွှတ်လိုက်လေသည်။ ထိုသစ္စာဖောက်များ အုပ်စုထဲတွင် လျှန်ထင်းစီးသည် အဆိုးရွားဆုံး ဖြစ်လေသည်။

သူသည် မန်ချူးဗိုလ်မှူးကြီး တစ်ယောက်၏ ရာထူးအရှိန်အဝါများ ရရှိထားသောကြောင့် ကြောက်စရာ အကောင်းဆုံး ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်နေပေသည်။

လျှန်ထင်းစီး၏ အကြောင်းကို ကျန်ချင်ဝါးက သိထားသည်။ ထို့ကြောင့် လျှန်ထင်းစီးအား မျက်စိလှည့်စားသည့်အနေဖြင့် သူတို့သည် ကုန်းလမ်းခရီးကို အစဖြတ်လိုက်ပြီး ချန်ကျန်းမြစ်ကြောင်းအတိုင်း သွားရန် ရွေးချယ်လိုက်ခြင်း ဖြစ်လေသည်။

ကျန်ချင်ဝါး၊ စစ်ဟန်မင်းနှင့် လင်းပို့တို့သည် မြစ်ဆိပ်သို့ ရောက်သည်နှင့် မြင်းများကို ဖြစ်သလို ပြန်၍ရောင်းချလိုက်လေသည်။ ထို့နောက် လှေတစ်စင်းကို အခပြေးအလှသွား ရှာဖွေ၍ပြန်သည်။ သို့သော် မည်သည့်လှေမှ ငှားရမ်း၍မရသောကြောင့် ထိုမြစ်ဆိပ်၌ပင် လှေကြုံကိုထိုင်စောင့်နေကြရတော့၏။

အဆောက်မိုးချုပ်မှ ကြီးမားသော လှေကြီးတစ်စင်းကို တွေ့ရှိရလေသည်။ ထိုလှေကြီးတွင် ခရီးသည် အတော်များများပါရှိလာသည်ကို တွေ့ရပြီး မြစ်ဆိပ်၌ ခေတ္တနားစား ပြန်ထွက်မည်ဖြစ်မည်။

ကျန်ချင်ဝါးသည် လှေပိုင်ရှင်အား အကျိုးအကြောင်းပြောစား လှေပေါ်သို့ တက်ရောက်လေ၏။ အချို့ခရီးသည်များမှာ လှေဝမ်းတဲ၌ စောင်များခြုံ၍အိပ်နေသည်ကို တွေ့ရသည်။

ကျန်ချင်ဝါးတို့ သုံးယောက်သည် ခရီးအလွန်ပမ်းစားသဖြင့် လှေဝမ်းထဲတွင် လစ်လပ်နေသော နေရာကိုရှာဖွေကာ အိပ်လိုက်ကြလေသည်။ လရောင်အောက်တွင် လှေကာ တငြိမ့်ငြိမ့် ထွက်ခွာသွားတော့သည်။ ကျန်ချင်ဝါးတို့ သုံးယောက်လည်း မကြာမီအချိန်အတွင်း အိပ်ပျော်သွားလေတော့သည်။

* * *



သူတို့သုံးဦးသည် မည်မျှအချိန်ကြာသည်အထိ အိပ်ပျော်သွားမှန်း မသိပါ။ သူတို့၏ ကိုယ်ပေါ်သို့ တစ်စုံတစ်ခုသော အဝတ်စများ ကျလာသည်ဟု ထင်လိုက်သည်။

ပထမဆုံး သတိထားမိလိုက်သူမှာ ကျန်ချင်ဝါးပင် ဖြစ်လေသည်။ ကျန်ချင်ဝါးသည် မိမိအပေါ်သို့ အုပ်ကျလာသော အဝတ်ကို ဖယ်ရှားရန် ကပျာကယာ ထလိုက်သည်။

သို့သော် ကျန်ချင်ဝါးတို့ နောက်ကျသွားလေပြီ။ သူတို့၏ ကိုယ်ပေါ်သို့ ကျလာသည်မှာ အဝတ်များမဟုတ်ပါ။ အလွန်ခိုင်ခံ့သည့် ပိုက်များဖြစ်နေသည်ကို တွေ့လိုက်ရပြီး သူတို့သုံးဦးစလုံးပိုက်နှင့်အုပ်၍ ဖမ်းဆီးခြင်း ခံလိုက်ရသည်ကို သိရှိလိုက်ရတော့သည်။

ထိုသို့ သိရှိရသည့် အချိန်မှာ များစွာနောက်ကျနေပြီဖြစ်သည်။ သူတို့သုံးဦးစလုံးသည် ပိုက်နှင့်အုပ်စား ကြိုးများနှင့် အသီးသီး ချည်နှောင်ထားခြင်းကို ခံနေရပြီဖြစ်၏။ ကျန်ချင်ဝါးသည် တောက်တစ်ချက်ကို ပြင်းထန်စွာခေါက်ပြီး သူ့ကိုယ်သူ ဒေါသဖြစ်သွားမိသည်။

မိမိတို့၏ လမ်းကြောင်းပြောင်းလွဲလိုက်သည့် ပရိယာယ်ကို သိရှိသွားသော ရန်သူများသည် ခရီးသည်လှေ ဟန်ဆောင်၍ မိမိတို့အား အလွယ်တကူ ဖမ်းဆီးလိုက်ကြခြင်း ဖြစ်လေသည်။

မိမိသည် ဤအချက်ကို သေချာစွာ မစဉ်းစားမဆင်ခြင်မိသည်မှာ မိမိ၏အမှားပင် ဖြစ်သည်ဟု ကျန်ချင်ဝါး ယူကျုံးမရ ဖြစ်နေမိသည်။

ထိုအချိန်တွင် အရှေ့ဘက်ဆီမှ အလင်းရောင် ပေါ်ထွက်လာပြီဖြစ်သည်။ ကျန်ချင်ဝါးတို့သည် လှေဝမ်းအတွင်းရှိ ထောင့်တစ်ထောင့်တွင် ကြိုးများဖြင့် တုပ်နှောင် ခံထားနေရ၏။ အတော်ကလေးကြာ၍ အလင်းရောင် ပေါ်ပေါက်လာသော အခါ အောင်မြင်စွာ ရယ်မောလိုက်သော အသံကြီးကို ကြားလိုက်ရလေသည်။

'ဟား....ဟား....ဟား....ဟား'

* * *

'ဟား....ဟား....ဟား....ဟား'

ရယ်ခမောသံကြီးသည် တစ်စထက်တစ်စ နီးကပ်လာပြီး ကျန်ချင်ဝါးတို့အနီးတွင် ရပ်တန့်သွားလေသည်။



'ဟား....ဟား....ဟား....ဘယ့်နှယ်လဲ လူစွမ်းကောင်းကြီးရဲ့၊ လျှန်ထင်းစီးကို စမ်းလို့မရဘူးဆိုတာ သိပြီမဟုတ်လား'

လျှန်ထင်းစီး၏ မျက်နှာကိုမြင်တွေ့လိုက်ရသည်နှင့် ကျန်ချင်ဝါးမှာ အလိုလို ဒေါသထွက်လာရတော့သည်။

'ထွီ....'

ကျန်ချင်ဝါးက ပိုက်အုပ်ထားသည့် အပေါက်ထဲမှ တံတွေးဖြင့် လှမ်း၍ ထွေးလိုက်သည်။ လျှန်ထင်းစီး မျက်နှာတစ်ချက် ပျက်သွား၏။

'ဩော်....မင်းက အခုထက်ထိ မိုက်ရိုင်းတုန်းပဲကိုး'

'ငါက သစ္စာဖောက် ခွေးတွေလောက် မမိုက်ရိုင်းပါဘူးကွ'

'ဟား....ဟား....ငါဟာ ခွေးသားလူလားဆိုတာမင်းမကြာခင် သိရမှာပေါ့၊ လူမိုက်လို့ ခွေးတွေသွားမယ့် လမ်းကြောင်းကို ကြိုတင်ပြီး သိထားတာပေါ့ကွ'

ကျန်ချင်ဝါးသည် ဒေါသထွက်**လာ၏။**

'ဟေ့ကောင်၊ မင်းစအားမပျားနဲ့ သတ္တိရှိရင် ငါ့ကို အခု လွှတ်လိုက်စမ်းပါ၊ အချိန်မရွေး ယှဉ်ရဲတယ်'

'ဟား....ဟား....ဟား....'

လျှန်ထင်းစီးသည် သူ့ခန္ဓာကိုယ်ကို တသိမ့်သိမ့်ခါသွားအောင် ရယ်မောလိုက်လေသည်။

'ဟဲ....ဟဲ .. ဟဲ....သိပ်မလောပါနဲ့ဗျာ၊ အချိန်တန်လို့ ယှဉ်ချင်တယ်ဆိုလဲ ယှဉ်ရတာပေါ့၊ ဒါပေမယ့် ငါမှာလုပ်စရာတွေ အများကြီး ကျန်နေသေးတယ်ဆိုတာ မင်းတွေ့ရလိမ့်မယ်၊ နေစမ်းပါဦး၊ မင်းရဲ့ပညာကို ငါက တန်ဖိုးထားပါတယ်၊ ဘယ်သူဘယ်ဝါဆိုတာ မသိရဘူးသား'

ကျွန်ချင်ဝါးက မဲ့ပြုံးပြုံးလိုက်လေသည်။

'မင်း ငါ့ကို ခုထိမသိသေးတာ သိပ်အံ့သြဖို့ကောင်းတာပဲ'

'မသိလို့ပေါ့၊ သိရင် ငါက လေကုန်ခံနေမှာလား'

'မင်း မျက်နှာမပျက်ဘူးဆိုရင်တော့ ပြောရမှာပေါ့'

လျှန်ထင်းစီးက မျက်မှောင်ကြုတ်၍....

'ပြောစမ်းပါ'

'တောင်ပင်လယ်ဓားသမား ကျန်ချင်ဝါး'

လျှန်ထင်းစီးမှာ သတိပေးထားသည်ကိုပင် မေ့သွား၏။ သူ့မျက်နှာ သိသိသာသာ ပျက်သွားတော့သည်။

* * *



'ဟော့ကောင် လျှန်ထင်းစီး၊ မင်းမျက်နှာ ဘာဖြစ်သွားတာလဲ'

ကျွန်ချင်ဝါးက လှမ်းအော်လိုက်သည်။

'တောင်ပင်လယ်ဓားသမား ကျန်ချင်ဝါး၊ တောင်ပင်လယ်ဓားသမား ကျန်ချင်ဝါး'

လျှန်ထင်းစီးသည် ကျန်ချင်ဝါး၏ အမည်ကို အခေါက်ခေါက် အခါခါ ရေရွတ်နေမိတော့သည်။

သို့သော် လျှန်ထင်းစီးသည် လောလောဆယ်တွင် အောင်နိုင်သူ ဖြစ်နေသဖြင့် ခြောက်ကပ်ကပ် ရယ်မောလိုက်သည်။

'ကြော်....လက်စသတ်တော့ ခင်ဗျားက တောင်ပင်လယ် ဓားသမား ကျန်ချင်ဝါးကိုး၊ ဟား....ဟား....ဟား၊ ကျုပ်ဆရာကို သိုင်းကွက်သုံးကွက်နဲ့ သေအောင် သတ်နိုင်ခဲ့ပေမယ့် ခင်ဗျားဟာ အခု ကျုပ်လက်ထဲ ရောက်နေပြီဆိုတာ သတိထားလိုက်စမ်းပါ'

ကျန်ချင်ဝါးက ခံပြင်းစွာဖြင့် မဲ့လိုက်သည်။

'ဟင်း....ဟော့ကောင်၊ မိန်းမတစ်ယောက်လောက် အသုံးမကျဘဲ ခိုးကြောင်ခိုးဝှက်နဲ့ ပရိယာယ်ဆင်ပြီး ဖမ်းဆီးတာကို ဂုဏ်ယူစမ်းပါနဲ့၊ သတ္တိရှိရင် ခုကြိုးဖြည်လိုက်၊ လျှော်ပေါ်မှာ

ပါတဲ့လူတွေကိုပါ ထည့်သုံးလိုက်ဦး၊ နည်းနည်းကလေးမှ သောက်ဂရုမစိုက်ဘူး၊ ဘယ့်နှယ်လဲ'

လျှန်ထင်းစီးသည် ဓားကို ရုတ်တရက် ဆွဲထုတ်လိုက်လေသည်။

'ဟေ့...သစ္စာမရှိတဲ့ကောင်၊ မင်းငါ့ကို သတ်ရဲရင် သတ်စမ်း'

ကျန်ချင်ဝါးက လှမ်းအော်လိုက်သည်။

လျှန်ထင်းစီးသည် တင်စုံတစ်ခုကို သတိရသွားဟန်ဖြင့် ဓားကို ဓားအိမ်ထဲသို့ ပြန်၍ထိုးသွင်းလိုက်ပြီး ကျန်ချင်ဝါးတို့အနားမှ ခြေလှမ်းကျဲကြီးဖြင့် ထွက်သွားလေသည်။

* * *

လျှန်ထင်းစီးသည် လှေ၏ပဲ့ပိုင်း ကုလားထိုင်ပေါ်တွင် ထိုင်ကာ တစ်စုံတစ်ရာကို လေးလေးနက်နက် တွေးတောနေတော့သည်။



သူ တွေးနေသည်မှာ လွန်ခဲ့သော ဆယ်နှစ်ကျော်ခန့်က ဖြစ်သည်။ သူ၏ဆရာသည် တစ်နေ့တွင် ဒဏ်ရာများရရှိလာ၏။ သွေးများ အန်ကျနေသည်ကို တွေ့ရသည်။

'ဟင်....ဆရာ....ဆရာ'

လျှန်ထင်းစီးက ပြေး၍ပွေ့သည်။ သူ့ဆရာသည် ရင်ဘတ်တွင် ညိုမည်းသော ဒဏ်ရာဖြင့် ပါးစပ်မှသွေးများ ဒလဟော အန်ကျနေပေသည်။

'ဆရာ ရန်သူနဲ့တွေ့လာတယ် ဟုတ်လား၊ ကျွန်တော့်ကို ပြောစမ်းပါ၊ အခုသွားပါရစေ'

လျှန်ထင်းစီး၏ဆရာက လက်ကာပြလိုက်သည်။

အတော်ကြာအောင် အမောဖြေပြီးမှ....

'တပည့်....မင်းမသွားပါနဲ့ ဘာမှအကျိုးထူးမှာ မဟုတ်ဘူး'

လျှန်ထင်းစီးက ခေါင်းယမ်းလိုက်သည်။

'ဟာ....မဟုတ်တာပဲဆရာရယ်၊ ကျွန်တော့်အသက် သေချင် သေသွားပါစေ၊ ဘယ်သူလဲဆိုတာ ပြောစမ်းပါ'

သူ့ဆရာမှာ တော်တော်နှင့် စကားပြန်မပြောနိုင်ပါ။

အတန်ကြာမှ....

'သူ့နာမည် တောင်ပင်လယ်ဓားသမား ကျန်ချင်ဝါးလို့ ခေါ်တယ်'

'ဟာ....ဒါဖြင့် ကျွန်တော်သွားမယ်'

ဆရာက ကပျာကယာ လက်ကာပြလိုက်သည်။

'မင်း မသွားပါနဲ့၊ တစ်သက်လုံးလဲ မင်းသူ့ကို ရန်မမူပါဘူးလို့ ကတိပေးရင် ငါကျေနပ်ပြီ'

လျှန်ထင်းစီးမှာ နားမလည်နိုင်အောင် ဖြစ်သွားရသည်။

'ဟာ....ဆရာတလဲ ကျွန်တော်ရှောင်နေလို့ သူက ရန်မူလာရင်ကော ဘယ့်နှယ်လုပ်မလဲ'

ဆရာဖြစ်သူက ခေါင်းယမ်းလိုက်သည်။

'မင်းကို ငါ့တပည့်မှန်း သူသိပါတယ်၊ ရန်မမူပါဘူး'

လျှန်ထင်းစီးက မကျေနပ်ပေ။

'မဟုတ်သေးပါဘူး ဆရာရယ်၊ ဆရာ့ကိုတောင် သူသတ်သေးတာပဲ'

'ဟေ့....လျှန်ထင်းစီး၊ မင်း ငါ့စကားကို နားမထောင်ဘူးလား'

လျှန်ထင်းစီး ငြိမ်ကျသွားသည်။



'နားထောင်ပါ့မယ်'

'မင်းလိုကောင်မျိုး ဆယ်ယောက်သွားတိုက်လို့လဲ နိုင်မှာမဟုတ်ဘူး၊ နိုင်လဲ မတိုက်ရဘူး'

'ကျွန်တော် မသိရဘူးလား ဆရာ'

ဆရာကြီး ကျိုသင်သည် သွေးများ ဝေါ့ခနဲအန်ကျလာသည်။

'အေး....သိရမယ်၊ ဒီကိစ္စမှာ ငါမိုက်လို့ ဆုံးမလိုက်တာ၊ သူဟာ....သူဟာ....ငါ့ဆရာ အရင်းပဲ'

'ဗျာ'

လျှန်ထင်းစီး အံ့ဩ ထိတ်လန့်သွားသည်။ သူ၏ဆရာ ကျိုလင်မျက်နှာကို ပြန်ကြည့်မိလိုက်သည်။

သို့သော် အသက်ပျောက် နေသည်ကိုသာ တွေ့လိုက်ရတော့သည်။

* * *

လျှန်ထင်းစီးသည် အတိတ်ကို စဥ်းစားရင်းမှ ချွေးသီးချွေးပေါက်များ ကျလာသည်။

ကျန်ချင်ဝါးသည် မိမိဆရာ၏ ဆရာကြီးဖြစ်သည်။ ဤသို့ဆိုလျှင် ကျန်ချင်ဝါးသည် မိမိဆရာတော့ မဖြစ်နိုင်ဘူးလား'

ဆရာကြီးကျိုလင်သည် မိမိ၏ ပညာဖခင်ဖြစ်လျှင် ကျန်ချင်ဝါးသည် မိမိ၏ပညာ အဘိုးသာဖြစ်ပေမည်။

ဘိုးအေဖြစ်သူကို မိမိစော်ကားသင့်သလော။ မိမိက ဆက်လက်၍ တိုက်ခိုက်ပါလျှင်လည်း ဆရာကျိုလင်၏ စကားကို ထောင် နားမထောင်သည့် တပည့်မိုက်ဖြစ်ပေတော့မည်။

တစ်ဖန် ယခုအခြေအနေကျတော့မှ တောင်ပင်လယ် ဓား သမားကို ပြန်လွှတ်ပါဟုဆိုလျှင် မန်ချူးဗိုလ်အချို့က မိမိကို ပင် အထင်လွဲလာနိုင်သည်။

လျှန်ထင်းစီး ချွေးသီးချွေးပေါက်များ ကျနေပေသည်။ သူသည် ကြံရာမရဖြစ်သွားပြီး အရက်အိုးကိုဆွဲကာ အစော်များများ သောက်ချပစ်လိုက်တော့သည်။

*   *   *



လျှော့ပေါ်တွင် ပါရှိလာသူများ အားလုံးမှာ ရိုးရိုးအဝတ်အစားများ ဝတ်စားထားကြသည်။

သူတို့သည် ခရီးသည်များ ဟန်ဆောင်ထားကြသည့် မန်ချူးစစ်သည်များသာ ဖြစ်ကြပေသည်။

ရိုးရိုးအဝတ်အစားနှင့် မန်ချူးစစ်ဗိုလ်သည် အရက်များ တရှူးရှူးသောက်နေသည့် လျှန်ထင်းစီးအနားသို့ ရောက်ရှိလာသည်။

'ကျုပ်တို့ တပ်သားတွေကို သတ်ထားတဲ့လူကို ဘယ်လိုစီရင်မလဲ'

မန်ချူးစစ်ဗိုလ်သည် ကျန်ချင်ဝါးကို ရည်ရွယ်၍ မေးလိုက်ခြင်း ဖြစ်သည်။ မျောက်မီးခဲကိုင်မိသလို ဖြစ်နေသော လျှန်ထင်းစီးမှာ မန်ချူးစစ်ဗိုလ်ကို ဒေါသဖြင့် ကြည့်မိလိုက်သည်။

'ဦးနှောက် အကြီးအကျယ် ခြောက်နေရသည့် ကြားထဲ ဒီကောင်ကလဲတစ်မျိုး…'

ဟု စိတ်ထဲမှ ကျိန်ဆဲမိလိုက်သည်။

ယခုအချိန်တွင် လျှန်ထင်းစီးမှာ ကျန်ချင်ဝါး၏မျက်နှာကိုပင် မကြည့်ရဲအောင် ဖြစ်နေပေသည်။

'ကျုပ်သိတယ်၊ ကျုပ်ကိုစွ ကျုပ်အားလုံး ရှင်းမယ်'

လျှန်ထင်းစီးသည် မန်ချူးဗိုလ်အားဒေါသဖြင့် ပြောလိုက်မိသည်။ မန်ချူးဗိုလ်မှာ သူတို့၏ဆရာကြီးစိတ်ဆိုးပြီး အရက်တွေ မူးနေသည်ဟု ထင်ကာ ရယ်မောပြီး အနားမှ ထသွားသည်။

လျှန်ထင်းစီးသည် ကုလားထိုင်ပေါ်တွင် ထိုင်နေရသော်လည်း ဖင်မငြိမ်ဘဲ စိတ်တွေလှုပ်ရှားနေသည်။

'အို...ဖြစ်ချင်ရာဖြစ် သတ်ပစ်လိုက်တာ ကောင်းမယ်နဲ့တူတယ်...'

လျှန်ထင်းစီးမှာ ကျယ်လောင်စွာဖြင့် အသံထွက်သွားသည်။

'ဟာ...သတ်ပစ်လို့ မဖြစ်ဘူး၊ ကျုပ်တို့ အရှေ့ကြီးက သူ့ပစ္စည်းတွေပြန်ရအောင် စစ်ဆေးဦးမှာ...'

မန်ချူးစစ်ဗိုလ်က ဝင်ပြောလိုက်သည်။

လျှန်ထင်းစီးသည် အံ့ကြိတ်၍ မန်ချူးစစ်ဗိုလ်ကို ကြည့်လိုက်သည်။

'အင်း...ဒုက္ခပဲ၊ ငါတော့ ကျားဖင် သွားနှိုက်မိသလို ဖြစ်နေပြီ...'



လျှန်ထင်းစီး၏ စိတ်ထဲမှ ကြိတ်၍ ရေရွတ်ညည်းတွားလိုက်မိတော့၏။

* * *

လှေကြီးသည် ရေစီးအတိုင်း တရိပ်ရိပ်ပြေးနေသည်။

လျှန်ထင်းစီး၏ စိတ်တွေလည်း တထိတ်ထိတ်နှင့် ခုန်နေ၏၊ သူသည် အရက်ကိုသာ တစ်ငုံပြီးတစ်ငုံ ဆက်လက်၍ သောက်ရင်းမှ ကျန်ချင်ဝါးကို ငုံ့ပြီး ကြည့်မိသည်။

ကြိုးနှင့်တုပ်ပြီး ပိုက်အုပ်ထားသည်ကို တွေ့မြင်ရသောအခါ...

'အင်း...ငါတော့ ငရဲကြီးတော့မှာပဲ'

လျှန်ထင်းစီးသည် သူ၏ ဆရာကြီး ကျိလင်ကို အလွန်ချစ်မြတ်နိုး လေးစားလေသည်။ သူ ပညာတတ်အောင် ပြုစုပျိုးထောင်ပေးသည့် ကျေးဇူးရှင်ကြီးတစ်ယောက် ဖြစ်သည်။

ဆရာ၏စကားကို မည်သည့်အခါမျှ ပယ်ရှားခဲ့ခြင်း မပြုခဲ့ပါ။ လျှန်ထင်းစီးသည် သူ့ဆရာကို မြတ်နိုးသကဲ့သို့ ဆရာကြီး

ကျော်သင်သည့်အည်း သူ၏ဆရာဖြစ်သော ကျန်ချင်ဝါးကို အလွန်မြတ်နိုးရိုသေပုံ ရသည်။

ဆရာကြီး ကျော်သင်သည် မည်ကဲ့သို့သော အမှားမျိုးကို ကျူးလွန်မိ၍ သူ့ဆရာကျန်ချင်ဝါးက သေအောင်ဆုံးမသည်မှာ အံ့ဩစရာကောင်းသလောက် တုန်လှုပ် ချောက်ချားဖွယ်လည်း ကောင်းလှသည်။

ဆရာကြီး ကျော်သင်သည် သူသစ္စာဖောက်မိသောကြောင့် ဆရာက ဆုံးမလိုက်ပါသည်ဟု ဝန်ခံသွားသည်။

မည်ကဲ့သို့ အဖြစ်မျိုးနည်း။ သူသည် တွေးရင်းတွေးရင်း ဆရာကြီး ကျန်ချင်ဝါးကို ဖမ်းဆီးထားမိခြင်းအတွက် ရင်လေးနေမိ၏။

'ခင်ဗျားက တော်တော် ပျော်တယ်နဲ့တူတယ်၊ အရက်တွေကို နင်းကန် သောက်နေပါလား'

ရုတ်တရက် ထွက်ပေါ်လာသည့် မန်ချူးစစ်ဗိုလ်၏စကားကြောင့် လျန်ထင်းစီးက သွားတွေ အားလုံးပေါ်အောင်ဖြဲလိုက်သည်။

'ဟုတ်ကဲ့၊ ကျုပ် အရမ်းပျော်တာပဲ၊ ခင်ဗျားတို့ရော မပျော်ဘူးလား၊ အရက်သောက်ကြပါလား'

မန်ချူး စစ်ဗိုလ်အား ခေါင်းညိတ်လိုက်သည်။



'မှန်တာပေါ့၊ ကျုပ်တို့လဲ့ မပျော်ဘဲ ဘယ်နေပါ့မလဲ၊ ဒါကြောင့်မို့ ကျုပ်လူတွေကို အရက်သောက်ခွင့် ပေးထားလိုက်တယ်'

လျန်ထင်းစီးက ခေါင်းညိတ်ပြီး မန်ချူးစစ်ဗိုလ်အား အရက်ငှဲ့ထည့်ပေးလိုက်သည်။

'ခင်ဗျား တရားခံတွေကို ခေါ်သွားပြီး သခင်ကြီးကို အပ်လိုက်ပါ၊ ကျုပ်က ရန်သူတွေကို လိုက်စုံစမ်းရဦးမယ်'

လျန်ထင်းစီးက ပြောလိုက်ရာ မန်ချူးဗိုလ်သည် သဘောကျသွားသည်။

'ခင်ဗျားကိုတော့ ကျုပ်တို့အရှင်ကြီးက ဆုငွေကောင်းကောင်း ပေးမယ်ဆိုတာ ကျုပ်ယုံကြည်တယ်'

လျန်ထင်းစီး မျက်နှာရှုံ့မဲ့လိုက်လေသည်။

'ဟုတ်ကဲ့၊ ဝမ်းသာစရာကြီးပဲပေါ့'

သူတို့သည် စကားတပြောပြောနှင့် အရက်သောက်လာကြရာ လှေပေါ်ပါရှိသူများအားလုံး အရက်မူးလာကြတော့သည်။

တချို့က သီချင်းဆို၍ပင် အော်ခုန်နေကြသည်။ လျန်ထင်းစီးသည် လှေကိုအမ်းစပ်သို့ ခေတ္တအပ်ရန် အောင်ဟစ်လိုက်လေသည်။

လှေက ကမ်းစပ်သို့ရောက်ရှိသည်နှင့် သူသည် လှေဝမ်းထဲသို့ ဝင်ရောက်သွားသည်။

မန်ချူးဗိုလ်က တရားခံများကို သတ်ပစ်မည်စိုး၍ လှမ်းအော်လိုက်သည်။

'တရားခံတွေကို ခင်ဗျား မသတ်နဲ့နော်၊ သခင်ကြီးက အရှင်ဖမ်းခိုင်းတာ'

လှေဝမ်းထဲတွင် လျှန်းထင်းစီး၏ အော်ဟစ် ကြိမ်းမောင်းသံ အချို့ကို ကြားနေရသည်။

ခေတ္တကြာမှ ပြန်ထွက်လာ၏။ လှေက ကမ်းစပ်နားသို့ ဆိုက်ကပ်ထားသည်။

လျှန်ထင်းစီးက မန်ချူးစစ်ဗိုလ်ကို လှမ်းကြည့်လိုက်သည်။

'ကျုပ် လူဆယ်ယောက်ခေါ်သွားမယ်'

မန်ချူးစစ်ဗိုလ်က ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီ'

လျှန်ထင်းစီးသည် ငယ်သားဆယ်ယောက်နှင့်အတူ ကမ်းပေါ်သို့ တက်ရောက်သွားသည်။

လှေကြီးပေါ်တွင် မန်ချူး စစ်ဗိုလ်နှင့် ငယ်သား ခုနစ်ယောက်ခန့်သာ ကျန်ခဲ့တော့သည်။



လှေကြီးသည် ကမ်းစပ်မှ ပြန်ခွာ၍ ဆက်လက်ထွက်ခွာလာသည်။ လှေဦးကို ဝမ်ချမ်းမြို့တော်ဆီသို့ ပြန်လှည့်လိုက်သည်။

* * *

မန်ချူး စစ်ဗိုလ်သည် တရားခံများ ဖမ်းဆီးလာသောကြောင့် အတော်ပင်ကျေနပ်နေသည်။

သူသည် လှေသမားသုံးဦးကိုပင် အရက်များ တိုက်ကျွေးလိုက်၏။ ထို့နောက် ဒယီးဒယိုင်ဖြင့် လှေဝမ်းဗိုက်ထဲသို့ ဝင်ရောက်သွားလေသည်။

ကျန်ချင်ဝါးတို့မှာ မန်ချူး စစ်ဗိုလ်ကို မော့ကြည့်နေမိသည်။

'ဟဲ....ဟဲ....ဓားပြတွေထဲမှာ ခေါင်းဆောင်က ခင်ဗျား မဟုတ်လား'

'ဟော့ကောင်.... ဓားပြဆိုတာ မင်း ဘယ်သူ့ကို ပြောတာလဲ'

ကျန်ချင်ဝါးက ပြန်အော်လိုက်၏။

မန်ချူးစစ်ဗိုလ်က....

'ခင်ဗျားကို ပြောထား၊ အခု ခင်ဗျား တပည့်တွေကော ဘယ်မှာလဲ၊ ဖွင့်မပြောရင်တော့ သေဖို့သာ ပြင်ပေတော့'

'ခေါးပြဟာ ငါမဟုတ်ဘူး၊ မင်းတို့နယ်ချဲ့တွေသာ ခေါးပြ ဆစစ်၊ တို့က ခေါးပြတွေကို မောင်းထုတ်နေတဲ့ မျိုးချစ်တွေကွ၊ မင်း သေသေချာချာမှတ်ထား'

မန်ချူး ဗိုလ်သည် ဒေါသဖြစ်လာ၍ ကျန်ချင်ဝါးကို တအားကန်ထည့်လိုက်သည်။

'ဝုန်း'

ကျန်ချင်ဝါး တုံးလုံးလဲသွားသည်။ ဒုတိယ အကြိမ် ကန်ထည့်လိုက်ပြန်သည်။

'ဖတ်'ခနဲ အသံမြည်သွား၏။

ကျန်ချင်ဝါး၏ လက်နှစ်ဖက်သည် ကြိုးများ ပြုတ်ထွက်သွားပြီး မန်ချူး ဗိုလ်၏ ခြေထောက်ကို မမိရရ ဆုပ်ကိုင်မိသွားသည်။

ထို့နောက် ခြေထောက်ကိုလိမ်လိုက်သောအခါ မန်းချူး ဗိုလ်တည် ဘိုင်းခနဲ လဲကျသွားတော့သည်။



ကျန်ချင်ဝါးသည် ပိုက်များကို ဖယ်ရှား၍ ခုန်ထွက်လိုက်သည်။ ပြီးသည်နှင့် မန်ချူး ဗိုလ်အား ခြေနှစ်ချောင်းဆွဲကာ နှစ်ပတ် သုံးပတ် လှည့်လိုက်ပြီး ချန်ကျန်းမြစ်ကြီး ထဲသို့ ပစ်ချလိုက်သည်။

'ဝုန်း'

ထိုအချိန်တွင် စစ်ဟန်မင်းနှင့် လင်းပို့တို့အား ကျန်ချင်ဝါးက ပိုက်များကို ဓားနှင့် ထိုးခွဲပြီး ကြိုးများဖြတ်ပေးလိုက်သည်။

မန်ချူး တပ်သားများသည် လှေဝမ်းထဲသို့ ပြေးဆင်းလာ၏။

'ဖုန်း'

ကျန်ချင်ဝါးက ဓက်ပိုဖြတ်ရိုက်၍ ဧန်လိုက်ရာ လဲကျသွားသည်။ စင်ဟန်မင်းက ဆွဲယူ၍ ရေထဲတွန်းချလိုက်၏။

'ဗွမ်း'

သူတို့ သုံးယောက်စလုံး လှေဝမ်းထဲမှထွက်ခဲ့သည်။

မန်ချူးတပ်သားများက ဓားဆွဲထုတ်၍ တိုက်ခိုက်သော်လည်း ကျန်ချင်ဝါးသည် တစ်ယောက်ပြီးတစ်ယောက် ရေထဲသို့ ကန်ချနိုင်ခဲ့သည်။

နောက်ဆုံး တစ်ယောက်မှာ သူ့ဟာသူ ခုန်ချထွက်ပြေးသွားသည်။ လှေသမား သုံးယောက်သည် ကျွန်ချင်ဝါးကို ကြောက်ရွံ့စွာနှင့် ငေးကြည့်နေမိလေသည်။

သို့သော်....

ကျွန်ချင်ဝါးက ပြုံးပြလိုက်ပြီး....

'မင်းတို့ လှေကို ချန်ပိုင် တောင်တန်းဘက် ပြန်လှည့်လိုက်ပါကွာ'

လျှန်ထင်းစီးသည် ရှဥ့်လည်းသွားစေ ပျားလည်း စွဲစေဆိုသည့် သဘောမျိုးဆောင်ရွက်ခဲ့သည်။

သူသည် တရုတ်သုံးယောက်ကို မန်ချူးစစ်ဗိုလ်အား အပ်နှံ၍ အရက်များစွာ တိုက်ခဲ့သည်။

အရက်မူးသမားများကို အလွယ်တကူတိုက်ခိုက်နိုင်အောင် ဖန်တီးခဲ့သည်။

ကျွန်ချင်ဝါး၏ ကိုယ်ပေါ်မှ ပိုက်များကို ဓားဖြင့် ထိုးခွဲပြီး ကြိုးကို ဖြတ်ခဲ့လေသည်။

ပြီးမှ အခြား တာဝန် ထမ်းဆောင်ရန်ဟု အကြောင်းပြကာ ထွက်ခွာခဲ့သည်။

ထိုအချက်ကို မန်ချူးစစ်ဗိုလ် လုံးဝသိရှာမည် မဟုတ်ပါပေ။

အခန်း (၁၂)

လမ်းဆုံလမ်းခွတွင် ကြော်ငြာစာရွက်များအပ်ထားသည်ကို တွေ့ရလေသည်။

ထိုကြော်ငြာစာရွက်ကိုဖတ်၍ လူအချို့သည် လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ အချို့သောသိုင်းသမားတို့သည် ထိုစာရွက်ကို ဖတ်ရှုပြီးသည်နှင့် ဝမ်းသာသွားကြ၏။

မကြာခင် သူတို့အိတ်ထဲသို့ ငွေအမြောက်အမြား ရောက်ရှိလာတော့မည်ဟု ထင်လိုက်ကြပေသည်။ အချို့ကမူ ထိုသို့မဟုတ်ပေ။ ထိုကြော်ငြာစာကိုမနှစ်သက်သဖြင့် ဆွဲဆုတ်ပစ်လိုက်လေသည်။

ကြော်ငြာစာများသည် အမြိုမြို အနယ်နယ်သို့ ပျံ့နှံ့နေသောကြောင့် ငွေကြေးလိုချင်သော သိုင်းသမားအချို့သည် သူတို့ချက်စိနှင့်နားကို ပြူးကျယ်စွာ ဖွင့်သားကြလေသည်။

ထိုကြော်ငြာစာကိုဖတ်ရှုလျှင် အောက်ပါအတိုင်း တွေ့ရှိရမည် ဖြစ်လေသည်။

> နဂါးခုနှစ်ဖော်နှင့် အပေါင်းပါတို့အား
> သတင်းပေးနိုင်၊ ဖမ်းဆီးပေးနိုင်ပါက ဆုငွေ
> တစ်သောင်း ချီးမြှင့်မည်။

ဟူ၍ ဖြစ်လေသည်။

တစ်သောင်းဟူးသော ငွေကြေးပမာဏသည် နည်းနည်းနောနောမဟုတ်သောကြောင့် လောဘသားတို့အတွက် အလွန်တပ်မက်စရာ ကောင်းနေပေတော့သည်။

ထိုအချိန်တွင် မြို့အတွင်းသို့ မြင်းနှစ်ကောင်အပြေးအလွှား ဝင်ရောက်လာသည်။

ထိုမြင်းနှစ်ကောင်ပေါ်မှ စီးနင်းလိုက်ပါလာသော လူနှစ်ယောက်သည် လမ်းဆုံသို့ရောက်ရှိသည်နှင့် ကြော်ငြာစာရွက်ကို ဖတ်ကြည့်လိုက်သည်။

ထို့နောက် မြင်းပေါ်မှလူနှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ အနည်းငယ် ပြုံးလိုက်လေသည်။



ပြီးသည်နှင့် သူ၏ခါးတွင်ချိတ်ဆွဲထားသော ဓားကိုဆွဲထုတ်ကာ ကြော်ငြာစာရွက်ကိုထိုး၍ ဆုတ်ဖြဲပစ်လိုက်လေသည်။

အချို့လူများက မြင်းနှစ်ကောင်ကို ငေး၍ ကြည့်နေမိကြသည်။ မြင်းနှစ်ကောင်သည် စာရွက်ဆုတ်ဖြဲပြီးသည်နှင့် ထိုနေရာမှ လျင်မြန်စွာထွက်ခွာသွားပြီး ထိုမြို့ပေါ်ရှိ နာမည်ကြီးစားသောက်ဆိုင် တစ်ဆိုင်ဆီသို့ ဝင်ရောက်သွားကြလေသည်။

သူတို့နှစ်ဦးသည် မိုးနဂါးနှင့် ငွေကြယ်မ စုဝေတို့ပင် ဖြစ်ပေသည်။

* * *

သူတို့နှစ်ယောက်သည် တည်းခိုခန်းသို့ ရောက်သည်နှင့် အကောင်းဆုံးအခန်းတစ်ခန်းကို ငှားရမ်းလိုက်လေသည်။

ထိုသို့ အခန်းငှားရမ်းသည်နှင့် ဆိုင်တာဝန်ခံက အမည်နာမများကို မေးမြန်းလေသည်။

'ဆရာကြီးတို့ရဲ့နာမည်လေး တစ်ဆိတ်လောက်'

'မိုးနဂါ....'

ဆိုင်တာဝန်ခံသည် မိုးနဂါးဟူ၍ စာရွက်ထဲ၌ ရေးပြီးမှ ခန္ဓာကိုယ်တစ်ခုလုံး တောင့်တင်းသွားအောင် အလန့်တကြား မော့ကြည့်မိလိုက်လေသည်။

ပြီးမှ ဆိုင်တာဝန်ခံသည် သွားများကိုအားလုံးပေါ်အောင် ဖြဲ၍....

'ဟဲ...ဟဲ....ဆရာကြီးခင်ဗျား၊ ကျွန်တော်တို့မှာ ငှားဖို့ အခန်းမရှိပါဘူး'

မိုးနဂါးသည် ဆိုင်တာဝန်ခံကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်လေသည်။

'ငှားဖို့အခန်းမရှိဘူးဆိုတော့ အလကားနေဖို့ အခန်းတော့ ရှိမှာပေါ့'

ဆိုင်တာဝန်ခံမှာ ရုတ်တရက်ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားလေသည်။

'အလကားနေဖို့လဲ မရှိဘူးခင်ဗျ'

မိုးနဂါးက မျက်မှောင်ကြုတ်လိုက်သည်။

'ရှင်းရှင်းပြောစမ်းပါ၊ ကျုပ်တို့က ဘာဖြစ်နေလို့ အခန်းမငှားချင်ရတာလဲ'



'ဒီလိုပါ ဆရာကြီးရယ်၊ ဆရာကြီး ဒီကို ရောက်ရင် ကျွန်တော်က မလွဲမသွေ သူတို့ကို အကြောင်းကြားရပါလိမ့်မယ်'

'ဘယ်သူ့ကိုလဲ'

'ချာဝမ်း၊ သူက သေသေချာချာ မှာထားပါတယ်'

'ချာဝမ်းဆိုတာ ဘယ်သူလဲ'

'ဒီနယ်မှာတော့ သူဟာ လူကြီးတစ်ယောက်ပါပဲ'

မိုးနဂါးက ရယ်၍....

'ဒါဆိုလဲ ခင်ဗျား သွားပြောလိုက်ရုံရှိတာပေါ့၊ ကျုပ်တို့ အတော့အကောင်းဆုံးတစ်ခန်းမှာ ရှိနေမှာပဲ'

မိုးနဂါးသည် စုဝေအား တစ်ချက်ကြည့်ကာ ရှေ့မှလှမ်းထွက်သွားသည်၊ စုဝေသည် မိုးနဂါးနောက်မှ ပါသွား၏။

* * *

အထက်ဘန်းကျလှသည့် တည်းခိုဆောင်မို့ အခန်းတာ သပ်ရပ်ပြီး ကျယ်ဝန်းလှလေသည်။

အခန်းထဲသို့ ရောက်သည်နှင့် စုဝေသည် ကုလားထိုင်ပေါ်တွင် မကျေမနပ်ဖြင့် ဆောင့်အောင့်ပြီး ထိုင်ချလိုက်သည်။

'ရှင်က ရန်သူမသိ သိအောင် ကြေငြာနေတာလား'

မိုးနဂါးသည် သူ၏ခါးတွင် ချိတ်ဆွဲထားသောဓားကို ဖြုတ်ယူကာ စားပွဲပေါ်သို့ တင်ထားလိုက်သည်။

'ဒါ မဆန်းပါဘူးကွာ၊ ရန်သူဆိုတာ ကိုယ်က ခပ်မြန်မြန် သိထားရဖို့ အရေးကြီးတယ်၊ ဘုမသိ ဘမသိနဲ့ တိုက်ခိုက်ရတာမျိုး ကျုပ် မကြိုက်ဘူး'

မိုးနဂါးသည် စိတ်တိုနေခြင်းဖြစ်သည်။

သူ စိတ်တိုနေသည်ကို စုဝေက သိထားသည်။ သူသည် စုဝေအား တစ်လမ်းလုံး နားပူနားဆာ လုပ်လာသည်ကို စုဝေက လက်မခံ၍ ဖြစ်သည်။

ယခင်က ကဲ့သို့ပင် စုဝေက သူ့အပေါ် ပြန်ချစ်စေချင်သည်။ သို့သော် စုဝေသည် ထိုကိစ္စကို မေ့ထားလိုက်ပါဟု ပြောထားသဖြင့် မိုးနဂါးမှာ စိတ်တိုနေခြင်း ဖြစ်လေသည်။

'ဆိုင်တာဝန်ခံက ချာဝမ်းကို သွားပြောရင် ဘယ့်နှယ် လုပ်မလဲ'

မိုးနဂါးက ပခုံးတွန့်လိုက်သည်။



'ချာဝမ်းမကလို့ ချာဝမ်းရဲ့အဖေကိုပဲ သွားပြော သွားပြော ဂရုစိုက်နေစရာမလိုဘူး၊ သူတိုက်ရင် ကိုယ်တိုက်မယ် ဒါပဲ'

'ရှင်က တိုက်ခိုက်ဖို့ပဲ ပြောနေတာပဲ၊ လူ့လောကမှာ မနေချင်တော့ဘူးနဲ့တူတယ်'

မိုးနဂါးက ရယ်လိုက်သည်။

'လူဆိုတာ မွေးဖွားပြီးတာနဲ့ သေဆုံးရမယ့် ရက်ပါ တစ်ခါတည်း တွဲပြီးပါလာတယ်ဆိုတာ မင်းက မေ့နေတာကိုး'

သူမက မိုးနဂါးစကားကို သဘောကျဟန်ဖြင့် ပြုံးလိုက်သည်။

'လူတိုင်းဟာ ခပ်မြန်မြန် မသေချင်ကြဘူးရှင့်'

'မှန်တာပေါ့၊ ဒါပေမယ့် လူချင်းတူကြတာမှ မဟုတ်တဲ့'

'ရှင်က သေချင်နေလို့လား'

'သေချင်တိုင်းလဲ သေလို့မရဘူးလေ၊ နေချင်တိုင်းလဲ နေလို့ မရဘူး၊ အဲဒီ နိယာမတရားတွေ မင်း ခုထိနားမလည်သေးဘူးလား'

မိုးနဂါးသည် ထိုသို့ပြောပြီး စားသောက်စရာနှင့် အရက်များကို မှာကြားလိုက်သည်။

မကြာမီ သူမှာကြားသည့် စားသောက်စရာများ ရောက်ရှိလာသည်။ မိုးနဂါးသည် အရက်ခွက်ကို ဦးစွာယူ၍ မော့ချလိုက်ပြီး စုဝေကို လှမ်းကြည့်လိုက်သည်၊

'ဟေ့...တို့စားစရာရှိတာကို မြန်မြန်ဆန်ဆန် စားသောက်ထားရင် ကောင်းမယ်၊ တော်ကြာ စားချိန်သောက်ချိန် မရှိဘဲ ဖြစ်နေဦးမယ်'

'ဆိုင်တာဝန်ခံက ချာဝမ်းဆိုတဲ့လူကို သွားပြီးအကြောင်းကြားလိမ့်မယ်လို့ ရှင်ထင်သလား'

သူသည် စုဝေကို မျက်လုံးပြူး၍ ကြည့်လိုက်လေသည်။

'အဲဒါ သူလုပ်ရမယ့်အလုပ်တွေ၊ ငါက ဦးနှောက်ခြောက်ခံပြီး စဉ်းစားနေမယ် ထင်သလား'

'ဆိုင်တာဝန်ခံက သူ့ကိုရန်မူမှာစိုးလို့ သွားပြောလိမ့်မယ်လို့ ကျွန်မမထင်ဘူး'

မိုးနဂါးက ဘာမျှမပြောဘဲ အရက်ကို နောက်တစ်ခွက်ငှဲ့၍ သောက်ချလိုက်သည်။



ထိုအချိန်တွင် တံခါးနှစ်ချပ်က ဝုန်းခနဲ ပွင့်သွားလေတော့သည်။

* * *

ရုတ်တရက်မို့ စုဝေသည် တံခါးပေါက်ကို မျက်နှာမူကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

တံခါးဝတွင် လူဝကြီးတစ်ယောက်နှင့် သူ၏ ဘေးတစ်ဖက်တစ်ချက်တွင် သိုင်းသမားနှစ်ယောက်စီ ပါလာသည်။

စုစုပေါင်း ငါးယောက်ဖြစ်၏။

စုဝေက အသင့်အနေအထားဖြင့် ရပ်တန့်လိုက်သော်လည်း မိုးနဂါးသည် မည်သူ့ကိုမျှ ဂရုမစိုက်သည့်ပုံစံဖြင့် ကုလားထိုင်ပေါ်မှနေပြီး ခြေထောက်နှစ်ချောင်းကို စားပွဲပေါ် လှမ်းတင်ထားလိုက်၏။

လူသားတို့၏ 'စိတ်' သည် အလွန်ပင် အသိရခက်လှသည်။ ကြောက်တတ်သူကို ဖြဲ၍ချောက်၏၊ ကြောက်စိတ်မရှိသောသူကို ရင်ဆိုင်ရမှာ ဝန်လေးတတ်ကြသည့် သဘောတရားကို မိုးနဂါးက သိထား၍လားတော့ မပြောတတ်။

သူ့ရှေ့တွင် ရန်သူတစ်ဒါဇင် ရှိနေသည့်တိုင်အောင် လုံးဝဂရုမထားသည့် ပုံစံဖြင့် အရက်သောက်နေသည်။

လူကြီးမှာ ချာဝမ်းဆိုသူ ဖြစ်သည်။ သူသည် တံခါးကို ကန်ကျောက်၍ ဖွင့်လိုက်ပြီး အတွင်းမှရန်သူကို တွေ့သည်နှင့် တိုက်ခိုက်မည်ဟု စိတ်ကူးခဲ့သည်။

သူထင်ထားသည်မှာ နဂါးခုနစ်ဖော်ထဲမှ မိုးနဂါးဆိုသူသည် လူဆိုးသူခိုးပုံစံမျိုး ဖြစ်နေလိမ့်မည်ဟု ထင်ထားသည်။

အမှန်တကယ် တွေ့လိုက်ရသောအခါ မင်းညီ မင်းသားတစ်ဦးကဲ့သို့ တောက်ပြောင်သော အဝတ်အစားများဖြင့် ခန့်ငြားစွာထိုင်ပြီး အရက်သောက်နေသည့်အပြင် သူတို့ကိုလည်း လုံးဝ ဂရုမစိုက်သည့် ပုံစံကို တွေ့ရသောအခါ ရှုထ်အရက်ကြောင်သွားလေသည်။

လူဝကြီး ချာဝမ်းသည် တံခါးဝမှနေ၍ အတွင်းသို့ လှမ်းဝင်လာသည်။

ကို့နောက် ကုလားထိုင်တွင် မထိုင်ဘဲ မိုးနဂါးရှေ့တွင် မတ်တတ်ရပ်လျက်နှင့် မိုးနဂါးကို စူးစိုက်၍ ကြည့်လိုက်လေသည်။

'မိုးနဂါးဆိုတာ မင်းလား'

'မင်းကို ဆိုင်တာဝန်ခံက မပြောဘူးလား'



ဆိုင်တာဝန်ခံသည် ပထမတွင် ချာဝမ်းအနား၌ ရပ်တန့်နေသော်လည်း ယခု မရှိတော့ပေ။ ချာခန် လှည့်ထွက်သွားလေသည်။

'မင်းက ငါလို လူကြီးလူကောင်း တစ်ယောက်ကို ရှိရှိသေသေ ဧည့်ခံရမယ်ဆိုတာ နားမလည်ဘူးလား'

ချာဝမ်းက ဟိန်းဟောက် လိုက်သည်။ မိုးနဂါးက ပြုံးလည်းမပြုံး၊ ရယ်လည်းမရယ်ပါ။

'ကျုပ် သိသလောက်တော့ လူကြီး လူကောင်း တွေဟာ ယဉ်ကျေးတယ်၊ တံခါးကို ကန်မဖွင့်ဘူး၊ စကားပြောရင် သိမ်မွေ့တယ်'

ချာဝမ်းမျက်နှာ နီမြန်းသွားသည်။

'မင်းစကားတွေကို ငါနားထောင်ဖို့ လာတာမဟုတ်ဘူး၊ မင်းကိုတွေ့ရင် သတင်းပေးရမယ်၊ ဖမ်းဆီးရမယ်ဆိုတဲ့ ညွှန်ကြားချက် ငါ့မှာရှိတယ်၊ အဲဒီတော့ အေးအေးဆေးဆေး အဖမ်းခံမလား၊ အသေခံမလား'

မိုးနဂါးသည် အရက်လက်ကျန်ကို အပြီးသတ် မော့သောက်လိုက်ပြီး တံတွေးကို ပစ်ခနဲ ထွေးလိုက်သည်။

'နေပါဦး၊ မင်းကို ဘယ်သူက ဖမ်းခိုင်းတာလဲ'

မိုးနဂါးသည် ချာဝမ်းကို မြင်ကတည်းက အကဲခတ်မိလိုက်သည်။ သူသည် သိုင်းပညာကို ကောင်းစွာ တတ်ကျွမ်း

ခြင်းမရှိဘဲ မန်ချူးများက မြောက်ပင့်ထားသဖြင့် သွေးကြွပြီး ရှူးတိုက်လျှင် ကိုက်သည့် ခွေးတစ်ကောင်၏ပုံစံမျိုး ဖြစ်နေသည်။

'မန်ချူးအာဏာပိုင်တွေ အမိန့်ထုတ်ထားတာ မင်းမသိဘူးလား'

မိုးနဂါးက မဲ့ပြုံးပြုံးလိုက်လေသည်။

'ချာဝမ်း....မင်း နဂါးခုနစ်ဖော်အကြောင်း ဘာသိထားသလဲ၊ မင်းသိထားတာတွေ ပြောပြစမ်း'

ချာဝမ်းသည် ဟုတ်တိပတ်တိ တိုက်စစ် ဆင်လာသော်လည်း မိုးနဂါးက ဟိတ်နှင့်ဟန်နှင့် ပြောဆိုနေသောအခါ သူသည် အလိုလို အားငယ်စိတ် ဝင်လာပုံရသည်။ သို့သော် သူ့ကိုကြည့်ရသည်မှာ အလျှော့ပေးချင်ပုံ မရပေ။

'မင်းတို့က ဓားပြတွေမို့ အမိန့်ထုတ်ထားတာပေါ့'

'မင်း အဲဒီစကားကို နောက်တစ်ခွန်း ထပ်ပြောရင် ငါသည်းမခံတော့ဘူး၊ နဂါးခုနစ်ဖော် ဘယ်မှာ ဓားပြတိုက်ခဲ့တယ်၊ ဘယ်နေရာမှာ မတရားလုပ်ခဲ့တယ်ဆိုတာ မင်း အတိအကျ ပြောစမ်း'

ချာဝမ်းသည် တွေတွေကြီး ရပ်ကြည့်နေမိသည်။ သူ့ အာစတစ်ခုမှ တိတိပပ ပြန်မပြောနိုင်ပေ။



မိုးနဂါး၏ စိတ်ထဲတွင် ချာဝမ်းအား အနည်းငယ် ပညာပြမှ ဖြစ်တော့မည်ဟု စိတ်ကူးမိသည်။

မိုးနဂါးသည် ဓားမြှောင်သုံးလက်ကို သူ၏ခါးကြားထဲမှ ဆွဲထုတ်၍ ထရံကိုပစ်ပေါက်လိုက်သည်။

ဓားသုံးလက်က သစ်သားနံရံတွင် ညီညာစွာဖြင့် အတန်းလိုက် စိုက်ဝင်သွားလေသည်။

ထိုစဉ် စုဝေက သူမ၏လက်ကို ဝေ့ယမ်းလိုက်သောအခါ ဝှီး....ဝှစ် ဟူသော အသံများ ထွက်ပေါ်၍ ဓားသုံးလက်၏ စိုက်ဝင်နေသော ဓားသွားနားတွင် ကြယ်ပွင့်သုံးပွင့်က ညီညာစွာ စိုက်ဝင်သွားသည်။

ချာဝမ်း၏ ခန္ဓာကိုယ်သည် ဆတ်ခနဲ တွန့်သွားသည်ကို တွေ့လိုက်ရသည်။ မြန်ဆန်လွန်းတိကျလွန်းသော တိုက်ကွက်ကို ကြည့်၍ ချာဝမ်း ရင်ထိတ်သွားလေသည်။

သူသည် လူတွင်ကျယ်လုပ်၍ လာခဲ့မိခြင်းမှာ မှားပြီဟု သိလိုက်လေသည်။

'ချာဝမ်း....မင်း ဘာလူမျိုးလဲ'

'တရုတ်အမျိုးသားပါ'

'မင်းကို ဘယ်သူက ခိုင်းတာလဲ'

'ဟို....မန်....ချူး'

မိုးနဂါးက ပြုံးလိုက်သည်။

'မင်းက မနှ်ချူးအိမ်မှာ စောင့်နေတဲ့ ခွေးပေါ့'

ချာဝမ်းသည် မည်သည့်စကားမျှ ပြန်မပြောတော့ဘဲ သူ့လူများကို ခေါ်၍ အခန်းထဲမှ ချာခနဲ ပြေးထွက်သွားလေသည်။

မကြာမီ အခန်းထဲသို့ ဆိုင်တာဝန်ခံ မျက်နှာငယ်နှင့် ဝင်လာသည်။

'ဆရာကြီးတို့ ဘာများ အလိုရှိပါသေးသလဲ'

မိုးနဂါးက ဆိုင်တာဝန်ခံကို နီရဲသော မျက်နှာဖြင့် ခပ်တည်တည်စူးစိုက်ကြည့်လိုက်သည်။

'ငါ့အခန်းတံခါးကို ပိတ်ထားပါ၊ နောက်ထပ် ဘယ်သူမှ မနှောင့်ယှက်နိုင်အောင် စောင့်နေပါ'

ဆိုင်တာဝန်ခံသည် ခေါင်းကို ခပ်သွက်သွက် ညိတ်လိုက်သည်။

'စိတ်ချပါ ဆရာကြီး'

* * *

မိုးနဂါးသည် ရရှိသည့်အချိန်ကလေးကို အလဟဿ မဖြစ်စေဘဲ နှစ်ခြိုက်စွာ အိပ်စက်လိုက်လေသည်။



သူနှစ်ခြိုက်စွာ အိပ်မောကျနေသည်ကိုကြည့်၍ စုဝေ သက်ပြင်းချလိုက်မိသည်။ ယောကျ်ားသားများသည် တစ်ခါတစ်ရံ ကလေးတစ်ယောက်နှင့် အလွန်တူသည်ကို သတိပြုမိ၏။

နှစ်ခြိုက်စွာ အိပ်ပျော်နေသည့် အခါများတွင် ကလေးငယ်တစ်ယောက်နှင့်တူသကဲ့သို့ သူတို့လိုချင်တာကို တောင်းဆို၍ မရသောအခါများတွင်လည်း ကလေးတစ်ယောက်နှင့် အလွန်တူလေသည်။

မိုးနဂါးသည် ကလေးတစ်ယောက် မဟုတ်တော့ပါ။ သူတို့နှစ်ဦးသည် လူလတ်ပိုင်းအရွယ်သို့ ရောက်ရှိနေကြပြီ ဖြစ်သည်။

ထို့ကြောင့်လည်း စုဝေသည် အိမ်ထောင်ရေးကို လွယ်လွယ် သဘောမထားတော့ဘဲ စဉ်းစားနေခြင်း ဖြစ်သည်။

အမှန်အတိုင်း ဝန်ခံရမည်ဆိုပါလျှင် သူမသည် မိုးနဂါးကို ယနေ့အချိန်အထိ ကြီးမားသော သံယောဇဉ်နှင့် ချစ်နေမိသည်။

သို့သော် အချစ်ကို ရှေ့တန်းတင်၍ မရပေ။

အဘယ့်ကြောင့် ဆိုသော် မိုးနဂါး၏ဘဝသည် ရေရာမှု မရှိသေးပေ။ သူသည် တိုင်းပြည်အတွက် လူမျိုးအတွက် အလုပ်တာဝန်ကို ဦးစားပေးလွန်းသူ ဖြစ်သည်။

မိုးမပြို ပြိုခဲ့သော် ဆိုသည့် စကားကဲ့သို့ ချစ်ကြ ကြင်နာကြရသည်က ခဏလေးနှင့် ပူဆွေးရမည်က တစ်သက်လုံးဆို

သည့် အဖြစ်မျိုးနှင့် ကြုံရမှာကို စုဝေတွေးပြီး ကြောက်ရွံ့နေသောကြောင့် မိုးနဂါး၏အချစ်ကို လက်မခံခြင်းသာ ဖြစ်သည်။

အခန်းထဲတွင် မိုးနဂါးမှလွဲ၍ အခြားသူ မရှိပါ။ စုဝေသည် မိုးနဂါးကို လက်ထပ်ခွင့် မပေးသည်မှလွဲ၍ မိတ်ဆွေရင်းချာ တစ်ယောက်ထက်ပို၍ အကူအညီပေးခဲ့သည်။

ယခုသူက လာရောက်ခေါ်သည့်အခါတွင်လည်း ဗန္ဓုလယ်များကြားမှ သူမသည် မိုးနဂါးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးနေသည်။

'ရှင့်ကို ချစ်ပါတယ် မိုးနဂါးရယ်၊ ဒါပေမယ့် တစ်သက်လုံး ပူဆွေးရမယ့် ဒုက္ခမျိုးကို ကျွန်မ ရင်မဆိုင်စံ့လို့ပါ'

သူမစိတ်ထဲမှ ရေရွတ်မိလိုက်သည်။

*

သူတို့နှစ်ဦးသည် တည်းခိုဆောင်၌ တစ်နေ့တာ တည်းခိုပြီးနောက်တစ်နေ့၌ ခရီးထွက်ခဲ့သည်။



သူတို့ တည်းခိုဆောင်မှ ထွက်လာပြီးသည်နှင့် ချာဝမ်းနှင့်တွေ့ဆုံရလေသည်။ မိုးနဂါးက မြင်းကို ရပ်တန့်၍ ချာဝမ်းပြောသည့်စကားကို နားစွင့်လိုက်သည်။

'ကျုပ် တစ်နေ့လုံး ပြန်စဉ်းစားပါတယ်၊ ခင်ဗျားပြောတဲ့စကားတွေဟာ မှန်ပါတယ်ဗျာ၊ သူတို့ကတော့ ကျုပ်ကို တော်တော် စိတ်ဆိုးကြလိမ့်မယ်'

'သူတို့ဆိုတာက မန်ချူးအရာရှိတွေကို ပြောတာလား'

'မှန်ပါပေါ့၊ ဒါပေမယ့် ကျုပ်အဖို့နဲ့ ငြင်းကွယ်လို့ရပါတယ်၊ ဆရာတို့ကို စိုးရိမ်မိတာက မကြာခင် ရန်သူနဲ့တွေ့မှာ အမှန်ပဲ'

မိုးနဂါးမျက်မှောင်ကြုတ်လိုက်သည်။

'ရန်သူဟုတ်လား၊ ဘယ်သူတွေလဲ'

'ကျုပ် တိတိကျကျ သတင်းရထားတာကတော့ မန်ချူးတပ်သားတွေပဲ၊ သူတို့တတော့ ဒီအနီးအနားမှာရှိနေကြတယ်'

မိုးနဂါးသည် စုဝေကို တစ်ချက်ပြန်ကြည့်လိုက်သည်။ ပြီးမှ ချာဝမ်းကို ခေါင်းညိတ်ပြလိုက်သည်။

'ခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်၊ ကဲ... ကျုပ်တို့သွားပြီဗျို'

မိုးနဂါးတို့ နှစ်ယောက်သည် ချာဝမ်းကို နှုတ်ဆက်ပြီး ထိုမြို့ကလေးမှ ထွက်ခဲ့ကြလေသည်။

## အခန်း ( ၁၃ )

အနောက်ဘက်ဆီမှ တိုက်ခတ်လာသောလေသည် အတော်ကလေးပြင်းထန်နေ၏။ သစ်ပင် သစ်ကိုင်းများ ယိမ်းထိုးလှုပ်ရှားကုန်သည်။

မိုးနဂါးသည် ဤတောတန်းကို ဖြတ်သန်းခဲ့ရသည်မှာ စိတ်ထဲ၌ ထူးခြားမှုတစ်ခု ခံစားလိုက်ရသည်ဟု ထင်သည်။

မည်ကဲ့သို့ ခံစားရသည်ကို မယ်မယ်ရရ မပြောတတ်သော်လည်း တောတန်းအပေါ် သံသယဝင်မိလေသည်။

လေတိုးမှုကြောင့် သစ်ရွက်တို့၏ တဝေါဝေါ မြည်သံကို ကြားနေရလေသည်။ သူသည် စုဝေကို တစ်ချက်ပြန်ကြည့်လိုက်သည်။

စုဝေကလည်း မိုးနဂါးကို ပြန်ကြည့်သည်။ သူတို့နှစ်ဦး၏ မျက်လုံးများသည် အဓိပ္ပာယ်တစ်ခုကို ဖော်ပြနေသလိုရှိသည်။



'ရန်သူများ ရှိလေမလား၊ သတိထားပါ'

ဟူသော အဓိပ္ပာယ်မျိုးပင်ဖြစ်သည်။

မြို့စာအထွက်တွင် ချာဝမ်း၏ စကားကို သူတို့နှစ်ယောက်စလုံး သတိရသွားလေသည်။ သူတို့အား စောင့်ကြည့်နေသော ရန်သူများရှိသည်ဟု သတိပေးလိုက်သည် မဟုတ်ပါလော။

သူတို့သည် မြင်းကို မှန်မှန်ကလေးမောင်းနှင်လေသည်။

မိုးနဂါးသည် စုဝေကို တစ်စုံတစ်ရာပြောမည်ဟု နောက်လှည့်ကြည့်လိုက်သည့် အချိန်ကလေးပင် ဖြစ်သည်။

စုဝေသည် ရုတ်တရက်သစ်ပင်ပေါ် သို့မြောက်တက်သွား၏။ ထို့အတူ မိုးနဂါးသည်လည်း မည်သို့မှ တုံ့ပြန်ချိန်မရလိုက်ဘဲ သစ်ပင်ပေါ် သို့ လွင့်ပါသွားသည်။

မြန်ဆန်လှသော ကြိုးကွင်းနှစ်ခုက သူတို့၏ လည်ပင်းကို စွပ်ဝင်သွားခြင်းကြောင့် ဖြစ်လေသည်။

* * *

ကြိုးကွင်းပစ်သူသည် အလွန်ပင် မြန်ဆန် တိကျလွန်းလှသည်။ လည်ပင်းကိုစွပ်မိသည်နှင့်တစ်ပြိုင်နက် နှစ်ယောက်စလုံး

သည် မြင်းပေါ်မှ မြောက်တက်သွားပြီး ခြေလွတ်လက်လွတ် ဖြစ်သွားတော့သည်။

မြင်းနှစ်ကောင်က ကြောက်အားလန့်အားဖြင့် ရှေ့သို့ဆက်၍ ပြေးလွှားလေသည်။ စုဝေသည် ကြီးမားသော သတိဖြင့် လက်တစ်ဖက်မှ ကြိုးစကို လှမ်းပြီး ခိုထားလိုက်သောကြောင့် လည်ပင်းတွင် တင်းကြပ်စွာမခံစားရတော့ပေ။

သူမသည် ကျန်လက်တစ်ဖက်ဖြင့် သူမ၏ ငွေကြယ်ပွင့်ကို ထုတ်ယူကာ မိုးနဂါး၏ကြိုးကို ဖြတ်တောက်စေရန် ပစ်လွှင့်လိုက်လေသည်။

'ဝှစ်'

'ဒေါက်'

ငွေကြယ်ပွင့်က ကြိုးစကို ထိခါနီး ဆဲဆဲမှာပင် လူတစ်ယောက်သည် လေထဲတွင် ပျံဝဲလာပြီး သူ၏ဓားဖြင့် ပက်ထုတ်လိုက်သောကြောင့် ငွေကြယ်ပွင့်မှာ ဒေါက်ခနဲ အသံနှင့်အတူ လွင့်စဉ်သွားတော့သည်။

ထိုစဉ်မှာပင် မိုးနဂါးနှင့် စုဝေတို့၏ အပေါ်သို့ ကြီးမားသော ပိုက်ကြီးများ ကျရောက်လာပြန်သည်။

သူတို့နှစ်ဦးသည် လည်ပင်းတွင် ရစ်ပတ်နေသော ကြိုးကွင်းတင်းမသွားစေရန် လက်တစ်ဖက်မှ ခိုထားရသဖြင့် အခြားတိုက်ကွက်များကို ကာကွယ်ရန် အခက်တွေ့နေသည်။



မကြာမီ မိုးနဂါးနှင့် စုဝေသည် ရန်သူများ၏ ဖမ်းဆီးတုပ်နှောင်ထားခြင်း ခံထားလိုက်ရတော့သည်။

* * *

ရန်သူမှာ စုစုပေါင်း ဆယ်ယောက်ဖြစ်၏။

ခေါင်းဆောင်မှာ လျှန်ထင်းစီးပင်ဖြစ်လေသည်။ သူသည် အောင်မြင်သော ရယ်မောသံနှင့်အတူ မိုးနဂါးအနီးသို့ ရောက်ရှိလာသည်။

'ဟား....ဟား....ဟား နဂါးခုနစ်ဖော်ထဲက နံပါတ်နှစ်ဖြစ်တဲ့ မိုးနဂါးဆိုတာ အင်မတန်ကျော်ကြားတာပဲ၊ ဒါပေမယ့် ဝက်တစ်ကောင်ဖမ်းရတာလောက် မခဲယဉ်းတာကတော့ အံ့သြစရာပဲ'

မိုးနဂါးသည် ခြေရောလက်ပါ ကြိုးနှင့်တုပ်ထားခြင်းခံထားရသဖြင့် အံကိုကြိတ်ထားသည်။

လျှန်ထင်းစီးကိုမကြည့်ဘဲ စုဝေရှိရာဘက်သို့လှမ်းကြည့်ရင်း မျက်နှာလွှဲသွားလိုက်လေသည်။ စုဝေလည်း မလှုပ်သာ မရှားသာသောအခါ ဖြစ်နေ၏။

လျှန်ထင်းစီးသည် မိုးနဂါးကို ငုံ့ကြည့်ကာ....

'ဟေ့....ဘယ်မှာလဲ လနဂါးနဲ့မျောက်ဖြူ၊ အဲဒီဓားပြနှစ်ယောက်ကို ငါတွေ့ချင်တယ်'

မိုးနဂါး၏မျက်နှာသည် နည်းနည်းမျှတုန်လှုပ်မှုမရှိပါပေ။ သူသည် လျှန်ထင်းစီးကို တစ်ချက်မော့ကြည့်ကာ ထွီခနဲ တံတွေးတစ်ချက် ထွေးလိုက်သည်။

လျှန်ထင်းစီးဒေါသထွက်သွား၏။ မိုးနဂါးအား ပြင်းထန်စွာ ကန်ထည့်လိုက်လေသည်။

'ဘုန်း'

မိုးနဂါးမှာ လိမ့်သွားလေသည်။

'ဟေ့....လူယုတ်မာ အဲဒါဘာလုပ်တာလဲ'

စုဝေသာ သည်းမခံနိုင်သဖြင့် လှမ်း၍အော်ဟစ်လိုက်သည်။ လျှန်ထင်းစီး၏ အကြည့်သည် စုဝေထံရောက်ရှိသွားပြန်၏။

သူသည် စုဝေအနားသို့လျှောက်သွားသည်။ သူမ၏မျက်နှာကို သေသေချာချာငုံ့ကြည့်၍ ခေါင်းကိုယမ်းလိုက်သည်။

'မင်းဟာ အသက်ငယ်ငယ်ပဲရှိသေးတယ်၊ ရုပ်ရည်ကလဲ မဆိုးဘူး၊ လူ့လောကမှာ ပျော်ပျော်ရွှင်ရွှင်နေဖို့ အချိန်တွေ အများကြီးရှိရက်နဲ့ ဓားပြမထားဖြစ်နေတာ အင်မတန် သနားစရာကောင်းတာပဲ'



လျှန်ထင်းစီးစိတ်ထဲ၌ မိုးနဂါးနှင့်စုဝေတို့ကို ဇနီးမောင်နှံဟု ထင်မှတ်ကာ ယင်းသို့ပြောလိုက်ခြင်းဖြစ်၏။

စုဝေမှာ မျက်နှာနီမြန်းသွားသည်။ သို့သော် ထိုကိစ္စကို သူမက ပြန်လည်ချေပခြင်း မပြုချေ။

'ဒီမှာ လူယုတ်မာ၊ စကားအပိုတွေ ပြောမနေနဲ့၊ ရှင်က ခွေးတစ်ကောင်လောက်မှ သတ္တိရှိတာမဟုတ်ဘူး၊ ဒီလို ထောင်ချောက်ဆင်ပြီး အနိုင်ကျင့်တဲ့အလုပ်က ခွေးတောင်မလုပ်ဘူး၊ ရှင်သတ္တိရှိရင် တစ်ယောက်ချင်း ပြိုင်မယ်'

စုဝေ၏စကားကြောင့် လျှန်ထင်းစီး ထောင်းခနဲ ဒေါသထွက်သွား၏။ စုဝေအား ချည်ထားသည့်ကြိုးကို ဓားဖြင့် ဖြတ်တောက်လိုက်သည်။

'နင်က မိုက်ရိုင်းတဲ့ ဓားပြမိန်းမပဲ၊ ငါ့အကြောင်း သိရမှာပေါ့'

စုဝေသည် ကြိုးပြေသွားသည်နှင့် မတ်တတ်ရပ်ကာ တိုက်ခိုက်ရန် အသင့်ပြင်လိုက်သည်။

လျှန်ထင်းစီးကလည်း အပေါ်ယံဝတ်ရုံကို ချွတ်လိုက်ပြီး ညာလက်ကို သူ၏မျက်နှာနှင့် တစ်တန်းတည်းထားပြီး တိုက်ခိုက်ရန် ဟန်ပြင်သည်။

မိုးနဂါးသည် တုတ်တုတ်မျှ လှုပ်၍မရအောင် ကြိုးတုပ်ခံထားရသောကြောင့် လှမ်း၍ကြည့်နေမိသည်အလွဲ၍ ဘာမျှမတတ်နိုင်ပါ။

'ယာ့း'

'အိ....'

စုံခဝ၏ ရှည်လျားကျယ်ခလောင်စွာ အောင်ဟစ်သံနှင့်အတူ လျှန်ထင်းစီး၏ မျက်နှာဆီသို့ ချိန်ရွယ်ကာ ခြေဖြင့်ပြေးကန်သည်။

'ဖုတ်....'

လျှန်ထင်းစီးက အသာအယာပင် ပုဘ်ထုတ်လိုက်သည်။ သို့ဖြစ်ရာ စုဝေ၏ကန်ချက်မှာ လုံးဝအရာမထင်ပေ။ စုဝေသည် လျှန်ထင်းစီး၏ မျက်နှာကို တစ်ချက် ပြန်ကြည့်မိသည်။ ထို့နောက် ဒုတိယတိုက်ကွက်ကို အသုံးပြုပြန်သည်။

ထိုတိုက်ကွက်မှာ သိုင်းလောကဥ် နာမည်ကျော်ကြားခဲ့သည့် 'လျှပ်စစ်သက်သည်း' သိုင်းကွက်ဖြစ်သည်။

စုခဝသည် လူချင်းပူးကပ်၍ မျက်နှာကို ဆတ်ချရခြင်းဖြစ်ရာ အန္တရာယ်တော့ အလွန်များ၏။

လူချင်းပူ ကပ်သည့် အချိန်တွင် တစ်ဖက်လူက လျှင်မြန်ဖျတ်လတ်မှုရှိနေပါက မိမိပြန်ခံရမည်ဖြစ်ပြီး တစ်ဖက်လူ၏ တိုက်ခိုက်မှုသာ မထိရောက်ခဲ့ပါလျှင် ထိုလူ၏မျက်နှာသည် စုတ်ပြတ်ထွက်သွားမည်သာ ဖြစ်သည်။

လျှန်ထင်းစီးသည် မျက်နှာကိုမော့ထားလိုက်သည်။



မျက်နှာကို ရှိ ရှိးမော့လိုက်ခြင်း မဟုတ်ပါ။ ခါးကိုနောက်သို့လှန်ကာ နောက်ကျွမ်းပစ်လိုက်သောကြောင့် လျှန်ထင်းစီး၏ ခြေတစ်ဖက်သည် စုဝေ၏မေးဖျားကို ကန်မိလျက်သား ဖြစ်သွားတော့သည်။

'အိုး....'

စုံဝေမှာ တန်ပြန်တိုက်ကွက်ကို ခံလိုက်ရလေသည်။

'ဟဲ....ဟဲ....လျှပ်စစ်ထက်သည်းတိုက်ကွက်ဟာ ရက်ပေါင်းနှစ်ရာနီးပါး နောက်ကျကျန်ခဲ့တာကို နင်က မေ့ထားတာကိုး'

စုဝေ ဘာမျှပြန်မပြောနိုင်။ သူမ၏ ဒုတိယကြိုးစားမှု အရာမထင်ဘဲ ဖြစ်လာသောအခါ လျှန်ထင်းစီးသည် သိုင်းပညာ၌ ထိပ်တန်းရောက်ရှိနေသည်ကို အသိအမှတ် ပြုလိုက်မိလေတော့သည်။

မိုးနဂါးစိတ်ထဲ၌ တုန်လှုပ်ချောက်ချားနေသည်။

'ဟော့....လျှန်ထင်းစီး၊ ခင်ဗျား ကျုပ်ကို ကြိုးဖြည်လိုက်စမ်း'

မိုးနဂါးက ခေါ်ချင်၍ ထအော်သည်။ အချည်းနှီးသာတည်း လျှန်ထင်းစီးက စုခဝကို ထပ်မံ၍တိုက်ခိုက်သည်။

'ဘုန်း'

'အီး'

စုဓေဝသည် ကန်ချက် ထပ်မံမိသွားပြန်၏။

အခြားသော မန်ချူးတပ်သားတို့၏ လက်ခုပ်သံနှင့် ရယ်မောသံများ ထွက်ပေါ်လာသည်။

'ဘုန်း'

'အား....'

စုဓေဝသည် လျှန်ထင်းစီး၏ ပြောင်မြောက်သော တိုက်ကွက်ကြားတွင် မရှောင်သာ မတိမ်းသာဖြစ်ပြီး လှိမ့်ခံနေရသည်။

'ဒုတ်....'

'အင့်'

စုဓေဝသည် တစ်ကွက်မှားမိရာက ဆက်တိုက်ပင် ခံလိုက်ရပြီဖြစ်သည်။ တစ်ခဏအတွင်းမှာပင် သတိလစ်မေ့မြောသွားတော့၏။

အခန်း (၁၄)

---

တာဆုံကျေးရွာတွင် အကြီးမားဆုံး အိမ်တစ်လုံးကို ပြပါဆိုလျှင် လုံချင်း၏ ထမင်းဆိုင်ကလွဲ၍ အခြားမရှိပါ။

လုံချင်းသည် အချိန်ရှိသရွေ့ ဘိန်းရှူနေသူ ဖြစ်သည်။ သို့သော်သူသည် ကြီးမားသောအိမ်ကိုဆောက်လုပ်ပြီး ထမင်းဆိုင်ဖွင့်ထား၏။

ထမင်းဆိုင်တွင် ချက်ပြုတ်သူမှအစ ရောင်းချသည့် စားပွဲထိုး အလုပ်သမားအဆုံး အားလုံးကိုမိန်းကလေးများနှင့်သာ လွှဲအပ်ထားသည်။

လုံချင်းသည် အပေါ်ထပ်တွင် ဇိမ်နှင့်ထိုင်ရင်း ဘိန်းရှူနေသည်။ သူသည် ဘိန်းရှူရင်းမှ အလုပ်သမား မိန်းကလေးကို ညွှန်ကြားနေတတ်သည်။

နောက်တစ်ချက် သူ၏ မွေးစင်းသော မျက်စိအစုံသည် အလုပ်သမား မိန်းကလေးများ၏ လှုပ်ရှားမှုကို ကြည့်ကာ ကြည်နူးနေတတ်ခြင်းပင် ဖြစ်သည်။

လူတစ်စု ဝင်ရောက်လာသည်ကို တွေ့လိုက်ရသည်။ လုံချင်းသည် သူ၏ ဘိန်းပြောင်းကို ဘေးတွင်ချထားလိုက်ပြီး....

'ဟော့....ဟိုရှေက ဆရာကြီးကို ဟောဒီဘက်က သီးသန့်စားပွဲမှာ နေရာပေးပါလား'

'ဟိုကောင်မလေးက ဘာငေးနေတာလဲ၊ ကျုပ်တို့ဆရာတွေအတွက် ဒီဘက်က စားပွဲတွေမှာ နေရာချပေးလိုက်လေ'

သူသည် ဧည့်သည်များကို ဧည့်ဝတ်ကျေပွန်စေရန် ညွှန်ကြားနေရာမှ တစ်စုံတစ်ခုကို တွေ့လိုက်ရသောအခါ ဘာဆက်ပြောရမှန်းမသိအောင် ဖြစ်သွားသည်။

အဘယ့်ကြောင့်ဆိုသော်နောက်ဆုံးမှဝင်လာသူများထဲတွင် ကြိုးတုပ်ခံထားရသော လူနှစ်ယောက် ပါရှိလာသောကြောင့် ဖြစ်လေသည်။

ထိုအခါ သီးသန့်စားပွဲတွင် ထိုင်ချလိုက်သော လျှန်ထင်းစီးက အပေါ်သို့ မော့ကြည့်လိုက်လေသည်။

'ဟော့....ဆိုင်ရှင်၊ ဟိုတရားခံနှစ်ယောက်ကို ဘယ်မှာထားသင့်တယ်ဆိုတာ မပြောတော့ဘူးလားကွဲ'



လုံချင်းသည် ဘာပြောရမှန်းမသိ ဖြစ်နေရာမှ တရားခံနှစ်ယောက်ကို ထားရမည့်နေရာအား အပြေးအလွှား စဉ်းစားလိုက်သည်။ ပြီးမှ....

'ဟော့....ဟော့....တရားခံနှစ်ယောက်ကို ဟိုစားပွဲမှာ နေရာပေးလိုက်'

ဟု လှမ်းပြောသည်။

လုံချင်း ပြောလိုက်သော စားပွဲမှာ လမ်းမနှင့်နီးသော ပြတင်းပေါက်နားတွင်ဖြစ်ရာ လျှန်ထင်းစီးက လုံချင်းကို လှမ်းအော်လိုက်သည်။

'ဟော့....ဆိုင်ရှင်၊ အဲဒီပြတင်းပေါက်နားမှာ ထားတော့ မင်းအဖေနဲ့မင်းအမေက ခုန်ချပြီး ထွက်ပြေးသွားရင် ဘယ့်နှယ်လုပ်မလဲ'

လုံချင်းသည် ထိုသို့ အပြောခံလိုက်ရသဖြင့် မျက်နှာ ကွက်ခနဲ ပျက်သွား၏။

'ဟော့....သူတို့နှစ်ယောက်ကို အဲဒီမှာမထားနဲ့၊ အတွင်းကလွတ်နေတဲ့အခန်းတွေမှာ နေရာပေးလိုက်ပါ'

လျှန်ထင်းစီးသည် အိမ်ထဲတွင်ရှိနေသော အခန်းများကို လှမ်းကြည့်လိုက်သည်။ သူသည် ထိုအခန်းများကို သဘောကျသွား၏။

'အား....အဲဒီမှာ အေးအေးဆေးဆေး ရှိတယ်ကွ၊ တို့အားလုံး အဲဒီကိုသွားကြမယ်'

လျှန်ထင်းစီးက ပြောလိုက်သည်။

ထိုအခါ လုံချင်းက....

'ဟော့....ဆရာကြီးတို့ စားသောက်ဖို့ အထဲကအခန်းတွေ ထပ်သပ်ရပ်ရပ် ပြင်ဆင်ပေးလိုက်စမ်း'

*　*　*

လုံချင်း၏အိမ်ကြီးမှာ ကျယ်ဝန်းသည်။

ဘိန်းစားလုံချင်းသည် ဉာဏ်အမြော်အမြင် ရှိသူဟု ဆိုရမည်။ ခရီးသွားများ စားသောက်ပြီးလျှင် လွတ်လပ်စွာ အိပ်စက် အနားယူနိုင်မည့်အခန်းများကိုပါ ဖွဲ့စည်းပေးထားသည်။

ထို့ကြောင့် လျှန်ထင်းစီးတို့သည် စားပြီးသောက်ပြီးသည်နှင့် ခေတ္တခဏ အပန်းဖြေကာ အိပ်စက်နေကြသည်။

မိုးနဂါးနှင့်စုခဝမှာ အခန်းတစ်ခုထဲ၌ ကြိုးတုပ်ခံထားရပြီး အစောင့်နှစ်ယောက်က စောင့်ကြည့်နေသည်။



စုခဝသည် ဒဏ်ရာပြင်းထန်စွာ ရထားသဖြင့် မည်သည့် အစားအစာမှ မစားနိုင်ပါ။

သူမသည် ကုလားထိုင်ကိုမှီ၍ မျက်လုံးကို မှိတ်ထားလေသည်။ မိုးနဂါးမှာ လုံးဝ စိတ်မကောင်းပေ။

'စုခဝ....'

စုခဝက မျက်လုံးဖွင့်၍ ကြည့်သည်။

'အခြေအနေ မကောင်းဘူးလား'

သူမမှာ ဝေဒနာကို ကြိတ်မှိတ် ခံစားနေရသော်လည်း မိုးနဂါး စိတ်ထိခိုက်မည်စိုး၍ ခေါင်းယမ်းလိုက်သည်။

'ရပါတယ်၊ ဘာမှမဖြစ်ပါဘူး'

မိုးနဂါး သက်ပြင်းချလိုက်၏။

'မင်း....မင်း ငါ့ကြောင့် ဒုက္ခရောက်တာ'

စုခဝက မျက်လုံးပြန်ဖွင့်ကြည့်ကာ ခပ်ယဲ့ယဲ့ ပြုံးလိုက်သည်။

'ဒီလို မပြောနဲ့၊ ဘယ်သူ့ကြောင့်မှ မဟုတ်ဘူး'

မိုးနဂါးသည် စိတ်ထဲတွင် ခံပြင်း ဒေါသဖြစ်လာ၍ ချည်နှောင်ထားသော ကြိုးများကို ပြတ်လိုပြတ်ငြား အတင်းရုန်းကန်ကြည့်သည်။ ခြေလက်ဆိုမှ အရေပြားများ စုတ်ပြတ်ပွန်းပဲ့သွားသော်လည်း ကြိုးက ပြေလျော့သွားခြင်း မရှိပါ။ ထိုအခြင်းအရာကို ကြည့်၍ အစောင့်က ပြုံးလိုက်သည်။

'မဖြစ်နိုင်တာတွေ မကြိုးစားပါနဲ့၊ အခွင့်အရေးတစ်ခုခု မပေါ်လာနိုင်ဘူးလို့ ဘယ်သူပြောနိုင်မှာလဲ'

စုဝေကပြောလိုက်၏၊ သူမ၏စကားအဓိပ္ပာယ်ကို မိုးနဂါး နားလည်သည်။ အခွင့်အရေးကို စောင့်ကြည့်နေဖို့ ဖြစ်သည်။

ထိုသို့ပြောနေစဉ် အပြင်ခန်းမှ ဆိုင်ရှင်လုံချင်း၏ ညွှန်ကြားသံကို ကြားရပြန်သည်။

* * *

ဆိုင်ထဲသို့ လူနှစ်ယောက်ဝင်လာပြန်သည်။ ထိုလူနှစ်ယောက်သည် ထိပ်တန်း သိုင်းသမားနှစ်ဦးဖြစ်မှန်း သိသာလှပေသည်။ နှစ်ယောက်စလုံးသည် မြင်းပေါ်မှ ပေါ့ပါးစွာ ခုန်ဆင်းလိုက်သည်။

ထို့နောက် သူတို့နှစ်ဦးသည် အခြားသော မြင်းများကို တစ်ချက်ကြည့်လိုက်သည်။

ထမင်းဆိုင်ရှေ့တွင် မြင်းဆယ်ကောင်ကျော်ကျော် တွေ့နေရသော်လည်း ဆိုင်ထဲ၌ လူသံမကြားရဘဲ တိတ်ဆိတ်နေသဖြင့်



သူတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြလေသည်။

ထို့နောက် ဆိုင်ထဲသို့ လှမ်းဝင်လိုက်ကြ၏။

'ဟော့ .... ဟိုကောင်မလေးက ဆရာကြီးနှစ်ယောက်ကို နေရာပေးလိုက်လေ'

ထိုစဉ် စားပွဲထိုး မိန်းကလေးသည် မည်သည့်စားပွဲတွင် နေရာချပေးရမည်နည်းဟု လှည့်ပတ်ကြည့်နေသည်။

'နင်က ဘာဝေးနေတာလဲ၊ လေကောင်းလေသန့်ရအောင် စောစောက တရှားခံနှစ်ယောက်ထိုင်တဲ့ စားပွဲကို ပြင်ဆင်ပေးလိုက်ပါလား'

လုံချင်း၏ အော်ပြောနေသောအသံကြောင့် မိန်းကလေးက ထိုစားပွဲကို ညွှန်ပြလိုက်သည်။

'အစ်ကိုကြီးတို့ အဲဒီနေရာမှာ ထိုင်ပါရှင်'

ဝင်လာသူနှစ်ဦးသည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ရင်းမှ မိန်းကလေးပြသည့် စားပွဲ၌ပင် ဝင်၍ ထိုင်လိုက်သည်။

ထိုအချိန်တွင် အခြားသော ဧည့်သည်များလည်း ဝင်ရောက်လာကြပြန်သည်။ ထိုအခါ ဘိန်းစား လုံချင်း၏အသံက ထွက်လာပြန်သည်။

'ဟော့....ဝါကျွန်း ဟိုညွှန့်သည် မိသားစုကို စားပွဲကြီးကြီးဆီကို ခေါ်သွားစမ်း'

မှန်ပေသည်၊ ကလေးသုံးယောက်နှင့် လူကြီးနှစ်ယောက် မိသားစု ငါးယောက် ဖြစ်သည်။

'ဟဲ့.... ဟိုဆရာကြီး သုံးယောက်ကို အထူးစားပွဲမှာ ညွှန်ခံလိုက်လေ၊ တယ်အ,တာပဲ'

လုံချင်း၏အသံက ထမင်းဆိုင်ထဲ၌ ဆူညံစွာ ပေါ်ထွက်နေသည်။ ညွှန့်သည်များ ငြိမ်သက်စွာထိုင်၍ စားသောက်မှပင် သူ၏အသံလည်း ပျောက်ကွယ်သွားလေသည်။

*    *    *

ပထမဆုံး ရောက်ရှိလာသည့် ညွှန့်သည်နှစ်ယောက်သည် ကျွမ်းကျင်စွာ အလုပ်လုပ်နေကြသော မိန်းကလေးများကို ကြည့်၍ ကြည်နူးနေမိသည်။

သူတို့သည် အလွန်ဖော်ရွေပြီး သဘောကောင်းပုံလည်း ရကြသည်။ စောစောက ဆိုင်ရှင်၏ခေါ်သံကြောင့် မိန်းကလေး တစ်ဦး၏ အမည်ကို သူတို့ မှတ်မိလိုက်သည်။



ထို့ကြောင့် ညွှန့်သည်နှစ်ယောက်အနက်မှ အရပ်ရှည်ရှည်နှင့် လူက လှမ်း၍ ခေါ်လိုက်သည်။

'ဝါကျွန်း....ကောလာပါဦး'

ဝါကျွန်းဆိုသော မိန်းကလေးသည် ညွှန့်သည် နှစ်ယောက်အနီးသို့ သွက်သွက်ကလေးရောက်ရှိလာသည်။

'ဘာအရက်ရှိသလဲ'

'အစ်ကိုကြီးတို့က ဘယ်လို အရက်မျိုးကို သောက်ချင်ပါသလဲ....'

'ဒီမှာ ပန်းပေါင်းတစ်ရာအရက်တော့ ရမယ်မထင်ပါဘူး'

ဝါကျွန်းက ပြုံး၍....

'ဘာဖြစ်လို့ မရ ရမှာလဲ၊ ကျွန်မတို့ ဆိုင်မှာ မရတာ မရှိဘူး'

'ဟာ....ဟန်ကျတာပဲ၊ တစ်အိုးပေးပါ၊ နောက်ပြီး ဆိတ်နားရွက်ကင်ထားတာ ရှိရင်ပေးပါ'

ဝါကျွန်းက မျက်နှာ ရှုံ့မဲ့လိုက်သည်။

'ကြံကြံဖန်ဖန်ရှင်....ဆိတ်နားရွက်ကင်ထားတာ မရှိပါဘူး၊ ဆိတ်သားကင်ရိုးရိုးတော့ ရှိပါတယ်'

'ဒါဖြင့်လဲ ယုန်အမြီးကြော်ထားတာ တစ်ပွဲပေး'

ဝါကျွန်းက ရယ်မောလိုက်ပြန်သည်။

'အစ်ကိုကြီးကလဲ မရှိတာတွေ မှာနေတာပဲ'

ညွှန့်သည်က မျက်မှောင်ကြုတ်၍....

'စောစောက ညီမလေး ပြောတာ ကျွန်မတို့ဆိုင်မှာ ဘာမဆို ရတယ်ဆို'

ဝါကျွန်း ပါးစပ်ပိတ်သွားသည်။

နောက်ညွှန့်သည်က....

'ညီမလေး ဟိုမြင်းတွေက ဘယ်သူ့မြင်းတွေလဲ'

ဝါကျွန်းက အိမ်ခန်းထဲသို့ မေးငေါ့ပြလိုက်သည်။

'မန်ချူးအရာရှိတွေရဲ့ မြင်းပါ၊ သူတို့စားသောက်ပြီး အိပ်နေကြတယ်'

ညွှန့်သည် နှစ်ယောက် တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်လိုက်ကြသည်။

'စောစောက ပြောသံ ကြားလိုက်ပါတယ်၊ ဒီစားပွဲမှာ တရားခံတွေ ထိုင်သွားတယ်ဆိုတာ ဘယ်က တရားခံတွေလဲဟင်၊ ဘယ်သူက ဖမ်းလာတာလဲ'

ထိုသို့ မေးလိုက်စဉ် အပေါ်ထပ်မှ ကြည့်နေသော လုံချင်းက ဝါကျွန်းကို လှမ်းအော်ပြန်သည်။

'ဟေ့....ဝါကျွန်း နင်ဘာလို့ စကားတွေအများကြီးပြောနေတာလဲ၊ လုပ်စရာရှိတာ လုပ်ပေးလိုက်လေ....'



ဝါကျွန်းက ထွက်သွားမည်ပြုစဉ် အရပ်ရှည်သော ညွှန့်သည်က သူမ၏လက်ကို ဖမ်းဆွဲထားသည်။

'စောစောက မေးတာ ပြောပါဦး၊ မန်ချူးတွေက ဖမ်းလာတာလား'

'ဟေး....ဝါကျွန်း....နင်ကွာ'

လုံချင်း၏အသံသာ ထွက်လာပြီး တစ်ပိုင်းတစ်စနှင့်ရပ်သွားသည်။

အဘယ့်ကြောင့်ဆိုသော်....

အရပ်ရှည်ရှည် ညွှန့်သည်က စားပွဲပေါ်မှ တူနှစ်ချောင်းကိုယူ၍ ပစ်လွှင့်လိုက်ရာ လုံချင်း၏ပါးစပ်ထဲသို့ နှစ်ချောင်းလုံး ဝင်သွားသည်။

လုံချင်း တစ်ပိုင်းတစ်စနှင့် ဆက်ပြော၍ မရတော့ပေ။ ဝါကျွန်းက ညွှန့်သည် နှစ်ယောက်၏ သိုင်းပညာကို လန့်သွားသည်။

'မန်ချူးတွေက ဖမ်းလာတာပါ။ မိန်းမ တစ်ယောက်နဲ့ ယောကျ်ားတစ်ယောက်....'

'အခု ဘယ်မှာလဲ'

'အဲဒီအခန်းထဲမှာပဲ ရှိတယ်ရှင့်'

ဝါကျွန်းက ပြောပြီး ဧပျာကယာ လှည့်ထွက်သွားသည်။ လုံချင်းသည် တစ်စုံတစ်ရာပြောရန် ပါးစင်ဟလိုက်လေသည်။

သို့သော် အရပ်ရှည်ရှည် ညို့သည်က တူတစ်စုံကို ကိုင်ထားသဖြင့် လုံချင်းအသံထွက်မလာတော့ပေ။

* * *

အရပ်ရှည်သေစလူက သူ့ရှေ့မှလူကို တစ်ချက်ကြည့်လိုက်သည်။

'ဘယ်လိုလဲ၊ သူတို့ နှစ်ယောက်ဖြစ်လိမ့်မယ်လို့ မင်းထင်သလား လနဂါး'

လနဂါးက ခေါင်းကို ခပ်သာသာညိတ်၍....

'ဖြစ်နိုင်တာပဲ'

ညို့သည် နှစ်ဦးမှာ လနဂါးနှင့် မျောက်ဖြူတို့ ဖြစ်သည်။ သူတို့၏စားပွဲသို့ စားစရာနှင့် ပန်းကန်ရာ အရက်ကို ဝါကျွန်းက လာချပေးသွားသည်။



သူမက မျောက်ဖြူကို ကြည့်၍ ခပ်တိုးတိုးပြောသွား၏။

'အစ်ကို့ကျေးဇူးကို မမေ့ပါဘူး၊ ခုမှပဲ နားညည်းသက်သာသွားတော့တယ်'

ပထမတွင် မျောက်ဖြူ ကြောင်သွားသည်။ နောက်မှ အပေါ်သို့ မော့ကြည့်ပြီး ဝါကျွန်းပြောသွားသည်ကို သဘောပေါက်သွားသည်။

'အဲဒီယ်၍ မိုးနဂါးနဲ့ စုဝေဖြစ်နေရင် တို့ဘယ်လိုလုပ်မလဲ'

လနဂါးက မေးရာ မျောက်ဖြူက ပခုံးတွန့်လိုက်၏။

'ဘာလဲ၊ မင်းက ရှောင်ထွက်သွားမလို့လား'

'ငါ့မျက်နှာကို ကြည့်စမ်းပါဦး၊ ရန်သူတွေ့ရင် ရှောင်သွားတတ်တဲ့ မျက်နှာမျိုးလား ဆိုတာ'

မျောက်ဖြူ ရယ်လိုက်သည်။

သူတို့နှစ်ယောက်သည် စကားပြောခြင်းကို ခဏရပ်တန့်၍ အရက်ကိုသောက်ရင်း အမြည်းများကို ဝါးနေသည်။

'အတန်ကြာမှ မျောက်ဖြူက....

'အထဲကို အခြေအနေ သွားကြည့်ရင် မကောင်းဘူးလား'

လနဂါးက ခေါင်းယမ်းလိုက်သည်။

'ဒီအရက်လေး ကုန်အောင်သောက်ပြီး အစားစားပါရစေဦး၊ မင်းက ဘာဖြစ်လို့ ဒီလောက်တောင် ဂဏှာမငြိမ်ဖြစ်နေရတာလဲ'

မျောက်ဖြူ ပါးစပ်ပိတ်ထား လိုက်တော့သည်။

*　　　*　　　*

ဆိုင်တွင်း၌ စားသောက်နေသူများသည် **စားသောက်ပြီး** သောအခါ ပြန်ထွက်သွားကြသည်။

ကလေးသုံးယောက်နှင့် မိသားစုလည်း သူတို့၏ မြင်းလှည်း ပေါ်သို့တက်ကာ လမ်းမကြီးအတိုင်း မောင်းနှင်သွားသည်ကို တွေ့လိုက်ရလေသည်။

မျောက်ဖြူက လနဂါးကိုကြည့်လိုက်သည်။

'အထဲမှာရှိတဲ့မန်ချူးတွေ တယ်ငြိမ်ချက်သား ကောင်းနေပါလား၊ ဒီကောင်တွေ အသက်မှ ရှိသေးရဲ့လား'

လနဂါးက အနည်းငယ် စဉ်းစား၍....

'ဒီကောင်တွေ ခရီးပန်းလာတာ ဖြစ်မယ်၊ သူတို့မြင်းတွေ အစာစားတာ ကြည့်ပါလား'

မျောက်ဖြူက မြက်များကို အငမ်းမရ စားနေသော မြင်းများကို တစ်ချက်ကြည့်၍ ခေါင်းညိတ်လိုက်သည်။

'သူတို့ ဖမ်းလာတဲ့လူဟာ မိုးနဂါးတို့ နှစ်ယောက်များ ဖြစ်နေမလား မသိဘူး၊ အဲဒါကို သိရအောင် စုံစမ်းကြည့်ဖို့ ကောင်းတယ်'



လနဂါးသည် စားသောက်ထားသော အဖိုးအခအတွက် ရှင်းပေးရန် ဝါကျန်းကို လက်ခုပ်တီး၍ လှမ်းခေါ်လိုက်သည်။

ဝါကျန်းက ပြေးလာသည်။ လနဂါးက ကျသင့်ငွေကို ပေးချေ၏။

မျောက်ဖြူက ငွေပေးချေပြီး၍ လနဂါး ထပြန်တော့ မည်ဟုထင်သည်။ သို့သော် လနဂါးက ထမပြန်သေးဘဲ တစ်စုံ တစ်ခုကို စဉ်းစားနေသည်။

'ကဲ....တို့ခရီးဆက်မှာလား'

မျောက်ဖြူက မေးသည်။

လနဂါးက လက်ကာ၍ အသံတိုးတိုးဖြင့် ပြောသည်။

'အဖမ်းခံထားရတာက မိုးနဂါးတို့ နှစ်ယောက်ဆိုတာ သေချာတယ်ကွ'

မျောက်ဖြူ အံ့ဩသွားသည်။

'မင်းက ဘယ်လိုလုပ်ပြီး သိတာလဲ'

လနဂါးက ပြုံးလိုက်သည်။

'စောစောက ဝါကျန်းကို လက်ခုပ်တီးပြီးခေါ်တာ မင်း ကြားတယ်မဟုတ်လား၊ အဲဒီ လက်ခုပ်သံုးချက်ဟာ မိုးနဂါး ဟုတ်မဟုတ် မေးလိုက်တာပဲ'

'ဟင်....ဟိုက ဘာမှလဲ ပြန်ပြီး အချက်မပေးပါလား'

လနဂါးက ပြုံးသည်။

'မင်းမကြားလို့ပါ၊ ချောင်းဆိုးသံ သုံးချက်တိတိ ငါ ကြားတယ်'

မျောက်ဖြူ သဘောကျသွားသည်။

'တယ်ဟုတ်ပါလား၊ ဒါဖြင့်....'

မျောက်ဖြူ စကားမဆုံးပါ။

သူတို့ စားပွဲအနီးရှိ ပြတင်းပေါက်မှ လူသုံးယောက် ဆက်တိုက် ခုန်ဝင်လာသလို အခန်းထဲမှလည်း လေးငါးယောက် အပြေးအလွှားထွက်လာကာ သူတို့၏စားပွဲကို ဝိုင်းရံထားလိုက်ကြတော့သည်။

ထိုစဉ်....

'ဝုန်း....'ခနဲ အသံနှင့်အတူ လျှန်ထင်းစီးသည် အပေါ်မှ အောက်သို့ လွှားနဲ့ရောက်ရှိလာသည်။

မျောက်ဖြူသည် လုံးဝတုံ့ဆိုင်းမှုမရှိဘဲ လှုပ်ရှားလိုက်၏။ သူ၏ လက်ထဲမှ ကြိုးစသည် မြောက်တက်သွားပြီး ထုပ်တန်း၌ ချိတ်မိသွားသည်။

ကြိုးစထုပ်တန်းတွင် ချိတ်မိသည်နှင့် တစ်ပြိုင်နက် သူသည် ကြိုးစကိုလွှဲ၍ ခိုစီးလိုက်သည်။

သူသည် ကြိုးတန်းပေါ်မှတစ်ဆင့် လျှန်ထင်းစီး၏ ခေါင်းပေါ်ပါးစွာ ခုန်ချလိုက်သည်။ ထိုအချိန်မှာပင် လနဂါးသည် စားပွဲတစ်လုံးပေါ်သို့ ရောက်ရှိနေ၏။



လနဂါး၏ လက်ထဲတွင် ဓားရှည်ကို အသင့် ဆွဲကိုင်ထားသကဲ့သို့ မျောက်ဖြူလည်း ထိုနည်းတူစွာပင် ဓားကို အသင့်ထုတ်ထားပြီး ဖြစ်သည်။

လျှန်ထင်းစီးသည် သူတို့နှစ်ယောက်၏ လှုပ်ရှားမှုကို လက်ပိုက်၍ ကြည့်နေသည်။ မန်ချူးတပ်သား အချို့မှာလည်း သူတို့နှစ်ဦးကို ဝိုင်းရံထားသည်မှအပ ဝင်ရောက် တိုက်ခိုက်ခြင်း မပြုပါ။

လနဂါးသည် လျှန်ထင်းစီးကို ကြည့်၍ ဇဝေဇဝါ ဖြစ်နေသည်။ ခါတိုင်းဆိုလျှင် လျှန်ထင်းစီးသည် ရန်သူအား တွေ့သည်နှင့် စဘင်တိုက်ခိုက်ခဲ့သည်ချည်းဖြစ်၏။ ယခုမှ လျှန်ထင်းစီး အဘယ်ကြောင့် ငြိမ်သက်နေသနည်း။

မျောက်ဖြူသည် ဓားကို တစ်ချက်ဝင့်၍ ရှေ့သို့နှစ်လှမ်းမျှ တိုးလိုက်သည်။ လျှန်ထင်းစီးက လက်ပိုက်လျက် သူ့ကို ကြည့်ကာ....

'မင်းက ငါ့ကို တိုက်ခလို့လား'

ဟု မေးလိုက်သည်။ မျောက်ဖြူ ကြောင်အမ်းအမ်း ဖြစ်သွား၏။ ပြီးမှ ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။

'ခင်ဗျားကို မသတ်လို့ ကျုပ်က ဘယ်သူ့ကို သွားသတ်ရဦးမှာလဲ'

လျှန်ထင်းစီးက ပြုံးလိုက်သည်။

'မင်းဟာ မျောက်တိရစ္ဆာန်ပီပီ ဘာမှ နားလည်မှုမရှိဘူး၊ ဟိုမှာ လနဂါးကို ကြည့်စမ်း၊ သူ့ငါ့ကို လုံး၀ မတိုက်ရဲဘူး'

ထိုအခါမှ မျောက်ဖြူလည်း လနဂါးကို လှည့်ကြည့်မိသည်။ မှန်သည်.... လနဂါးသည် စောစောက ဆွဲထုတ်ထားသော ဓားကို ပြန်သွင်းလိုက်ပြီး ထစ်စုံတစ်ခုကို လှမ်းကြည့်နေသည်။

မျောက်ဖြူသည် လနဂါး ကြည့်နေသောဘက်သို့ လှည့်ကြည့်လိုက်မိရာ သူလည်း တုန်လှုပ် ချောက်ချားသွားလေတော့သည်။

ဒု-ဇာတ်သိမ်းပိုင်း ဆက်လက် ဖတ်ရှုပါရန်

မိုးကျော်သူ